# ဘဒ္ဒန္တနေန္ဒိသာရ
## (မုံရွာနေဇာ)
# သာရေးနာရေးအဟောအပြော
(အသုံးချဓမ္မစာစုများ)



# ဘဒ္ဒန္တဇနိန္ဒသာရ

## (မုံရွာနေဇာ)



## သာရေးနာရေးအဝေဟာအပြော

ဖြန့်ချိရေး

မြတ်ပန်းရဂုံစာပေ

၅၂/၉၁၉-ဓရာ(၆)လမ်း၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

နေဇာစာပေ

အောင်စန္ဒာသိဒ္ဓိကျောင်း (၂)ဝိုင်း၊ ၅-ရပ်ကွက်
ပါရမီလမ်း၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

၂၁၃၁၄

စာမူခွင့်ပြုချက် • ၄၄/၉၈ (၁)
မျက်နှာဖုံးခွင့်ပြုချက် • ၇/၉၈ (၂)
ပထမအကြိမ် • ၁၉၉၈-ခု၊ မတ်လ
အုပ်ရေ • ၅၀၀
မျက်နှာဖုံးပန်းချီ • ရွှေစိုးဟန်
မျက်နှာဖုံးကာလာခွဲ • *SUNN SCANGRAPHICS*
ကွန်ပျူတာစာစီ • မျိုးမော်ကွန်ပျူတာ
(ဖုန်း - ၂၅၃၃၅၂)

ထုတ်ဝေသူ

ဦးဝင်းမြင့် (မြ-၀၁၅၁၂)၊ ဝင်းမြင့်အောင်စာပေ
၃၁၅၊ ၂-ခ-ရပ်ကွက်၊ ထောက်ကြန့်တိုးချဲ့
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးကျော်ငွေး (မြ-၀၂၇၇၃)၊ ရွှေဖဒင်ကျော်ပုံနှိပ်တိုက်
အကွက် ၆၄/၄၆၇၊ စက်မှုလက်မှုရပ်ကွက်၊ တောင်/ဒဂုံမြို့သစ်
၁၅၁/၃၄-လမ်း (အထက်)၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်သူ

ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းအော့ဖ်ဆက်
၁၇၁၊ ၃၃-လမ်း၊ ရန်ကုန်။

တန်ဖိုး - ကျပ်[redacted]

၁၅၀

## ဤစာအုပ်တွင်…

ဤခမ္ဘစာစုများသည် တရားဟောဝါသနာပါသော ရဟန်းမျိုးများ၊ ကျောင်းထိုင်ခါစ ဘုန်းကြီးသစ်များ၊ စာပေလိုက်စားသော စာပေဝါသနာရှင်ရဟန်းတော်များ၊ စာပေဗဟုသုတ ရှာမှီးကြသော သုတေသီ ပုဂ္ဂိုလ်များအတွက် အထောက်အကူပေးရန် ရည်ရွယ်ပါသည်။

ဤစာစုများသည် လေ့လာဖတ်ရှုသူများအတွက် ကောင်းကျိုးချမ်းသာ တစ်စုံတစ်ရာကို ရရှိဆောင်ရွက်နိုင်လိမ့်မည်ဟု မိမိယုံကြည်ပါသည်။

ပြီးပြည့်စုံသည်ဟု မဆိုနိုင်ရသော်လည်း မိမိ၏ နေ့စဉ်အသုံးချ ခမ္ဘစာစုများထဲမှ ကောင်းနိုးရာရာတို့ကို အတတ်နိုင်ဆုံး စိစစ်ရွေးချယ်၍ ပြုစုထားပါသည်။

မိမိ၏ စာစုများသည် စာအုပ်ထုတ်ဝေပြီးသည်နှင့် တစ်ပြိုင်နက် မိမိမပိုင်တော့ပါ။ စာရှုသူများနှင့်သာ သက်ဆိုင်သွားပါသည်။ သို့ဖြစ်ရာ ဆိုင်သာဆိုင် မပိုင်တော့သဖြင့် စာရှုသူများက မိမိစာကဲ့သို့ သဘောထား၍ ဤစာအုပ်တွင် ချို့ယွင်းချက်၊ အားနည်းချက်များ တွေ့ရှိပါလျှင် မေတ္တာစေတနာရှေ့ထား၍ စာရေးသား အကြံပေးနိုင်ပါသည်။

## ဘဒ္ဒန္တဇနိန္ဒသာရ

## (မုံရွာနေဇာ)၏

## ထုတ်ဝေပြီးနှင့်

## ဆက်လက်ထုတ်ဝေမည့်စာအုပ်များ


၁။ အဆိပ်ရှိသောအချစ် ... ... ... ... ... ၅၀/-

၂။ လူဆိုတဲ့လူ ... ... ... ... ... ... ... ၆၅/-

၃။ ဤဘဝ ဤချစ်သူ
ဟိုဘဝ ဟိုချစ်သူ ... ... ... ... ... ၆၀/-

၄။ ရွှေမြင်းမိုရ် ပြိုလေပြီလား ... ... ... ... ၁၂၅/-

**ယခု**

၅။ သာရေးနာရေးအဟောအပြော ... ... ... ၁၂၀/-

**ဆက်လက်၍**

၆။ အဟောအပြော အတွေးအရေး... ... ...

၇။ ဘဝခရီးကို လျှောက်လှမ်းခြင်းနှင့်
လောကမာယာ ... ... ... ... ... ...

# နိဒါန်းစကား

(က)

ဤသည့် **'သာရေးနာရေး အဟောအပြော'**ဟု ခေါင်းစီးတပ်ထားသော ဓမ္မစာစုများသည် မိမိ၏ သာသနာ့ဝန်ထမ်းဘဝမှ အတွေ့အကြုံ တစ်စိတ်တစ်ဒေသသာ ဖြစ်ပါသည်။ **'ဟောရေးပြောရေးမှတ်တမ်း'** ဟူ၍လည်း ဆိုနိုင်ပါသည်။ မိမိကိုယ်တိုင် ဟောပြောအသုံးချခဲ့သည် များဖြစ်၍ **'အသုံးချဓမ္မစာစုများ'**ဟု ဆိုလိုက်ရခြင်း ဖြစ်ပါ၏။

အမှန်အားဖြင့် မိမိသည် အဟောအပြောသမား မဟုတ်ပါ။ အဖတ်သမား, စာရေးသမားသာ ဖြစ်ပါသည်။ 'အဟော'ထက် 'အရေး' ဘက်တွင် စိတ်အားထက်သန်ပါသည်။ သို့ပင်မူ 'ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နာမ်,ရုပ်ပိုင်ပိုင်၊ ဟောပြနိုင်၊ ကျောင်းထိုင်ငါးအင်္ဂါ' ဆိုသည့်အတိုင်း မိမိသည် သိက္ခာ(၁၀)ဝါအရတွင် ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်၊ ခုနစ်ကျိုက်အရှေ့ရွာတွင် ကျောင်းထိုင် ဘုန်းကြီး ဖြစ်ခဲ့ပါတော့သည်။

(ခ)

သိပြီးဖြစ်ကြသည့်အတိုင်းပင် ကျောင်းထိုင်လျှင် တရားဟောရ ပြောရပေမည်။ ခြွင်းချက်အားဖြင့်ဆိုလျှင်တော့ တရားမဟောသော ကျောင်းထိုင်ဘုန်းကြီး အချို့တို့ကိုလည်း တွေ့ဖူးပါ၏။ သို့သော်–ကျောင်းထိုင် ဘုန်းကြီးမှန်လျှင် သီလပေး၊ ရေစက်ချလောက်ကိုတော့ မဖြစ်မနေ လုပ်ကြရသည်သာလျှင် ဖြစ်ပါ၏။ ကျေးလက်ဒေသတို့တွင် အများအားဖြင့် 'နာရေးကိစ္စ'ဟု ဆိုအပ်သော ဒုမင်္ဂလာအသုဘကိစ္စ တစ်ခုရှိလျှင် (၇)ရက် မပြည့်မချင်း နေ့တိုင်း သပိတ်ဆွမ်းသွတ်ပြီး တရားနာလေ့ ရှိကြပါသည်။ ရေစက်ချပြီး အမျှအတန်းပေးဝေလေ့ ရှိပါသည်။ ထိုအခါ ကျောင်းထိုင် ဘုန်းကြီးသည် သီလပေး၊ ရေစက်ချရုံမျှဖြင့် မလုံလောက်တော့ပေ။ ဒကာ၊ ဒကာမ များကလည်း မရောင့်ရဲ မကျေနပ်နိုင်ကြတော့ပေ။ ဤတွင် 'ဟောရေး ပြောရေးကိစ္စ'ကို လေ့လာရတော့၏။ ဟောရန်ပြောရန် စာရှာရသည်။ စာကျက်ရသည်။ ရရှိထားပြီးသော 'စာ'ကို ဒကာ၊

ဒကာမများ သဘောပေါက် နားလည်အောင် ဘယ်လိုဟောမည်၊ ဘယ်လို ပြောမည် စသည်တို့ကို စိစဉ်ရပါတော့သည်။

အမှန်ဆိုရသော် မိမိအနေဖြင့် ဒကာ၊ ဒကာမများကို ကျေးဇူး တင်ပါ၏။ အဘယ့်ကြောင့်ဆိုသော် သူတို့၏ တိုက်တွန်းမှု၊ အားပေးမှုတို့ ကြောင့် ဟောပြောရန် စာကျက်ဖြစ်သောကြောင့်တည်း။

(ဂ)

မိမိခုနစ်ကျိုက်ရွာတွင် နေထိုင်ခဲ့သော (၁၃)နှစ်တာ ကာလ အတွင်း၀ယ် ပတ်ဝန်းကျင်ရှိ ကျေးရွာများဖြစ်ကြသော ရွာသာ၊ ရန်လုံး နိုင်၊ လှိုင်၊ နန်းတော်ကုန်း၊ ဖိုးခေါင်၊ အိုင်ကလောင်၊ ကံကလေး၊ တော်ခရမ်း၊ အနောက် ခုနစ်ကျိုက်၊ စစ်ပင်ဝဲ၊ ဒေါင့်ကွေး၊ အလဘုတ်၊ ပျဉ်းမကုန်း၊ ထန်းဘူး၀၊ ငါးအိမ်တန်း စသော ကျေးရွာများ-ကျိုက်စကိုင်း၊ အုတ်ပုံ၊ စံပြ၊ ဥတို၊ သဲဖျား၊ မီးသွေးကျင်း စသော ရွာများနှင့် ဥက္ကံ၊ တိုက်ကြီး၊ အင်္ဂလား-စသော နေရာဒေသ အနှံ့အပြားတို့တွင် ဒေသခံ ကျောင်းထိုင်ဆရာတော်များ ၏ သမ္မုတိပေးချက်အရ အခါအားလျော်စွာ၊ အကြောင်းကိစ္စအားလျော်စွာ တရားဓမ္မများကို ဟောကြားပေးခဲ့ရ ပါသည်။

ဤစာအုပ် ဖြစ်ပေါ်လာခြင်းသည် ထိုကဲ့သို့ ဟောကြားခဲ့သော တရားများကို မှတ်တမ်းများရေးခဲ့ခြင်း၏ ကျေးဇူးကြောင့် ဖြစ်ပါသည်။ မှတ်တမ်းကျေးဇူးကား ကြီးမားပါဘိ။ ၁၃၅၃-ခုနှစ်တွင် ကံကြမ္မာ၏ အ လှည့်အပြောင်းဟု ပြောရမည်လား မသိ။ မိမိအတွက် ကံကောင်းသည်ဟု ပြောဆိုကြသော အပြောင်းအလဲတစ်ခု ပေါ် ပေါက်လာခဲ့ပါ၏။မိမိသည် ၁၃၅၃-ခု၊နယုန်လ(၁၉၉၁-ဇွန်လ)မှစ၍ ယခု လက်ရှိသီတင်းသုံးနေထိုင် ရာတောင်ဥက္ကလာပ၊(၂)ဝိုင်းသို့ရောက်ရှိခဲ့ရပါတော့သည်။

ထိုအခါ၌ မိမိသည် စာများကို ပို၍ဖတ်ဖြစ်၏။ စာများကို ပို၍ ရေးဖြစ်၏။ စာအုပ်များလည်း ထုတ်ဝေဖြစ်၏။ 'အချိုရှာ သကာတွေ့' ဆိုသကဲ့သို့ မိမိအဖို့ 'ပျားစွဲသောမှတ်ဆိတ်' ဖြစ်သွားပါတော့သည်။ မိမိ၏ဝါသနာ, မိမိ၏ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် အခွင့်

သာခြင်းပင် ဖြစ်ပါသည်။ လမ်းပွင့်သွားခြင်းပင် ဖြစ်ပါသည်။

ထို့ပြင် တရားဓမ္မများလည်း ဟောဖြစ်ခဲ့ပါ၏။ ရန်ကုန်မှာ ဟောပြောပေးရသော သုမင်္ဂလ–ဒုမင်္ဂလခေါ် သာရေး၊ နာရေး၊ တရားများ ကား တိုတောင်း၏။ 'လိုရင်းတိုရှင်း'ဖြစ်စေရ၏။ အဘယ့်ကြောင့်ဆိုသော် စားဝတ် နေရေးအတွက် လှုပ်ရှားရုန်းကန်နေကြရသော ယရာဝါသ လူမှုကိစ္စတွေဖြင့် ရှုပ်ထွေးပွေလီနေကြသော ဒကာ၊ ဒကာမများအတွက် တရားနာယူရန် အချိန်များများမရပေ။ ထိုအခါ၌ 'သကြားဆိုချိုမှ၊ တရားဆိုတိုမှ'ဟူသော စကားတစ်ရပ်ပင် ဖြစ်ပေါ်လာ၏။

မိမိသည်လည်း ကျေးလက်ဒေသများတွင် တစ်နာရီ၊ တစ်နာရီခွဲခန့် ကြာအောင် ဟောပြောခဲ့သော်လည်း ရန်ကုန်သာရေးနာရေးကိစ္စတို့၌ မိနစ် (၃၀)ခန့် တရားများကိုသာ ဟောကြားပေးရပါသည်။

မိမိနှင့်ပတ်သက်သော ရဟန်းဒကာ, ဒကာမများ၊ ပစ္စည်းလေးပါး ဒကာ, ဒကာမများရှိသည့် တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ ချော်တွင်း ကုန်း၊ မြောက်ဒဂုံ၊ တောင်ဒဂုံ၊ သင်္ဃန်းကျွန်း၊ လှိုင်သာယာ စသော နေရာများတွင် ဟောကြားခဲ့သော တရားစုများလည်း ပါဝင်ပေသည်။

တရားဟောပြောမှု အလေ့အကျင့်မရှိစဉ်က ဟောပြောရမည်ကို ဝန်လေးသောကိစ္စကြီးတစ်ခု ဖြစ်နေခဲ့၏။ 'နက်ဖြန် တရားဟောရတော့ မည်' ဆိုလျှင် ယနေ့ည ကောင်းကောင်းအိပ်မပျော်တော့။ ဟောဖို့ပြောဖို့ စဉ်းစားရင်း, စိစဉ်ရင်း ရင်ခုန်သံတွေ မြန်ခဲ့ရပါသည်။ ဟောပြောမှု အလေ့အကျင့်ကလေး များလာတော့မှ 'အလုပ်ကသင်သွားသည်'၊ တစ်စ တစ်စ ပြောရဲဆိုရဲရှိလာသည်။ တရားမဟောရဲခြင်းမှာ 'မှားမည်ကို ကြောက်ခြင်း'သည် အဓိကအခက်အခဲတစ်ခု ဖြစ်သည်။

ကျေးလက်ဒေသတွင် စာအုပ်ရှားပါးသည်။ စာမကြည့်ရ မနေနိုင် သောမိမိသည် ရန်ကုန်ရောက်သည့်အခါတိုင်း မိမိဖတ်ချင်သော စာအုပ် များကို တစ်ပွေ့တစ်ပိုက် ဝယ်ယူသွားလေ့ရှိ၏။ (သို့ဖြစ်ပေရာ–ထိုစဉ်က– ဥတို့နှင့် အဖျောက်ရေနံမြေ ကားလမ်းမရှိသေး၍ ကျိုက်စကိုင်းမှ ခုနစ်ကျိုက် ရွာအထိ (၄)မိုင်ခန့်ခရီးကို ခြေလျင်သွားခဲ့ရလေသည်။ လှည်းကြုံရှိလျှင်မူ

*

လှည်းစီးရ၏။ မိမိနေခဲ့သော အရပ်ဒေသများတွင် စာအုပ်များ ကျန်ခဲ့သည် ချည်းပင်။)

(င)

ဤစာအုပ်တွင် ဖတ်ရှုရသော ဓမ္မစာစုများမှာ ဟောတရားများ ဖြစ်သော်လည်း တိတ်ခွေမှ ကူးယူ ပုံနှိပ်ခြင်းမျိုး မဟုတ်၍ စကားပြောဟန် မဟုတ်ပါ။ ဟောကြားခဲ့သည်များကို ရေးထားသော ရေးတရားများသာ ဖြစ်ပါသည်။ တရားတစ်ပုဒ်သည် ဆောင်းပါးတစ်ပုဒ်ပင် ဖြစ်ပါသည်။

ဤစာအုပ်ကို ဖတ်ရှုလေ့လာကြသူများအဖို့ အဟောအပြော သာမက စာပေဗဟုသုတ၊ စာပေအရေးအသားအတွက်လည်း ကျေးဇူးပြုနိုင်ပါလိမ့်မည်။

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပြီး ရည်မှန်းချက်များ အောင်မြင် ကြပါစေ။

ဤစာအုပ်ဖြင့် အနန္တငါးပါးကို ထာဝရ ဦးညွတ်ရှိခိုးပါ၏။

**ဘဒ္ဒန္တ ဇနိန္ဒသာရ (မုံရွာ–နေဇာ)**
**အောင်စန္ဒာသိဒ္ဓိကျောင်း၊ (၂)ဝိုင်း**
**ပါရမီလမ်း၊ (၅)ရပ်ကွက်**
**တောင်ဥက္ကလာပမြို့၊ ရန်ကုန်တိုင်း။**
**(နေဇာစာပေ မှုပိုင်)**

# မာတိကာ

အကြောင်းအရာ　　　　　　　　　　　　　　　　　　စာမျက်နှာ

## အခန်း(၁)

## ဝါဆိုသင်္ကန်းကပ်တရား


■ သင်္ကန်းလှူဒါန်းရကျိုး ............ ၁
■ ဝိသာခါ၏ဂုဏ်ထူး(၁၀)ချက် ............ ၂
■ အမျိုးသားဒါယကာများ ရရှိသော သင်္ကန်းအကျိုး ............ ၅


### ဝါဆိုသင်္ကန်းကပ်တရား


■ အပါယ်မလား(၇)ပါး ............ ၇
■ သင်္ကန်းအစဆရာဇိဝက ............ ၉


### ဒါနအပြား ခွဲခြားပြခြင်း


■ ဝိနည်းဒေသနာတော်အားဖြင့် (၄)မျိုး ............ ၁၃
■ သုတ္တန်ဒေသနာတော်လာ ဒါန (၁၀) မျိုး ............ ၁၃
■ အဘိဓမ္မာဒေသနာတော်အားဖြင့် ဒါန (၆) မျိုး ............ ၁၄
■ မပေးလှူအပ်သောဒါန (၅) မျိုး ............ ၁၄
■ ဆုတောင်းနည်း ............ ၁၅


### သင်္ဃါဆွမ်းကပ်တရား


■ ဆွမ်းအလှူအကျိုးတရားငါးပါး ............ ၁၅
■ မာတိကမာတာဝတ္ထု (အကျဉ်းချုပ်) ............ ၁၇
■ ဝိပဿနာတင်၍လှူပုံ ............ ၁၉


## အခန်း(၂)

## နှာရေးတရား


■ နိဒါန်းစကား ............ ၂၀
■ ဒါယကာကျင့်ဝတ်(၅)ပါး ............ ၂၁
■ ရဟန်းကျင့်ဝတ် (၆) ပါး ............ ၂၁
■ ဆွမ်းသွတ်တရား ............ ၂၅
■ အာနန္ဒာသူဌေးဝတ္ထု ............ ၂၆

## မာတိကာ

အကြောင်းအရာ　　　　　　　　　　　　　　စာမျက်နှာ


■ သရဏဂုံတရား ................ ၂၉
■ စွန့်လွှတ်နိုင်ခဲသောအလိုဆန္ဒ (၂)မျိုး ................ ၃၂
■ သုပ္ပဗုဒ္ဓကုဋ္ဌိဝတ္ထု ................ ၃၃
■ ဒေသနာတော်ဂါထာများ ................ ၃၅
■ မေတ္တာတရားလက်ကိုင်ထားတရားတော် ................ ၃၆
■ မေတ္တာအကျိုး (၁၁)မျိုး ................ ၃၇
■ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်လာမေတ္တာပို့ ................ ၃၈
■ အချစ် (၃) မျိုး ................ ၄၀
■ ၅၂၈-သွယ်မေတ္တာဆောင်ပုဒ်လင်္ကာ ................ ၄၀

**မေတ္တာစွမ်းအင်ကြီးမားပုံသာဓကများ**

■ မေတ္တာရှင်မယ်ဥတ္တရာ ................ ၄၁
■ အောင်မြင်နည်း (၄)မျိုး ................ ၄၄
■ မေတ္တာရှင်သာမာဝတီ ................ ၄၅
■ စိတ်ရှည်ဖွဲ့သန်သည်းညည်းခံပြုရန်သာသနာ ................ ၄၇
■ ဆိပ်လူးမြားနှင့် မေတ္တာစွမ်းအား ................ ၄၈
■ မေတ္တာစံပြ ကံကြမ္မာကမနေ ................ ၅၀
■ ကဲ့ရဲ့ချီးမွမ်းမလွတ်တမ်း ................ ၅၁
■ အတုလျဥပါသကာဝတ္ထု ................ ၅၂
■ ဘယ်တော့မှမရှိနိုင်သောအရာ ................ ၅၆


### အခန်း(၃)
### ရှင်ပြုရဟန်းခံတရား


■ ရှင်ပြုရဟန်းခံတရား ................ ၅၇
■ သာသနာ့အမွေဟူသည် ................ ၅၈
■ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ................ ၅၈
■ ဒုလ္လဘတရား(၅)ပါး ................ ၅၉
■ ဘုရားပွင့်သောကမ္ဘာ(၅)မျိုး ................ ၆၀

# မာတိကာ

အကြောင်းအရာ　　　　　　　　　　　　　　　　　　　စာမျက်နှာ


- မနုဿတ္တဘာဝေါ ဒုလ္လဘော ...... ၆၃
- နခသိခသုတ်(ကောက်နုတ်ချက်) ...... ၆၄
- ကာဏကဏ္ဍပသုတ်(ကောက်နုတ်ချက်) ...... ၆၅
- သဒ္ဒါတရားနှင့်ပြည့်ဝဖို့ရန်ခက်ခဲသည် ...... ၆၅
- သဒ္ဒါတရားကို ရဟန္တာ အာမ,မခံနိုင် ...... ၆၆
- ရှင်ရဟန်းဖြစ်ရခြင်းသည် ရခဲ၏ ...... ၆၇
- ဆုတောင်းပုံ ...... ၆၈


## အခန်း(၄)

## ရှက်ကြောက်နှစ်တန်အခြေခံတရား


- ရှက်ကြောက်နှစ်တန်အခြေခံတရား ...... ၇၀
- ဝစီဒုစရိုက်(၄)ပါး ...... ၇၁
- မနောဒုစရိုက်(၃)ပါး ...... ၇၁
- ဒေဝဓမ္မဇာတ်(အကျဉ်းချုပ်) ...... ၇၂


## အခန်း(၅)

## ကထိန်တရား


- ကထိန်တရား ...... ၇၇
- ကထိန်အာနိသင် (၅)ပါး ...... ၇၇
- ကထိန်ဒကာများရရှိသော အကျိုးတရားများ ...... ၈၁
- ဝိဝဋ္ဋပြစ်အောင်လှူပါ ...... ၈၂
- သံသရာဆိုတာ ...... ၈၄
- တရားနိဂုံး ...... ၈၅
- ကထိန်တရား ...... ၈၆
- အကျိုးပေးကောင်းတဲ့ဇောတိကသူဌေး ...... ၈၈
- ဗြဟ္မာဏဆိုတာ ...... ၉၂
- ကထိန်အကြောင်းသိကောင်းစရာတရား ...... ၉၂

# မာတိကာ

အကြောင်းအရာ　　　　　　　　　　　　　　　　　　　　စာမျက်နှာ

## အခန်း(၆)

### သားသမီးများကျင့်ဝတ်တရား


■ သားသမီးကျင့်ဝတ်ကျေပွန်ပါစေ ............ ၁၀၂
■ သားသမီးကျင့်ဝတ်(၅)ပါး ............ ၁၀၄
■ ဓမ္မိကဥပါသကာဝတ္ထု ............ ၁၀၅
■ သားသမီး(၃)မျိုး ............ ၁၀၅
■ မဟာသတိပဋ္ဌာနသုတ်ကောက်နှုတ်ချက် ............ ၁၀၆
■ သတိပဋ္ဌာန်(၄)ပါး ............ ၁၀၈
■ သတိပဋ္ဌာန်၏ အာနိသင် ............ ၁၀၈
■ သတိပဋ္ဌာန်အကျိုးပြ ရှစ်လုံးဖွဲ့ကဗျာများ ............ ၁၁၀
■ ဘဝနှစ်တန်ဝမ်းမြောက်ရန် ............ ၁၁၂
■ တရားပွဲထဲမှ လူငါးယောက် ............ ၁၁၃
■ ရာဂမီးသည်အပူဆုံး ............ ၁၁၆
■ စားကြွင်းစားကျန်လူကောင်းသည် ............ ၁၁၇
■ ပဋ္ဌဂ္ဂဒါယကာဝတ္ထု ............ ၁၁၇
■ ဘိက္ခုပြဿနာ ............ ၁၂၁


## အခန်း(၇)

### မင်္ဂလာဆွမ်းကျွေးတရား


■ မင်္ဂလာဆွမ်းကျွေးတရား ............ ၁၂၃
■ အာဝါဟဝိဝါဟဆိုတာ ............ ၁၂၄
■ လင်ဝတ္တရား(၅)ပါး ............ ၁၂၄
■ မယားဝတ္တရား(၅)ပါး ............ ၁၂၅
■ မင်္ဂလာတရားတွင်ထည့်ရန် ............ ၁၂၉
■ ပရာဘဝသုတ်ကောက်နှုတ်ချက် ............ ၁၂၉


## အခန်း(၈)

### ဘုရားအနေကဇာတင်တရား


■ ဘုရားအနေကဇာတင်တရား ............ ၁၃၂

# မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**


■ ဘုရားအနေကဇာတင်အစီအစဉ် ............ ၁၃၂
■ ပဋိစ္စသမုပ္ပါဒ်အဓိပ္ပာယ်အကျဉ်း ............ ၁၃၅
■ ရတနာသုံးပါးအကျိုး ............ ၁၃၆
■ စေတီပုထိုးရုပ်ပွားပူဇော်ရကျိုး ............ ၁၃၆
■ စေတီ(၄)မျိုး ............ ၁၃၇
■ ရွှေအိုးမြှုပ်ရမည့် (၇)ဌာန ............ ၁၃၈
■ အနဂါမိကရွှေအိုးဆိုတာ ............ ၁၃၉
■ တောကိုးကွယ်တောင်ကိုးကွယ် ............ ၁၄၀
■ အရှင်မောဂ္ဂလာန်နှင့် နဂါးကြီးတန်ခိုးပြိုင်ပွဲ ............ ၁၄၂
■ ကိုးကွယ်အမှား ............ ၁၄၄
■ ကိုးကွယ်အမှန် ............ ၁၄၄


## အခန်း(၉)
## ပဋ္ဌာန်းတရားတော်


■ ပဋ္ဌာန်းတရားတော် ............ ၁၄၈
■ အဘိဓမ္မာ(၇)ကျမ်း ............ ၁၄၈
■ နယ (၃)ပါး ............ ၁၄၉
■ အရှင်သာရိပုတ္တရာ၏တပည့်ငါးရာ ............ ၁၅၀
■ သာဂရ (၄)ပါး ............ ၁၅၁
■ သတ္တဌာနဘုရားရှိခိုး ............ ၁၅၂
■ သတ္တဌာနဘုရားရှိခိုးလင်္ကာ ............ ၁၅၃
■ ရောင်ခြည်တော်(၆)ပါး ............ ၁၅၅
■ သူတော်ကောင်းတရား ကွယ်ပျောက်ခြင်း ............ ၁၅၅
■ ပဋ္ဌာန်းတရား ရွတ်ဖတ်သူ နာကြားသူများ ရရှိသော အကျိုးတရား ............ ၁၅၆
■ နိဂုံးဆုတောင်း ............ ၁၅၇



# အခန်း(၁)

# ဝါဆိုသင်္ကန်းကပ်တရား

**သင်္ကန်းလှူဒါန်းရကျိုး**

"ဉာတ္တီနံ ဟိ စီဝရဒါနံ မဟာလတာ ပသာဓနဘဏ္ဍေန
မတ္တကံပပ္ပေါတိ။ ပုရိသာနံ ပန-ဉာဒ္ဓိ မယပတ္တစီဝရေနာတိ။"

(ဓမ္မပဒ၊ အဋ္ဌကထာ)

ဟိ = အကျိုးတရားကိုဆိုအံ့၊ စီဝရဒါနံ=ဝါဆိုသင်္ကန်း လှူဒါန်းရခြင်းသည်၊ ဉာတ္တီနံ = အမျိုးသမီးများအတွက်၊ မဟာလတာ ပသာဓနဘဏ္ဍေန = အဖိုးကိုးကုဋေ ထိုက်တန်သော 'မဟာလတာ' ရတနာတန်ဆာကြီးကို ဆင်မြန်းခွင့် ရခြင်းဖြင့်၊ မတ္တကံ ပပ္ပေါတိ=အကျိုးတရားအထွတ်အထိပ်သို့ ရောက်၏။ ပုရိသာနံပန = ဒါယကာယောကျ်ားတို့အတွက်မူကား၊ ဉာဒ္ဓိမယပတ္တစီဝရေန – တန်ခိုးအရ ဖြစ်ပေါ်လာသော သပိတ်, သင်္ကန်း ပရိက္ခရာတို့ ရရှိခြင်းဖြင့် (ဝါ) ဧဟိဘိက္ခုရဟန်းဖြစ်ရခြင်းဖြင့် မတ္တကံပပ္ပေါတိ = အကျိုးတရား၏ အထွတ်အထိပ်သို့ ရောက်၏။

သက်န်းလှူဒါန်းရသော အကျိုးတရားသည် အမျိုးသမီးများအတွက် အဖိုးကိုးကုဋေတန်သော မဟာလတာရတနာ တန်ဆာကြီးကို ဆင်မြန်းရခြင်း အကျိုးထူးကိုရရှိ၏။

ထိုမဟာလတာရတနာ တန်ဆာကြီးသည် ရွှေပန်းတိမ်သည်ပေါင်း ငါးရာတို့က လေးလကြာအောင် ပြုလုပ်ရသော ရတနာတန်ဆာကြီးဖြစ်၏။ လက်ခသည် တစ်သိန်းပေးရသည် ဆို၏။

သာသနာသမိုင်း တစ်လျှောက်၌ ထိုမဟာလတာရတနာ တန်ဆာကြီးမျိုးကို ဆင်မြန်းခွင့် ရရှိသူ အမျိုးသမီးမှာ (၃)ဦးသာရှိပါ၏။

(၁) ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါ

(၂) ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာ

(၃) ဗာရာဏသီ သူဌေးသမီး ဘဒ္ဒါ

ဤ၌ ကျောင်းအမကြီး ဝိသာခါ၏ ဇာတ်လမ်းကို အကျယ်တဝင့် ဟောပြောနိုင်၏။ မရှည်မတို ဟောပြောလိုပါမူ ဝိသာခါ၏ဂုဏ်ထူး (၁၀)ချက်ကို ပြောနိုင်သည်။

**ဝိသာခါ၏ဂုဏ်ထူး(၁၀)ချက်-**

(၁) (၇)နှစ်သမီးအရွယ်ကပင် သောတာပန်ဖြစ်ခြင်း၊

(၂) ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံခြင်း၊

(၃) ဆင်ပြောင်ငါးစီးအားရှိခြင်း၊

(၄) မဟာလတာရတနာ တန်ဆာကြီးကို ဝတ်ဆင်ရခြင်း၊

(၅) ကြီးကျယ်ခမ်းနားသော လက်ထပ်မင်္ဂလာပွဲကြီး ပြုလုပ်ခံရခြင်း၊

(၆) သားသမီးနှစ်ကျိပ်၊ မြေးလေးရာ၊ မြစ်ရစ်ထောင်ရှိခြင်း၊

(၇) အသက် ၁၂၀-ရှည်သော်လည်း အမြဲတမ်း (၁၆)နှစ်သမီးဟု ထင်ရခြင်း၊

(၈) ဘုရားရှင်နှင့်လည်းကောင်း၊ သံဃာတော်များနှင့်လည်း ကောင်း၊ အကျွမ်းတဝင်ရှိခြင်း၊

(၉) ဘုရားရှင်ထံမှ ဆုထူး(၈)ချက် ရရှိခြင်း၊

(၁၀) နိမ္မာနရတိဘုံမှာ (ဘုံစဉ်) ခံစားပြီး နိဗ္ဗာန်ဝင်မည့်သူဖြစ်ခြင်း

ဤ(၁၀)ချက်ကို မိမိတို့ဉာဏ်ကြွယ်သလို အကျယ်ချဲ့၍ ဟောနိုင်သည်။ ဥပမာအားဖြင့် ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသော အမျိုးသမီးဖြစ်ပုံ။

ကောင်းခြင်း(၅)ဖြာ

(၁) ဆံပင်၏ကောင်းခြင်း – ဆံပင်သည် ပိတုန်းရောင်ကဲ့သို့ နက်မှောင် ဝင်းပြောင်နေပြီး ဖြန့်ချလိုက်လျှင် သုံးတောင်ထွာ ရှည်လျားသည်။ ဒူးဆစ်အောက်အထိ ရောက်သည်။ ဆံဖျားမှာ ကော့ပျံတက်နေသည်။ အဖျားချွန်သည်။ ယခုခေတ် မိန်းကလေးများ ဆံပင်ပုံစံတို့ဖြင့် နှိုင်းယှဉ်ပြနိုင်သည်။ (ကေသာ)

(၂) အသား၏ကောင်းခြင်း–အသား၏ကောင်းပုံမှာ အသားရောင်သည် ဝင်းဝါစိုပြည်နေ၏။ (မံသ)မိတ်ကပ်တွေ လိမ်းစရာမလို။ ပင်ကိုချော။

(၃) အရေ၏ကောင်းခြင်း – အရေ၏ကောင်းခြင်းတွင် ရေသောက်လိုက်လျှင် မြင်ရမလောက်ပင် ဖြစ်၏။ ဆရာတင်၊ မင်းဂံဘုတ်ရွာရောက်သွားပြီး မင်းဂံဘုတ် ရွာသူတို့၏ အလှကို 'ရွှေမင်းဂံ' သီချင်းဖြင့် ဖွဲ့ဆိုခဲ့သည်။ မင်းဂံဘုတ်ရွာသူတို့၏ အလှသည် 'ရေကြည်သောက်လျှင် မြင်ရမလောက်ပင်' ဟူ၍ တင်စား ဖွဲ့ဆိုခဲ့ပါသည်။ (ဆဝိ)

(၄) အရိုး၏ကောင်းခြင်း – လှပခြင်းသည် အရိုး၏ကောင်းခြင်းက အဓိကကျသည်။ အရိုးအဆစ် ပြေပြစ်မှ ကိုယ်ခန္ဓာအချိုးအစား ကျနပြီး လှပသော ကိုယ်လုံးပိုင်ရှင်များ ဖြစ်မည်။ (အဋ္ဌိ) ယခုခေတ်လို အေရိုးဗစ် သင်တန်းတွေတက်နေစရာမလိုပေ။ ငါးရံ့ကိုယ်လုံး အပြုံးပိုင်ရှင် လှသခင် ဖြစ်၏။

(၅) အရွယ်၏ကောင်းခြင်း – အရွယ်၏ကောင်းခြင်းတွင် အမြဲတမ်း (၁၆)နှစ်သမီးကဲ့သို့ ထင်ရခြင်း၊ အရွယ်တင်ခြင်း ဖြစ်ပါသည်။ (ဝယ) အတိုကောက်မှတ်ရန် = 'ဆံ၊ သား၊ ရေ၊ ရိုး၊ ရွယ်'

**သားသမီးနှစ်ကျိပ်၊ မြေးလေးရာ၊ မြစ်ရှစ်ထောင်ဖြစ်ပုံ**

ဝိသာခါ ဝိသတိ ပုတ္တာ၊ နတ္တာစ စတု ရောသတာ။

ပနတ္တာ အဌသဟဿာ၊ ဇမ္ဗူဒိပေသုပါကဋာ။

ဝိသာခါတွင် သား(၁၀)ယောက်၊ သမီး (၁၀)ယောက်ရှိသည်။ သားသမီးနှစ်ကျိပ်ဖြစ်သည်။

ထိုသား (၁၀)ယောက်ကလည်း သား(၁၀)ယောက်၊ သမီး(၁၀) ယောက်စီဖွားသည်။ ထို့အတူ သမီး(၁၀)ယောက်ကလည်း သား(၁၀) ယောက်၊ သမီး(၁၀)ယောက်စီပင် ဖွားမြင်ရာ မြေး(၄၀၀) ဖြစ်သွားသည်။

ထိုမြေး(၄၀၀)ကလည်း မြေးတစ်ယောက်လျှင် သား(၁၀)ယောက်၊ သမီး(၁၀)ယောက်စီပင် ဖွားမြင်သဖြင့် မြစ်(၈၀၀၀) ဖြစ်သွားရ၏။

**ဝိသာခါအရွယ်တင်ပုံ**

ကျောင်းအမကြီး ဝိသာခါ အရွယ်တင်ပုံမှာ အသက်(၁၂၀) ရှိသော်လည်း အိုစာ၍ မသွားပေ။ သားသမီးများ၊ မြေးများနှင့် ရောနှော ထိုင်နေလျှင် ခွဲခြား၍ပင်မရနိုင်ဟု ဆိုပါသည်။

**ဘုရားရှင်ထံမှ ဝိသာခါရရှိသော ဆု(၈)မျိုး**

(၁) အာဂန္တုရဟန်းသံဃာများအား အမြဲတမ်း ဆွမ်းလှူဒါန်းခွင့်ရရှိခြင်း၊

(၂) ခရီးသွား ရဟန်းသံဃာများအား အမြဲတမ်း ဆွမ်းလှူဒါန်းခွင့် ရရှိခြင်း၊

(၃) ဂိလာနရဟန်းသံဃာများအား အမြဲတမ်း ဆွမ်းလှူဒါန်းခွင့် ရရှိခြင်း၊

(၄) သူနာပြု (ဂိလာနူပဋ္ဌာက)ရဟန်းများအား အမြဲတမ်း ဆွမ်း လှူဒါန်းခွင့် ရရှိခြင်း၊

(၅) အမြဲတမ်း ယာဂုဆွမ်း လှူဒါန်းခွင့် ရရှိခြင်း၊

(၆) အမြဲတမ်း ဘေသဇ္ဇဒါန ဆေးလှူခွင့်ရရှိခြင်း၊

(၇) ဘိက္ခုနီတို့အား အမြဲတမ်း အမာလွှမ်းသင်္ကန်း (ကဏ္ဍုပ္ပဋိစ္ဆာဒန စီဝရ) လှူဒါန်းခွင့် ရရှိခြင်း၊

(၈) ဘိက္ခုတို့အား အမြတ်တမ်း မိုးရေခံသင်္ကန်း (ဝဿိကသာဋိကစီဝရ) လှူဒါန်းခွင့် ရရှိခြင်း။

* ဝါဆိုသင်္ကန်းကိုတော့ 'ဝဿဝါသိကစီဝရ'ဟု ခေါ်ကြသည်။

**အမျိုးသား ဒါယကာများ ရရှိသော သင်္ကန်းအကျိုး**

'ဧဟိဘိက္ခု' ရဟန်းဖြစ်ရခြင်း အကျိုးရှိ၏။

'ဧဟိဘိက္ခု'ဟူသည် ဗုဒ္ဓဘုရားက လက်တော်ဆန့်တန်း၍ 'ရဟန်းလာလော့'ဟု ခေါ်တော်မူလိုက်သည်နှင့် တစ်ပြိုင်နက် ဝါတော်ခြောက်ဆယ်ရရှိသည့် မထေရ်မြတ်ကြီးကဲ့သို့ ဣန္ဒြေတည်ကြည်ပြီး သပိတ်, သင်္ကန်း, ပရိက္ခရာ အစုံအလင်ဖြင့် ရဟန်းအသွင် ဖြစ်သွားသည်။

'ဧဟိဘိက္ခု'ကို သက်တော်ထင်ရှား မြတ်စွာဘုရားတို့သာလျှင် ခေါ်တော်မူ၍ ရနိုင်သည်။ (ကျန်ပုဂ္ဂိုလ်များ ဧဟိဘိက္ခု ခေါ်ရုံဖြင့် ရဟန်း မဖြစ်နိုင်ဟု မှတ်ရမည်။)

ဗုဒ္ဓဘုရား လက်ထက်က တရားဦးဓမ္မစကြာကို ဟောကြားပြီး ရှင်ကောဏ္ဍည၊ ရှင်ဝပ္ပ၊ ရှင်ဘဒ္ဒိယ၊ ရှင်မဟာနာမ၊ ရှင်အဿဇိဟု ဆိုအပ်သော ပဉ္စဝဂ္ဂီငါးဦးတို့ကို 'ဧဟိဘိက္ခု'ခေါ်ပြီး ဧဟိဘိက္ခု ရဟန်းစတင် ဖြစ်ပေါ်ခဲ့သည်။

ထို့နောက် ယသသူဌေးသားနှင့် အပေါင်းပါ (၅၅)ယောက်တို့ ဧဟိဘိက္ခု ရဟန်းများ ဖြစ်ခဲ့ကြသည်။

ဤသို့ စသည်ဖြင့် ဧဟိဘိက္ခု ရဟန်းပေါင်း ၂၈၆၃၁ ရှိကြောင်း ကျမ်းဂန်တို့၌ ရေတွက် သိရှိရသည်။

သင်္ကန်းလှူဒါန်းခြင်း စီဝရဒါန ကောင်းမှုမရှိခဲ့ဖူးသော ဗာဟိယဒါရုစိရိယသည် ခိပ္ပါဘိညာ ဧတဒဂ်ရရဟန္တာကြီး ဖြစ်ရသော်လည်း ရဟန်းဖြစ်ခွင့် ရမသွားခဲ့ပေ။ လူဝတ်ကြောင် ရဟန္တာဖြစ်သော် ပရိနိဗ္ဗာန်ပြုရ၏။ ဆက်လက်နေလိုပါက ရဟန်းအသွင် ပြောင်းရပါသည်။

နိမိကဏ္ဍသုတ်လာ ဒေသနာဖြင့် တရားနိဂုံးချုပ်မည်။

မာနုသိကာစ သမ္ပတ္တိ၊ ဒေဝလောကေစ ယာရတိ။

ယာ စ နိဗ္ဗာန သမ္ပတ္တိ၊ သဗ္ဗမေတေန လဗ္ဘတိ။

(နိဓိကဏ္ဍသုတ်ပါဠိတော်)

ဘဝန္တော=ဒါနအကျိုး မျှော်ကိုးရှကြောင်း အိုသူတော်ကောင်းတို့၊ မာနုသိကာ = လူ့ဘောင်မှာ အခေါင်အဖျား အမြတ်စားဟု ဆိုအပ်သော၊ ယာသမ္ပတ္တိစ = အကြင်စည်းစိမ် ရွှေ, ငွေ, ခြွေရံသင်းပင်း ပြည့်စုံရခြင်း အမျိုးမျိုးသည်လည်းကောင်း၊ ဒေဝလောကေ = ဝတိ, ယာမာ နတ် ခြောက်ရွာနှင့် ဗြဟ္မာလောကဘုံဌာန၌၊ ယာရတိစ=ဘုံနန်းဗိမာန် ခြွေအရံနှင့် အကြင်မွေ့လျော် စံပျော်ရခြင်း အမျိုးမျိုးသည်လည်းကောင်း၊ ယာစနိဗ္ဗာန သမ္ပတ္တိ = သံသရာဝဋ်ဇွေ ကရွက်ခွေမှ မသွေထွက်မြောက်ရာ အမှန်အကြင် သန္တိသုခနိဗ္ဗာန် အကျိုးသည်လည်းကောင်း၊ အတ္တိ =မုန်စွာမသွေ ရှိပါပေ၏။ တံသဗ္ဗံ=ထိုအလုံးစုံသော လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာပေါင်းစုံ သည်၊ ဧတေန=သဒ္ဓါဖွေးဖြူ ပေးလှူဒါန ဤဝါဆိုသင်္ကန်းမြတ် ဒါနကြောင့်၊ လဗ္ဘတိ=လူ့ပြည်မှာလည်း ပျော် ပျော်ရွှင်ရွှင်၊ နတ်ပြည်မှာလည်း တပြုံးပြုံး၊ ဝဋ်အဆုံး နိဗ္ဗာန်မှာ စံပျော်၍ ချမ်းသာခြင်းသုခ အမှန်ကို ဧကန်မသွေ ရရှိနိုင်ပါပေတော့သတည်း။

ဒီဒေသနာတော်ရဲ့ အဓိပ္ပာယ်ကတော့-

အလှူဒါနသည် လူ့ချမ်းသာကိုလည်း ပေးစွမ်းနိုင်သည်၊ နတ် ပြဟ္မာ ချမ်းသာကိုလည်း ပေးစွမ်းနိုင်သည်၊ နိဗ္ဗာန်ချမ်းသာကိုလည်း ပေးစွမ်းနိုင်သည်ဟု ဆိုပါ၏။ သို့ဖြစ်ရာ လိုရာဆုကိုတောင်းပါ။

နိဗ္ဗာန်ကို ဆုတောင်းခြင်းအားဖြင့် 'ဝိဝဋ္ဋနိဿိတဒါန'ဖြစ်ကာ အားလုံး ကိစ္စပြီးပါတော့သည်။

ဤသို့ ယနေ့လှူဒါန်းရသောဒါန၊ ဆောက်တည်ရသော သီလ၊ မေတ္တာပွားခြင်း၊ တရားနာခြင်း စသော ဘာဝနာကုသိုလ်ကံ စေတနာတို့ ကြောင့် အလိုရှိအပ်, တောင့်တအပ်သော ဆုမြတ်အပေါင်းတို့နှင့် ပြည့်စုံ ကြပါစေ ကုန်သတည်း။

* * *

## ဝါဆိုသင်္ကန်းကပ်တရား

### အပါယ်မလား(၇)ပါး

“ယေသံ ပန ကုလာနံ တိဏ္ဏသရဏာနိ, ပဉ္စသီလာနိ, ဧကံ သလာကဘတ္တံ၊ ဧကံ ပက္ခိယဘတ္တံ, ဧကံ ဝဿဝါသိကံ, ဧကော ပေါက္ခရဏီ, ဧကောအာဝါသော ဧဝရူပါနိ နိဗဒ္ဓ ပုညာနိ ဟောန္တိ၊ တေသံ ဂတိနိဗဒ္ဓါ။ သောတာပန္နဂတိဒသိသာ နေဝ တာနိ ကုလာနိ။

(အင်္ဂုတ္တိုရ်၊ နဝက၊ သဉပါဒိသေသသုတ်)

ယေသံပန ကုလာနံ = အကြင်အမျိုးကောင်းသား, အမျိုးကောင်း သမီးတို့အား၊ တိဏ္ဏိသရဏာနိစ = သရဏဂုံသုံးပါး ဆောက်တည်ခြင်းကို လည်းကောင်း၊ ပဉ္စသီလာနိစ = ငါးပါးသီလကို ခံယူဆောက်တည်ခြင်း ကိုလည်းကောင်း၊ ဧကံသလာက ဘတ္တဉ္စ = တစ်ခုသော စာရေးတံ ဆွမ်းကပ်လှူခြင်းကို လည်းကောင်း၊ ဧကံပက္ခိယ ဘတ္တဉ္စ = လဆန်းပက္ခ, လဆုတ်ပက္ခတို့၌ လှူဒါန်းဆက်ကပ်သော ဆွမ်းအလှူတစ်မျိုးလည်းကောင်း၊ ဧကံဝဿဝါသိကဉ္စ = ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းရခြင်းတစ်မျိုး လည်းကောင်း၊ ဧကော ပေါက္ခရဏီ=သောက်ရေ သုံးရေအတွက် ရေတွင်း, ရေကန်, ရေစက်လှူဒါန်းခြင်းလည်းကောင်း၊ ဧကောအာဝါသောစ=ဇရပ်, တန်ဆောင်း, သိမ်, ကျောင်း စသော အဆောက်အဦး အလှူ လည်းကောင်း၊ ဧဝရူပါနိ=ဤသို့သဘောရှိကုန်သော၊ နိဗဒ္ဓပုညာနိ=အမြဲထာဝရ ကုသိုလ် တို့ကို ပြုလေ့ရှိကုန်သည်၊ ဟောန္တိ ]=ဖြစ်ကုန်၏။

တေသံကုလာနံ=ထိုကုသိုလ်(၇)ပါးကို ပြုလေ့ရှိကုန်သော သူတို့ အား ဂတိနိဗဒ္ဓါ=သုဂတိဘုံဘဝတည်းဟူသော လားရာဂတိ ခိုင်မြဲကုန်၏၊ တာနိကုလာနိ=ထိုကုသိုလ် (၇)မျိုးကို ပြုလေ့ရှိကြကုန်သော အမျိုးကောင်း သား, အမျိုးကောင်းသမီးတို့သည်၊ သောတာပန္နဂတိသဒိသာ နေဝ= သောတာပန် ပုဂ္ဂိုလ်တို့၏ လားရာဂတိနှင့် တူသည်သာလျှင် ဖြစ်ကြလေ ကုန်သတည်း။

(၁) သရဏဂုံသုံးပါး နိုင်မြဲစွာတည်သူ၊
(၂) ငါးပါးသီလကို အမြဲစောင့်ထိန်းသူ၊
(၃) စာရေးတံ ဆွမ်းလှူဒါန်းသူ၊
(၄) ရက်ပတ်, လပတ် ဆွမ်းအမြဲချက်သူ (ဆွမ်းချိုင့်လှူသူ)
(၅) ဝါဆိုသင်္ကန်း အမြဲတမ်းဆက်ကပ်သူ၊
(၆) ရေတွင်း, ရေကန်, ရေစက် စသည်ကိုလှူသူ၊
(၇) အဆောက်အဦး လှူဒါန်းသူ၊

ဤအလှူဒါန, သီလ(၇)ပါးတို့သည် အပါယ်မလားနိုင်သော အလှူများ ဖြစ်၏။

**ဆောင်ပုဒ်လင်္ကာ**။ ။ တိသရဏ၊ ပဥ္စသီလ၊ စာရေးတံနှင့်၊ မြဲမြဲဆွမ်းဝတ်၊ မလွတ်ဝါသိကံ၊ စိဝရံနှင့်၊ တစ်ဖန်ဝိဟာ၊ ရေကန်သာဟု၊ ဒါနကောင်းမှု၊ ခုနစ်ခုကား၊ မှတ်ရှုအပါယ်လွတ်ကြောင်းတည်း။

ဤ(၇)ပါးမှ မိမိကျွမ်းကျင်ရာ၊ မိမိအားသန်ရာ အကြောင်းအရာကို အကျယ်တဝင့် ချဲ့ထွင်၍ ဟောကြားနိုင်သည်။

ဥပမာ ဝါဆိုသင်္ကန်းလှူဒါန်းခြင်း–

ဝါဆိုချိန်တွင် လှူဒါန်းလေ့ ရှိကြသဖြင့် 'ဝါဆိုသင်္ကန်း' (ဝဿာဝါသိကစီဝရ)ဟု ခေါ်ကြပါသည်။ အမှန်အားဖြင့် ဝါဆိုလမှာလှူလှူ၊ ဝါခေါင်လမှာ လှူလှူ လှူ၍ရပါသည်။ "ဤကျောင်း, ဤဒေသတွင် ဝါဆိုတော်မူသည့် အရှင်မြတ်ဘုရားအား ဤသင်္ကန်းကို လှူဒါန်းပါ၏" ဆိုပြီး (ရည်ရွယ်ပြီး) လှူသော ဝါဆိုသင်္ကန်းပင် ဖြစ်ပါ၏။

ဤ၌ သင်္ကန်း(၉)ထည်ကို သိသင့်၏။

**သင်္ကန်း(၉)ထည်**

(၁) သံဃာဋိ = ဒုကုဋ်ခေါ် နှစ်ထပ်သင်္ကန်းကြီး
(၂) ဥတ္တရာသင်္ဂ = အပေါ်ရုံကေသီသင်္ကန်း
(၃) အန္တရဝါသက = အတွင်းဝတ် သင်းပိုင်သင်္ကန်း
(၄) သေယျာသက = အိပ်ရာခင်း

(၅) မုခပုဥ = မျက်နှာသုတ်ပဝါ
(၆) ပရိက္ခရာစောဠ = အဝတ်စ အဝတ်ပိုင်းများ
(၇) နိသီဒနစိဝရ = နိသီဒိုင် (နေကထိုင်အခင်း)
(၈) ဝဿိကသာဋိက = မိုးရေခံသင်္ကန်း
(၉) ကဏ္ဍုပ္ပဋိစ္ဆာဒန = အမာလွှမ်းသင်္ကန်း

**ဆောင်ပုဒ်**။ ။ သင်း, ကိုယ်, ဒု, အိပ်, မျက်, ပရိက်, နိသီဒ်, မိုး, အမာ။

(ဝိနယသံခိပ်ကျမ်း)

**သင်္ကန်းအစ ဆရာဇီဝက**

'ဆရာဇီဝက'ကို ဆေးဆရာကြီး အဖြစ်ဖြင့်သာ လူသိများသည်။ ဆရာဇီဝကသည် ထင်ရှားသော ဆေးဆရာကြီးအပြင် ပထမဦးဆုံး သင်္ကန်း ဒါယကာကြီးလည်း ဖြစ်သည်။ ဆရာဇီဝက၏ အမည်တစ်မျိုးမှာ 'ကောမာရဘစ္စ' ဖြစ်သည်။

ဇီဝကသည် ရာဇဂြိုဟ် ဗိမ္ဗိသာရမင်းကြီး၏ မြေးဖြစ်သည်။ ဗိမ္ဗိသာရ မင်းကြီး၏သား အဘယကုမာရနှင့် သာလဝတီခေါ် ပြည့်တန်ဆာမတို့မှ ဖွားမြင်သည်။ အမျိုးမမြတ်ဟု ပြောနိုင်သော်လည်း 'အလုပ်မြတ်' လျှင် ထင်ပေါ်သည်။ လူသာစုခေါ်, နတ်သာစုခေါ်ကြသည်။ ထင်ရှားသော ပြည့်တန်ဆာမ အချောအလှ သီရိမာ၏ အစ်ကိုလည်းဖြစ်၏။

ဇီဝကကို မွေးဖွားစဉ် မိခင်ဖြစ်သူ ပြည့်တန်ဆာမကြီး သာလဝတီက သားယောကျာ်းလေး ဖြစ်နေ၍ အလိုမရှိ။ သာလဝတီတို့ ကျတော့တစ်မျိုး။ သားယောကျာ်းကို မလိုချင်။ ဘယ်လိုချင်ပါ့မလဲ။ သားယောကျာ်းက သူ့လုပ်ငန်းအတွက် အထောက်အကူမှ မပြုနိုင်ဘဲကိုး။ သို့ဖြင့် ဇီဝက စွန့်ပစ်ခံရသည်။

ကောက်ယူမွေးစားသူက "အသက်ရှင်သေးရဲ့လား"ဟု မေးရာ 'ဇီဝတု' 'ဇီဝတု' အသက်ရှင်ပါသေးသည်'ဟု ဖြေကြားရာမှ 'ဇီဝက' (အသက်ရှိသူ) ဟူ၍ အမည်တွင်ခဲ့သည်။

ဆရာကြီးဇီဝက ကျော်ကြားမည်ဆိုကလည်း ကျော်ကြားလောက်ပေ၏။ အဘယ့်ကြောင့်ဆိုသော် ဆေးကုသမှုတွင် 'ကံ'ကြောင့်ဖြစ်သော အနာရောဂါ (ကံနာ၊ ဝဋ်နာ)မှလွဲ၍ စိတ်ကြောင့်ဖြစ်သော (စိတ္တဇနာ)၊ ဥတု ဖောက်ပြန်မှုကြောင့်ဖြစ်သော ဥတုဇနာ၊ အစားအသောက် ဖောက်ပြန်မှုကြောင့်ဖြစ်သော အာဟာရဇနာတို့ကို ဆေးတစ်ကြိမ်ပေးရုံမျှဖြင့် ပျောက်ကင်းစေနိုင်သောကြောင့်တည်း။

တစ်ခါသော်–စမ္ပာနဂိုရ်ပြည်ကို အစိုးရသော စန္ဒပဇ္ဇောတမင်းကြီး၌ စွဲကပ်နေသော မစားနိုင် မသောက်နိုင် ဖျော့တော့သော အနာရောဂါကို ကုသရာတွင် အသက်ကိုပင်လှ၍ ပြေးခဲ့ရဖူးလေ၏။

ဖြစ်ပုံကား–

စန္ဒပဇ္ဇောတမင်းသည် ထောပတ်ကို မုန်းသူဖြစ်၏။ သူ၏ရောဂါကို ကုစားရန် ဆေးဝါးတွင်လည်း ထောပတ်မပါလျှင် မဖြစ်ချေ။ ထို့ကြောင့် ဆရာဇီဝကသည် ထောပတ်ကို အနံ့ပျောက်အောင် စီမံရတော့သည်။ (ယခုခေတ် သကြားအုပ် (Sugar Coating)သကဲ့သို့ ဖြစ်သည်)

ဆရာဇီဝကသည် ထိုဆေးကို မင်းကြီးအား တိုက်ကျွေးပြီးနောက် အဝေးသို့ ပြေးထွက်သွားခဲ့ရလေသည်။ မပြေးလို့မဖြစ်။ စန္ဒပဇ္ဇောတမင်းက ဒေါသကြီးသည်။ ထောပတ်နံ့ရလျှင် သူ့အသက်အန္တရာယ်ရှိသည်မဟုတ်လား။

စန္ဒပဇ္ဇောတမင်းသည် ဆရာဇီဝကပေးသော ဆေးကို သောက်သုံးပြီးနောက် လေချဥ်တက်သော် ထောပတ်နံ့ ရရှိလေ၏။ ထိုအခါ မင်းကြီးသည် ဒေါသအမျက် ပြင်းစွာထွက်ပြီး ကြိုတင်ထွက်ပြေးသွားသော ဆေးဆရာ ဇီဝကကို ဖမ်းဆီးနိုင်ရန် တစ်နေ့လျှင် ယူဇနာ(၆၀) ပြေးနိုင်သော 'ကာက'အမည်ရှိသော ခြေမြန်တော်အား စေခိုင်းလေတော့၏။

ခြေမြန်တော်ကာကလည်း လျင်မြန်စွာ လိုက်လေရာ ကောသမ္ဗီပြည်၌ နံနက်စာစားရန် ဟန်ပြင်နေသော ဇီဝကကို မိသွားလေသည်။ ထိုအခါ ဆရာဇီဝကသည် သျှိသျှားသီး၌ လက်သည်းမျှလောက်သော ဝမ်းလျှောဆေးကို ထည့်ပြီး ကာကကိုကျွေး၏။ 'သူ့နောက် မလိုက်တော့ပါ'

ဟု ကတိတောင်းခံပြီးမှ ဝမ်းရပ်ဆေးကို (ပြေဆေးကို)ပေးပြီး သူ စီးနင်းလာသော 'ဘဒ္ဒဝတီ'အမည်ရှိ ဆင်မကိုပါ ပေးလိုက်သည်။ သူလည်း ရာဇဂြိုဟ်ရှိ ဘုရင်ဗိမ္ဗိသာရ ရှေ့တော်မှောက်သို့ အရောက် ပြေးခဲ့ရလေ၏။

သို့သော် စန္ဒပဇ္ဇောတမင်းသည် ဒေါသပြေသွားသောအခါ၌ မိမိ ခံစားနေရသော ရောဂါဝေဒနာကို ပျောက်ကင်း ချမ်းသာအောင် ကုသပေးသည့် ဆရာဇီဝကကို ကျေးဇူးတင်သွားသည်။ သို့ဖြင့် ဆရာဇီဝကအား သိဝရာဇ်တိုင်းဖြစ် အကောင်းဆုံး၊ အဖိုးအတန်ဆုံးဖြစ်သော ပုဆိုးတစ်စုံကို ဆုတော်လာဘ်တော်အဖြစ် ချီးမြှင့်ဂုဏ်ပြုခိုင်းလိုက်လေသည်။

ဆရာဇီဝကသည် ဆေးဖိုးဝါးခအဖြစ် စန္ဒပဇ္ဇောတမင်းကြီး ချီးမြှင့် ပေးအပ်သော အဖိုးတန်ဝတ်စုံကြီးကို မိမိအသုံးမပြုဘဲ ဗုဒ္ဓဘုရားအား လှူဒါန်းရန် ဆုံးဖြတ်လိုက်လေသည်။ အဖိုးတန်ဝတ်စုံသည် ဇီဝကအတွက် လောကုတ္တရာအကျိုး ပွားတိုးစေသည့် အကြောင်းခံ ဖြစ်ခဲ့ရပါ၏။

ဆရာဇီဝကနှင့် ဗုဒ္ဓဘုရားရှင်တို့ ရင်းနှီးကျွမ်းဝင်မှု ကိစ္စတွင် အရှင်အာနန္ဒာ၏ ကျေးဇူးလည်း ပါဝင်သည်။ ဗုဒ္ဓဘုရား စမြင်းဒေါသဖြစ်၍ ဝမ်းချုပ်တော်မူရာတွင် ဇီဝက,က 'ကြာသုံးလက် ဝမ်းလျှောဆေး'ကို ဆက်ကပ်ပေးခြင်းဖြင့် ရင်းနှီးခဲ့ရပါသည်။ ဆရာဇီဝက,က ဗုဒ္ဓဘုရားအား ဝတ်စုံကြီးကို ဆက်ကပ်လှူဒါန်းပြီး အောက်ပါအတိုင်း လျှောက်ထားလိုက်လေသည်။

**ဇီဝက**။ ။ ဘုန်းတော်ကြီးမား မြတ်စွာဘုရား၊ တပည့်တော်အား ဆုတစ်ခု ကို သနားတော်မူပါဘုရား။

**ဗုဒ္ဓ**။ ။ ဇီဝက–ဘုရားသခင်တို့ ချီးမွမ်းနှစ်သက်အပ်သော ဆုမျိုး ဟုတ်ရဲ့လား။

**ဇီဝက**။ ။ အရှင်ဘုရား အပြစ်မရှိ ကောင်းကျိုးပွားများစေနိုင်သော ဆု ဖြစ်ပါသည်ဘုရား။

အရှင်ဘုရား–ဤပုဆိုးအစုံသည် စန္ဒပဇ္ဇောတမင်းက တပည့်တော်အား ဆုအဖြစ် ပေးအပ်သော လက်ဆောင်မွန် ဖြစ်ပါသည်။ ဤပုဆိုးအစုံကို သင်္ကန်းတော်အဖြစ် သုံးဆောင်ရန်

အလှူခံတော်မူပါ။ ထို့ပြင် အရှင်ဘုရား၏ တပည့်သား သံဃာတော်များမှာလည်း ပံ့သုကူ သင်္ကန်းကိုသာ ရှာကြံ သုံးဆောင် နေကြရသဖြင့် သင်္ကန်းပါးရှားကြပါသည် ဘုရား။

ထို့ပြင် တပည့်တော်မှအစ ဒါယကာ, ဒါယိကာမများလည်း ကုသိုလ်တရား တိုးပွားကြစေရန် 'သင်္ကန်းလှူဒါန်းခွင့်'ပြု တော်မူပါဘုရား။ သံဃာတော်အရှင်မြတ်တို့အားလည်း ဒါယ ကာတို့ လှူဒါန်းသော သင်္ကန်း (ဂဟပတိစီဝရ)ကို သုံးဆောင်ခွင့် ပေးတော်မူပါဘုရား။"

ဗုဒ္ဓဘုရားသည် ဆရာဇီဝက လျှောက်ထားချက်များ ကျိုးကြောင်း ဆီလျော်ကာ အနာဂတ်သာသနာတော်အတွက် အကျိုးတရား များပြား ဖွယ်ရာကို မြင်တော်မူသဖြင့် ခွင့်ပြုတော်မူ၏။

ရာဇဂြိုဟ်ပြည်သားတို့သည်လည်း ဘုရားရှင်နှင့်တကွ သံဃာတော် တို့အား သင်္ကန်းလှူဒါန်းခွင့် ရပြီဟူသော သတင်းကို ကြားသည်နှင့် တစ်ရက် နှစ်ရက်အတွင်းမှာပင် သိန်းသန်းမကသော အဝတ်ပုဆိုးတို့ကို သင်္ကန်းအဖြစ် 'စုပေါင်းသင်္ကန်းလှူဒါန်းပွဲကြီး'ကို ကြီးကျယ်ခမ်းနားစွာ ပြုလုပ်ကြပါတော့သည်။

ထိုအချိန်၌ ဗုဒ္ဓဘုရားသည် ဘုရားဖြစ်ပြီး၍ (၅)ဝါမျှသာ ရှိသေး၏။

သို့ဖြစ်ရာ ဆရာဇီဝကသည် အစွမ်းထက်လှသော ဆေးဆရာကြီး သာမက ဗုဒ္ဓဘုရားအား ရှေးဦးစွာ သင်္ကန်းလှူဒါန်းခွင့် ရရှိခဲ့သော 'ပထမဆုံး သင်္ကန်းဒါယကာ'လည်း ဖြစ်လေ၏။ မဟာအကျိုးတော်ဆောင် ကြီး တစ်ယောက်လည်း ဖြစ်ပါ၏။ ထို့ကြောင့် 'သင်္ကန်းအစ ဆရာ ဇီဝက'ဟု ဆိုလိုက်ပါသတည်း။

* * *

## ဝါဆိုသင်္ကန်းကပ်တရား

## ဒါနအပြားခွဲခြားပြခြင်း

**ဝိနည်းဒေသနာတော်အားဖြင့် (၄)မျိုး–**

(၁) ဆွမ်း၊ (၂) သင်္ကန်း၊ (၃) ကျောင်း၊ (၄) ဆေး

လူတို့မှာ စားရေး၊ ဝတ်ရေး၊ နေထိုင်ရေး၊ ကျန်းမာရေးဟူ၍ အရေးကြီး(၄)ပါး လိုအပ်သကဲ့သို့ ရဟန်းသံဃာတော်များမှာလည်း ပစ္စည်း (၄)ပါး လိုအပ်ပါသည်။

**သုတ္တန်ဒေသနာတော်လာ ဒါန(၁၀)မျိုး**

အန္နံ ပါနံ ဝတ္ထံယာနံ၊ မာလာဂန္ဓဝိလေပနံ။
သေယျာဝသထ ပဒီပေယျံ၊ ဒါနဝတ္ထုဣမေဒသ။
(သုတ်ပါထေယျ၊ ပါဠိတော်–၁၂၁။ အဋ္ဌကထာ–၁၀၆)

(၁) အန္န = ဆွမ်း
(၂) အပါန = အဖျော်ယမကာ
(၃) ဝတ္ထ = အဝတ်သင်္ကန်း
(၄) ယာန = ယာဉ်ရထား (ထီး၊ ဖိနပ်၊ တောင်ဝှေး စသည်)
(၅) မာလာ = ပန်း
(၆) ဂန္ဓ = နံ့သာ၊ ရေမွှေး၊ အမွှေးတိုင်
(၇) ဝိလေပန = နံ့သာပြောင်း၊ နံ့သာဆီ
(၈) သေယျာ = အိပ်ရာ၊ ခုတင်၊ ညောင်စောင်း၊ ဒရင်းဘက် (Dream Bed)
(၉) အာဝသထ = ဇရပ်၊ တန်ဆောင်း၊ သိမ်၊ ကျောင်း၊ အဆောက်အဦးဒါန။
(၁၀) ပဒီပေယျ = ဆီမီး၊ မီးသီး၊ မီးချောင်း၊ မီးစက်၊ မီးအားမြှင့်စက်။

**အဘိဓမ္မာဒေသနာတော်အားဖြင့်ဒါန(၆)မျိုး**

(၁) ရူပဒါန = အဆင်းကိုလှူခြင်း

(၂) သဒ္ဒဒါန = အသံပစ္စည်း၊ ရေဒီယို၊ ကက်ဆက်၊ တရားခွေ၊ တီဗွီ

(၃) ဂန္ဓဒါန = အနံ့ကိုလှူခြင်း၊ ရေမွှေး၊ အမွှေးတိုင်၊ နံ့သာရေ

(၄) ရသဒါန = အရသာအလှူ၊ ဆွမ်းခဲဖွယ်ဘောဇဉ် ချိုချဉ် ရသာ အဖျော်ယမကာ

(၅) ဖောဋ္ဌဗ္ဗဒါန = အတွေ့အထိဒါန၊ တွေ့ထိကိုင်တွယ်ရသော ပစ္စည်းဝတ္ထုများ

(၆) ဓမ္မဒါန = တရားအလှူ၊ တရားစာအုပ်၊ တရားတိတ်ခွေ၊ တရားဟောခြင်း

(စရိယာပိဋက၊ အဋ္ဌကထာ-၂၉၉)

ပေးလှူအပ်သော ဒါနအမျိုးမျိုး ရှိသကဲ့သို့ မပေးလှူကောင်းသော လှူများလည်း ရှိပါသည်။ မပေးလှူကောင်းသော အလှူမျိုးကို ပေးလှူမိလျှင် သိုလ်မရဘဲ ငရဲရတတ်ပါသည်။ အပြစ်ရှိပါသည်။

**မပေးလှူအပ်သောဒါန(၅)မျိုး**

(၁) မဇ္ဇဒါန = သေရည်အရက်၊ ဘိန်း စသော ယစ်မျိုးအလှူ

(၂) သမဇ္ဇဒါန = ဇာတ်၊ အငြိမ့်၊ ရုပ်ရှင်၊ တီးဝိုင်း၊ ဆိုင်း၊ ဗွီဒီယို စသည်အလှူ

(၃) ဣတ္ထိဒါန = ကာမမှုအတွက် အလိုဖြည့်ကြစေရန် မိန်းမအလှူ

(၄) ဥသဘဒါန = နွားမတို့အလယ်၌ ထယ်ဝါခဲ့ညားသော နွားလားဥသဖအလှူ

(၅) စိတ္တကမ္မဒါန = ကြည့်ရှုသူများ ကာမဂုဏ်စိတ်တွေ

တဖွား ဖွားဖြစ်လာအောင် ဆန်းကြယ်
လှပစွာ ပြုစုရေးသားထားသော သုခုမ
အနုပညာ ပန်းချီကားအလှူ၊ အပါယ်
လားကြောင်း အလှူများဖြစ်၍ 'အပါ
ယမနိယဒါန'ခေါ် ၏။

(ပရိဝါပါဠိတော်၊ ၂၃၁။ အဋ္ဌကထာ-၁၇၃)

**ဆုတောင်းနည်း-**

အလှူဒါနပြုပြီးတိုင်း ဆုတောင်းရမည်မှာ-

"ယခုရရှိနေသော ဒုက္ခသစ္စာ၊ ခန္ဓာ ဝိပါကဝဋ်မှ ကျွတ်လို၍၊ လွတ်လို၍ လှူဒါန်းပါ၏"ဟု မြွက်ဆို ဆုတောင်းပြီးလှူပါ။

ဆောင်ပုဒ်။ ။ ဤသို့ပြုရ၊ မြတ်ပုညု၊ ဒုက္ခလွတ်ပါစေ။
ခန္ဓာဒုက္ခ၊ ဝိပါက၊ ဝဋ်မှလွတ်ပါစေ။
ဤသို့ပြုရ၊ မြတ်ပုည၊ အမျှရကြစေ။
လိုအင်ဆန္ဒ၊ ဟူသမျှ၊ ပြည့်ဝကြပါစေ။

* * *

## သဒ္ဒါဆွမ်းကပ်တရား

'သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ' (သုတ်ပါထေယျပါဠိတော်)

ဒေသနာအရ သက်ရှိသတ္တဝါမှန်သမျှတို့သည် အစာအာဟာရကြောင့် အသက်ရှင် ရပ်တည်နေနိုင်ကြ၏။

**ဆွမ်းအလှူအကျိုးတရား(၅)ပါး**

"ဘောဇနံဘိက္ခဝေ ဒဒမာနော ဒါယကော ပဋိဂ္ဂါဟကာနံ ဘိက္ခူနံ ပဉ္စဋ္ဌာနာနိဒေတိ။ ကတမာနိပဉ္စ-အာယုံဒေတိ၊ ဝဏ္ဏံ ဒေတိ၊ သုခံဒေတိ၊ ဗလံဒေတိ၊ ပဋိဘာနံ ဒေတိ။"

(ပဉ္စကနိပါတ်၊ အင်္ဂုတ္တိုရ်)

ဘိက္ခုဝေ=ရဟန်းတို့၊ ဘောဇနံ=ဆွမ်းစသော ဘောဇဉ်ကို၊ ဒဒမာ နော=ပေးလှူသော၊ ဒါယကော=ဒါယကာအလှူရှင်သည်၊ ပဋိဂ္ဂါဟကာနံ ဘိက္ခူနံ=ခံယူဘုဉ်းပေးကုန်သော ရဟန်းသံဃာတော်တို့အား၊ ပဉ္စဌာနာနိ =ငါးပါးသော အကျိုးတရားတို့ကို၊ ဒေတိ=ပေးလှူသည် မည်ပေ၏။ ကတမာနိ ပဉ္စ=အဘယ်ငါးပါးတို့နည်း ဟူမူကား=အာယုံဒေတိ=အသက်ကို ပေးလှူခြင်းမည်၏၊ ဝဏ္ဏံဒေတိ = ရုပ်ရည်အဆင်းကို ပေးလှူခြင်းမည်၏၊ သုခံဒေတိ = ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းကို ပေးလှူသည်မည်၏၊ ဗလံဒေတိ=ခွန်အားဗလကိုလည်း ပေးလှူသည်မည်၏၊ ပဋိဘာနံဒေတိ =ဉာဏ်ပညာကိုလည်း ပေးလှူသည်မည်၏။

(၁) အသက်ရှည်ခြင်း

ဒကာ၊ ဒကာမတို့ လှူဒါန်းဆက်ကပ်သော ဆွမ်းကို ဘုဉ်းပေး သုံးဆောင်ရသောကြောင့် ရဟန်းသံဃာတော်တို့မှာ အသက်ရှင် ရပ်တည် နေနိုင်သလို လှူဒါန်းကြသော ဒကာ၊ ဒကာမတို့သည်လည်း အသက်ရှည် ခြင်း အကျိုးတရား ရရှိနိုင်သည်။

(၂) အဆင်းလှခြင်း

ဒကာ ဒကာမတို့ ဆက်ကပ်သော ဆွမ်းစသော အာဟာရတွေကို ဘုဉ်းပေးသုံးဆောင်ရသဖြင့် ရဟန်းသံဃာတော်များမှာ ရုပ်ရည်အဆင်း တင့်တယ်ခြင်းဖြစ်သလို လှူဒါန်းကြသော ဒကာ၊ ဒကာမတို့မှာလည်း အဆင်းလှခြင်း အကျိုးတရား ရရှိမည်။

(၃) ချမ်းသာခြင်း

အလှူရှင်များက ဆက်ကပ်သောဆွမ်းကို ဘုဉ်းပေးရသဖြင့် သံဃာတော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပရိယတ္တိလုပ်ငန်း ပဋိပတ္တိ လုပ်ငန်းတွေကို ထမ်းဆောင်နိုင်သလို အလှူရှင်တို့မှာလည်း မိမိတို့၏ ကြီးပွားရေး၊ စီးပွားရေးစသော လုပ်ငန်းဆောင်တာတွေကို အလွယ်တကူ ဆောင်ရွက် အောင်မြင်နိုင်သည်။

(၄) ခွန်အားကြီးမားခြင်း

အလှူရှင်များ လှူဒါန်းသော ဆွမ်းကို ဘုဉ်းပေးရသဖြင့် ရဟန်းတော်

များမှာ ခွန်အားဗလနှင့် ပြည့်ဝသွားရသကဲ့သို့ အလှူရှင်များမှာလည်း ကာယဗလ, ဉာဏဗလဆိုတဲ့ ကိုယ်အား၊ ဉာဏ်အားတွေ တိုးပွားစေနိုင်ပါသည်။

**(၅) ဉာဏ်ပညာကြီးခြင်း**

ဒကာ၊ ဒကာမတို့ လှူဒါန်းဆက်ကပ်သော အစာအာဟာရတွေကို ဘုဉ်းပေးရသဖြင့် ရဟန်းတော်များမှာ ဉာဏ်ပဋိဘာန် ထက်သန်ပြီး ပဋိယတ္တိ စာပေတွေကို သင်အံနိုင်သလို ပဋိပတ္တိလုပ်ငန်းတွေကို ကျင့်ကြံအားထုတ် ပြီးမြောက်နိုင်သလို ဒကာ၊ ဒကာမတို့သည်လည်း ပညာဉာဏ်ကြီးမားထက်သန်သူများ ဖြစ်ကြပါလိမ့်မည်။

ရဟန်းတရား ပွားများအားထုတ်ကြရာ၌ 'သပ္ပါယ'မျှတဖို့သည်လည်း အရေးကြီး၏။

**သပ္ပါယ(၄)ပါး**

(၁) ဥတုသပ္ပါယ = မိမိနှင့် သင့်လျော်သော ဥတုဖြစ်ခြင်း
(၂) ဘောဇနသပ္ပါယ = ဆွမ်းဘောဇဉ် အာဟာရများမျှတခြင်း
(၃) အာဝါသသပ္ပါယ = အဆောက်ဦး မျှတစွာသီတင်းသုံးရခြင်း
(၄) ပုဂ္ဂလသပ္ပါယ = ပုဂ္ဂိုလ်အချင်းချင်း သင့်မြတ်ညီညွတ်ခြင်း

'ဘောဇနသပ္ပါယ'မမျှတပါက တရားအားထုတ်ရာ၌ အနှောက်အယှက် ဖြစ်တတ်ပုံကို ဓမ္မပဒ လာ မာတိကမာတာဖြင့် ဟောပြပါမည်။

## မာတိကမာတာဝတ္ထု (အကျဉ်းချုပ်)

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ရွှေကျောင်းမှာ သီတင်းသုံးတော်မူစဉ်ကဖြစ်သည်။ ကောသလမင်းကြီး အုပ်ချုပ်ပိုင်စိုးသော 'မာတိက'ဟူသော ရွာကြီးတစ်ရွာရှိ၏။ ထိုရွာကို အုပ်ချုပ်သော ဒကာမကြီးကိုလည်း 'မာတိက မာတာ'ဟူ၍ ခေါ်ကြသည်။

ရင်းရွာ၏ တောင်ခြေရှိ တောတန်းတွင် ရဟန်းခြောက်ကျိပ်တို့သည် မာတိကရွာကိုပင် ဂေါစရဂါမ်ပြု၍ သီတင်းသုံး နေထိုင်ကြလေသည်။

ထိုရဟန်းများ အဓိကအားထုတ်ကြသော ကမ္မဋ္ဌာန်းမှာ 'ဒွိတ္တိံသာကာရ'ဟု ဆိုအပ်သော (၃၂)ကောဋ္ဌာသကမ္မဋ္ဌာန်းဖြစ်သည့် ကာယာနုပဿနာ သတိပဋ္ဌာန် ဖြစ်သည်။

ဆွမ်းကိစ္စပြီးသည်နှင့် တစ်ပြိုင်နက် ရဟန်းခြောက်ကျိပ်တို့သည် သစ်ပင်ရင်း၊ စမ်းမြောင်၊ ချောက်ကြား၊ တောင်ကြားစသည်တို့၌ အသီးသီး နေရာယူကြပြီး ကမ္မဋ္ဌာန်းအလုပ်ကို စီးဖြန်းအားထုတ်နေကြလေ၏။

ထိုရဟန်းခြောက်ကျိပ်တို့၏ ပစ္စည်းလေးပါး ဒါယကာမှာ မာတိကာ မာတာ ဒါယိကာမကြီးပင် ဖြစ်၏။

တစ်နေ့သ၌ တစ်ပါးစီ နေရာခွဲ၍ နေထိုင်ကြသော ရဟန်းတော် များကို မာတိက ဒကာမကြီးက မြင်လေသော် အချင်းချင်း တစ်ပါးနှင့် တစ်ပါး မသင့်မမြတ် ဖြစ်နေကြသည်ဟုထင်သွားလေ၏။ ထိုအကြောင်းကို ရဟန်းတော်များအား လျှောက်ထား မေးမြန်းသောအခါ ရဟန်းတော် များက–

"ရဟန်းတရားကို တစ်ပါးလျှင် တစ်နေရာစီခွဲပြီး အားထုတ် နေကြတာပါ ဒကာမကြီး"ဟု အမိန့်ရှိကြလေသည်။

ထိုအခါ မာတိကဒကာမကြီးက–

"အရှင်ဘုရားတို့ ပွားများအားထုတ်နေသော ကမ္မဋ္ဌာန်းတရားကို တပည့်တော်မတို့လို လူဝတ်ကြောင်များကော အားထုတ်လို့ မရဘူးလား ဘုရား" ဟု မေးမြန်း လျှောက်ထားလိုက်လေ၏။

"ဟာ–ဒကာမကြီး အားထုတ်လို့ရပါတယ်။ တရားမမှု အားထုတ် မှု ကိစ္စမှာ ယောကျ်ားရယ်၊ မိန်းမရယ်လို့ မခွဲပါဘူး။ အားထုတ်ကောင်း ပါတယ်"

ရဟန်းတော်များက သူတို့၏ ဆွမ်းဒကာမကြီး မာတိကမာတာ မယ်တော်ကြီးကို သူတို့အားထုတ်သော ဒွိတ္တိံသာကာရ ကမ္မဋ္ဌာန်းကိုပင် ဟောပြောပေးကြသည်။

တရားအားထုတ်နည်းကို ရရှိသွားသော မယ်တော်ကြီးသည် မပြတ်မလပ် သတိကပ်၍ ကြိုးစားအားထုတ်လေရာ မကြာမြင့်မီမှာပင်

အဘိညာဉ်သမာပတ်နှင့်တကွ အနာဂါမ်တည်သွားလေ၏။ ရဟန်းခြောက်ကျိပ် တို့ကား တရားထူးမရရှိကြသေး။ နောက်မှ တရားအားထုတ်သော မယ်တော်ကြီးက အလျင် တရားထူး ရရှိသွား၏။

ထိုအကြောင်းကို အနာဂါမ်ဖြစ်သွားသော မယ်တော်ကြီးက အဘိညာဉ်သမာပတ်ဖြင့် ဆင်ခြင် စဉ်းစားကြည့်သောအခါ 'ဘောဇနသပ္ပါယ' မမျှတကြောင်း၊ ချို့တဲ့နေကြောင်း သိမြင်သွားလေ၏။

'ဩော်-ငါ၏သားတော် ရဟန်းတော်များဟာ အချို့, အချဉ် စသော အရသာခြောက်ပါးတွင် အလိုရှိသော အရသာ အာဟာရကို မမှိဝဲ, မသုံးဆောင်ရသောကြောင့် ဥးစေတရားဓမ္မကိစ္စတွင် နှောင့်နှေးနေကြောင်း သိရှိလေ၏။

ထိုအချိန်မှစ၍ မယ်တော်ကြီးသည် ရဟန်းခြောက်ကျိပ်တို့၏ စိတ်အကြံအသီးသီးကို သိရှိစေရန် မကြာခဏ အဘိညာဉ်သမာပတ် ဝင်စား၍ ကြည့်လေတော့၏။ ရဟန်းတော်များ အလိုရှိသော အာဟာရများကိုသာ လှူဒါန်း၏။

ရဟန်းခြောက်ကျိပ်တို့သည် အလိုရှိတဲ့အတိုင်း မှိဝဲဘုဉ်းပေးရသဖြင့် ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် တရားအားထုတ်နိုင်ကြလေရာ မကြာမီမှာပင် ရဟန္တာများ ဖြစ်သွားကြလေသတည်း။

(ဓမ္မပဒဋ္ဌကထာ၊ စိတ္တဝဂ်၊ မာတိကမာတာဝတ္ထု)

'သုခိနော စိတ္တံ သမာဓိယတိ'

သုခိနော=ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာ အားထုတ်ရသော ပုဂ္ဂိုလ်၏၊ စိတ္တံ=စိတ်သည်၊ သမာဓိယတိ=သမာဓိရလွယ်၏။

**ဝိပဿနာတင်၍လှူပုံ**

* လှူတာ နာမ်, ရုပ်၊ ငါမဟုတ်၊ သရုပ်ပေါ်အောင်ကြည့်။
* မမြဲ, ဆင်းရဲ၊ ငါမစွဲ၊ ဉာဏ်ထဲမြင်အောင်ကြည့်။
* ဝိပဿနာ၊ ဉာဏ်သွင်းကာ၊ လှူပါကျိုးများ၏။

* * *

# အခန်း(၂)

## နာရေးတရား

**နိဒါန်းစကား**

ဘာသာရေးနှင့် ဆက်နွှယ်နေသော လူမှုရေးနယ်ပယ်တွင် 'သာရေးကိစ္စ'နှင့် 'နာရေးကိစ္စ'ဟူ၍ ရှိပါသည်။ ရဟန်းခံ, ရှင်ပြုအလှူ၊ ကထိန်အလှူ၊ ဝါဆိုသင်္ကန်းကပ်၊ သဒ္ဒါဆွမ်းကျွေး၊ မင်္ဂလာဆွမ်းကျွေး၊ ဘုရားအနေကဇာတင်၊ အိမ်တက်ပရိတ်ရွတ် စသော ကိစ္စများကို 'သာရေးကိစ္စ'ဟု သတ်မှတ်ထားကြပြီး သေသူကို ရည်မှန်း၍ လှူဒါန်းသော ရက်လည်ဆွမ်းကပ်၊ လလည်ဆွမ်းကပ်၊ နှစ်လည်ဆွမ်းကပ် စသော ကိစ္စများကို 'နာရေးကိစ္စ'ဟူ၍ သတ်မှတ်ထားကြပါသည်။ ပါဠိလို 'မတကဘတ္တဒါန' ဖြစ်သည်။

တစ်နည်းအားဖြင့် နာရေးကို'ဒုမင်္ဂလကိစ္စ'၊ သာရေးကို 'သုမင်္ဂလကိစ္စ' ဟူ၍လည်း ခေါ်ကြပါသေးသည်။

ယနေ့ကိစ္စသည် နာရေးဖြစ်သည်။ ဒုမင်္ဂလကိစ္စ ဖြစ်နေသည်။

ရဟန်းသံဃာတော်တို့သည် ပစ္စည်းလေးပါး လှူဒါန်းနေကြသော ဒကာ, ဒကာမများကို တရားဓမ္မ ဟောပြောပြသပေးရမည့် ဝတ္တရား ရှိပါသည်။

ဗုဒ္ဓဝံသပါဠိတွင် – "ဂိဟီန မုပကာရာနံ၊ နိစ္စ[illegible]
ကရောထ ဓမ္မဒါနေန၊ တေသံပစ္စုပကာရတံ။"ဟူ၍
လာရှိပါသည်။

အဓိပ္ပာယ်မှာ–အမြဲထာဝရ ပစ္စည်းလေးပါး အာမိသဒါနကို လှူဒါန်းနေသဖြင့် ကျေးဇူးများလှကုန်သော ဒကာ၊ ဒကာမတို့အား ပြန်လည်ကျေးဇူးဆပ်သောအားဖြင့် တရားဟောခြင်းတည်းဟူသော ဓမ္မဒါန ကို ပြန်လည်ကျေးဇူးဆပ်သောအားဖြင့် တရားဟောခြင်းတည်းဟူသော ဓမ္မဒါနကို ပြုရမည်မှာ ရဟန်းသံဃာတို့၏ တာဝန်ဖြစ်ပေသည်။

**ဒါယကာကျင့်ဝတ်(၅)ပါး**

(၁) ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာ ထားရှိရမည်၊
(၂) သံဃကိစ္စများကို ရိုသေလေးစားစွာ ပြုလုပ်နိုင်ရမည်
(၃) အပြောအဆို ယဉ်ကျေးချိုသာရမည်၊
(၄) ပစ္စည်းလေးပါး ဒါယကာခံထားရမည်၊
(၅) မိမိတတ်စွမ်းသလောက် လှူဒါန်းရမည်။
* မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ခင်၊ ခင်မင်နှုတ်ချို၊ လိုလျှင် ဖိတ်ထား၊ တတ်အားလှူစေ၊ ဝတ်ငါးထွေ၊ ပြုလေဒါယကာ။

**ရဟန်းကျင့်ဝတ်(၆)ပါး**

(၁) မကောင်းမြင်လျှင် တားမြစ်ရမည်၊
(၂) ကောင်းသောကိစ္စများကို ညွှန်ကြားပေးရမည်၊
(၃) မနာဖူးသေးသောတရားကို ဟောကြားပေးရမည်၊
(၄) နာဖူးပြီးသော တရားကိုလည်း မှတ်မိအောင် ထပ်မံဟောကြား ပေးရမည်၊
(၅) နတ်ပြည်သုဂတိသို့ ရောက်အောင် ညွှန်ကြားလမ်းပြပေးရမည်၊
(၆) မေတ္တာပွားများရမည်၊
* မကောင်းမြစ်တား၊ ကောင်းရာညွှန်လစ်၊ အသစ်ဟောကျူး၊ နာဘူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခုလွန်သေချာ။

ဤတွင် ဒကာကျင့်ဝတ်၊ ဆရာကျင့်ဝတ်ဟူ၍ ဝတ္တရားကိုယ်စီ ရှိကြပါသည်။ ဒကာဝတ္တရားက ငါးပါးရှိသည်။ ရဟန်းသံဃာ ဝတ္တရားက ခြောက်ပါးတောင်ရှိသည်။ ဆရာဝတ္တရားအရ မကောင်းတာ, မသင့်တာ မြင်လျှင် ဆုံးမပေးမည်။ ကောင်းတာကို ညွှန်ကြားပေးမည်။ မနာဖူးသော တရားကို ဟောပေးမည်။ နာဖူးပြီးသား တရားကိုလည်း မှတ်မိစေရန် ထပ်မံဟောကြားပေးမည်သာ ဖြစ်တော်မူကြပါသည်။

သုမင်္ဂလခေါ် သာရေးကိစ္စများတွင် အလှူရှင်များ မိမိအလှူကို ဝမ်းမြောက်ဝမ်းသာ ဖြစ်စေရန် အနုမောဒနာတရား ဟောကြားပေးတော်မူကြသည်။

ဒုမင်္ဂလခေါ် နာရေးကိစ္စတွင်ကား သံဝေဂဖြစ်အောင် ဟောကြားပေးကြရပါသည်။ အိုခြင်းတရား၊ နာခြင်းတရား၊ သေခြင်းတရားများနှင့် မမြဲသောသဘော၊ ဆင်းရဲခြင်းသဘော၊ အလိုမလိုက် အကြိုက်မပါသော သဘောတရားများကို ဟောကြားပေးကြရပါသည်။

ပြီးတော့ အထူးမှတ်သားဖို့က တရားဟောခြင်းသည် မိသားစုနှင့် တကွ ကြွလာကြတဲ့ တရားနာပရိသတ်အတွက် ဟောကြားပေးခြင်း ဖြစ်သည်။

သေသွားသူအတွက်ကား သာဓုအနုမောဒနာ ခေါ်နိုင်ရန် ရေစက်ချ အမျှပေးဝေကြရန်သာ ဖြစ်ပါသည်။

သို့ဖြစ်၍ တရားနာပရိသတ်တို့သည် ဤသေဆုံးသွားသူကဲ့သို့ "ငါတို့လည်း တစ်နေ့နေ့၊ တစ်ချိန်ချိန်၊ တစ်နေရာရာမှာတော့ဖြင့် ကျိန်းသေမုချ သေကြရဦးမှာပဲ"ဆိုတာကို စွဲမြဲစွာ မှတ်သားပြီး သံဝေဂ ပွားကြရန် ဖြစ်၏။ 'မရဏာနုဿတိကမ္မဋ္ဌာန်း'ကို စီးဖြန်းကြဖို့သာ ဖြစ်ပါ၏။

ဘုန်းကြီးများကလည်း ကြုံတုန်း ဟောရ, ပြောရတာ။ ကျောင်း လာမှ ဟောရမယ်ဆိုရင် ဒီဒကာ၊ ဒကာမတွေ တရားဟောရတော့မှာ မဟုတ်တော့ဘူး။

## အလှကိုကိုးကွယ်သော ဇနပဒကလျာဏီ

ဗုဒ္ဓဘုရား၏ နှမတော် ဇနပဒကလျာဏီသည် အလွန်ချော၊ အလွန်လှ၏။ သူမကို 'ရူပနန္ဒာ'ဟူလည်းခေါ်၏။ မိန်းမချော, မိန်းမလှ ဖြစ်သော်လည်း ချစ်ကံခေသူဟု ဆိုနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် မောင်တော်နန္ဒမင်းသားနှင့် လက်ထပ်သည့်နေ့မှာပင် နောင်ကြီးဘုရားက မောင်တော့်ကို သပိတ်ထမ်းခိုင်းဖို့ ခေါ်ဆောင်သွားတော်မူကာ ပြန်ပေါ်မလာ တော့။ နောက်တော့ ရဟန်းပြုသွားပြီဆိုတဲ့သတင်း ကြားရတော့တာပဲ။

မိထွေးတော်ဂေါတမီ စတဲ့ အမျိုးသမီးပိုင်းကလည်း ဘိက္ခုနီ ဝတ်သွား လိုက်ကြသည်မှာ နန်းတော်ထဲတွင် ခြောက်ကပ်ကပ်ကြီးဖြစ်နေ သည်။ သူလည်း သည်အတိုင်းနေလို့ မဖြစ်တော့၍ ဘိက္ခုနီမ ဝတ်လိုက်ရ တော့သည်။ သဒ္ဓါတရားပါလို့တော့ မဟုတ်။

ဗုဒ္ဓဘုရားသည် ရုပ်တရားတို့၏ ဖောက်ပြန်ပုံ၊ မမြဲပုံ၊ ခန္ဓာ၏ အပြစ်အနာအဆာတွေကိုသာ ဟောလေ့ရှိကြောင်း သူမ သိထားပြီး ဖြစ်ပါ၏။ သို့ဖြစ်၍ သူမသည် နောင်ကြီးဘုရား၏ တရားပွဲများကို ရှောင်နိုင်သမျှ ရှောင်ခဲ့သည်။ ဒီနေ့တော့ သူမ တရားနာ ဖြစ်သွားသည်။

ဗုဒ္ဓဘုရားသည် တရားနာပရိသတ်ထဲတွင် နှမတော် ဇနပဒ ကလျာဏီ ရောက်ရှိနေကြောင်း သိတော်မူ၍ "ဆူးကို ဆူးဖြင့်ထွင်ဘိသကဲ့သို့ ရုပ်အဆင်း၌ တွယ်တာသူကို ရုပ်အဆင်းဖြင့်ပြမည်"ဟူ၍ ဆင်ခြင်တော် မူလိုက်၏။

ဗုဒ္ဓဘုရားသည် ဇနပဒကလျာဏီ မြင်သာအောင် အလွန်ချောမော လှပသော (၁၆)နှစ်အရွယ် အမျိုးသမီးငယ်ကို ဖန်ဆင်းတော်မူလိုက်၏။ ထိုအမျိုးသမီးသည် ဗုဒ္ဓဘုရား အနီးအပါးမှာ ရှိနေပြီး ယပ်လေခတ်ပေး နေ၏။ ထိုအမျိုးသမီးငယ်ကို ရူပနန္ဒာ (ဇနပဒကလျာဏီ)သာ မြင်စေ၏။ အခြားသူတွေ မမြင်ရ။

ရူပနန္ဒာသည် ဗုဒ္ဓဘုရား၏ ရှေ့အဆင်းတော် အမျိုးသမီးငယ်၏ အလှအပတို့ကို ရှုမြင်ပြီး မိမိသည် ရွှေဟင်္သာအလယ်မှာ ရောက်နေသော ကျီးမကဲ့သို့ အထင်ရောက်ကာ သိမ်ငယ်နေလေ၏။ ရူပနန္ဒာသည်

အမျိုးသမီး ငယ်ကို သေသေချာချာကြည့်၏။ သူမ၏အလှအပများကို ယစ်မူးနေမိလေ၏။

ထိုစဉ်မှာပင် ဗုဒ္ဓဘုရားရှင်၏ ဖန်ဆင်းတော်မူချက်အတိုင်း ယပ်လေခပ်ပေးနေသော အမျိုးသမီးငယ်သည် တဖြည်းဖြည်း အသက်ကြီးရင့်လာသည်။ အိုမင်းရင့်ရော်လာသည်။ ဆံဖြူသွားကြွေ ပါးရေနားရေ တွေတွန့်ပြီး နံရိုးပြိုင်းပြိုင်း ခါးကိုင်းကိုင်း အဘွားကြီး ဖြစ်လာသည်။ နောက်ဆုံး၌ တောင်ဝှေးနှင့် ယပ်တောင်ကို စွန့်ပစ်ကာ အော်မြည်တမ်းပြီး ကျင်ကြီး ကျင်ငယ်အိုင်ထဲတွင် လဲကျသွားလေတော့၏။

ဤပုံကိုမြင်ရတော့မှ ရုပ်အဆင်းကို အလွန်အမင်း တွယ်တာ တပ်မက်သော ရူပနန္ဒာသည် သံဝေဂရသွားလေ၏။ တပ်မက်မှု ကင်းကွာ သွားလေ၏။

ထိုမျှမကသေး။ ဗုဒ္ဓဘုရားက လဲကျနေသော အဘွားအိုကြီးသည် ပုပ်ပွန်စော်ပြီး ပိုးလောက်တွေ တဖွားဖွားဖြစ်နေပုံကို ပြသတော်မူ၏။ ကျီး၊ ခွေးတွေ လာရောက်ဆွဲငင် စားသောက်ကြသည်အထိ ပြတော်မူလိုက်၏။ ဤအခါကျတော့မှ ရူပနန္ဒာ မာန်ကျပြီး တရားထူးရတော့မည်ကို သိရှိတော်မူ၍ ဗုဒ္ဓဘုရားသည် အောက်ပါဒေသနာ တရားကို ဟောကြားပေးတော်မူပါသတည်း။

အာတုရံ အသုစိံ ပုတိံ၊ ပဿနန္ဒေ သမုဿယံ။

ဥဂ္ဃရန္တံ ပဃရန္တံ၊ ဗာလာနံ အဘိပတ္ထိတံ။

(ဓမ္မပဒဋ္ဌကထာ၊ ဒုတိယ၊ ဇနပဒကလျာဏီရူပနန္ဒာဝတ္ထု)

နန္ဒေ=နှမတော်ရူပနန္ဒာ...၊ အာတုရံ=အမြဲအစဉ် နာကျင်လေ့ရှိသော၊ အသုစိံ=စက်ဆုပ်ရွံဖွယ် မစင်ကြယ်သော၊ ပုတိံ=အပုပ်အတိ ဖြစ်ပေသော၊ ဥဂ္ဃရန္တံ=အထက်ဒွါရတို့မှ ဖိတ်ဝေလျှံတက် အံထွက်လျက်ရှိသော၊ ပဃရန္တံ=အောက်ဒွါရတို့မှ ယိုစီးကျဆင်းလျက်ရှိသော၊ ဗာလာနံ =ပညာမျက်စိ မရှိစုံကန်း၊ လူမိုက်လူသရမ်းတို့သည်၊ အဘိပတ္ထိတံ = တောင့်တမပြတ် ကြောင့်ကြအပ်သော၊ သမုဿယံ=ရွံဖွယ်အပေါင်း စုဆောင်းသိုလှောင် ဤခန္ဓာကိုယ်ကောင်ကြီးကို၊ ပဿ = ဉာဏ်မျက်စိဖြင့်

ထင်အောင်, မြင်အောင် ရှုကြည့်လိုက်စမ်းပါတော့လော။

အဋ္ဌိနံ နဂရံ ကတံ၊ မံသ လောဟိတ လေပနံ။

ယတ္ထ ဇရာစ မစ္စုစ၊ မာနော မက္ခောစ သြဟိတော့။

(ဓမ္မပဒ၊ ဂါထာ-၁၅၀)

အဋ္ဌိနံ=သုံးရာသော အရိုးစုတို့ကို၊ မံသလောဟိတလေပနံ= အသားတစ်ကိုးရာတို့နှင့်တကွ သွေးသံရဲရဲတို့ဖြင့် လိမ်းကျံအပ်သော၊ နဂရံ=ခန္ဓာကိုယ်တည်းဟူသောမြို့ကို၊ ကတံ=ဆောက်လုပ်ထားအပ်ပြီ။

ယတ္ထ=အကြင်ခန္ဓာကိုယ်၌၊ ဇရာစ=တစ်နေ့တခြား ပျက်ပြား ယိုယွင်း အိုမင်းရခြင်းဆိုတဲ့ 'ဇရာ'တရားသည်လည်းကောင်း၊ မစ္စုစ= စုတိပြတ်ကြွေ သေဆုံးရခြင်းသည်လည်းကောင်း၊ မာနောစ=ထောင်လွှား မောက်မာသည့် မာနတရားသည်လည်းကောင်း၊ မက္ခောစ=သူ့ကျေးဇူးကို ချေဖျက်တတ်သော မက္ခတရားသည်လည်းကောင်း၊ သြဟိတော=သက်ဝင် ကာ အရှည်ပေါင်းပြီးတော့ ခိုအောင်းလျက်သာ ရှိနေပါတော့သတည်း။

(ဓမ္မပဒ၊ ဇရာဝဂ်၊ ရူပနန္ဒာထေရီ)

* * *

## ဆွမ်းသွတ်တရား

တွယ်တာမှုနှင့် စွဲလမ်းမှုသည် လူကိုဒုက္ခပေး၏။ တွယ်တာမှုသည် 'တဏှာ'ဖြစ်ပြီး စွဲလမ်းမှုသည် 'ဥပါဒါန်' ဖြစ်သည်။ တဏှာနှင့် ဥပါဒါန်တို့သည် ဆက်သွယ်လျက်ရှိ၏။ တွယ်တာမှု ပြင်းထန်လွန်ကဲလျှင် စွဲလမ်းသွားလေတော့သည်။ တဏှာနှင့် ဥပါဒါန်တို့သည် 'ဝဋ်'အားဖြင့် ပြောလျှင် 'ကိလေသဝဋ်' များဖြစ်၏။ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်ကို လုပ်သည်။ ထိုကိလေသဝဋ်, ကမ္မဝဋ် အကြောင်းတရားတို့ကြောင့် အကျိုး'ဝိပါကဝဋ်'ကို ရရှိသည်။ ဝိပါကဝဋ်သည် 'ဒုက္ခသစ္စာ'ဖြစ်၏။ ပဋိစ္စသမုပ္ပါဒ်ဒေသနာတွင် ဤသို့ပြ၏။

## အာနန္ဒာသူဌေးဝတ္ထု

ဘုရားရှင်လက်ထက်တော်က သာဝတ္ထိပြည်မှာ ကုဋေရှစ်ဆယ် ကြွယ်ဝချမ်းသာသော 'အာနန္ဒာသူဌေးကြီး' ရှိခဲ့သည်။ သူဌေးကပ်စေးနှဲ ဖြစ်သည်။ အလှူအတန်း ဝါသနာမပါ။ မလှူရုံမျှမက မိမိကိုယ်တိုင်လည်း မသုံးရက်၊ မစွဲရက်အောင် နှမြောတွန့်တိုသည်။

သူ့မှာ မူလသိရိ အမည်ရှိသော သားတစ်ယောက် ရှိသည်။ ထိုတစ်ဦးတည်းသောသားကို ဆုံးမဩဝါဒ ပေးလေ့ရှိသည်မှာ– "ငါ့သား မှတ်ထား။ ပစ္စည်းဥစ္စာ ဘယ်လောက်ပင် ချမ်းသာ, ချမ်းသာ။ များလှပြီ, ချမ်းသာပြီလို့ ဘယ်တော့မှ မအောက်မေ့နဲ့ ကြားလား။ "တစ်ပြား၊ နှစ်ပြား၊ အသုံးများ၊ လုံးပါးပါးတတ်သည်။ အလှူအတန်း၊ စွန့်ပေးကမ်း၊ ကုန်ခန်းတတ် ပေသည်။ တိုးပွားအောင်သာ၊ ကြိုးစားပါ၊ သေချာ မှတ်သင့်သည်"

ဤသည်တို့ကား အာနန္ဒာသူဌေးကြီး၏ သူ့သားကို ဆုံးမလေ့ ရှိသော လက်သုံးစကား (သီအိုရီ)များဖြစ်သည်။ 'ရလေလိုလေ၊ အိုတဏှာ၊ ကျိန်းသေဖြစ် တတ်သည်'ဆိုသော သီအိုရီ(Theory)ကိုတော့ သူမေ့ထား ၏။ ထိုဝေါဟာရ သူ့ဘဝအဘိဓာန်မှာ မရှိ။

ဤသို့ဖြင့် နေထိုင်လာရင်း သူဌေးကြီးသည် ရုတ်တရက် သေဆုံးသွား ၏။ သားဖြစ်သူ မူလသိရိကိုပင် အသိမပေးဘဲ မြှုပ်နှံ သိမ်းဆည်းထားသော ရွှေအိုးကြီး (၅)လုံးကို သေခါနီးကာလ၌ သားအား မမှာကြားနိုင်ခဲ့ပေ။ ထိုဥစ္စာများကို စွဲလမ်းပြီး သေဆုံးသွားသဖြင့် သာဝတ္ထိမြို့ အနီးရှိ ဒွန်းစဏ္ဍားရွာမှာ လူပြန်ဖြစ်သည်။

လူပင်ပြန်ဖြစ်ရသော်လည်း လူနှင့်မတူပါ။ မျက်စိကျယ်ကျယ် နားရွက်ကားကား၊ ပါးစပ်ပြဲပြဲ၊ အမွေးအမှျင်ထူထူဖြင့် ဘီလူးနှင့်တူနေသည်။ ပို၍ဆိုးသည်မှာ မျက်လုံး၊ နားရွက်၊ ပါးစပ်၊ အနေအထားတို့မှာ ရှိသင့် သည်ထက်အရွယ်အစား ကြီးမားရုံမျှမက နေရာမှန်တွင် မရှိခြင်းပင် ဖြစ်လေ၏။ တကယ့်လူ့ဘီလူးလေး၊ မြေဘုတ်ဘီလူးလေး။

ထိုဒွန်းစဏ္ဍားရွာ၌ သူ့ကို ဖွားမြင်သည့်နေ့မှစ၍ တောင်းရမ်း၍

မရတော့။ စားဝတ်နေရေး ကျပ်တည်းကုန်ကြ၏။ ထိုအခါ 'ငါတို့ရွာ၌ သူယုတ်မာရှိနေပြီ' ဆိုသည်ကို သိသွားကြသော ဒွန်းစဏ္ဍားတို့သည် တရားစံပေါ်အောင် စစ်ထုတ်ကြ၏။ နောက်ဆုံး၌ သူတို့သားအမိကို အဖြေရရှိ၏။ ရွာမှ နှင်ထုတ်ခံရတော့၏။

မိဘတို့မည်သည် 'တောင်းဆိုးပလုံးဆိုးကိုသာ စွန့်ပစ်ရိုး ထုံးစံ ရှိသည်။ သားသမီး ဘယ်လောက်ဆိုးဆိုး၊ ဘယ်လိုသားသမီးလေးဖွားဖွား စွန့်ပစ်မသွားနိုင်ကြပေ။ "ဤသို့ဖြင့် သားငယ်ကိုချိုပြီး တောင်းရမ်းလျှင် ဘာမျှမရပေ။ သားငယ်ကို အိမ်မှာထားခဲ့ပြီး တောင်းလျှင် စားဖွယ် သောက်ဖွယ်နှင့် ပစ္စည်းများ ရရှိ၏။ သူတို့ပြောသလို ဟုတ်ပါပြီ။ ငါ့သားကိုကလဲ ဆိုးလိုက်တဲ့ကာ။ 'ကဲ နင့်ထိုက်နဲ့နင့်ကံ'ဆိုပြီး တောင်းရမ်း စားသောက်နိုင်သောအရွယ် ရောက်သောအခါ သားငယ်ကို ခွက်တစ်လုံး ပေးပြီး စွန့်ပစ်ထားခဲ့လေသည်။ 'သြော်–ကိုယ်မချိုလျှင် အမိသော်လည်း သားတော်ခဲ" ဆိုစကားကလည်း ရှိနေပြန်သည် မဟုတ်လော။

* * *

ဤသို့ဖြင့် 'မောင်ယက္ခ'သည် သာဝတ္ထိမြို့ အနှံ့အပြားသို့ လှည့်လည် သွားရောက်ပြီး တောင်းရမ်း စားသောက်နေလေ၏။ တစ်နေ့၌ ရေးဘဝက မိမိနေအိမ်သို့ ရောက်သွား၏။ ဟိုဘဝက အစွဲအလမ်းကြောင့် မောင်ယက္ခ ကောင်းစွာမှတ်မိ၏။ 'ဒါ ငါ့အိမ်ပဲ'

မောင်ယက္ခ အိမ်ထဲသို့ဝင်လိုက်သည်။ မူလသီရိ၏ သားသမီး များက သူ့ကိုမြင်လျှင် ကြောက်လန့်ပြီး ငိုကြွေး အော်ဟစ်ကြကုန်၏။ ကလေးများ ငိုသံကြားသဖြင့် သူဌေး၏ လူယုံတော်များ ထွက်လာပြီး မောင်ယက္ခကို ရိုက်နှက်ကြသည်။ တိုက်ထဲမှ ဆွဲထုတ်ကြသည်။ ခြံဝင်း အပြင်ဘက်ရောက်အောင် ဆွဲသွားပြီး အမှိုက်ပုံထဲတွင် ပစ်ချထားလိုက်၏။

ထိုအချိန်မှာပင် ဗုဒ္ဓဘုရားရှင်နှင့်တကွ အရှင်အာနန္ဒာမထေရ်မြတ် တို့သည် ဤတိုက်အိမ်ရှေ့သို့ ဆွမ်းခံကြွရောက်လာ၏။ အရာခပ်သိမ်းကို သိမြင်တော်မူသော ဗုဒ္ဓဘုရားသည် အရှင်အာနန္ဒာအား မူလသီရိသူဌေးကို ခေါ်နိုင်းလိုက်၏။

ဗုဒ္ဓဘုရားထံပါးသို့ မူလသီရိ ရောက်လာသောအခါ "ဤသူငယ်ကား၊ သင်၏ဖခင် သူဌေးကြီးဖြစ်သည်"ဟူ၍ မိန့်ကြားတော်မူလိုက်၏။

မူလသီရိက မယုံပေ။ 'မဖြစ်နိုင်'ဟု ယူဆထားသည်။ ရက်လည်းရှက်နေ၏။

ဗုဒ္ဓဘုရားသည် မယုံမကြည်ဖြစ်နေသော မူလသီရိကို လက်တွေ့ပြသ တော်မူလေသည်။ မူလသီရိကို မပြောဘဲ သူဌေးကြီး မြှုပ်နှံထားခဲ့သော ရွှေအိုးကြီးငါးလုံးကို မောင်ယက္ခအား အဖော်ခိုင်းလိုက်သည်။ သည်အခါကျမှ မူလသီရိ ယုံကြည်သွားပြီး ဗုဒ္ဓဘုရားအား အမြဲဆည်းကပ်ကိုးကွယ်လေတော့သတည်း။

ဗုဒ္ဓဘုရား ဟောကြားတော်မူသော ဒေသနာတော်–

ပုတ္တာမတ္ထိ ဓနမတ္ထိ၊ ဣတိ ဗာလော ဝိဟညတိ။

အတ္တာဟိ အတ္တနော နတ္ထိ၊ ကုတော ပုတ္တာ ကုတောဓနံ။

(ဓမ္မပဒ၊ ဂါထာ–၆၂)

မေ=ငါ့အား၊ ပုတ္တာ=သားသမီးတို့သည်၊ အတ္ထိ=ရှိ၏၊ ဓနံ=ပစ္စည်းဥစ္စာသည်၊ အတ္ထိ=ရှိပါ၏၊ ဣတိ=ဤသို့၊ ဗာလော= အသိဉာဏ်နည်းမိုက်မဲသောပုဂ္ဂိုလ်သည်။ (တဏှာယ = သားသမီး, ဥစ္စာတပ်ငြိကာဖြင့်) ဝိဟညတိ=ပင်ပမ်းဆင်းရဲ၏ (ဇဝ်ပိ = ဤသို့ပင် ဆင်းရဲပါသော်လည်း၊ အတ္တနော=မိမိ၏၊ (တာဏာယ = ကိုးကွယ်စောင့်ရှောက် ရန် အလို့ငှာ)၊ ပုတ္တာ=သားသမီးတို့သည်၊ ကုတောအတ္ထိ=အဘယ်မှာ ရှိသနည်း၊ ဓနံ=စီးပွားဥစ္စာသည်၊ ကုတောအတ္တိ = အဘယ်မှာရှိသနည်း၊ (ဇဝံ = ဤသို့၊ ဘဂဝါ=ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ် ကြီးသည်၊ အာဟ=ကရုဏာရှေ့ထား၊ မေတ္တာအားဖြင့် ဟောကြားတော်မူလိုက်ပါပေသတည်း။)

(သာဓု၊ သာဓု၊ သာဓု)

ဤသို့ သားမဟုတ်သည်ကို သားဟုစွဲလမ်း၊ သမီးမဟုတ်သည်ကို 'သမီး'ဟုစွဲလမ်း။ မခိုင်မြဲသော တကယ့်အရေးကျတော့ မိမိကိုယ်ကို မကယ်နိုင်သော စီးပွားဥစ္စာတို့သည် ဘာမျှမတတ်နိုင်ပေ။ ကိုယ့်နောက်သို့

လည်း မပါချေ။

မိမိကသာလျှင် အစွဲအလမ်းကြီး စွဲလမ်းပြီး သေသွားသောကြောင့် အာနန္ဒာသူဌေးကြီးမှာ ကိုယ်ကျိုးနည်းရသည်။ လူဘီလူးလေး ဖြစ်သွားရသည်။ ယုတ်ညံ့သော ဒွန်းစဏ္ဍားမျိုးမှာ သွားဖြစ်ရသည်။

ဤကဲ့သို့ အာနန္ဒာသူဌေးလို မဖြစ်ရလေအောင် မသေခင်က မမြဲသော သေလျှင် ကိုယ့်နောက်မပါသော စီးပွားဥစ္စာဖြင့် 'ဒါနကောင်းမှု အနှစ်သာရ'ကို ထုတ်ယူပါ။ မမြဲသောအသက်ထဲမှ သီလကို ထုတ်ယူပါ။ မအိုချင်သော်လည်း အိုနေရ၊ မနာချင်သော်လည်း နာနေရ၊ မသေချင်သော်လည်း သေနေရသောကြောင့် 'အတ္တ'မဟုတ်၊ မခိုင်မြဲသော 'အနတ္တ' စင်စစ်ဧကန် ဖြစ်ပေ၏။ ဤအနတ္တဖြစ်သော ခန္ဓာကိုယ်ကို ရင်းနှီးပြီး သမထဘာဝနာ, ဝိပဿနာဘာဝနာ အနှစ်သာရများကို ထုတ်ယူနိုင်ကြပါစေ။

မအို, မသေ အမြဲနေရာဖြစ်သော နိဗ္ဗာန်သို့ မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ဖြင့် လျှင်မြန်စွာ မျက်မှောက်ပြုလွယ်နိုင်ကြပါစေ ကုန်သတည်း။

* * *

## သရဏဂုံတရား

'သရဏဂုံ'ဟူသည် 'သရဏဂမန'ပုဒ်မှလာသည်။

သရဏ = ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါး

ဂမန = ဆည်းကပ်ကိုးကွယ်ခြင်း

သရဏဂမန (သရဏဂုံ) = ဘုရား၊ တရား၊ သံဃာ ရတနာ (၃)ပါးကို ကိုးကွယ်ဆည်းကပ်ခြင်း။

**အဘယ့်ကြောင့် 'သရဏ'မည်သနည်း**

'ဟိံသတိ ဝိနာသေတီတိ သရဏံ'

ပယ်ဖျောက်တတ်သော အနက်သဘောရှိကြောင့် 'သရဏ' မည်၏။

## ဘာတွေကို ပယ်ဖျောက်တတ်ပါသလဲ

(က) 'ဘယံ ဟိ'သတိ ဝိနာသေတီတိ သရဏံ'
ဘေးဘယာဟူသမျှတွေကို ဝေးကွာအောင် ပယ်ဖျောက်ပေးတတ်၏။

(ခ) 'သန္တာသံ ဟိ'သတိ ဝိနာသေတီတိ သရဏံ'
ပူပန်သောက ဟူသမျှကို ပယ်ဖျောက်ပေးတတ်၏

(ဂ) 'ဒုက္ခံ ဟိ'သတိ ဝိနာသေတီတိ သရဏံ'
ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု ဟူသမျှတွေကို ပယ်ဖျောက်ပေးတတ်၏။

(ဃ) 'ဒုဂ္ဂတိ' ဟိ'သတိ ဝိနာသေတီတိ သရဏံ'
ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဟုဆိုအပ်သော အပါယ် ဒုဂ္ဂတိဘုံသို့ ကျရောက်ခြင်းမှ ပယ်ဖျောက်ပေးတတ်၏။

(င) 'ပရိကိလေသံ ဟိ'သတိ ဝိနာသေတီတိ သရဏံ'
ကိုယ်ညစ်နွမ်းခြင်း၊ နှုတ်ညစ်နွမ်းခြင်း၊ စိတ်ညစ်နွမ်းခြင်း အပေါင်းတို့မှ ပယ်ဖျောက်ပေးတတ်၏။

ဤကား သရဏဂုံအကျိုးတရား (၅)ပါးဖြစ်ပါသည်။

ရတနာသုံးပါး – သရဏဂုံသုံးပါးကို ကြည်ညိုဆည်းကပ်နေသူ၏ ခန္ဓာကိုယ်သည် 'စေတီအိမ်'ကဲ့သို့ ပူဇော်ထိုက်၏။

'စေတီယဃရံဝိယ ပူဇာရဟံ ဟောတိ'

ရတနာသုံးပါးသည် 'စေတီ'။ မိမိနှလုံးသားသည် 'ဃရ'။

## ဤကဲ့သို့ ကိုးကွယ်ဆည်းကပ်ပါ
### ကိုးကွယ်ပုံ(၄)မျိုး

(၁) အတ္တသန္နိယျာတန သရဏဂုံ။
အသက်နှင့်ခန္ဓာကိုယ်ကို ဘုရားအား အပ်နှင်း စွန့်လှူပြီး ကိုးကွယ်ဆည်းကပ်ခြင်း
'အဇ္ဇာဒိံ ကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာဒေမိ'

အဇ္ဇာဒိ ကတွာ = ယနေ့ကို အစပြု၍၊ အဟံ = တပည့်တော်သည်၊ အတ္တာနံ = မိမိကိုယ်ကို၊ ဗုဒ္ဓံ = ဘုရားရှင်အား၊ နိယျာဒေမိ= အပ်နှင်းပါ၏။

'အဇ္ဇာဒိ ကတွာ အဟံ အတ္တာနံ **ဓမ္မံ**နိယျာဒေမိ'

**ဓမ္မံ = တရားတော်မြတ်အား** နိယျာဒေမိ = အပ်နှင်းပါ၏။

(ကျန်တာတူပြီ)

"အဇ္ဇာဒိ ကတွာ အဟံ အတ္တာနံ **သံဃံ** နိယျာဒေမိ'

**'သံဃံ = သံဃာတော်အား**၊ နိယျာဒေမိ = အပ်နှင်းပါ၏။'

တပ္ပရာယဏ သရဏဂုံ

ရတနာသုံးပါးမှတစ်ပါး အခြားကိုးကွယ်စရာတွေကို မရှာကြံခြင်း၊

'အဇ္ဇာဒိ ကတွာ အဟံ ဗုဒ္ဓပရာယဏော ဟောတိ။'

အဇ္ဇာဒိ ကတွာ = ယနေ့ကိုအစပြု၍၊ အဟံ = တပည့်တော်သည်၊ ဗုဒ္ဓပရာယဏော=ဘုရားရှင်သာလျှင် လဲလျောင်းရာရှိသည်။ ဟောတိ=ဖြစ်၏။

'အဇ္ဇာဒိ ကတွာ အဟံ **ဓမ္မပရာယဏော** ဟောတိ'

ဓမ္မပရာယဏော=တရားတော်သည်သာလျှင် လဲလျောင်းရာရှိသည်၊ ဟောတိ=ဖြစ်၏။ (ကျန်တာတူပြီ)

'အဇ္ဇာဒိ ကတွာ အဟံ **သံဃပရာယဏော** ဟောတိ'

သံဃပရာယဏော = သံဃာတော်သည်သာလျှင် လဲလျောင်းရာရှိသည်၊ ဟောတိ=ဖြစ်၏ (ကျန်တာတူ၏)

သိဿ ဘာဝူပဂမန သရဏဂုံ

ရတနာသုံးပါး၏ တပည့်သားအဖြစ်မှ ရှောင်ရှား၍ အခြားသော ဆရာများ၏ တပည့်အဖြစ် မခံယူခြင်း၊

'အဇ္ဇာဒိ ကတွာ အဟံ ဗုဒ္ဓဿ အန္တေ ဝါသိကော ဟောတိ။'

အဇ္ဇာဒိ ကတွာ = ယနေ့ကိုအစပြု၍၊ အဟံ = တပည့်တော်သည်၊ ဗုဒ္ဓဿ=မြတ်စွာဘုရား၏၊ အန္တေဝါသိကော=အတွင်းနေတပည့်ရင်းသည်၊ ဟောတိ=ဖြစ်၏။

'အဇ္ဈတ္တိကတ္ထာ အဟံ ဓမ္မဿ အနေ္တဝါသိကော ဟောတိ'
ဓမ္မဿ = တရားတော်မြတ်၏၊ အနေ္တဝါသိကော = အတွင်းနေ တပည့်ရင်းသည်၊ ဟောတိ=ဖြစ်၏။ (ကျန်တာတူ၏)
'အဇ္ဈတ္တိကတ္ထာ အဟံ သံဃဿ အနေ္တဝါသိကော ဟောတိ။'
သံဃဿ=သံဃာတော်မြတ်၏၊ (ကျန်တာတူပြီ)

(၄) ပဏိပါတသရဏဂုံ
ရတနာသုံးပါးကို အလေးအမြတ် အရိုအသေပြု၍ ကိုးကွယ်ဆည်းကပ်ခြင်း။

(က) အဘိဝါဒနကမ္မ = ရှိခိုးဦးချခြင်း၊
(ခ) အဉ္ဇလိကမ္မ = လက်အုပ်ချီခြင်း
(ဂ) သာမိစိကမ္မ = အရိုအသေပြုခြင်း
(ဃ) ပစ္စုဋ္ဌာန(ပစ္စုဂ္ဂမန) = ခရီးဦးကြိုဆိုခြင်း

'အဇ္ဈတ္တိကတ္ထာ အဟံ အဘိဝါဒန အဉ္ဇလိကမ္မ သာမိစိကမ္မ ပစ္စုဋ္ဌာနကမ္မာဒိနံ ဇေတသံယေဝ တိဏ္ဏံရတနာနံ ကရောမိတိ၊ စတုဟိနယေဟိ သရဏဂမနံ ဝေဒိတဗ္ဗံ။'

အဇ္ဈတ္တိကတ္ထာ = ယနေ့ကိုအစပြု၍၊ အဟံ = တပည့်တော်သည်၊ အဘိဝါဒန အဉ္ဇလိကမ္မ သာမိစိကမ္မ ပစ္စုဋ္ဌာနကမ္မာနိနံ=ရှိခိုးခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်း၊ ခရီးဦးကြိုဆိုခြင်း စသော အမှုတို့ကို၊ ဇေတသံယေဝတိဏ္ဏံ 'ရတနာနံ = ထိုရတနာသုံးပါးတို့၏ အပေါ်၌သာလျှင်၊ ကရောမိ=ပြုပါအံ့, ပြုပါ၏၊ ဣတိ=ဤသို့၊ စတုဟိနယေဟိ=ကိုးကွယ်ဆည်းကပ်ပုံ (၄)နည်းတို့ဖြင့်၊ သရဏဂမနံ=သရဏဂုံကိစ္စကို၊ ဝေဒိတဗ္ဗံ =သိအပ်ပါပေတော့သတည်း။

## စွန့်လွှတ်နိုင်ခဲသော အလိုဆန္ဒ(၂)မျိုး

"ဒွေမာ ဘိက္ခဝေ အာသာဒုပ္ပဇဟာ၊ ကတမာဒွေ--လာဘာသာစ, ဇီဝိတာသာစ ဣမာခေါဒွေ အာသာ ဒုပ္ပဇဟာ။"

(အင်္ဂုတ္တိုရ်-၁၊ စာ-၈၆)

ဘိက္ခဝေ=ရဟန်းတို့၊ ဒွေ=နှစ်ပါးကုန်သော၊ ဣမာအာသာ= ဤအလိုဆန္ဒတို့ကို၊ ဒုပ္ပဇဟာ=စွန့်လွှတ်နိုင်ခဲကုန်၏။ ကတမာဒွေ= အဘယ်(၂)ပါးတို့နည်းဟူမူကား၊ လာဘာသာစ=လာဘ်လာဘကို တွယ်တာ မက်မောခြင်း၊ ဆန္ဒလည်းကောင်း၊ ဇီဝိတာသာစ = အသက်ခန္ဓာကို တွယ်တာခြင်းလည်းကောင်း၊ ဣမာခေါ ဒွေအာသာ = ဤဆန္ဒ(၂)ပါးတို့ကို၊ ဒုပ္ပဇဟာ =စွန့်လွှတ်နိုင်ခဲကုန်၏ (ဝါ) စွန့်လွှတ်ရန် ခက်ခဲလေကုန်တော့ သတည်း။

သရဏဂုံ(၃)ပါး ဆောက်တည်ခြင်း ကိစ္စ၌လည်း ဤ(၂)ပါးသည် အကျုံးဝင်၏။

(၁) အသက်ကိုစွန့်လျှပြီး ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်း၊

(၂) ပစ္စည်းလာဘ်လာဘကို စွန့်လွှတ်ပြီး ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်ခြင်း

အသက်ကိုစွန့်လျှပြီး ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သူ 'သရဏဉပါသကာ'-

'သရဏဉပါသကာ'သည် သူ၏ဦးခေါင်းကို ဖြတ်ယူချင် ယူစေတော့ ဘုရားကို ဘုရားမဟုတ်ဘူး၊ တရားတော်ကို တရားမဟုတ်ဘူး၊ သံဃာတော်ကို သံဃာတော်မဟုတ်ဘူးဟူ၍ မပြောဆိုနိုင်။ သတ်ချင်လျှင် လည်း သတ်စေတော့ ရတနာသုံးပါးကို မစွန့်လွှတ်နိုင်သူဖြစ်သည်။

(သံယုတ်အဋ္ဌကထာ-၁၊ စာ-၂၀၇)

ပစ္စည်းလာဘ်လာဘကို စွန့်လွှတ်ပြီး ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်သူ။

## 'သုပ္ပဗုဒ္ဓကုဋ္ဌိ'ဝတ္ထု

'သုပ္ပဗုဒ္ဓ'သည် (၂)ယောက်ရှိ၏။

(၁) မြတ်စွာဘုရား၏ ဦးရီးတော် ယသောဓရာ၏ ခမည်းတော်က လည်း သုပ္ပဗုဒ္ဓ။

(၂) ယခုဖော်ပြမည့် သုပ္ပဗုဒ္ဓကား နူနာစွဲကပ်နေသော 'သုပ္ပဗုဒ္ဓကုဋ္ဌိ' ဖြစ်၏။

'သုပ္ပဗုဒ္ဓ'သည် လှည့်လည်တောင်းရမ်း စားသောက်နေရသော သူတောင်းစားဖြစ်၏။ 'နူရောဲမွဲ' ဆိုသကဲ့သို့ သူတောင်းစား ဖြစ်ရသည့်အထဲ နူနာရောဂါ စွဲကပ်နေရရှာသည်။ အနာကြီးရောဂါသည် ဖြစ်နေသည်။

သူသည် ဗုဒ္ဓဘုရား၏ တရားတော်ကို ပရိသတ် အစွန်အဖျား တစ်နေရာမှ နာယူနေသည်။ တရားတော်အဆုံးမှာ သောတာပန်တည် သွား၏။ တရားပွဲ ပြီးဆုံးသောအခါ သူ၏တရားထူးရရှိမှုကို ဗုဒ္ဓဘုရားအား လျှောက်ကြားရန် ဝေဠုဝန်ကျောင်းတော်သို့ လိုက်သွား၏။ ထိုအချိန်မှာပင် သူ၏တရားရမှုကို စုံစမ်းလိုသော သိကြားမင်းသည်-

"သုပ္ပဗုဒ္ဓ-သင်ဟာ သူတောင်းစား။ ပြီးတော့ ရောဂါသည် တစ်ယောက်။ ဒီတော့ သင်တောင်းရမ်း မစားရအောင် ရွှေ, ငွေ ရတနာ တွေ မြောက်မြားစွာကို ငါပေးမယ်။ သင့်မှာစွဲကပ်နေတဲ့ အနာကြီးရောဂါကို လည်း ကုသပေးမယ်။ အဲ-တစ်ခုတော့ ငါ့ကိုကူညီပါ။ အဲဒါက ဘာလဲ ဆိုရင်-"ဘုရားသည် ဘုရားမဟုတ်၊ တရားတော်သည် တရားမဟုတ်၊ သံဃာသည် သံဃာမဟုတ်။ ငါ့အား ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်ဆည်းကပ်နေလို့ ဘာအကျိုးမျှ မရှိဘူး"လို့ပြောပါ။ ဘယ့်နှယ့်လဲ ပြောနိုင်မယ်မဟုတ်လား။"

သာမန်ပုဂ္ဂိုလ်သာဆိုလျှင် ရွှေငွေရတနာတွေလည်း မြောက်မြား စွာရမည်၊ ရောဂါကိုလည်း ကုသပေးမည်ဖြစ်ရာ မက်မောလောက်သည်။ ပါးစပ်ကပြောလိုက်ရတာ ဘာမှလည်း ပင်ပန်းတာမဟုတ်-ဟူ၍ ပြောချင် ပြောပါမည်။ သုပ္ပဗုဒ္ဓက သောတာပန်ပုဂ္ဂိုလ်၊ သာမန်မဟုတ်။ သောတာပန် သည် ရတနာသုံးပါး အပေါ်၌ ယုံကြည်မှု သဒ္ဓါတရား ခိုင်မြဲသွားပြီ ဖြစ်၏။

"ငါကား သူဆင်းရဲမဟုတ်။ အထီးကျန် တစ်ကောင်ကြွက်လည်း မဟုတ်။ ငါသည် ချမ်းသာကြွယ်ဝသူ၊ ပစ္စည်းဥစ္စာ ပေါများသူဖြစ်၏။ ငါ့မှာ-သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ-တည်းဟူသော

သူတော်ကောင်း ဥစ္စာရတနာ (၇)ပါး အပြည့်အစုံရှိနေပြီ”ဟူ၍ သုပ္ပဗုဒ္ဓ က ပြတ်သားစွာ ဖြေကြားလိုက်၏။

* * *

သိကြားမင်းသည် ထိုအကြောင်းကို ဗုဒ္ဓဘုရားအား ကြိုတင်၍ လျှောက်ကြားထားလေ၏။ ဗုဒ္ဓဘုရားက– “သင်ကဲ့သို့သော သိကြားမင်း အရာအထောင်မကတို့ကပင် သုပ္ပဗုဒ္ဓကို စည်းရုံးသိမ်းသွင်း၍ ရတော့မည် မဟုတ်ပါ။ သုပ္ပဗုဒ္ဓဟာ သဒ္ဓါတရား ခိုင်မာသွားပြီဖြစ်၏”ဟု သိကြားမင်း အား ဖြေကြားတော်မူလိုက်လေ၏။

ထို့နောက် သုပ္ပဗုဒ္ဓ ဘုရားထံရောက်လာပြီး အကျိုးအကြောင်းကို လျှောက်ထား၏။ သုပ္ပဗုဒ္ဓ ဘုရားရှင်ထံမှ အပြန်ခရီးတွင် အတိတ်မှ ဝဋ်ကြွေးကြောင့် နွားမယောင်ဆောင်ထားသော ရန်သူဘီလူးမက ဝှေ့သတ် သဖြင့် သေဆုံးရလေသတည်း။

တာဝတိံသာနတ်ပြည်သို့ ရောက်သွားလေ၏။

## သုပ္ပဗုဒ္ဓကြီး၏ဝဋ်ကြွေး

သုပ္ပဗုဒ္ဓသည် ရှေးဘဝက ပစ္စေကဗုဒ္ဓါ တစ်ပါးအား တံတွေးဖြင့် ထွေးလျက် ပြစ်မှားခဲ့မိသောကြောင့် ငရဲကျသွားခဲ့၏။ ငရဲ၌ ကာလ ကြာရှည်စွာ ခံရပြီးသော်လည်း ယင်းအကုသိုလ်ကံကြွင်းကြောင့် ယခု သုပ္ပဗုဒ္ဓဘဝ၌ နူနာရောဂါသည်ကြီး ဖြစ်ရပါ၏။ အကုသိုလ်ကံကား ကြောက်စရာကောင်းလှ ပေ၏။

(ဓမ္မပဒဋ္ဌကထာ–၁၊ စာ–၃၀၂)

## ဒေသနာတော်ဂါထာများ

– သဒ္ဓါ ဓနံ သီလဓနံ၊ ဟိရီဩတ္တပ္ပိယံ ဓနံ။
သုတဓနဉ္စ စာဂေါစ၊ ပညာဝေ သတ္တမံဓနံ။
– ယဿ ဧတေဓနာ အတ္ထိ၊ ဣတ္ထိယာ ပုရိသဿဝါ။
အဒလိဒ္ဒေါတိ တံ အာဟု၊ အမောဃံ တဿ ဇီဝိတံ။

သဒ္ဓါ ဓနဉ္စ = ရတနာသုံးပါးအပေါ်၌ သက်ဝင်ယုံကြည်ခြင်း 'သဒ္ဓါဥစ္စာ'လည်းကောင်း၊ သီလဓနဉ္စ = ကိုယ်, နှုတ်တို့ကို ကောင်းစွာစောင့်စည်းခြင်း 'သီလဥစ္စာ'လည်းကောင်း၊ ဟိရိဩတ္တပ္ပံဓနဉ္စ=မကောင်းမှုပြုလုပ်ရန် ရှက်ခြင်း, ကြောက်လန့်ခြင်းဆိုတဲ့ 'ဟိရိနှင့် ဩတ္တပ္ပ' ဥစ္စာလည်းကောင်း၊ သုတဓနဉ္စ=ပရိယတ္တိ ပဋိပတ္တိ အကြားအမြင် ဗဟုသုတ တည်းဟူသော 'သုတဥစ္စာ'လည်းကောင်း၊ စာဂေါစ=စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းဆိုတဲ့ 'စာဂဥစ္စာ'လည်းကောင်း၊ ပညာစ=အပြားအားဖြင့်ခွဲခြားဝေဖန်၍ သိမြင်နိုင်စွမ်းသော 'ပညာဥစ္စာ'လည်းကောင်း၊ ဣမေ = ဤသည်တို့ကား၊ သတ္တဓနံ=သူတော်ကောင်းတို့ ဥစ္စာရတနာခုနစ်ပါးတည်း။

ယဿေါ ဣတ္ထိယာဝါ=အကြင်အမျိုးသမီးအားလည်းကောင်း၊ ယဿပုရိသဿဝါ=အကြင်အမျိုးသားအားလည်းကောင်း၊ ဧတေဓနာ= ထိုသူတော်ကောင်းဥစ္စာ (၇)ပါးတို့သည်၊ အတ္ထိသန္တိ = ရှိကြကုန်၏၊ တံ =ထိုသူတော်ကောင်းဥစ္စာနှင့် ပြည့်စုံသောသူကို၊ အဒလိဒ္ဒေါတိ=သူဆင်းရဲမဟုတ် သူချမ်းသာအစစ်ဟူ၍၊ အာဟု=ဘုရားအစရှိသော သူတော်ကောင်းတို့ ဆိုကြကုန်၏။ တဿ=ထိုပုဂ္ဂိုလ်၏၊ ဇီဝိတံ=အသက်ရှင်ရပ်တည်နေထိုင်ရခြင်းသည်ကား၊ အမောဃံ=အချည်းနှီးမဟုတ် တန်ဖိုးအနဃကြီးမားလှ ပါပေတော့သတည်း။

* * *

## မေတ္တာတရား လက်ကိုင်ထား တရားတော်

မေတ္တာခြုံမှုလုံသည်။

'မေတ္တာ သတ္တော အနန္တော' မေတ္တာ၏စွမ်းအင်သတ္တိသည် အဆုံးအပိုင်းအခြားမရှိ။

'ဒေါသစရိတာနံ မေတ္တာဒိကမ္မဋ္ဌာနံ ကထေသိ။'

ဒေါသစရိတာနံ=ဒေါသစရိုက်အားကြီးသော ပုဂ္ဂိုလ်တို့အား၊ မေတ္တာဒိကမ္မဋ္ဌာနံ='မေတ္တာ'အစရှိသော ကမ္မဋ္ဌာန်းကို၊ (ဘဂဝါ=မြတ်စွာဘုရားသခင်သည်) ကထေသိ=ကောင်းစွာမသွေ ဟောကြားတော်မူအပ်ပါ

ပေးသတည်း။

မေတ္တာ၏ အာဒီအရ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့ကို ကောက်ယူပါ။

မြတ်ဘုရားဟော ဒေသနာတော်အရ အသေအချာနှလုံးပိုက်ကြရန်မှာ 'ဒေါ်သစရိုက် (ဒေါသအားကြီးသူ)များအား မေတ္တာအစရှိသော ကမ္မဋ္ဌာန်းကို ပေးတော်မူသည်။

**မေတ္တာအကျိုး(၁၁)မျိုး**

မေတ္တာပို့သ ပွားများသူတို့အား ရရှိသော အကျိုးတရားများမှာ (၁၁)ပါးရှိသည်။

(၁) သုခံ သုပတိ = ချမ်းသာစွာအိပ်စက်ရခြင်း၊

(၂) သုခံ ပဋိဗုဇ္ဈတိ = ချမ်းသာစွာ အိပ်ရာမှနိုးထရခြင်း၊

(၃) န ပါပကံ သုပိနံ ပဿတိ = မကောင်းသောအိပ်မက်ဆိုးများ မမြင် မက်ခြင်း၊

(၄) မနုဿာနံပိယော ဟောတိ = မေတ္တာပွားသူကို လူအများချစ်ခင်ကြ ခြင်း၊

(၅) အမနုဿာနံပိယော ဟောတိ = လူမှတစ်ပါးသော အခြားပုဂ္ဂိုလ်များ ကလည်း ချစ်ခင်ကြခြင်း၊

(၆) ဒေဝတာရက္ခန္တိ = နတ်များ၏ စောင့်ရှောက်မှုကို ခံရခြင်း၊

(၇) နာဿအဂ္ဂိဝါ ဝိသံဝါ သတ္ထံဝါကမတိ = မီးဘေး, အဆိပ်သင့်ဘေး, ဓားလက်နက်ဘေးတို့မှကင်းဝေးခြင်း၊

(၈) တုဝဋ္ဋံ စိတ္တံ သမာဒိယတိ = စိတ်တည်ကြည်မှု သမာဓိတရား ရလွယ်ခြင်း၊

(၉) မုခဝဏ္ဏော ဝိပ္ပသီဒတိ = မျက်နှာရုပ်အဆင်း ကြည်လင်ရွှင်ပျခြင်း၊

(၁၀) အသမ္မူဠ္ဍောကာလံကရောတိ= မတွေမဝေဘဲ သေရခြင်း၊

(၁၁) ဥတ္တရိ အပ္ပဋိဝိဇ္ဈန္တော = ဤဘဝမှာမဂ်,ဖိုလ်မရသေးပါက ဗြဟ္မာလောကူပဂေါဟောတိ ဗြဟ္မာ့ပြည်သို့ ရောက်ရှိနိုင်ခြင်း။
(ဇောဒသင်္ဂတ္တရပါဠိတော်)

**ဆောင်ပုဒ်လင်္ကာ**

အိပ်,နိုးချမ်းသာ / ကောင်းစွာအိပ်မက်၊ ချစ်လျက်လူ, နတ်၊ စောင့်ကြပ်နတ်များ၊ မီး–ဆိပ်–ဓားတို့၊ ရှောင်ရှားကိုယ်မှာ၊ လျင်စွာစိတ်တည်၊ ရွှင်ကြည်မျက်နှာ၊ သေခါမတွေ၊ လားလေ ဗြဟ္မာ၊ ဆယ့်တစ်ဖြာတည်း၊ မေတ္တာပွားမှုအကျိုးတည်း။

**ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်လာ မေတ္တာပို့**

- မရည်မှတ် မပိုင်းခြားသော ‘အနောဓိသပုဂ္ဂိုလ် ၅–မျိုး’
  - (၁) သဗ္ဗေသတ္တာ = အလုံးစုံသော သတ္တဝါများ
  - (၂) သဗ္ဗေပါဏာ = အလုံးစုံသော အသက်ရှိပုဂ္ဂိုလ်များ (ထွက်သက်ဝင်သက်ရှိသူ)
  - (၃) သဗ္ဗေဘူတာ = ထင်ရှားရှိသော ပုဂ္ဂိုလ်အားလုံး
  - (၄) သဗ္ဗေပုဂ္ဂလာ = ပုဂ္ဂိုလ်အားလုံး
  - (၅) သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ = အလုံးစုံအတ္တဘောအတွင်း အကျုံးဝင်သူများ
- ရည်မှတ်ပိုင်းခြားအပ်သော–‘ဩဓိသပုဂ္ဂိုလ် ၇–မျိုး’
  - (၁) သဗ္ဗာ ဣတ္ထိယော = အလုံးစုံသော မိန်းမများ
  - (၂) သဗ္ဗေ ပုရိသာ = အလုံးစုံသော ယောကျာ်းများ
  - (၃) သဗ္ဗေအရိယာ = အရိယာပုဂ္ဂိုလ်တွေအားလုံး
  - (၄) သဗ္ဗေအနရိယာ = အရိယာမဟုတ်သော ပုထုဇဉ်ပုဂ္ဂိုလ်တွေအားလုံး
  - (၅) သဗ္ဗေဒေဝါ = နတ်များအားလုံး
  - (၆) သဗ္ဗေမနုဿာ = လူတွေအားလုံး

(၇) သဗ္ဗေဝိနိပါတိကာ = ပြိုကွဲပျက်စီးနေသော ပြိတ္တာတွေ အားလုံး

- အထက်ပါရည်မှတ်/မရည်မှတ် ပုဂ္ဂိုလ်(၁၂)ယောက်တို့ကို ပုဂ္ဂိုလ်တိုင်း

(၁) အဝေရာဟောန္တု = ရန်မရှိသည်ဖြစ်ကြပါစေ၊

(၂) အဗျာပဇ္ဈာဟောန္တု = စိတ်မချမ်းသာမှု ကင်းရှင်းကြပါစေ၊

(၃) အနီဃာဟောန္တု = ကိုယ်ဆင်းရဲခြင်း ကင်းရှင်းကြပါစေ၊

(၄) သုခီအတ္တာနံ ပရိဟရန္တု = မိမိကိုယ်ကို ချမ်းသာအောင် ဆောင်ရွက်နိုင်ကြပါစေ

'တု'လေးတု-ဟု ဆိုအပ်သော ဤမေတ္တာပို့ခြင်း အခြင်းအရာ (၄)ပါးစီရသောကြောင့် မေတ္တာပို့ခြင်း (၄၈)မျိုး ရှိပါသည်။

ထို(၄၈)မျိုးကို အရပ်(၁၀)မျက်နှာသို့ ဖြန့်ကျက်မေတ္တာပွားရပါမည်။

အရပ်(၁၀)မျက်နှာအတွက် (၄၈)ပါးစီရသောကြောင့် (၄၈ x ၁၀ = ၄၈၀) မေတ္တာပွားနည်း(၄၈၀) ရှိပါသည်။

ထို(၄၈၀)ထဲမှာ အရပ်ဒေသအလွတ် မူလမေတ္တာပွားနည်း (၄၈)မျိုး ပေါင်းထည့်လိုက်သော် (၅၂၈)သွယ်သော မေတ္တာပွားနည်းကို ရရှိပါတော့သည်။

**သတိပြုရန်မှာ-**

'ရာဂေါ မေတ္တာယနာမုခေန ဝဉ္စေတိ'

'ရာဂ'သည် 'မေတ္တာ'အယောင်ဆောင်ကာ လှည့်စားတတ်ပါသည်။

(နေတ္တိအဋ္ဌကထာ)

"အမျက်ဒေါသ၏ ငြိမ်းအေးခြင်းသည် မေတ္တာ၏ ပြည့်စုံခြင်းဖြစ်သည်။

တပ်မက်သောရာဂ ဖြစ်ပေါ်ခြင်းသည် မေတ္တာ၏ ပျက်စီးခြင်း

ဖြစ်ပါသည်။"  (ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ၊ ဗြဟ္မ ဝိဟာရနိဒ္ဒေသ)

**အချစ်(၃)မျိုး**

'အချစ်'ကို 'ပေမ'ဟူ၍သုံးစွဲသည်။

(၁) တဏှာပေမ၊ (၂) ဂေဟသိတပေမ၊ (၃) မေတ္တာပေမ၊

(၁) တဏှာပေမဟူသည် - ယောကျ်ားနှင့်မိန်းမ အချင်းချင်း တဏှာလောဘ၏ အစွမ်းဖြင့် ချစ်ကြိုက်ကြခြင်းကို ခေါ်၏။ ဤတဏှာ ပေမကို အလင်္ကာကျမ်း၌ 'သိင်္ဂါရရသ'ဟု သုံးစွဲ၏။

(၂) ဂေဟသိတပေမဟူသည် - မိဘနှင့် သားသမီး၊ ညီနှင့်အစ်ကို၊ မောင်နှင့်နှမ စသူတို့ အချင်းချင်း ချစ်ခင်တွယ်တာမှုကို ခေါ်၏။ ဤ ချစ်ခြင်းကို အလင်္ကာကျမ်း၌ 'ဝစ္ဆလ'ဟုခေါ်၏။

[ဤတဏှာပေမနှင့် ဂေဟသိတပေမတို့သည် ကုသိုလ်မဟုတ်ကြ။ တဏှာပေမမှာ တဏှာရာဂ (လောဘ)ဖြစ်၍၊ ဂေဟသိတပေမမှာလည်း လောဘပင် ဖြစ်ပါသည်။]

(၃) မေတ္တာပေမဟူသည်ကား - သူတကာတို့၏ အကျိုးစီးပွား ဖြစ်ထွန်းမှုကို လိုလားခြင်းတည်း။ ဤချစ်ခြင်းမေတ္တာ တရားသည် သူတစ်ပါးတို့နှင့် မခွဲမခွာ အမြဲယှဉ်တွဲနေလိုခြင်း မရှိ။ လူအချင်းချင်း စကြဝဠာ တစ်ခုစီပင် ဝေးကွာ၍ နေရစေကာမူ ထိုဝေးကွာနေသူမှာ စီးပွားချမ်းသာ ဖြစ်သည်ဟု သိရလျှင် ကျေနပ်၏။ အတူမနေရသည့်အတွက် ခက်ခဲဝန်လေးခြင်းမရှိ။ စင်ကြယ်မွန်မြတ်သော သဘောတရားဖြစ်၍ 'ဗြဟ္မဝိဟာရ'ဟူသော အမည်ကိုလည်း ရရှိ၏။

**၅၂၈–သွယ်မေတ္တာဆောင်ပုဒ်လင်္ကာ**

* မရည်ပဋ္ဌ၊ ရည်သတ္တ၊ တည်ထဆယ့်နှစ်ပါး။
* 'အဝေရာ'မှ၊ 'တု'လေးခု၊ သွန်းဆုမေတ္တာပွား။
* ရပ်ဆယ်မျက်နှာ၊ ဆက်၍သာ၊ မြွာက်ပါဆင့်မနား။
* ငါးရာနှစ်ဆယ်၊ ရှစ်ခုကယ်၊ ဘုန်းကြွယ်ဟော၍ထား။

## မေတ္တာစွမ်းအင်ကြီးမားပုံ သာဓကများ–

### မေတ္တာရှင် မယ်ဥတ္တရာ

မယ်ဥတ္တရာ၏ မိဘတို့သည် ဘဝပထမ၌ဆင်းရဲကြ၏။ ရာဇဂြိုဟ် သုမန သူဌေးကြီး၏အိမ်တွင် လယ်စာရင်းငှား လုပ်ကြရသည်။ တစ်နေ့သော် ဆင်းရဲသောဘဝမှ လွတ်မြောက်ဖို့ကြုံလာသည်။ ကယ်တင်ရှင် ပေါ်ပေါက်လာသည် ဆိုပါစို့။ ဆင်းရဲတွင်းမှကယ်တင်ပေးသော ပုဂ္ဂိုလ်မှာ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးဖြစ်၏။

မယ်ဥတ္တရာ၏ ဖခင် ကိုပုဏ္ဏနှင့် မိခင်တို့သည် လယ်ထွန်ရန် လယ်တောသို့အလာ နိရောဓသမာပတ်မှ ထလာသော အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကလည်း ချီးမြှောက်ရမည့်ပုဂ္ဂိုလ်ကို ရည်ရွယ်ပြီးအလာ ဆုံတွေ့ကြလေသည်။ ကိုပုဏ္ဏတို့သည် မိမိတို့စားသုံးရန် ယူဆောင်လာသော ထမင်းထုပ်ကို အရှင်သာရိပုတ္တရာအား လှူဒါန်းလိုက်လေ၏။ သောက်ရေနှင့် ဒန်ပူကိုလည်း ကပ်လှူလိုက်သေး၏။

ထိုကုသိုလ်ကောင်းမှုကြောင့် ထိုနေ့ လယ်ထွန်ရာတွင် လယ်တစ်ကွင်း လုံး ရွှေတဝင်းဝင်း ဖြစ်သွားသည်။ ထယ်ခဲများမှာ ရွှေတုံးရွှေခဲများ ဖြစ်သွားကြ၏။ မင်းကြီးအား သွားရောက်လျှောက်ထားသောအခါ ကိုပုဏ္ဏတို့၏ ဘုန်းကံအတိုင်း ဖြစ်ပေါ်လာသည်ဖြစ်၍ အားလုံးပေးအပ်ရုံမျှမက သူဌေးကြီး ရာထူးကိုပင် အပ်နှံခံရ၏။ မင်းကြီးပေးသနားသည့် အိမ်မြေကွက်ကို အိမ် ဆောက်ရန် တူးဖော်ရာ၌လည်း ရွှေအိုးများစွာ ရရှိသေး၏။

ကိုပုဏ္ဏတို့ ဇနီးမောင်နှံနှင့်တကွ သမီးမယ်ဥတ္တရာတို့က ဘုရားအမှူးရှိ သော သံဃာတော်တို့အား (၇)ရက်ဝတ်လုံး ဆွမ်းကပ်ကြလေသည်။ ဆွမ်းအလှူပွဲ၌ ဟောကြားတော်မူသော ဆွမ်းအနုမောဒနာတရားကို နာကြားပြီး မိသားစုအားလုံး သောတာပန် ဖြစ်သွားကြလေ၏။

ထိုသတင်းကိုကြားသော ရာဇဂြိုဟ်သူဌေးကြီး သုမနသည် သူဌေးကိုပုဏ္ဏထံသို့ လက်ဆောင်ပဏ္ဏာများ ပေးအပ်ပြီး သူ၏သား မောင်နန္ဒနှင့် လက်ထပ်ထိမ်းမြားရန် သမီးမယ်ဥတ္တရာကို တောင်းခံလေ၏။ စေ့စပ်ကြောင်းလမ်းလာလေတော့၏။

မယ်ဥတ္တရာသည် သူဌေးသား ကိုနန္ဒနှင့် လက်ထပ်ပြီး ရာဇဂြိုဟ် သူဌေးကြီးအိမ်သို့ လိုက်ပါသွားရလေတော့သတည်း။

* * *

မယ်ဥတ္တရာ၏ လင်ယောက်ျား ကိုနန္ဒမှာ မိစ္ဆာဒိဋ္ဌိအယူရှိနေသဖြင့် မယ်ဥတ္တရာ စိတ်ညစ်နေရရှာသည်။ ဆွမ်းမကျွေးရ၊ တရားမနာရ ဖြစ်နေရှာ၏။ ဤသို့ဖြင့် ဝါတွင်းကာလ နှစ်လခွဲခန့်ကုန်သွားလေပြီ။ ဤအချိန်ကာလများသည် မယ်ဥတ္တရာအတွက် အကျိုးမဲ့ကာလများ ဖြစ်နေ၏။ ဤအကြောင်းကို ဖခင်ကြီးသိရှိရန် သတင်းပို့လိုက်၏။

ဖခင်က သမီးထံ ငွေတစ်သောင်းငါးထောင် ပို့ပေးလိုက်၏။ မယ်ဥတ္တရာသည် ရာဇဂြိုဟ်၌ တစ်ညတစ်ထောင်ပေးမှ ပျော်ပါးနိုင်သည့် "သီရိမာ"နှင့် ဆက်သွယ်လေ၏။ သီရိမာနှင့် အဆက်အသွယ်ရသောအခါ "သူငယ်ချင်းကူညီပါ။ ဟောဒီငွေတစ်သောင်းငါးထောင်ကိုယူပြီး သူဌေးသား ကိုနန္ဒကို ဆယ့်ငါးရက်လောက် ပြုစုလိုက်စမ်းပါ"ဟု အပေးအယူ လုပ်လေ၏။ သီရိမာကလည်း သဘောတူလက်ခံသည်။ လင်တော်မောင် ကိုနန္ဒကလည်း သီရိမာသတင်းကို ကြားပြီးထဲက တွေ့ဆုံချင်နေသည်။ အချိုရှာ သကာတွေ့သည့်ပမာ ဖြစ်သွားပါတော့၏။

ထိုအချိန်ကျမှ မယ်ဥတ္တရာသည် လှောင်အိမ်မှလွတ်သော ငှက်ငယ် သဖွယ် လွတ်လပ်ပေါ့ပါးသွားပြီး ပျော်ရွှင်သွားလေ၏။

မယ်ဥတ္တရာသည် ဗုဒ္ဓဘုရား အမှူးထား၍ သံဃာတော်များအား (၁၅)ရက်တိုင်တိုင် သူမနေအိမ်သို့ ကြွရောက်ပြီး ဆွမ်းဘုဉ်းပေး ကြွတော်မူရန် ပင့်လျှောက်ထားလေ၏။ မယ်ဥတ္တရာသည် ဝေယျာဝစ္စကုသိုလ်ပါ ရယူရန် ကိုယ်တိုင်ဝင်ရောက် လုပ်ကိုင်၏။ ချွေးတလုံးလုံးဖြင့် ချက်ပြုတ် လုပ်ကိုင်နေသော မယ်ဥတ္တရာကို ကိုနန္ဒက လေသာပြူတင်းပေါက်မှ ကြည့်ပြီး–

"တော်တော်ဟုတ်တဲ့မိန်းမ။ ကိုယ့်စည်းစိမ် ကိုယ့်ဘာသာမခံစားဘဲ ကတုံးရဟန်းတွေကျွေးဖို့ လုပ်နေလေရဲ့။ တော်တော်မိုက်မဲတဲ့မိန်းမပဲ"ဟု ပြောလေ၏။ ပြောလည်းပြော ရယ်လည်းရယ်မောလိုက်သေး၏။

ဖျက်ရယ်ပြုသည့်သဘော။

ကိုနန္ဒရယ်မောသံကို ကြားသွားသော သိရိမာက လေသာပြူတင်းနားသို့ လာရောက်ကြည့်ပြီး ဘယ်လိုစိတ်ရူးပေါက်သွားသည်မသိ။ ပြသာဒ်ပေါ်မှ ဆင်းပြေးသွားလေ၏။ သူမ၏စိတ်ထဲ၌ ဥတ္တရာမရှိမှ ဒီစည်းစိမ်တွေကို ငါအပိုင်စီးရမည်။ အမြဲတမ်း ဧိမ်ကျကျနေထိုင်ရမည်-ဟု ယူဆထားလေ၏။

သိရိမာသည် စားဖိုအိမ်ထဲသို့ မယောင်မလည်ဖြင့် ဝင်သွားပြီး ကျိုက်ကျိုက်ဆူနေသော ထောပတ်ဆီပူကို ယောက်ချိုဖြင့် ခပ်ယူကာ မယ်ဥတ္တရာရှိရာသို့ ယူသွားလေပြီ။ မယ်ဥတ္တရာက သိရိမာ၏အပြုအမူကို ကြည့်ပြီး ရိပ်မိသည်။

"မယ်မင်းကြီးမ သိရိမာကြောင့် ခုလို ငါကုသိုလ်ပြုရပေသည်။ ကျေးဇူးကြီးပါပေစွ မယ်မင်းကြီးမရယ်။ မယ်မင်းကြီးမ ဘေးမသီရန်မခပါစေနဲ့။ ကျန်းမာချမ်းသာပါစေ။ ငါ၏မေတ္တာ မှန်ကန်ပါလျှင် သူလောင်းချမည့် ထောပတ်ဆီပူသည် အေးမြပါစေသား"

မယ်ဥတ္တရာ၏ မေတ္တာသည် အောင်မြင်ထိရောက်ပါ၏။ အဘယ့်ကြောင့်ဆိုသော် သူမမျှော်လင့်ထားသည့်အတိုင်း ကျိုက်ကျိုက်ဆူနေသော ထောပတ်ဖြင့် သိရိမာက သူမ၏ကိုယ်ပေါ်သို့ ရက်ရက်စက်စက် လောင်းချလိုက်သည်။ သို့သော် ကျိုက်ကျိုက်ဆူနေသော ထောပတ်သည် ဥတ္တရာ၏ မေတ္တာဓာတ်ကို အသိအမှတ်ပြုသည့်အလား စမ်းရေပမာ အေးမြသွားပါတော့သည်။

ဒါကို သိရိမာက အားကျမခံ။ သူမခပ်ယူလာသော ထောပတ်အေးသည်ထင်ပြီး နောက်တစ်ခါ ခပ်ယူရန်အတွက် အသွားတွင် အခြေအနေကို သိသွားကြသော မယ်ဥတ္တရာ၏ ကျွန်မတို့က သိရိမာကို ဝိုင်းရိုက်ကြတော့သည်။ သိရိမာ လဲကျသွား၏။ ဥတ္တရာတားဆီးချိန်ပင် မရလိုက်။

သိရိမာ နောင်တကြီးစွာရသွားသည်။ အမှန်စင်စစ် ဥတ္တရာသည်သာ ကိုနန္ဒ၏မယားအစစ်၊ သူသည်ကား အငှားမယား။ ငါမှားပြီဟု

နောင်တရလေ ၏။ မယ်ဥတ္တရာ၏ ခြေသလုံးကိုဖက်ပြီး တောင်းပန်သည်။ မယ်ဥတ္တရာက–

"ငါ၏ဖခင် ဗုဒ္ဓဘုရားရှင် သည်းခံလျှင် ငါသည်းခံမည်"ဟု ပြောလေ၏။

နောင်တရသွားပြီဖြစ်သော သိရိမာသည် အိမ်ပြန်ကာ ဘုရားရှင်နှင့် သံဃာတော်များအတွက် ဆွမ်းချက်ခိုင်းကာ မိန်းမငါးရာခြံရံပြီး မယ်ဥတ္တရာ အိမ်သို့ ယူဆောင်လာ၏။

ဆွမ်းကပ်လှူပြီးသောအခါ ဗုဒ္ဓဘုရားက ခြေရင်းတွင် ဝပ်စင်းလျက် ရှိသော သိရိမာအား အကြောင်းစုံ မေးမြန်းတော်မူ၏။ သိရိမာကလည်း ဖြစ်ပုံအကြောင်းစုံကို လျှောက်ထားလေ၏။ ထို့နောက် သိရိမာအား သောတာပန် တည်သွားစေသော တရားဒေသနာတစ်ပုဒ်ကို ဟောထုတ် မိန့်ချွေတော်မူလိုက် လေတော့သတည်း။

(ဓမ္မပဒဋ္ဌကထာ၊ ဒုတိယအုပ်၊ ကောဓဝဂ်၊ စာ–၁၉၆)

**အောင်မြင်နည်း(၄)မျိုး**

အက္ကောဓေန ဇိနေကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။
ဇိနေ ကဒရိယံဒါနေန၊ သစ္စေနာလိကဝါဒိနံ။

(ဓမ္မပဒ၊ ဂါထာ–၂၂၃)

ကောဓံ=အမျက်ဒေါသ ထွက်သောသူကို၊ အက္ကောဓေန=မိမိက အမျက်ဒေါသ မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)၊ ဇိနေ=အောင်မြင်ရာ၏၊ အသာဓုံ=စိတ်သဘောထား သေးသိမ်ညံ့ဖျင်း ယုတ်မာသောသူကို၊ သာဓုနာ =မိမိက စိတ်ကောင်း စေတနာကောင်း ထားခြင်းဖြင့်၊ ဇိနေ=အောင်မြင် ရာ၏။ ကဒရိယံ=တွန့်တိုစေးနှဲ သဒ္ဓါတရားမဲ့သော ပုဂ္ဂိုလ်ကို၊ ဒါနေန =စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဖြင့်၊ ဇိနေ=အောင်မြင်ရာ၏။ အလိကဝါဒိနံ =မမှန်တမ်းတရား မုသားစကား ပြောကြားသူကို၊ သစ္စေန=အမှန်တရားကို ပြောကြားခြင်းဖြင့်၊ ဇိနေ=မှန်စွာမသွေ အောင်မြင်နိုင်ပါ ပေတော့သတည်း။

* * *

## မေတ္တာရှင်သာမာဝတီ

ဗုဒ္ဓဘုရား လက်ထက်တော်က အဖြစ်အပျက်။ ထိုစဉ်က ကောသမ္ဗီပြည်တွင် ဘုရင်ဥတေန စိုးစံလျက်ရှိသည်။ ထိုမင်း၌ မာဂဏ္ဍီ၊ ဝါသုလဒတ္တာနှင့် သာမာဝတီ အမည်ရှိသော မိဖုရားကြီး (၃)ယောက်ရှိ၏။

သာမာဝတီသည် ပန်းအဝယ်တော်ကျွန်မတစ်ဦးဖြစ်သူ 'ခုဇ္ဇုတ္တရာ' ထံမှ ဗုဒ္ဓဘုရား ဟောကြားသည့် တရားတော်များကို တစ်ဆင့်နာယူသည်။ ထိုတရား များဖြင့်ပင် အခြွေအရံငါးရာနှင့်အတူ သောတာပန်တည်ခဲ့၏။

ဥတေနမင်းသည် ရတနာသုံးပါးကို ကြည်ညိုသူမဟုတ်သဖြင့် သာမာ ဝတီခမျာ ဘုရားသွားကျောင်းတက် မပြုလုပ်ရပေ။ သာမာဝတီသည် ဘုရားရှင် ဆွမ်းခံကြွတော်မူစဉ်အခါ ဖူးမျှော်ရန် ရည်ရွယ်၍ သူမ၏ အဆောင်တော် နံရံများတွင် အပေါက်လေးများဖောက်၍သာ ကြည်ညိုနေရ ပါသည်။

မာဂဏ္ဍီမိဖုရားကား ဗုဒ္ဓဘုရားကို ရန်လုပ်နေသူတည်း။

ဘုရားဖြစ်တော်မူစက ဖြစ်ရပ်တစ်ခုကြောင့်ဖြစ်သည်။ မာဂဏ္ဍီ၏ ဖခင် ပုဏ္ဏားကြီးက ဘုရားရှင်အား သူ၏သမီးနှင့် လက်ထပ်ထိမ်းမြားရန် စကား ကမ်းလှမ်းခဲ့ဖူး၏။ သို့ရာတွင် ဘုရားရှင်က–"သင်ပုဏ္ဏားကြီး၏ သမီး ဘယ်လောက်ချောချော ငါ၏ခြေထောက်နှင့်တောင် မထိလိုဘူး"ဟူ၍ ပြစ်ပြစ်ခါခါ ပြောခဲ့လေ၏။

ထိုအပြောအဆိုနှင့် ပတ်သက်ပြီး သမီးဖြစ်သူ မာဂဏ္ဍီက ဘုရားရှင်အပေါ်မှာ ရန်ငြိုးဖွဲ့ခဲ့ခြင်း ဖြစ်သည်။ ဖခင်ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမကြီးတို့မှာမူ ထိုစဉ်ကပင် အနာဂါမ်များ ဖြစ်သွားခဲ့ကြ၏။

မာဂဏ္ဍီသည် ဘုရင်ဥတေန၏ မိဖုရားခေါင်ကြီး ဖြစ်လာသော အခါ အလှမာန်သာမက ဘဝမာန်၊ ရာထူးမာန်ပါ တက်လာတော့၏။

တစ်နေ့တွင်–မာဂဏ္ဍီသည် သာမာဝတီ၏ အဆောင်သို့ ရောက်ရှိ သွား၏။ နံရံ၌ အပေါက်ငယ်များကို မြင်သဖြင့် မေးကြည့်ရာ သာမာဝတီက အရိုးခံ အမှန်အတိုင်းဖြေသည်။

"ဘုရားရှင် ဒီမြို့ကို ကြွလာတယ် ညီမတော်ရဲ့။ ဘုရားရှင်

ကြွလာတဲ့အခါ မမတို့တတွေ ဒီအပေါက်လေးတွေက ချောင်းကြည့်ပြီး ကြည်ညိုနေကြရတာလေ”ဟု ပြောလိုက်ရာ မာဂဏ္ဍီမျက်နှာ နီရဲသွားသည်။ ‘ဘုရား’ဆိုသော စကားကို မာဂဏ္ဍီက လေသံမျှပင်မကြားချင်။ ကြည့်မြင်ဖို့ဆိုတာ ဝေလာဝေး။ မကြားချင်ရုံမျှမက ဒေါသပင်ထွက်မိ၏။ ဘုရားရှင်အား မည်ကဲ့သို့ ဂုဏ်သရေ ဖျက်ရမည်ကို ကြံစည်နေ၏။

မာဂဏ္ဍီအကြံရပြီ။ မိမိရန်သူကို ကြည်ညိုနေသော သာမာဝတီတို့ကို ပထမဒုက္ခပေးရမည်။ ဥတေနမင်းနှင့်တွေ့သောအခါ မာဂဏ္ဍီက မာယာနှောသော အပြောများဖြင့် စည်းရုံးသိမ်းသွင်းလေ၏။

“မောင်တော်ဥတေန..သာမာဝတီတို့ မောင်တော့်အပေါ်မှာ မေတ္တာသွေကွက်ပြီး အပြင်ဘက်မှာ အမြင်ရှိနေကြတယ်။ မောင်တော့်အသက်အန္တရာယ်ကို နှမတော် စိုးရိမ်မိပါတယ်။ သတိတော်ထားပြီး သွားလာပါမောင်တော်...” ဟူ၍ မာဂဏ္ဍီက သုံးကြိမ်တိုင်အောင် ကုန်းတိုက်စကားပြောကြားလေသည်။ သို့သော်-ဥတေနက မယုံသဖြင့်-

“မောင်တော်မယုံရင် မောင်တော်ကိုယ်တိုင် သာမာဝတီတို့အဆောင်ကို ကြွမြန်းပြီး ရှုစားတော်မူပါ”ဟု သံတော်ဦးတင်လေ၏။

သွားကြည့်သောအခါတွင် သာမာဝတီတို့က အမှန်အတိုင်း သံတော်ဦးတင်ကြ၏။ ဘုရင်ဥတေနသည် စိတ်ချခြင်းမရှိဘဲ အပေါက်များကို ပိတ်ဆို့ခိုင်းကာ ပြူတင်းပေါက်မှပင် ထင်ထင်လင်းလင်း ဖူးမြင်နိုင်အောင် စီမံပေးသွားလေ၏။

မာဂဏ္ဍီ၏ ပထမတိုက်ကွက် မအောင်မြင်ပေ။

* * *

မာဂဏ္ဍီသည် ဒုတိယစစ်မျက်နှာကို ဗုဒ္ဓဘုရားဘက်သို့ မြားဦးလှည့်လိုက်၏။ မာဂဏ္ဍီက မိစ္ဆာဒိဋ္ဌိအယူရှိသော ဆိုးသွမ်းလူငယ်များအား ငွေပေးပြီး ဘုရားရှင် ဆွမ်းခံကြွလာသည်ကိုမြင်လျှင် ဝိုင်းပြီး ဆဲရေးတိုင်းထွာ အမနာပစကားတွေ ပြောကြရန် ခိုင်းစေထားလေသည်။

မည်သို့ပင် ဆဲရေးတိုင်းထွာကြသော်လည်း ဗုဒ္ဓဘုရားကား သည်းခံခြင်းတရားဖြင့် ဆွမ်းခံကြွမြဲတိုင်းသာ ကြွတော်မူပါ၏။ ဆွမ်းခံကြွ

တိုင်း ဆဲရေးခံနေရသဖြင့် အရှင်အာနန္ဒာက ဗုဒ္ဓဘုရားအား 'အခြားဒေသသို့ ပြောင်းရွှေ့ပြီး ဆွမ်းခံကြွရန်' တောင်းပန်လျှောက်ထား၏။

"အာနန္ဒာ–ဒီမြို့ကလူတွေက ဆဲရေးကြလို့ အခြားမြို့ကို ပြောင်းပါပြီတဲ့ အဲဒီမြို့က လူတွေက ဆဲပြန်ရင်ကော ဘယ်လိုလုပ်မလဲ"

"နောက်တစ်မြို့သို့ ပြောင်းရွှေ့ပါမည် အရှင်ဘုရား"

"နောက်တစ်မြို့က ဆဲရေးတိုင်းထွာကြလျှင်ကော အာနန္ဒာ..."

"အခြားနောက်တစ်မြို့သို့ ထပ်မံပြောင်းရွှေ့ရုံပေါ့ဘုရား"

"အာနန္ဒာ–ဤသို့မဖြစ်သင့်ပေ။ ဒီလိုဖြစ်ပေါ်တဲ့ ပြဿနာကို ဒီမှာတွင်ပဲ ပြီးပြတ်အောင်, ငြိမ်းအေးအောင် လုပ်ရမည်။ ဆဲချင်သလောက် ဆဲရေးတိုင်းထွာ ကြပါစေ။ သူတို့ဆဲနိုင်လျှင် ခုနစ်ရက်ပေါ့ အာနန္ဒာ"

ဗုဒ္ဓဘုရားသည် အရှင်အာနန္ဒာမထေရ်ကို သည်းခံရန်၊ ဖွဲ့ရှိရန် မိန့်ကြား၏။ စစ်မြေပြင်ထွက်သော ဆင်ပြောင်ကဲ့သို့ စိတ်ဓာတ်ရေးရာ နိုင်မာပြတ်သားရမည်ကိုလည်း မိန့်ကြားတော်မူ၏။

**စိတ်ရှည်ဖွဲ့သန် သည်းညည်းခံ ပြုရန်သာသနာ**

ဥတေနမင်းသည် မိဖုရားကြီး (၃)ဦး၏ အဆောင်တော်များသို့ (၇)ရက်တစ်ကြိမ်ကျ တစ်လှည့်စီပြောင်း၍ ခံစားလေ့ရှိ၏။ သာမာဝတီ မိဖုရား၏ အဆောင်သို့ အလှည့်ကျချိန်တွင် မာဂဏ္ဍီ၏ အစီအမံဖြင့် ဥတေနမင်း ခေါင်းရင်း၌ထား၍ အမြဲသုံးစွဲလေ့ရှိသော စောင်းကောက်ထဲသို့ မြွေဆိုးတစ်ကောင် ထည့်ထားလိုက်လေသည်။

ဥတေနမင်း သာမာဝတီ၏ အဆောင်သို့ သွားမည်ရှိစဉ် မာဂဏ္ဍီ က–

"မောင်တော် သာမာဝတီအဆောင်သို့ကြွသွားလို့ မတော်ဘူး ထင်တယ်။ ဘုရားနှမ ညက အိပ်မက်တွေမကောင်းဘူး။ မောင်တော်ရဲ့ အသက်အန္တရာယ်ကို စိုးရိမ်မိတယ်။ တစ်ခုခုတော့ ဖြစ်လိမ့်မယ်လို့ နှမတော် ယုံကြည်နေမိတယ်..."ဟု လျှောက်တင်၏။ ဥတေနက လက်မခံပေ။

မာဂဏ္ဍီက တစ်ဆင့်တက်ပြီး သာမာဝတီတို့ အဆောင်ကြွလျှင်

သူပါလိုက်မည့်အကြောင်းပြောရာ ဥတေနက မသင့်လျော်ကြောင်း တားမြစ်သည်။ သို့သော် မာဂဏ္ဍီက ဖွတ်လိုက်ပါသွား၏။

သာမာဝတီ၏ အဆောင်တော်ထဲမှာဖြစ်သည်။

မင်းကြီးသည် သာမာဝတီတို့ ကျွေးမွေးပြုစုမှုကို ခံယူစားသောက်ပြီးသော် စက်တော်ခေါ်၏။ အကြံအဖန်နှင့် လိုက်ပါလာခဲ့သော မာဂဏ္ဍီက မင်းကြီး၏ ခေါင်းရင်း၌ထားသော စောင်းနားသို့ မယောင်မလည်သွားကာ ပန်းလုံးဖြင့် ပိတ်ဆို့ထားသော စောင်းအိုးပေါက်ကို ဖွင့်လိုက်သည်။ နှစ်ရက် သုံးရက် အစာငတ်ခံထားသော မြွေဟောက် ထွက်လာပြီး မင်းကြီးစက်တော်ခေါ်ရာ သလွန်ပေါ်၌ တရှူးရှူးမာန်ဖီနေလေတော့၏။

မာဂဏ္ဍီသည် အလန့်တကြား ပြေးလွှားအော်ဟစ်ကာ သာမာဝတီတို့အား ဆဲဆိုမြည်တွန်လေ၏။ 'မိမိစကားကို မယုံကြည်ရကောင်းလား' ဟူ၍လည်း မင်းကြီးအား ရန်တွေ့လိုက်သေး၏။

ဥတေနသည် စက်တော်ခေါ်ရာမှ လန့်ဖျပ်နိုးလာပြီးလျှင် သာမာဝတီတို့ အပေါ်မှာ အကြီးအကျယ် ဒေါသထွက်လေ၏။ ရှေးယခင်က မယုံကြည်ခဲ့သော မာဂဏ္ဍီ၏ ပြောကြားချက်တို့ကို ချက်ချင်းသတိရမိလေ၏။ ချက်ချင်းပင် သာမာဝတီမိဖုရားနှင့်တကွ မောင်းမငါးရာတို့အား မင်းကြီးကိုယ်တိုင် အဆိပ်လူးမြားဖြင့် ပစ်သတ်၍ ကွပ်မျက်ရန် စီစဉ်လေ၏။

## ဆိပ်လူးမြားနှင့် မေတ္တာစွမ်းအား

သာမာဝတီမိဖုရားနှင့်တကွ မောင်းမငါးရာတို့ကို အဆုံးစီရင်ရန် ပြင်ဆင်ရာ၌ သာမာဝတီကို ရှေ့ဆုံးမှနေစေပြီး တန်းစီကာ ရပ်ခိုင်းသည်။ သာမာဝတီသည်– 'သတ်လျှင်လည်း အသေခံတော့မည်'ဟု စိတ်ကို ဆုံးဖြတ်ကာ 'မေတ္တာ'ကိုသာ ပွားများနေလေသတည်း။

သူ၏အခြွေအရံ မောင်းမငါးရာတို့ကိုလည်း–

"ညီမတော်တို့–ငါတို့မှာ မေတ္တာတရားကလွဲလို့ တစ်ခြားအားကိုးစရာ မရှိတော့ပြီ။ ကိုယ့်တရားကိုယ် နှလုံးသွင်းကြ။ မောင်တော့်အပေါ်မှာရော၊ ညီမတော် မာဂဏ္ဍီအပေါ်မှာရော နည်းနည်းလေးမှ မေတ္တာမပျက်

ကြနှင့်။ ကိုယ်နှင့်ထပ်တူ မေတ္တာထားကြပါ။ ကိုယ်ပြုတဲ့ ကံကြမ္မာအတိုင်း ဖြစ်ကြရတာပါပဲ။ သည်းခံစိတ်ထား မေတ္တာပွားကြ”ဟု သတိပေးစကား ပြောကြားနေပါ၏။

ဒေါသအမျက်ထွက်နေသော ဥတေနမင်းကြီးသည် ဗိုလ်ခြေ တစ်ထောင်အားဖြင့် တင်ယူမှရသော သားချိုလေးကြီးကို ညှို့ကြိုးတင် ထား၏။ သာမာဝတီတို့ရှေ့တွင် ချိန်သားကိုက်အောင်ချထားပြီး မြားရှက် များကို အဆိပ်ရေလူးခိုင်း၏။ အားလုံးအဆင်သင့် ဖြစ်သောအခါ သာမာဝတီ၏ ရင်ဝတည့်တည့် ပစ်မှတ်ကို ချိန်ရွယ်ထားသော လေးမှ ခလုတ်ကို ဖြုတ်လိုက်လေတော့သည်။

ထူးခြားသည်မှာ မင်းကြီးပစ်လွှတ်လိုက်သောမြားသည် သာမာဝတီ ထံသို့ မသွားဘဲ မင်းကြီးထံသို့ နောက်ကြောင်းပြန်လှည့်လာ၏။ ဥတေန မင်းကြီး၏ ရင်ဝတည့်တည့်သို့ ထိုးဖောက်တော့မှာဖြင့် လေထဲတွင် ရပ်တန့်နေ၏။ သည်းထိတ်ရင်ဖိုစရာ။ ဥတေနမှာ ကြောက်လွန်း၍ ဆောက်တည်ရာ မရတော့။ တုန်လှုပ်နေ၏။ ထို့နောက် မင်းကြီးသည် အကြောက်လွန်ပြီး မူးနောက်ကာ လဲကျသွားလေတော့၏။

သတိရသော်–ဤသို့ဆင်ခြင် စဉ်းစားမိ၏။

“အသက်မရှိတဲ့မြားကပင် သာမာဝတီ၏ ဂုဏ်ကျေးဇူးကိုသိ၏။ ငါသည် အသိဉာဏ်ရှိသော လူဖြစ်ပါလျက် မသိချက်ဆိုးရွားလေခြင်း”ဟု ရေရွတ်ကာ သားချိုလေးကြီးကို ပစ်ချလိုက်ပြီး သာမာဝတီ၏ ခြေရင်းမှာ ထိုင်ကာ တောင်းပန်လေတော့၏။

“မောင်တော်မှားပါပြီ၊ မောင်တော်ရဲ့ အမှားကို သည်းခံခွင့်လွှတ် ပါတော့”

သာမာဝတီသည် စိတ်ဓာတ်အားဖြင့် ပျော့ပျောင်းနူးညံ့လာသော မောင်တော်ဥတေနဘုရင်ကို ဗုဒ္ဓဘာသာဝင်ဖြစ်အောင် သိမ်းသွင်းလေ တော့သည်။

“မောင်တော်–အားကိုးစရာ အစစ်အမှန်ဟာ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးသာလျှင် ဖြစ်ပါတယ်။ ရတနာသုံးပါးကိုသာ

အသက်ထက်ဆုံး ကိုးကွယ်ပါ”

သာမာဝတီ၏ ဆွဲဆောင်မှုကြောင့် ဥတေနဘုရင် ဗုဒ္ဓဘာသာဝင် ဖြစ်ပြီးနောက်ဘုရားအမှူးရှိသော သံဃာတော်တို့အား အလှူကြီးပေးလေ၏။ ထိုမှုမက အရှင်အာနန္ဒာကို နန်းတော်သို့ နေ့စဉ်ကြွရောက်၍ တရားဟော ရန် ပင့်လျှောက်လေ၏။ ထိုနေ့မှစ၍ မင်းကြီးသည် အလှူရေစက် လက်နှင့်မကွာ ပြုနေပါတော့သည်။

မာဂဏ္ဍီသည် အမျိုးမျိုးကုန်းတိုက်, ခြေထိုးနေသည့်ကြားမှ မအောင်မြင်ဘဲ သာမာဝတီတို့က အရေးသာနေသည်ကို မနှစ်မြို့ပေ။ ပိုပြီးအခံရခက်သည်မှာ မင်းကြီးကိုယ်တိုင်ကပင် သာမာဝတီတို့ကို အရေးပေးလွန်းနေခြင်းဖြစ်၏။ ထို့ပြင် မိမိမတွေ့ချင်, မမြင်ချင်သော ဘုရားနှင့်တကွ ရဟန်းသံဃာတော်များ နန်းတော်တွင်းသို့ ကြွရောက်နေ ခြင်းပင်။ နောက်ဆုံး၌ ဖြစ်ချင်ရာဖြစ်စေတော့ဟု ဆုံးဖြတ်ချက်ချလိုက် လေတော့သည်။ ယင်းသည်ကား သာမာဝတီတို့အဖွဲ့ကို အဆုံးစီရင်ရန် ဖြစ်၏။

ဥတေနမင်းကြီး တောကစားထွက်သွားချိန် ဖြစ်ပါသည်။

မာဂဏ္ဍီသည် ဦးရီးတော်၏ အကူအညီကိုယူကာ သာမာဝတီတို့ အဆောင်ကို မီးတင်ရှို့လေ၏။ သာမာဝတီနှင့်အတူ အခြွေအရံ မောင်းမ ငါးရာစလုံး သေဆုံးသွားကြလေတော့သတည်း။

ကြောက်ရွံ့ထိတ်လန့်ခြင်း အလျဉ်းမရှိဘဲ သတိလက်ကိုင်ထားကာ ဝေဒနာနုပဿနာ သတိပဋ္ဌာန်တရားကို ရှုမှတ်ပွားများရင်း သေဆုံးသွားကြ သဖြင့် သကဒါဂါမိ, အနာဂါမိများအဖြစ်သို့ ရောက်ရှိသွားကြလေသည်။

**မေတ္တာစံပြ ကံကြမ္မာကမနေ**

မေတ္တာအရာစံပြဖြစ်ခဲ့သော သာမာဝတီမိဖုရားသည် တစ်ခုသော ဘဝက သူပြုခဲ့သော သူ့ကံကြမ္မာကြောင့် မီးလောင်ခံ သေဆုံးသွားရခြင်း ဖြစ်ပေသည်။

တစ်ခုသောဘဝ၌ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါးသည် မြစ်

ကမ်းပါးတစ်ခုမှာ ဖလသမာပတ်ဝင်စားနေစဉ် မီးတင်ရှို့ခဲ့မိသော ရှေးဘဝ ကံကြမ္မာ ရှိခဲ့လေ၏။ ပထမတော့ ရေချိုးပြီး မီးလှုံရန်အတွက် ကောက်ရိုးပုံကို မီးရှို့သည်။ မီးစွဲနေတော့မှ ရဟန်းတစ်ပါးရှိနေကြောင်း သွားတွေ့သည်။ သို့သော် ဆက်၍ပင် မီးရှို့ခဲ့သော ကံကြမ္မာပင်တည်း။

**ကောင်းသောကံကိုသာ ပြုလုပ်နိုင်ကြပါစေ**

'ကမ္မံ သတ္တေ ဝိဘဇတိ' ကံသည် သတ္တဝါတို့ကို စီမံခန့်ခွဲ၏။

(ဥပရိပဏ္ဏာသ၊ စူဠကမ္မဝိဘင်္ဂသုတ်)

သက်ရှိသတ္တဝါအပေါင်းတို့ကို သိမ်းကြုံး၍ မေတ္တာပို့နည်း (သဗ္ဗသင်္ဂါဟကမေတ္တာ)၊ သတ္တဝါအပေါင်းကို နှစ်စု, နှစ်ပုံပြု၍ မေတ္တာပို့နည်း (ဒုကမေတ္တာ)၊ သုံးစု သုံးပုံပြု၍ မေတ္တာပို့နည်း (တိကမေတ္တာပွားနည်း)တို့ကို 'မေတ္တာသုတ်'တွင် ပြဆိုထားပါသည်။ မေတ္တာသုတ်ဖြင့်လည်း မေတ္တာဘာဝနာ ပွားများနိုင်ပါသည်။ မေတ္တာသုတ်သည် လူသိများ၍ အကျယ်မပြတော့ပြီ။

လုံးစုံများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ၊
ဥပါဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ၊
လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ၊
အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ၊
ဆင်းရဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။ ။

(မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ လင်္ကာ)

* * *

## ကံ့ရဲ့ချိုးမွမ်း မလွတ်တမ်း

တရားဟောပြောမှုသည် မလွယ်ပေ။
လူတိုင်းကြိုက်အောင် ဟောပြောဖို့ရာမှာ ပို၍ပင်ခက်၏။
သုံးလောကထွဋ်တင် သဗ္ဗညုတ ဗုဒ္ဓဘုရားရှင်၏ တရားကိုပင်

လူတိုင်းမကြိုက်ခဲ့ပေ။ အတိုက်အခံတွေ ရှိခဲ့သည်။ ရှိနေဆဲလည်း ဖြစ်သည်။ မည်သည့်ခေတ်ပေါ် ပညာရပ်အမျိုးမျိုးတို့ဖြင့် ဘယ်လိုပင် မှတ်ကျောက်တင်တင် အတင်ခံနိုင်သော ဘုရားရှင်၏ တရားတော်မြတ်ဓမ္မကို လက်မခံနိုင်သူများ ရှိပေရာ သာမန်ပုဂ္ဂိုလ်တို့ ဟောပြောသော တရားကို လူ တိုင်းမကြိုက်ခြင်းမှာ အမှန်အားဖြင့် အထူးအဆန်းမဟုတ်ပေ။ သဘာဝလည်း ကျပါ၏။

မည်သို့ဖြစ်စေ မည်သည့်ဓမ္မကထိက ပုဂ္ဂိုလ်ဟောဟော ယူတတ်လျှင်တော့ ရပါသည်။ နာတတ်လျှင် မြတ်ပါသည်။ ပုဂ္ဂိုလ်ကိုမကြည့်ဘဲ 'တရား'ကိုသာ ဓမ္မဓိဋ္ဌာန်ကျကျ နာယူနိုင်ဖို့တော့အရေးကြီး၏။ ခက်သည်မှာ ပုဂ္ဂိုလ်'ခင်'မှ တရား'မင်'နေကြခြင်း ဖြစ်၏။

* * *

## အတုလျဥပါသကာဝတ္ထု

ဗုဒ္ဓဘုရားလက်ထက်တော်က သာဝတ္ထိပြည်မှာ 'အတုလျ'ဟူသော ဥပါသကာတစ်ယောက် ရှိခဲ့၏။ သူ၏နာမည်ကိုက 'အတုလျ'၊ အတုလျ (အတုလ)၏ အဓိပ္ပာယ်မှာ အတုမရှိဟူ၍ဖြစ်ရာ 'မောင်ကူးဆန်း' (သို့ မဟုတ်) မောင်နိုးတူးဟု ခေါ်နိုင်မည်ထင်၏။ သူလိုလူနှစ်ယောက်မရှိသည့် အမျိုးအစားထဲကဖြစ်သည်။

သူ၏နောက်လိုက် ဥပါသကာအဖွဲ့ဝင် ငါးရာပင်ရှိ၏။

တစ်နေ့၌ အတုလျဦးဆောင်သော ဥပါသကာအဖွဲ့သည် ရှားတောနေ ရှင်ရေဝတမထေရ်ထံသို့ တရားနာရန် သွားကြ၏။

ရှင်ရေဝတမထေရ်သည် စကားနည်းသူဖြစ်သည့်အလျောက် တစ်ပါးတည်းသာလျှင် ပျော်မွေ့စွာ နေထိုင်တော်မူ၏။ အတုလျတို့အဖွဲ့ကို ဘာစကားမျှ မပြော၊ ဘာတရားမျှမဟော၊ တုဏှိဘော။ ဝတ်ကျေတန်းကျေ နှုတ်ဆက်စကားလေးပင် မဟာချေ။ ဒီတော့–အတုလျမကြိုက်။ ဒီကိုယ်တော်ကို မကြည်ညို။ နောက်တစ်ပါးပြောင်းမည်။

အတုလျှနှင့်အဖွဲ့သည် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးထံ ရောက်ရှိသွားကြ၏။ မထေရ်မြတ်ကြီးသည် လာခြင်း၏အကြောင်းကို မေးမြန်းရာ တရားနာယူချင်၍ လာရောက်ကြကြောင်း လျှောက်ထားကြ၏။ ထိုအခါ မထေရ်မြတ်ကြီးသည် နက်နဲခက်ခဲလှစွာသော 'အဘိဓမ္မာတရား'ကို ဟောကြားပေးတော်မူ၏။

အရှင်မြတ်ကြီးသည် ဘုရားသခင်မှလွဲလျှင် ပညာအရာ၌ ဧတဒဂ် ဘွဲ့ထူးရရှိသော ပုဂ္ဂိုလ်ပီပီ တရားတော်ကို အဆန်းတကြယ် အကျယ်ချဲ့၍ နက်နဲစွာ ဟောကြားပေးတော်မူလေ၏။ သို့သော် အတုလျှနားမှာမဝင်။ သဘောတရား နက်နဲသောကြောင့်လည်း နားမလည်။ သို့ဖြစ်ရာ အတုလျှ တို့က အရှင်သာရိပုတ္တရာ မထေရ်မြတ်၏ တရားကိုလည်း မကြိုက်ပေ။ မကြိုက်သည့်ပြင် ကဲ့ရဲ့စကားပင် ပြောကြားလိုက်သေးသည်။

"တရားကို ပေါက်ပေါက်ဖောက်သလို တောက်လျှောက်ကြီး ဟောရသလား။ ဘာတွေဟောမှန်းမသိ။ နားလည်တာလည်းမရှိ။ ဒီလို တရားမျိုး မနာတတ်ဘူး"ဆိုပြီး ထွက်ခွာသွားကြပြန်လေ၏။

ယနေ့ခေတ် တရားနာပရိသတ်နှင့်လည်း ထူးမခြားနားပင်။ တချို့ တရားနာတော့သွားကြသည်။ ဘာမျှမမှတ်မိ။ 'တရားကောင်းရဲ့လား' မေးလျှင်တော့ 'ကောင်းလိုက်တာ'ဟု ဖြေ၏။ 'ဘာတွေကောင်းတာလဲ၊ ပြန်ပြောပြစမ်းပါ'ဆိုလျှင် မဖြေတတ်တော့။ ကောင်းတော့ ကောင်းတာပဲ။ ဘာကောင်းမှန်းတော့ မပြောတတ်ဘူး ဖြစ်ကုန်၏။ သို့ဖြစ်နေရာ တရားနာပါ။ တစ်လုံးတစ်ပါဒဖြစ်စေ မှတ်မိအောင်မှတ်ပါ။ ယူတတ်အောင် ယူပါဟု တိုက်တွန်းလိုပေသည်။

ဟော အခုကြည့်။ အတုလျှဥပါသကာကြီး အရှင်သာရိပုတ္တရာ၏ တရားကို သဘောမကျတော့ အရှင်အာနန္ဒာထံ ရောက်သွားပြန်ပြီ။

အရှင်အာနန္ဒာသည် အတုလျှ သဘောပေါက်နိုင်လောက်သည့် တရားကိုရှင်းရှင်းလင်းလင်းဟောကြားပေး၏။ ခက်ခဲနက်နဲသော အဘိဓမ္မာ တရားသဘောများကို မဟောပေ။ လွယ်ကူသောတရားကို မှတ်ရန်လွယ်ကူ သော အရပ်စကားဖြင့် ခွဲခွဲခြားခြား ဟောကြားပေးတော်မူပါ၏။

သို့သော်-အရှင်အာနန္ဒာ၏ တရားကို အတုလျတို့အဖွဲ့ ကြိုက်သလားဆိုတော့ မကြိုက်ကြပြန်ပေ။ 'ဒီလောက်လွယ်လွန်းတဲ့ တရားကို ဟောရသလား။ လူတိုင်းသိတယ်"ဆိုပြီး ကဲ့ရဲ့ကြပြန်လေ၏။ သူတို့ကြိုက်တဲ့တရားပဲ မရှိနိုင်တော့ပေ။ တရားရွေးလွန်းသူများ သတိထားသင့်သည်။ သင်ခန်းစာယူသင့်သည်။

* * *

နောက်ဆုံး၌ အတုလျတို့အဖွဲ့သည် ဗုဒ္ဓဘုရားထံမှောက်သို့ ရောက်ရှိသွားကြလေ၏။ အတုလျက ဗုဒ္ဓဘုရားကို လျှောက်ထားလိုက်၏။

"တပည့်တော်တို့ တရားနာချင်လို့သွားကြပါတယ်ဘုရား။ ပထမကိုယ်တော် (ရှင်ရေဝတ)က ဘာတစ်လုံးမျှ မဟောလိုက်ဘူး။ အဲဒီကိုယ်တော် စကားမပြောတတ်ရဲ့လား မသိဘူး။ အ,အကျနေတာပဲ။

ဒုတိယကိုယ်တော် (အရှင်သာရိပုတ္တရာ)ဆီ ရောက်သွားတော့လည်း ဒီကိုယ်တော်ကျတော့ ဟောလိုက်တဲ့တရား၊ ပြောလိုက်တဲ့စကား၊ ပေါက်ပေါက်ဖောက်နေတဲ့အတိုင်းပဲ။ စကားကလည်းများပြား၊ တရားကလည်း ရှည်လျား၊ နားကလည်းမလည်၊ ဘာတွေဟောမှန်းလည်းမသိ။ ခက်လိုက်ပါဘိတော့ဘုရား။

တတိယကိုယ်တော် (အရှင်အာနန္ဒာ)ကျတော့လည်း ဟောတော့ ဟောပါရဲ့၊ နားလည်းလည်ပါရဲ့။ ဒါပေမယ့် လူတိုင်းသိနေတဲ့ အလွယ်ဆုံးတရားတွေ ဖြစ်နေတယ်။ အလွယ်ဆုံးတရားကို အလွယ်ဆုံးစကားနဲ့ ပြောပြန်တော့ တပည့်တော်မကြိုက်ဘူး။ ဒါ့ကြောင့် မြတ်စွာဘုရားထံမှောက် အရောက်လာခဲ့ပြီး ဒီအကြောင်းကို လျှောက်ထားအပ်ပါတယ်ဘုရား"

ထိုအခါ ဗုဒ္ဓဘုရားက အောက်ပါဒေသနာတော်များဖြင့် အတုလျတို့ ဥပါသကာငါးရာအဖွဲ့အား ဟောကြားပေးတော်မူလေ၏။ တရားတော်အဆုံး၌ အတုလျနှင့်တကွ ဥပါသကာငါးရာစလုံး သောတာပန် ဖြစ်သွားကြလေသတည်း။

**ကဲ့ရဲ့လွတ်သူမရှိ**

ပေါရာဏမေတံ အတုလ၊ နေတံအဇ္ဇတနမိဝ။
နိန္ဒန္တိ တုဏှိမာသိနံ။ နိန္ဒန္တိ ဗဟုဘာဏိနံ။
မိတဘာဏိမ္ပိ နိန္ဒန္တိ၊ နတ္ထိလောကေ အနိန္ဒိတော။

(ဓမ္မပဒ၊ ဂါထာ-၂၂၆)

အတုလ=အတုလအမည်ရှိသော ဥပါသကာ၊ ဧတံ= ဤကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်းသည်၊ ပေါရာဏံ=ရှေးရိုးစဉ်လာ ဓမ္မတာပါတည်း။ ဧတံ=ဤသို့ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်းသည်၊ အဇ္ဇတနမိဝ=ယနေ့ ယခုကျမှ ဖြစ်ပေါ်လာသကဲ့သို့၊ နဟောတိ=မဟုတ်ပေ။ တုဏှိမာသိနံပိ= ရှင်ရေဝတ မထေရ်ကဲ့သို့ ဘာစကားမျှ မပြောကြားဘဲ တောကျောင်းမှာပင် အေးအေး ဆေးဆေးနေသော ပုဂ္ဂိုလ်ကိုလည်း၊ နိန္ဒန္တိ=အ,အအဖျင်းကဲ့သို့ စကား မပြောရကောင်းလားဟူ၍ ကဲ့ရဲ့ကြကုန်၏။

ဗဟုဘာဏိနံပိ=အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကဲ့သို့ လေခတ်သော ထန်းရွက်ကဲ့သို့ တဖျတ်ဖျတ်၊ ပေါက်ပေါက်ဖောက်သကဲ့သို့ တဖျောက်ဖျောက်နေအောင် နက်နဲခက်ခဲသော အဘိဓမ္မာတရားများကို များပြားစွာ ဟောကြားသော ပုဂ္ဂိုလ်ကိုလည်း နိန္ဒန္တိ = ကဲ့ရဲ့ပြစ်တင်ကြကုန်၏။

မိတဘာဏိမ္ပိ=နှိုင်းနှိုင်းချိန်ချိန်ဖြင့် နည်းနည်းပါးပါး တရားစကားကို ဟောကြားပေးသော အရှင်အာနန္ဒာကိုလည်း နိန္ဒန္တိ=စကားကို ရွှေပမာ တန်ဖိုးထား၍ နည်းနည်းပါးပါးသာ ဟောကြားရကောင်းလားဟူ၍ ကဲ့ရဲ့ရှုတ်ချ ကုန်၏။

လောကေ = လောကကြီး၌၊ အနိန္ဒိတော = အကဲ့ရဲ့လွတ်သောသူ မည်သည်၊ နတ္ထိ=မှန်စွာမသေချ မရှိနိုင်ပါပေတော့သတည်း။

**ဘယ်တော့မှ မရှိနိုင်သောအရာ**

နစာဟု နစာဘဝိဿတိ၊ န စေတရဟိ ဝိဇ္ဇတိ။

ဧကန္တံ နိန္ဒိတော ပေါသော၊ ဧကန္တံ ဝါ ပသံသိတော။

(ဓမ္မပဒ၊ ဂါထာ-၂၂၇)

ဧကန္တံ=စင်စစ်အားဖြင့် (ဝါ) တစ်ဖက်သတ်အားဖြင့်၊ နိန္ဒိတော =ကဲ့ရဲ့အပ်သော၊ ပေါသောဝါ=ပုဂ္ဂိုလ်တစ်စုံတစ်ယောက်သည်လည်း ကောင်း၊ ဧကန္တံ=စင်စစ်အားဖြင့် (ဝါ) တစ်ဖက်စွန်းအားဖြင့်၊ ပသံသိတော =ချီးမွမ်းချည်းသာ ခံနေရသော၊ ပေါသောဝါ=ပုဂ္ဂိုလ်တစ်စုံတစ်ယောက် သည် လည်းကောင်း၊ နစာဟု=ရှေးယခင်တုန်းကလည်း မရှိခဲ့စဖူး။ နစဘဝိဿတိ=နောင်အနာဂတ်၌လည်း မရှိလတ္တံ့၊ ဧတရဟိစ=ယခု ပစ္စုပ္ပန်ကာလ၌လည်း၊ နဝိဇ္ဇတိ = မှန်စွာမသွေ မရှိနိုင်ပါပေတော့ သတည်း။

(အနက်အတိုင်း အဓိပ္ပာယ် သိသာပြီ။ အကျယ်ချဲ့ထွင်၍ ဟောကြားလေ)

* * *

# အခန်း(၃)

## ရှင်ပြုရဟန်းခံတရား

ယနေ့…လမ်း၊ အမှတ်…နေ အလှူ့ဒါယကာ…အလှူ့ဒါယိကာမ… တို့က မိမိတို့၏ သားရတနာ၊ မြေးရတနာ၊ မြစ်ရတနာများကို ဘုရား ဘဂဝါ၏ သာသနာတော်တွင်းသို့ ရှင်သာမဏေအဖြစ်, ရဟန်းအဖြစ်ဖြင့် သွတ်သွင်းချီးမြှင့်ကြသော သာသနာ့နဂ္ဂဟ, သာသနာ့အမွေခံပွဲ ဖြစ်ပါ သည်။

အမွေ(၂)မျိုး– (၁) လောကီအမွေ (၂) လောကုတ္တရာအမွေဟူ၍ (၂)မျိုးရှိရာ လောကီအမွေသည် ပစ္စည်းဥစ္စာဓနများဖြစ်သည်။ လောကုတ္တရာ အမွေကား တရားဓမ္မအမွေ ဖြစ်သည်။ သာသနာ့အမွေဖြစ်သည်။

လောကီအမွေသည် ရန်သူမျိုးငါးပါးနှင့် ဆက်ဆံနေ၏၊ အန္တရာယ် လည်းများ၏၊

ကောကုတ္တရာအမွေကား နိုင်မြဲ၏၊ အန္တရာယ်ကင်း၏၊ သံသရာအတွက် စိတ်ချရ၏၊

လောကီအမွေ ဥစ္စာဓနတို့သည် အမွေမဟုတ်ဘဲ 'အမွှေ' ဖြစ် တတ်သည်။ အမွေကိစ္စနှင့်ပတ်သက်ပြီး ရုံးတကာရောက်ကာ အမှုပွေ

တတ်ကြသည်။ မိသားစု စိတ်ဝမ်းကွဲတတ်ကြသည်။ ဆရာတပည့် မသင့်မမြတ် ဖြစ်တတ်ကြသည်မှာ 'အမွေ'များကြောင့် ဖြစ်သည်။

**သာသနာ့အမွေဟူသည်–**

'သာသန ဒါယာဒေါတိ သာသနဿ အဗ္ဘန္တရော ဉာတကော'

ဟုဆိုထားပေရာ 'သာသနာအမွေခံဟူသည် သာသနာတော်၏ အတွင်းသားဖြစ်၏။ သာသနာတော်၏ ဆွေမျိုးဖြစ်၏။

'ဒါယံ အာဒဒါတီတိ ဒါယာဒေါ'

အမွေကို ခံယူတတ်သောကြောင့် 'ဒါယာဒ' (အမွေခံ)မည်၏။

'သာသနဿ ဒါယာဒေါတိ သာသနဒါယာဒေါ'

သာသနာ၏ အမွေကို ခံတတ်သောကြောင့် 'သာသနဒါယာဒ' (သာသနာ့အမွေခံ)မည်၏။

**ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ**

သာဂါရာ အနာဂါရာစ၊ ဥဘော အညောညနိဿိတာ။

အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမံ အနုတ္တရံ။

သာဂါရာစ = အိမ်ရာတည်ထောင် လူ့ဘောင်နေကြသော၊ ဒါယကာ, ဒါယိကာမများတို့သည်လည်းကောင်း၊ အနာဂါရာစ = အိမ်ရာမထောင် သာသနာ့ဘောင်နေကြသော ဘုရားသားတော် ရဟန်း, သံဃာတော်တို့သည် လည်း ကောင်း၊ ဥဘော=ဆရာ, ဒကာ ရေနှင့်ကြာသို့ မေတ္တာမပြား နှစ်ဦးသားတို့ သည်၊ အညောညနိဿိတာ=ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီသို့ ပုံညီမယွင်း အချင်းချင်း အမှီရကြကုန်သည်ဖြစ်၍ (ဝါ) အမှီကိုရရှိကြမှ သာလျှင်၊ အနုတ္တရံ=အတုမရှိ လွန်ကဲမွန်မြတ်သော၊ ယောဂက္ခေမံ= ယောဂလေးဖြာ ကုန်ခန်းသဖြင့် အေးငြိမ်းချမ်းသာရာဖြစ်သော၊ သဒ္ဓမ္မံ =ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓတည်းဟူသော သဒ္ဓမ္မသုံးဖြာ သာသနာတော် မြတ်ကြီးကို၊ အာရာဓယန္တိ=အရဟတ္တဖိုလ်ပေါက် အပြီးရောက်အောင် ချီးမြောက်စောင့်ရှောက်နိုင်ကြ ပါစေကုန်သတည်း။

ဆရာသည် သာသနာ့ဝန်ထမ်း ရဟန်းတော်များဖြစ်၏။

ဒကာသည် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးဖြာဖြင့် ထောက်ပံ့လှူဒါန်းနေကြသော ဗုဒ္ဓဘာသာဝင် သူတော်စင် ဒါယကာ, ဒါယိကာမများ ဖြစ်၏။

ဆရာနှင့် ဒကာသည် ရေနှင့်ကြာကဲ့သို့လည်း ဖြစ်၏။ ကျွန်းနှင့် ကိုင်း ကဲ့သို့လည်း ဖြစ်၏။ ကြာသည် ရေကိုအမှီပြုရသလို ရေသည်လည်း ကြာရှိမှ တင့်တယ်၏။ ကိုင်းသည် ကျွန်းကိုမှီ၍ ဖြစ်ရသကဲ့သို့ ကျွန်းသောင်ခုံသည်လည်း ကိုင်းပင်စိုက်ပျိုးပင်များရှိမှ တင့်တယ်၏။

ဒကာက ပစ္စည်းလေးပါး လှူဒါန်းခြင်း၊ ပစ္စယာနုဂ္ဂဟာဖြင့် သာသနာတော်ကို ချီးမြှောက်သည်။ ဆရာက တရားဓမ္မ ဟောကြားပြသဖြင့် စာပေပို့ ချခြင်း၊ စာပေရေးသားခြင်း စသည် ဓမ္မာနုဂ္ဂဟာဖြင့် သာသနာတော်ကို တည်တံ့ပြန့်ပွားအောင် ဆောင်ရွက်သည်။ ဆရာနှင့် ဒကာသည် အချင်းချင်း ကျေးဇူးပြုလျက် ရှိကြ၏။

## ဒုလ္လဘတရား(၅)ပါး

> "အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ။ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ၊ မနုဿတ္တဘာဝေါ ဒုလ္လဘော၊ ဒုလ္လဘာ သဒ္ဓါ သမ္ပတ္တိ၊ ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော သဒ္ဓမ္မဿဝနံ အတိဒုလ္လဘံ။"
>
> (သံယုတ်ပါဠိတော်၊ အဋ္ဌကထာ-၁၊ ၂၂၅)

ဘိက္ခဝေ=ငါ၏ချစ်သား ရဟန်းများတို့၊ အပ္ပမာဒေန= လောကီ အာရုံ အဖုံဖုံလိုက်စား မေ့လျော့ငြားသည့် ပမာဒတရားခွာ၊ မမေ့မလျော့ ခြင်း၊ 'အပ္ပမာဒ'တရားဖြင့်၊ သမ္ပာဒေထ ပြည့်စုံကြကုန်လော့၊ (ဝါ) သီလ, သမာ၊ မြတ်ပညာကို၊ သုံးဖြာသိက္ခ သုံးကိစ္စဖြင့်၊ အဝဝမသွေ၊ ပြည့်စုံနိုင်ကြပါစေ ကုန်သတည်း။

လောကသ္မိံ = လူ့ရွာလူ့ရပ်၊ လူ့လောကဓာတ်ကြီး၌၊ ဗုဒ္ဓုပ္ပါဒေါ ='ဘုရား-ဘုရား'ဟု ကျော်ကြားထင်လင်း၊ ပွင့်ထွန်းရခြင်းသည်၊ ဒုလ္လဘော = ခဲယဉ်းလှပါပေ၏။ မနုဿတ္တဘာဝေါ=ရေးကံမြင့်၍၊ ထောက်ပင့်ကံပါ၊

လူဖြစ်၍ရခြင်းသည်၊ ဒုလ္လဘော=ခဲယဉ်းလှပါပေ၏။ သဒ္ဓါသမ္ပတ္တိ=ရတနာသုံး၀၊ မြတ်သမျှကို၊ တုပ်ကွကြည်ယုံ၊ သဒ္ဓါဟုန်နှင့် ပြည့်စုံရခြင်းသည်၊ ဒုလ္လဘာ=ခဲယဉ်းလှပါပေ၏။ ပဗ္ဗဇ္ဇိတဘာဝေါ=ဆံကေဖြတ်လို့ ဖန်ဝတ်စည်း၍၊ ပိတ်ဆီးအာရုံ၊ လုံးစုံကျစ်လျစ်၊ ရှင်,ရဟန်းဖြစ်ရခြင်းသည်လည်း၊ ဒုလ္လဘော=ခဲယဉ်းလှပါပေ၏။ သဒ္ဓမ္မဿဝနံ=သူတော်သူမြတ်၊ ဟောကြားအပ်သည့် အမြတ်ဓမ္မကံ၊ တရားသံကို နာခံမှတ်သားရခြင်းသည်လည်း၊ အတိဒုလ္လဘံ=အလွန့်အလွန် ခဲယဉ်းလှပါပေတော့သတည်း။

(၁) ဘုရားပွင့်သောကာလနှင့် တွေ့ဆုံရန်ခဲယဉ်းသည်၊
(၂) လူဖြစ်ဖို့ရန် ခဲယဉ်းသည်၊
(၃) 'သဒ္ဓါတရား'နှင့် ပြည့်စုံရန် ခဲယဉ်းသည်၊
(၄) ရှင်ရဟန်းဘဝ ရရှိရန် ခဲယဉ်းသည်၊
(၅) ဗုဒ္ဓဘုရား၏ မှန်ကန်သောတရား (သူတော်ကောင်းတရား) ကို နာကြားရဖို့ရန် ခဲယဉ်းသည်။

* လူဖြစ်ဖို့ရာ၊ လောကမှာ၊ လွန်စွာခဲယဉ်းသည်၊
* ခဲယဉ်းလှစွာ၊ လူဖြစ်လာ၊ သဒ္ဓါရှိသင့်သည်၊
* သဒ္ဓါရှိပြန်၊ ရဟန်းမှန်၊ ပြုရန်ခဲယဉ်းသည်၊
* တရားအမှန်၊ နာဖို့ရန်၊ စေန်ခဲယဉ်းသည်။

**ဘုရားပွင့်သောကမ္ဘာ(၅)မျိုး**

(၁) သာရကမ္ဘာ - ဘုရားတစ်ဆူသာပွင့်သောကမ္ဘာ၊
(၂) မဏ္ဍကမ္ဘာ - ဘုရားနှစ်ဆူပွင့်သောကမ္ဘာ၊
(၃) ဝရကမ္ဘာ - ဘုရားသုံးဆူပွင့်သောကမ္ဘာ၊
(၄) သာရမဏ္ဍကမ္ဘာ - ဘုရားလေးဆူပွင့်သောကမ္ဘာ၊
(၅) ဘဒ္ဒကမ္ဘာ - ဘုရားငါးဆူပွင့်သောကမ္ဘာ၊

ယခု မိမိတို့ရောက်ရှိနေသော ကမ္ဘာသည် ကမ္ဘာငါးဆူပွင့်ထွန်းနိုင်သော 'ဘဒ္ဒကမ္ဘာ' ဖြစ်ပါသည်။ ဘုရားငါးဆူ ပွင့်တော်မူမည့်အနက် ဘုရားလေးဆူကား ပွင့်ထွန်းတော်မူခဲ့ပြီးလေပြီ။

ဘုရားလေးဆူမှာ– (တစ်) ကကုသန် (နှစ်) ကောဏဂုံ (သုံး) ကဿပ (လေး) ဂေါတမမြတ်စွာဘုရားတို့ ဖြစ်သည်။

ယခု မိမိတို့တစ်တွေ ရရှိနေသော သာသနာသည် 'ဂေါတမဗုဒ္ဓဘုရား'၏ သာသနာတော်ဖြစ်သည်။

**ဆောင်ပုဒ်။** ။ * တစ်ဆူသာရ၊ နှစ်မဏ္ဍ၊ ဝရသုံးဆူသာ။

* သာရမဏ္ဍ၊ လေးဆူရ၊ ဘဒ္ဒငါးဆူပါ။

* တစ်ဆူသော်မျှ၊ မပွင့်ကြ၊ သုညကပ်ကမ္ဘာ။

ဘုရားတစ်ဆူသော်မျှ မပွင့်သည့် 'သုညကမ္ဘာ'တွေလည်း အသင်္ချေအနန္တ မရေမတွက်နိုင်အောင် များပြားလှပေ၏။

ဘုရားတစ်ဆူ ပွင့်တော်မူရန် အချိန်ကာလကား အလွန်ရှည်လျားကြာညောင်းလှပေ၏။

ဘဒ္ဒကမ္ဘာတွင် နောက်ဆုံးပွင့်တော်မူမည့် 'မေတ္တေယျဘုရားရှင်' လူတို့အသက် တစ်သိန်းတမ်းတွင် ပွင့်တော်မူမည်ဟု အနာဂတဝင်ကျမ်းများကဆို၏။ မေတ္တေယျဘုရားရှင် လက်ထက်သို့ ရောက်လျှင်ကား လူတို့သည် တစ်ပြေးညီဖြစ်သည်။ ယောကျ်ား၊ မိန်းမအားလုံး လူချောလူလှတွေချည်းဖြစ်မည်။ အနာရောဂါ ကင်းရှင်းမည်။ ယောကျ်ားသည် အသက်(၂၀)အရွယ်၊ မိန်းမသည်(၁၆)နှစ်အရွယ် အရွယ်မကျဘဲ အမြဲတမ်းနုပျိုနေကြမည် စသည်ဖြင့် အားကျစရာတွေ များလှပေသည်။

သို့သော်–ထိုမေတ္တေယျဘုရား ပွင့်တော်မူမည့် အချိန်ကာလကိုမှန်းဆကြည့်လျှင်ကား ရင်လေးစရာ ရှည်ဝေးလှစွာ၏။ လူတို့အသက် (၁၀) နှစ်တမ်းအထိ ဆုတ်ယုတ်ဦးမည်။ ဆယ်နှစ်တမ်းခေတ်တွင် ဒုစရိုက်များ မိုးမွှန်အောင် များပြားမည်။

'ဒသဝဿါယုကေသု ဘိက္ခဝေ မနုဿေသု ပဉ္စဝဿိကာ ကုမာရိကာ အလံ ပတေယျာ ဘဝိဿန္တိ'

(သုတ်ပါထေယျ၊ စက္ကဝတ္တိသုတ်)

အဓိပ္ပာယ်=လူတို့အသက် ဆယ်နှစ်တမ်းခေတ်တွင် အသက်ငါးနှစ်

အရွယ် အမျိုးသမီးငယ်သည် လင်ယူသားမွေးမှုကို ပြုကြလိမ့်မည်-ဆိုပါ၏။ ၇၅-နှစ်တမ်းဟု သတ်မှတ်ထားကြသော ဒီကနေ့ခေတ်မှာပင် ဆယ်နှစ်တမ်း ကာလ ၏ အရိပ်အရောင်များကို မြင်တွေ့နေရပြီဖြစ်၏။

ထိုဆယ်နှစ်တမ်းမှ အသင်္ချေယျတမ်းအထိ တက်မည်။ ဆုတ်ကပ်၊ တက်ကပ်တစ်စုံ၊ ဘုရားမပွင့်သေး။ လူတို့၏ သက်တမ်း မြင့်တက်နေသော သက်တမ်းရှည်ကာလမျိုးတွင် ဘယ်တော့မှ ဘုရားပွင့်လေ့မရှိပေ။ သက်တမ်းရှည်လျားသဖြင့် အို-နာ-သေတရားကို သူတို့ နားမလည်နိုင်ကြပေ။ သက်တမ်းတိုလွန်းသော ကာလမျိုးတွင်လည်း ဘယ်သောအခါမျှ ဘုရားပွင့်ပေါ်ရိုး ထုံးစံမရှိချေ။ ဒုစရိုက်တရားတွေ မိုးမွှန်နေသဖြင့် ဖြစ်ချင်တိုင်းဖြစ်ကာ ထင်ရာစိုင်းနေကြသဖြင့် တရားမရှိ ဖြစ်နေကြသည်။

အသင်္ချေတမ်းမှ ဆုတ်ယုတ်လာသော လူတို့သက်တမ်း တစ်သိန်းတမ်း ကာလတွင် မေတ္တေယျဘုရားရှင် ပွင့်ထွန်းတော်မူလာမည်-ဟု ဆိုလေ၏။ တွက်ကြည့်ပါက ရင်လေးစရာဖြစ်၏။ သို့ဖြစ်ပေရာ ကာလရှည်လျား မပွင့် သေးသောဘုရားကို မျှော်လင့်စောင့်စားပြီး အချိန်ကုန်မခံကြဘဲ မျက်မှောက်ဘဝ ရရှိနေသော လူ့အခွင့်အရေးကိုသာလျှင် အရေးထားပြီး ကြိုးစားကြဖို့သာ ဖြစ်ပါသည်။

ဗုဒ္ဓဘုရားရှင်ကလည်း မဟာပရိနိဗ္ဗာနသုတ်တွင်-

"ဣမေစ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊ အသုညော လောကော အရဟန္တေဟိ အဿ…"စသည်ဖြင့် ဟောတော်မူထားပါ၏။

ဤလောက၌ ရဟန်းစသော သူတော်ကောင်းတို့သည် ဖြောင့်မတ်မှန်ကန်စွာ ဖွဲ့သန်သန်ဖြင့် ကြိုးစားအားထုတ်ကြသည်ရှိသော် လောကကြီးသည် ရဟန္တာမဆိတ်သုဉ်းနိုင်ချေ-ဟူ၍ အတိအလင်း ဟောကြားတော်မူထားပေ၏။ မိမိတို့အတွက် အားတက်စရာပင် ဖြစ်ပါ၏။ ထို့ကြောင့် မိမိတို့သည် သက် တော်ထင်ရှား ဗုဒ္ဓဘုရားနှင့် မတွေ့မဆုံလိုက်ရသော်လည်း ဗုဒ္ဓဘုရားဟောကြား ပြသထားတော်မူခဲ့သော 'တရားတော်'နှင့် တွေ့ကြုံနေပါသည်။ တရားဓမ္မများ တိတိကျကျ မှန်မှန်ကန်ကန် ရှိနေပါသည်။

မြန်မြန်ဆန်ဆန် အားထုတ်ကြဖို့သာ အရေးကြီးပါ၏။

ဆိုလိုသည်မှာ–ဘုရားနှင့် မတွေ့သော်လည်း 'တရား'နှင့်တွေ့နေရပြီ။ တွေ့ဖို့အရေးကြီးသည်။

'ယော ဓမ္မံပဿတိ၊ သော မံ ပဿတိ'

အကြင်သူသည် တရားကိုမြင်၏၊ ထိုသူသည် ငါဘုရားကိုမြင်၏'ဟူ၍ ဝက္ကလိရဟန်းကို ဟောကြားခဲ့သော ဒေသနာတွင် ပါရှိ၏။

သို့ဖြစ်ရာ တရားနှင့်တွေ့ဖို့ အထူးအရေးကြီးပါသတည်း။

ဗုဒ္ဓဘုရားဟောကြားချမှတ်တော်မူခဲ့သည့် တရားဓမ္မလမ်းစဉ်အတိုင်း သင်အံဖို့ချ၊ ရေးသားကြိုးကုတ် တရားအားထုတ်တော်မူနေကြသော ဘုရားသားတော် သံဃာတော်အရှင်မြတ်များလည်း အထင်အရှားရှိနေပေ၏။

တရားကို သံဃာတော်များက ထိန်းသိမ်းထားသည်၊ စောင့်ရှောက်ထားသည်။ တည်တံ့အောင်၊ ပြန့်ပွားအောင် ကြိုးစားဆောင်ရွက်တော်မူလျက် ရှိကြသည်။ သို့ဖြစ်ရာ အရိယာသံဃာတော် အရှင်မြတ်များနှင့်တကွ သမုတိ ထေရ်သံဃာတော်များ၏ ကျေးဇူးတရားကား ကြီးမားလှပါဘိ။ ကျေးဇူးသိတတ်သူများအဖို့ ကျေးဇူးဆပ်ဖို့ အလွန်ကောင်း၏။

သံဃာတော်ကို ပူဇော်ခြင်းသည်ပင် တရားကို ပူဇော်ခြင်းမည်၏။ တရားပူဇော်ခြင်းသည်ပင် ဘုရားကို ကျေးဇူးဆပ်သည်မည်ပေ၏။

* * *

**မနုဿတ္တဘာဝေါ ဒုလ္လဘော**

လူ့ဘဝသည် ရခဲ၏။

မြန်မာ့လူဦးရေ၊ ကမ္ဘာ့လူဦးရေ များပြားနေသဖြင့် လူအဖြစ်ရလွယ်သည်ဟု မထင်ပါနှင့်။ မြန်မာ့လူဦးရေ (၄၅)သန်းခန့်၊ ကမ္ဘာ့လူဦးရေ သန်းပေါင်း ၅၀၀၀–ကျော်။ လူစာရင်းကောက်၍ရ၏။ သက်ရှိတိရစ္ဆာန် သတ္တဝါများ၏စာရင်း ကောက်၍မရနိုင်။ တစ်ခြားမကြည့်ပါနှင့်ဦး။ မိမိတို့ ရရှိထားသော အသီးသီးသော ခန္ဓာကိုယ်တွေမှာကြည့်ပါ။ ပိုးမျိုး

က (၈၀)ရှိသည်။ လူကတစ်ယောက်တည်း။ အိမ်တစ်အိမ်မှာ လူ(၁၀) ယောက်ဆိုလျှင် များလှပြီ။ ထိုအိမ်မှာ ရှိကြသော ခြင်၊ ယင်၊ သန်း၊ ပရွက်ဆိတ်၊ ကြမ်းပိုး၊ ပိုးလောက်လန်း၊ အိမ်မြှောင်၊ ပိုးဟပ်၊ ကြွက် စတာတွေ တွက်ရေကြည့်ဖမ်းပါ။ မောသွားနိုင်သည်။ သို့ဆိုလျှင် လူက များသလား၊ တိရစ္ဆာန်တွေက များသလား ဆိုတာ ကွဲပြားစွာ သိနိုင်ပါပြီ။ လူအဖြစ်ရရှိရန် ခဲယဉ်းသလား၊ လွယ်ကူသလား ဆိုတာ စဉ်းစားကြည့် သိနိုင်လောက်ပါပြီ။ ဤကား လူအဖြစ်ရခဲပုံနှင့် ပတ်သက်၍ မျက်မြင်ဘဝကို လက်တွေ့ကျကျ သုံးသပ်ကြည့်ခြင်းပေတည်း။ ဆက်လက်၍ ကျမ်းဂန်လာ အဆိုအမိန့်အချို့ကိုကြည့်ပါ။

လူပြန်ဖြစ်သူနည်းပါး၏

"ဧဝမေဝ ခေါ အပ္ပကာ ယေ မနုဿေယု ပစ္စာဇာယန္တိ အထခေါ ဧတေ ယေဝ ဗဟုတရာ သတ္တာ၊ ယေ အညတြ မနုဿေဟိပစ္စာဇာ ယန္တိ။"

(နိဒါနဝဂ္ဂသံယုတ်ပါဠိ-၄၅၄)

အဓိပ္ပာယ်ကား-လူ့ဘဝမှ စုတေသေလွန်ပြီးနောက် လူ့ဘဝ ပြန်ရောက်သူကား ရှားပါးလှပေ၏။ လူ့ဘုံမှတစ်ပါး၊ အပါယ်ဘုံသို့ ရောက်ရှိသွားကြသူတွေသာ များပြားလှပေ၏။

## နခသိခသုတ် (ကောက်နုတ်ချက်)

နခသိခ သုတ္တန်၌လည်း - ဗုဒ္ဓဘုရားက လက်သည်းဖျားပေါ်မှာ မြေမှုန့်ကိုတင်လိုက်ပြီး အရှင်အာနန္ဒာအား မေးမြန်းလိုက်၏။ "အရှင် အာနန္ဒာ-ငါ့လက်သည်းဖျားပေါ်မှာ တင်ကျန်နေခဲ့သော မြေမှုန့်နှင့် မဟာပထဝီမြေကြီး ပေါ်သို့ ကျရောက်သွားသောမြေမှုန့် ဘယ်သင်းက ပို၍များသနည်း"ဟု မေးတော်မူရာ အရှင်အာနန္ဒာက-

"ဘုန်းတော်ကြီးမား အရှင်ဘုရား-မြေကြီးပေါ်သို့ ကျရောက်သွား သော မြေမှုန့်က များပါသည်ဘုရား"ဟု ဖြေဆိုလျှောက်ထားလိုက်လေ၏။

ထိုအခါ ဗုဒ္ဓဘုရားက ဆက်လက်၍
"အဲဒီကဲ့သို့ပင် လူပြန်ဖြစ်သူက နည်းပါးပြီး၊ အပါယ်လားသူက များပြားလှပေ၏ အာနန္ဒာ–" ဟူ၍ ဟောကြားတော်မူလိုက်လေ၏။

## ကာဏကစ္ဆပသုတ် (ကောက်နုတ်ချက်)

ကာဏဂစ္ဆပသုတ်၌လည်း–သမုဒ္ဒရာထဲမှာ လိပ်ကဏ်းကြီး တစ်ကောင်ရှိ၏။ ထိုလိပ်ကဏ်းကြီးသည် နှစ်ပေါင်း တစ်ရာကြာမှ ရေပြင်ပေါ်သို့ တစ်ခါပေါ်၏။ ထိုသမုဒ္ဒရာထဲ၌ အပေါက်တစ်ပေါက်သာရှိသော ထမ်းပိုးကြီး တစ်ချောင်းကလည်း မျောချင်ရာသို့ ဆန်လိုက် စုန်လိုက် မျောပါနေလေ၏။

ထိုလိပ်ကဏ်းနှင့် ထိုထမ်းပိုးကြီး တစ်ချောင်းတို့ တွေ့ဆုံချင် တွေ့ဆုံမည်။ ထမ်းပိုးကြီး အပေါက်ထဲသို့ လိပ်ခေါင်းစွပ်ချင် စွပ်မိမည်။ လူဖြစ်ဖို့ရာကား သည့်ထက်ပင် ခက်ခဲသေးသည်ဆို၏။

ထို့ပြင်–ဗြဟ္မာပြည်မှ ကျဆင်းလာသော အပ်တစ်စင်းနှင့် လူ့ပြည်မှာ ထောင်ထားသော အပ်တစ်စင်းတို့ အချင်းချင်း ထိချင် ထိမိမည်။ လူ့ဘဝ ရရှိရေးသည်ကား သည်ထက်ပင် ခက်ခဲသေးသည်ဟု ဆိုကြလေရာ လူ့ဘဝ ရခဲကြောင်း စာလာပေလာ အထောက်အထား တစ်ချို့ကို ဖော်ပြခြင်း ဖြစ်ပါသည်။

**(၃) သဒ္ဓါတရားနှင့် ပြည့်ဝဖို့ရန် ခက်ခဲသည်။**

လူတိုင်း'သဒ္ဓါတရား' မရှိပေ။ ရှိသောသဒ္ဓါတရားသည်လည်း မခိုင်မြဲ တတ်ပေ။ ပုထုဇဉ်လူသားတို့၏ သဒ္ဓါတရားကား ပျက်လွယ်၏။ သောတာပန် ဖြစ်မှသာလျှင် သဒ္ဓါတရား ခိုင်မြဲ၏။

သဒ္ဓါတရားဟူသည်–

'သဒ္ဒဟန လက္ခဏာ သဒ္ဓါ' ရတနာသုံးတန်၊ ကံ,ကံ၏အကျိုးကို ယုံကြည်ခြင်းလက္ခဏာရှိ၏။

'ပက္ခန္ဒန ရသာ' သံသရာမှ ကူးမြောက်ခြင်း (ထွက်မြောက်ခြင်း) ရသ ရှိ၏။

'အာကာလုသိယ ပစ္စုပဋ္ဌာနာ' မတွန့်တိုခြင်းလျှင် ထင်ရှားသော အကြောင်းရင်းရှိ၏။

'သဒ္ဓေယျဝတ္ထု ပဒဋ္ဌာနာ'–ကြည်ညိုဖွယ်ဖြစ်သော ရတနာ သုံးပါးသည် အခြေခံအကြောင်းဖြစ်၏။

## သဒ္ဓါတရားကို ရဟန္တာအာမ မခံနိုင်

တစ်ခါသော်– အရှင်မောဂ္ဂလန် မထေမြတ်ကြီး၏ ဒကာကြီး တစ်ယောက်သည် ဘုရားရှင်နှင့်တကွ ရဟန်းသံဃာတော်များကို ဆွမ်းကပ်လှူရန် သဒ္ဓါတရားဖြစ်ပေါ်၏ သူ၏ဆရာ အရှင်မောဂ္ဂလန်ကို ဗုဒ္ဓဘုရားအား ပင့်လျှောက်ထားရန် တောင်းပန်၏။ ထိုအချိန်၌ ရှင်သိဝလိမယ်တော် သုပ္ပဝါသာသည် ဘုရားရှင်နှင့်တကွ သံဃာတော်များကို ဆွမ်းလုပ်ကျွေးရန် ပင့်လျှောက်ထားပြီး ဖြစ်နေ၏။

အရှင်မြတ်၏ ဒကာကြီးအတွက် ဆွမ်းကပ်ခွင့်မသာဘဲဖြစ်နေသည်။ ထိုအခါ ဒကာကြီးက သူ၏ဆရာ အရှင်မဟာ မောဂ္ဂလန် မထေရ်မြတ်ကြီးကို 'သူ၏ သဒ္ဓါတရားကို အာမခံနိုင်ပါမည်လား' ဟု မေးလျှောက်လေသည်။

အရှင်မြတ်ကြီးသည် အဘိညာဉ်ဖြင့်ဆင်ခြင်၍ ကြည့်တော်မူရာ ဒကာကြီး၏ အသက် (၁၂၀) ရှည်မည်ဖြစ်၍ 'အသက်ကို အာမခံနိုင်သည်။ 'စည်းစိမ်ဥစ္စာ'။ ဒကာကြီး၏ စည်းစိမ်ဥစ္စာသည်လည်း မပျက်စီးနိုင် 'သဒ္ဓါတရား' မပျက်စေရန်ကိုတော့ အရှင်မြတ်ကြီး အာမ,မခံနိုင်တော့ပေ။ ဤကဲ့သို့ပင် ပုထုဇဉ်တို့၏ သဒ္ဓါတရားသည်ပျက်လွယ်သည်။ ယခု သဒ္ဓါတရား ဖြစ်သော်လည်း နက်ဖြန်,သန်ဘက် ပျက်သွားနိုင်၏။

* "ထင်ရှားကျော်ဟိုး၊ ဘိညာဉ်စိုးသား၊ တန်ခိုးကြီးစွာ၊
ရဟန္တာလည်း၊ ဥစ္စာ,အသက်၊ နှစ်ပါးတွက်ကို၊ မပျက်စီးရာ၊
ဝန်ခံစွာလျက်၊ သဒ္ဓါဟူငြား၊ ဤတရားမူ၊ ဖောက်ပြားယွင်းသွေ၊
မချွေဖိသိမ်း၊ ပျက်လွယ်စွမ်းကြောင့်၊ ခံထမ်း၊ ပိုင်ပိုင်မပြုနိုင်ဘူး။"

(မဃဒေဝလင်္ကာ–၂၈၅)

(၄) ရှင်ရဟန်းဖြစ်ရခြင်းသည် ရခဲ၏

နိက္ခမပါရမီ အဝင်အပါဖြစ်သော အိမ်ရာထောင်မှုကို စွန့်ရှောင်၍ သာသနာ့ဘောင်သို့ ဝင်ရောက်ကာ ရှင်ပြုခြင်း, ရဟန်းပြုခြင်းသည် မလွယ်ကူ ပေ။

ထေရဝါဒ ဗုဒ္ဓဘာသာ အနိုင်အမာ အကျယ်အပြန့် ထွန်းကားတည်ရှိ နေသော မိမိတို့ မြန်မာနိုင်ငံမှာပင် ရဟန်းသံဃာ (ရှင်သာမဏေများ အပါအဝင်) သုံးသိန်းကျော်ကျော်သာ ရှိကြောင်း သိရသည်။ နိုင်ငံတော်၏ လူဦးရေနှင့် ထောက်ရှုမျှော်လျှင် အလွန်ပင် နည်းပါးသော အင်အားစုသာ ဖြစ်၏။ မြန်မာ့လူဦးရေ (၄၅)သန်းခန့်ရှိကြောင်း သိရပေရာ လူ(၄၅၀)မှာမှ ရဟန်းသံဃာ (၃)ပါးနှုန်းမျှသာ ရှိပေသည်။ ဤအချိုးဖြင့် ရဟန်းဖြစ်ခွင့်, ရှင်ပြုခွင့် ခဲယဉ်းကြောင်း သိသာပေသည်။ ထို့ကြောင့်ပင် 'ဒုလ္လဘ ရှင်ပြု၊ ဒုလ္လဘရဟန်းခံ'ဟူ၍ ခေါ်ဆိုနေကြခြင်းဖြစ်၏။

ဗုဒ္ဓဘုရားကိုယ်တော်တိုင်ပင်လျှင် ပါရမီဖြည့်စဉ်ကာလအတွင်း၌ ရဟန်းဘဝကို (၉)ကြိမ်သာ ရရှိခဲ့ကြောင်း သိရပါသည်။

ရှင်, ရဟန်းများ ထိန်းသိမ်းစောင့်ရှောက်ရသော သိက္ခာပုဒ်များ မှာလည်း မနည်းလှပေ။ ရှင်သာမဏေများလည်း သိက္ခာပုဒ် (၁၀)ပါး၊ လိင်(၁၀)ပါး၊ ဒဏ်(၁၀)ပါး၊ စုဒ္ဒသခန္ဓကဝတ် (၁၄)ပါး၊ သေခိယ (၇၅)ပါး-ပေါင်းသော် (၁၁၉)ပါးအထိ ထိန်းသိမ်းရပေသည်။

ရဟန်းတော်များသည်ကား (၂၂၇)သွယ်သော သိက္ခာပုဒ်များကို ထိန်းသိမ်းစောင့်ရှောက် ရပါသည်။ အကျယ်ပွားပါက ကုဋေကိုးထောင် ကျော်ပင် ရှိ၏။ (ကုဋေကိုးထောင်တစ်ရာ့ရှစ်ဆယ့်ငါးသန်းသုံးသောင်း ခြောက်ထောင်) ဤသို့ သီလ, သမာဓိ, ပညာသိက္ခာ သုံးရပ် သာလွန် မြင့်မြတ်သောကြောင့် လူသာမန်တို့က ရှင်, ရဟန်းတို့ကို လေးမြတ် ကော်ရော် ပူဇော်ခြင်းအမှုကို ပြုရခြင်းဖြစ်ပေ၏။

**(၅) မှန်ကန်သော သူတော်ကောင်းတရားကို နာကြားရခြင်းသည်လည်း အလွန်ခဲယဉ်း၏။**

မိမိတို့နာကြားသော တရားသည် 'သဒ္ဓမ္မ'ဖြစ်ဖို့ အရေးကြီး၏။

သင္ခမမမဖြစ်လျှင် 'အသင်္ခမှ'ထဲ ရောက်သွားမည်။ အသင်္ခမှသည် အနန္တ ရာယ် ကြီး၏။ 'အသင္ခမှတောဝါ' ဘေးမှ ကင်းဝေးကြရန်လိုသည်။ ဘုရားဟော မဟုတ်သော တရားသည် အသင္ခမှဖြစ်၏။ ထိုအသင္ခမှထဲတွင် အပြစ်အကြီး အသေး အလေးအပေါ့ ရှိပေသေးသည်။

သစ္စာနှင့်စပ်သောစကား၊ သစ္စာလေးပါးတွင် အကျုံးဝင်သော တရား ဖြစ်ဖို့လိုအပ်သည်။ 'စတုသစ္စဝိနိမုတ္တော ဓမ္မောနာမ နတ္ထိ' သစ္စာ လေးပါးမှ လွတ်သော တရားဓမ္မမည်သည်မရှိ-ဟု ဆိုထားပေရာ သစ္စာ ဘောင်အတွင်းမှာသာ ရှိရမည်။

'နာမဉ္စ ရူပဉ္စ ဣဓတ္ထိ သစ္စတော' (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)

ဣဓ = ဤလောကကြီးအတွင်း၌၊ သစ္စတော = အမှန်တရားအနေ အားဖြင့်၊ နာမဉ္စ = နာမ်တရားသည်လည်းကောင်း၊ ရူပဉ္စ = ရုပ်တရားသည် လည်းကောင်း၊ အတ္ထိ=မှန်စွာမသွေ ရှိပါပေ၏။

ဤသို့ဆိုထားသည့်အတိုင်း လောက၌ ရှိရှိသမျှတို့သည် ရုပ် တရားနှင့် နာမ်တရားတို့သာ ဖြစ်ကြပေရာ လူ့ဖွယ်ဝတ္ထုပစ္စည်းများသည် 'ရုပ်တရား'၊ လူ့ချင်သော စေတနာသင်္ခါတရားသည် 'နာမ်တရား'ဖြစ်၏။

'သဗ္ဗေသင်္ခါရာ အနိစ္စာ'အရ ရုပ်တရားရော နာမ်တရားပါ 'သင်္ခါရ' တရားများ ဖြစ်ကြသည်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ- တည်းဟူသော အကြောင်းတရားလေးပါးကြောင့် ဖြစ်ပေါ်လာသော သင်္ခါရတရားမှန်သမျှသည် 'အနိစ္စ'သာဖြစ်၏။ ရုပ်တရားလည်း ပျက်စီး၏။ အနိစ္စ။ နာမ်တရားလည်း ပျက်စီး၏။ အနိစ္စ။ ရုပ်အနိစ္စ၊ နာမ်အနိစ္စ။

သို့ဖြစ်ပေရာ မမြဲသောတရားဖြင့် မြဲသောတရားကိုလဲ ယူရပေမည်။ မမြဲသောတရားကား 'ရုပ်, နာမ်' မြဲသောတရားကား 'နိဗ္ဗာန်'။

## ဆုတောင်းပုံ

'ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု'

မေ အမှာက်=ဘုရားတပည့်တော်တို့၏၊ ဣဒံပုညံ= ဤကောင်းမှု ကုသိုလ် အစုစုသည်၊ နိဗ္ဗာနဿ=ဒုက္ခဇာတ်သိမ်း ချုပ်ငြိမ်းရာအမှန်

မြတ်နိဗ္ဗာန်အား၊ ပစ္စယော=ရောက်ရာရောက်ကြောင်း, ရရာရကြောင်း၊ အထောက်အပံ့ကောင်းသည် (ဝါ) ကျေးဇူးပြုသည်၊ ဟောတု=ဖြစ်ပါစေသတည်း။

**ဆောင်ပုဒ်။** ။ လှုပ်ချင်တာက 'နာမ်'၊ လှုပ်တဲ့ဟန်က 'ရုပ်'။
။ ငါမဟုတ်၊ သူမဟုတ်၊ လှုပ်တာနာမ်နှင့်ရုပ်။
။ အသိဉာဏ်သွင်း၊ အမြင်ရှင်း၊ လှုပ်ရင်းအလုပ်လုပ်။

* * *

# အခန်း(၄)

## ရှက်, ကြောက် နှစ်တန် အခြေခံတရား

'ဟိရီနှင့် ဩတ္တပ္ပ'သည် လူ့ယဉ်ကျေးမှုအခြေခံဖြစ်သော တရား (၂)ပါး ဖြစ်၏။

'ဟိရီ'သည် မကောင်းမှုပြုလုပ်ရမည်ကို ရှက်ခြင်း၊

'ဩတ္တပ္ပ'သည် မကောင်းမှု ပြုလုပ်ရမည်ကို ကြောက်လန့်ခြင်း။

ဤ ဟိရီနှင့် ဩတ္တပ္ပတရား (၂)ပါးကို 'လောကပါလဓမ္မ' (လောကကြီးကို စောင့်ရှောက်နေသောတရား)ဟုလည်း ခေါ်၏။ 'ဒေဝဓမ္မ' (နတ်ဒေဝတာများ ကျင့်သုံးသောတရား)ဟုလည်း ခေါ်၏။ 'သုက္ကဓမ္မ' (ဖြူစင်ကောင်းမြတ်သော တရား)ဟူ၍လည်း ခေါ်၏။ သုံးမည်ရ တရားနှစ်ပါးဖြစ်သည်။

'မကောင်းမှု'ဟူသည် ဒုစရိုက်တရား (၁၀)ပါးကို ဆိုလိုသည်။

**ကာယဒုစရိုက် (၃)ပါး**

(၁) ပါဏာတိပါတ= သူ့အသက်ကို သတ်ဖြတ်ညှဉ်းဆဲခြင်း၊

(၂) အဒိန္နာဒါန = ပိုင်ရှင်က ကိုယ်နှုတ်ဖြင့် မပေးသော ဥစ္စာကို ယူခြင်း၊

(၃) ကာမေသုမိစ္ဆာစာရ=ကာမဂုဏ်တို့၌ မှားယွင်းစွာ ပြုကျင့်ခြင်း။

**ဝစီဒုစရိုက် (၄)ပါး**

(၁) မုသာဝါဒ = မဟုတ်မမှန်သောစကားကို ပြောကြားခြင်း၊ ရေးသားခြင်း၊

(၂) ပိသုဏဝါစာ = ချစ်ခြင်းတရားကို ပျက်ပြားအောင် နည်းမျိုးစုံဖြင့် ကုန်းတိုက်ခြင်း၊

(၃) ဖရုသဝါစာ = ဆဲရေးတိုင်းထွာ ကြမ်းတမ်းစွာ စကားပြောခြင်း၊

(၄) သမ္ဖပ္ပလာပဝါစာ=အကျိုးမဲ့ကင်း၊ သေးသိမ်ညံ့ဖျင်းသော အကျိုးမဲ့ စကားများကို ပြောကြားခြင်း၊

**မနောဒုစရိုက် (၃)ပါး**

(၁) အဘိဇ္ဈာ = သူတစ်ပါးတို့ ကြီးပွားချမ်းသာမှုကို မတရားရအောင် ကြံခြင်း၊

(၂) ဗျာပါဒ = သူတစ်ပါးတို့၏ စီးပွားဓနကို ဖျက်ဆီးရန် ကြံစည်ခြင်း၊

(၃) မိစ္ဆာဒိဋ္ဌိ = မှားယွင်းသော အယူဝါဒတို့ကို လက်ခံခြင်း၊

အရှက်ရှိမှ အကြောက်ရှိသည်။ အရှက်မရှိသော် အကြောက်မရှိပေ။ အရှက်နှင့် အကြောက်သည် ဒွန်တွဲလျက်ရှိ၏။

ဟိရီဟူသော အရှက်ရှိရန် အခြေခံအကြောင်းတရား (၄)ပါး ရှိသည်။

(၁) အမျိုးဂုဏ် - အမျိုးဂုဏ်ကို ငဲ့၍လည်း အရှက်တရား ဖြစ်ပွားသည်။

(၂) အရွယ်ဂုဏ် - မိမိ၏ အသက်အရွယ်ကို ထောက်ထား၍လည်း ဒုစရိုက်မှု ပြုရမည်ကို ရှက်သည်။

(၃) သူရသတ္တိဂုဏ်- ရဲရင့်မှု သူရသတ္တိကို အလွဲသုံးစားမပြုသော အားဖြင့်လည်း ဒုစရိုက်မှု ပြုလုပ်ရမည်ကို ရှက်တတ် သည်။

(၄) ဗာဟုသစ္စဂုဏ်- ဘာသာယဉ်ကျေးမှု အသိပညာများ ရှိထားလျှင် လည်း ဒုစရိုက်မှု ပြုရမည်ကို ရှက်တတ်သည်။

'ဩတ္တပ္ပ'ဟု ဆိုအပ်သော အကြောက်တရား ဖြစ်ပွားစေရန် အခြေခံ အကြောင်းတရား (၄)ပါးရှိသည်။

(၁) အတ္တာနုဝါဒဘေး-မိမိကိုယ်ကို စွပ်စွဲခံရမည်ကို ကြောက်သည်။

(၂) ပရာနုဝါဒဘေး-သူတစ်ပါးတို့က စွပ်စွဲလာကြမည်ကိုလည်း ကြောက် သည်။

(၃) ဒဏ္ဍဘေး - ဘေးဒဏ်အန္တရာယ် ဖြစ်မည်ကိုသိ၍ ကြောက် သည်။

(၄) ဒုဂ္ဂတိဘေး - သေလျှင် အပါယ်ဒုဂ္ဂတိဘုံသို့ ရောက်ရှိနိုင်သည် ကို သိမြင်၍ ဒုစရိုက်မှု ပြုရမည်ကို ကြောက်ရွံ့ ပါသည်။

*****

**ဒေဝဓမ္မဇာတ်(အကျဉ်းချုပ်)**

ကာသိတိုင်း၊ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း အုပ်ချုပ်စဉ်က ဖြစ်သည်။ ဘုရားအလောင်းတော်သည် မိဖုရားကြီး၏ သားတော် 'မဟိံသ ကုမာရ' အမည်ရှိ မင်းသားဖြစ်ခဲ့၏။ သားလတ်မှာ 'စန္ဒကုမာရ' ဖြစ်၏။ သားနှစ်ယောက် ဖွားမြောက်ပြီးသော် မိဖုရားကြီးသည် ကံတော် ကုန်၏။

နောက်ထပ် မိဖုရားတစ်ယောက်မှ 'သူရိယကုမာရ'ဟူသော သား တစ်ယောက်ကို ဖွားမြင်၏။ မိဖုရားအား 'လိုရာဆုတောင်းစေဗျား'ဟု မင်းကြီးက ခွင့်သနားလေရာ- သူရိယကုမာရ၏ မိခင် မိဖုရားက- 'သားတော် သူရိယကုမာရအား ထီးနန်းကို လွှဲအပ်ပေးရန်' တောင်းဆို လေသည်။

ထိုဆုကိုကား မင်းကြီးက မပေးနိုင်။ အဘယ့်ကြောင့်ဆိုသော် သူရိယကုမာရအထက် သားတော်ကြီး (၂)ယောက် ရှိနေသည် မဟုတ်လော။ ထိုအခါ မင်းကြီးသည် သားကြီး(၂)ယောက်ဖြစ်သော မဟိံသကုမာရ နှင့် စန္ဒကုမာရတို့ကို ဉပါယ်တံမြည်ဖြင့် ဟိမဝန္တာတောအရပ်သို့ သွား ရောက်နေထိုင်ကြရန်၊ ခမည်းတော် နတ်ရွာစံ ကံတော်ကုန်မှသာ တိုင်းပြည် သို့ ပြန်လာရန် မှာကြားလိုက်၏။

ထိုခရီးတွင် ညီငယ် သူရိယကုမာရ မင်းသားလေးလည်း အစ်ကိုကြီးနှစ်ယောက်နှင့်အတူ ဟိမဝန္တာတောအရပ်သို့ လိုက်ပါသွားလေ တော့သတည်း။

ထိုစဉ်က ဟိမဝန္တာရှိ ရေကန်တစ်ခုကို အပ်ချုပ်နေသူမှာ ဝေဿဝဏ် နတ်မင်းကြီး၏ အပိုင်စားပေးမှုကို ရရှိထားသော ရေစောင့် ဘီလူးဖြစ်၏။ ရေစောင့်ဘီလူးသည် သူအပိုင်စားရသော ရေအိုင်သို့ ရောက်လာသူမှန်သမျှကို 'ဒေဝဓမ္မ'အကြောင်း မေးလေ့ရှိ၏။

သူ၏ရေအိုင်မှ ရေကိုသောက်လျှင် ချိုးလျှင် 'ဒေဝဓမ္မ'၏ အဓိပ္ပာယ်ကို ရှင်းလင်းပေးရသည်။ ဒေဝဓမ္မကို မရှင်းနိုင်လျှင် မပြောနိုင်လျှင် ဖမ်းထားလေ့ ရှိ၏။

ဒေဝဓမ္မဟူသည်– သမ္မုတိနတ်ဟု ဆိုအပ်သော မင်းစိုးရာဇာများ၊ ဉပပတ္တိနတ်ဟု ခေါ်ဆိုအပ်သော နတ်ဗြဟ္မာများ၊ ဝိသုဒ္ဓိနတ်ဟု ကင်ပွန်း တပ်အပ်သော ဘုရား ရဟန္တာများ ကျင့်သုံးမြဲဖြစ်သော တရားဖြစ်လေသည်။

ထိုဒေဝဓမ္မ ဟူသည်ကား– ဟိရီ နှင့် ဩတ္တပ္ပတရား (၂)ပါး ပင်တည်း။

## ဟိမဝန္တာသို့ ရောက်ရှိနေကြသော ညီအစ်ကိုသုံးယောက်။

အစ်ကိုကြီး မဟိံသကုမာရ သစ်ပင်ရင်း၌ အပန်းဖြေနားနေစဉ် ညီငယ် သူရိယကုမာရကို အပန်းဖြေ ရေသောက်ရန် ရေချိုးရန် ခွင့်ပေး လိုက်သည်။ သူသောက်သုံးရန် အတွက်လည်း ရေကို ကြာဖက်ဖြင့် ခပ်ယူခဲ့ရန် နိုင်းလိုက်လေသည်။

သူရိယကုမာရ ရေအိုင်ထဲသို့ဆင်းပြီ။

ထိုအခါ ရေစောင့်ဘီလူးက 'ဒေဝဓမ္မ'ကို မေးသည်။ သူရိယကုမာရက 'ဒေဝဓမ္မဆိုတာ နေနဲ့ လပါ'ဟု ဖြေဆိုသည်။ အဖြေမှားသော မင်းသားကို ရေစောင့်ဘီလူးက ရေအောက်သို့ ခေါ်ဆောင်သွားလေ၏။

သူရိယကုမာရ ပြန်မရောက်လာ၍ စန္ဒကုမာရကို အစ်ကိုကြီး မဟိံသကုမာရက ထပ်မံလွှတ်ပြန်သည်။ ရေစောင့်ဘီလူးက စန္ဒကုမာရကို 'ဒေဝဓမ္မ'မေးသည်။ စန္ဒကုမာရက– 'ဒေဝဓမ္မဆိုတာ အရှေ့၊ အနောက်၊ တောင်၊ မြောက်ဆိုတဲ့ အရပ်လေးမျက်နှာပါ'ဟု ဖြေလိုက်၏။ အဖြေမှန်ကို မပေးနိုင်သော စန္ဒကုမာရကိုလည်း ရေစောင့်ဘီလူးက ရေပြင်အောက်သို့ ခေါ်ဆောင်သွားပြန်လေ၏။

ပြန်ချိန်တန်သော်လည်း ညီတော်နှစ်ယောက် ပြန်မရောက်လာသဖြင့် အစ်ကိုကြီးဖြစ်သူ မဟိံသကုမာရကိုယ်တိုင် ရေအိုင်သို့ လိုက်သွားလေပြီ။

စဉ်းစားမြော်မြင် ဝေဖန်ဆင်ခြင်တတ်သော ဉာဏ်ပညာနှင့် ပြည့်စုံသော မဟိံသကုမာရသည် ရေအိုင်စပ်တွင် ရေထဲသို့ ဆင်းသွားသော ခြေရာကိုသာ တွေ့ရှိရပြီး ပြန်တက်သောခြေရာကို မတွေ့ရသဖြင့် ရိုးရိုးသားသား မဟုတ်တော့ကြောင်း သိလိုက်လေပြီ။ ရန်သူတစ်ယောက်ယောက် ရှိနေပြီဆိုတာကို သိလိုက်သည်နှင့် တစ်ပြိုင်နက် မဟိံသကုမာရသည် သန်လျက်အိမ်မှ သန်လျက်ကို ဆွဲထုတ်လိုက်ပြီး လေးကိုလည်း အဆင်သင့် ပြင်ဆင်ထား လိုက်သည်။ ရန်သူလာလျှင် ခုခံနိုင်ရန် အသင့်အနေအထား ဖြစ်သည်။ ရေစောင့်ဘီလူးကလည်း ဤပုဂ္ဂိုလ်သည် သာမန်လူတစ်ယောက် မဟုတ်ကြောင်း ရိပ်မိသွား၏။

သို့ဖြစ်ရာ ရေစောင့်ဘီလူးသည် တောသွားယောကျ်ားဟန်ဆောင်ပြီး မင်းသားအနီးသို့ ချဉ်းကပ်လာ၏။ "အသင်မင်းသား မောပန်းနေပုံရတယ်၊ ဒီရေအိုင်မှရေဟာ အလွန်ကြည်လင်သန့်ရှင်းပါတယ်၊ သောက်ပါ သုံးပါ ချိုးနိုင်ပါတယ်"ဟု ပြော၏။

မဟိံသသည် တောသွားယောကျ်ား၏ သွင်ပြင်လက္ခဏာများကို

အကဲခတ်ပြီး စေ့စေ့စပ်စပ် ကြည့်လိုက်သည်။ နဖူးမောက်မောက်၊ နှာယောင်ကောက်ကောက်၊ ပါးစပ်ပြပြ၊ ဖနောင့်တိုတိုနှင့် ပင်ကိုယ်ရုပ်မျိုး မဟုတ်ပေ။ မျက်ထောင့်နီပြီး အရိပ်လည်းမထွက်သဖြင့် ဘီလူးသဘက် ဖြစ်ကြောင်း သိလိုက်၏။

"ငါ၏ညီတော်နှစ်ပါးကို သင် ဖမ်းဆီးထားသည် မဟုတ်လော"ဟု မေးလိုက်လေ၏။

"မှန်ပါသည် မင်းသား၊ ငါ ဖမ်းထားသည်"

"အဘယ်ကြောင့် ဖမ်းဆီးထားရပါသနည်း"

"ဤရေကန်ကို ငါပိုင်သည်၊ ငါပိုင်နက် ကျူးကျော်သူကို ငါ ဖမ်းနိုင်သည်"

"ရေကန်ထဲဆင်းသူတိုင်းကို သင် ဖမ်းသလော"

"ဒေဝဓမ္မကိုသိလျှင် လွှတ်ပေးပါသည်။ မသိလျှင်တော့ ဖမ်းဆီး ရပါလိမ့်မည်"

"ဒေဝဓမ္မကို သင်တကယ် သိချင်သလား"

"သိချင်ပါသည်"

"သိချင်လျှင် နာကြားပါ၊ ငါ ဟောအံ့"

မင်းသားသည် တောသွားယောကျ်ားယောင်ဆောင်ထားသော ဘီလူးကို ရေမိုးချိုးသန့်ရှင်းစင်ကြယ်စေပြီးမှ တရားဟောရန် ပြင်ဆင်သည်။ ဘီလူးက မင်းသား၏ ခြေရင်းမှာထိုင်ပြီး တရားနာလေ၏။

'ဒေဝဓမ္မ'ဟူသည်ကား မကောင်းမှုပြုရန် ရှက်ခြင်း 'ဟိရီ'နှင့် မကောင်းမှုလုပ်ရန် ကြောက်ရွံ့ခြင်း 'ဩတ္တပ္ပ'နှစ်ပါးပင် ဖြစ်ပေသတည်း"

ရေစောင့်ဘီလူးသည် မဟိံသကုမာရကို ကြည်ညိုသွားပြီး-

"ဒေဝဓမ္မကို ဟောကြားပေးသည့်အတွက် သင်မင်းသားကို ကျေးဇူး ဆပ်သောအားဖြင့် သင်၏ ညီတော်တစ်ယောက်ကို ပေးပါမည်။ သင် ကြိုက်ရာလူကို ရွေးချယ်ပါ"

မဟိံသက သူရိယကုမာရကို ရွေးလိုက်သည်။ ထိုအခါ ရေစောင့် ဘီလူးက-

"သင်သည် ဒေဝဓမ္မကိုသာသိပြီး ကျင့်သုံးသူမဟုတ်ပေ"

"အဘယ်ကြောင့်နည်း၊ ပြောပါ"

"သင်မင်းသားသည် ကြီးသူကို လေးစားရမည်(ဦးစားပေးရမည်) ဖြစ်ပါလျက် ဘယ့်အတွက်ကြောင့် ငယ်သူကို ရွေးချယ်ရသနည်း"

"ဒီကိစ္စကို ရှင်းပါမည်။ ဤညီငယ်ကို အကြောင်းပြု၍ ဤတောထဲသို့ရောက်ခဲ့ရပါသည်။ ဤညီငယ်သည် ဘီလူးစားခံရ၍ ကျန်ရစ်ခဲ့လျှင် ယုံကြည်ကြမည် မဟုတ်ပါ။ မိမိတို့က လုပ်ကြံသည်ဟုပင် ထင်ကြပါမည်။ ထို့ကြောင့် သူရိယကုမာရကိုသာ လွှတ်ပေးပါ"

"ကောင်းလေစွ၊ ကောင်းလေစွ။ သင်သည် ဒေဝဓမ္မကို့ သိလည်းသိ၊ ကျင့်လည်းကျင့်ပါသည်။ သင်မင်းသားကို ကျွန်ုပ် ကြည်ညိုလေးစားပါ၏။ သင့်ကို ဂုဏ်ပြုသောအားဖြင့် ညီတော်နှစ်ယောက်စလုံးကို ခေါ်ဆောင် သွားပါလော့"

*****

ဘီလူးဘေးမှ ကင်းဝေးခဲ့ကြသော ညီနောင် (၃)ယောက်တို့သည် အတူတကွ ချစ်ချစ်ခင်ခင် နေထိုင်လာကြရင်း ခမည်းတော်မင်းကြီး နတ်ရွာစံသောအခါ နေပြည်တော်သို့ ပြန်ကြပြီး မဟိံသကုမာရက ထီးနန်းကို အုပ်ချုပ်ပြီး မင်းပြုသည်။

စန္ဒကုမာရက အိမ်ရှေ့မင်း၊ သူရိယကုမာရကတော့ စစ်သူကြီးရာထူး ယူပြီး အသီးသီး တာဝန်ခွဲဝေယူကြလေ၏။

ရေစောင့်ဘီလူးကိုလည်း မွေ့လျော်ဖွယ်ကောင်းသော နေရာမှာ ထားပေးလိုက်ကြလေသတည်း။

(ဧကနိပါတ်၊ ဒေဝဓမ္မဇာတ်)

# အခန်း(၅)

# ကထိန်တရား

'ကထိန်'ဟူသော စကားသည် 'ကထိန'ဟူသော ပါဠိဝေါဟာရမှ ဆင်းသက်လာသော 'ပါဠိသက်'ဝေါဟာရ ဖြစ်သည်။ (သထိန် မဟုတ်ပါ)

'ကထိန်'သဒ္ဒါသည် "ကထိနန္တိ ပဉ္စာနိသံသေ အန္တောကရဏ သမတ္ထတာယ ထိရန္တိ အတ္ထော"

ကထိနန္တိ=ကထိန်ဟူသည်ကား ပဉ္စာနိသံသေ=ငါးပါးသော အကျိုးအာနိသင်တို့ကို၊ အန္တောကရဏသမတ္ထတာယ=အတွင်းပြုသည်၏ အစွမ်းအားဖြင့်၊ ထိရံ=မြဲမြံခိုင်ခံ့သည်တည်း၊ ဣတိအယံ=ဤသည်ကား (အဿ=ထိုကထိနဟူသောပုဒ်၏) အတ္ထော=အနက်တည်းဟူသော သာရတ္ထဒီပနီကာမှာ လာသည့်အတိုင်း 'ကထိန'သဒ္ဒါသည် 'မြဲမြံခိုင်ခံ့ခြင်းအနက်သဘော'ရှိ၏။

ဘာတွေ ခိုင်မြဲသလဲဆိုတော့ အကျိုးအာနိသင်ငါးပါး ရရှိမှု ခိုင်မြဲသည်။

**ကထိန်အာနိသင်ငါးပါး**

"အတ္ထတကထိနာနံ ဝေါ ဘိက္ခဝေ ပဉ္စာနိသံသာနိ ကပ္ပိဿန္တိ

ကတမာနိပဉ္စ အနာမန္တစာရော, အသမာဒါနစာရော,

ဂဏဘောဇနံ, ယာဝဒတ္ထစီဝရံ, ယောစတတ္ထ စီဝရုပ္ပါဒေါ
သော နေသံ ဘဝိဿတိ”

(မဟာဝါ၊ ကထိနက္ခန္ဓက)

ဘိက္ခဝေ=ချစ်သားရဟန်းတို့၊ အတ္ထတကထိနာနံ=ခင်းအပ်သော ကထိန်ရှိကုန်သော (ဝါ) ကထိန်ခင်းခွင့်ရရှိကုန်သော၊ ဝေါ=သင်ချစ်သားတို့အား ပဉ္စာနိသံသာနိ=ငါးပါးသော အကျိုးအာနိသင်တို့ကို၊ ကပ္ပိဿန္တိ =အပ်ကြကုန် လတ္တံ့ (ဝါ) ရကြကုန်လတ္တံ့၊ အနာမန္တစာရော စ=ထင်ရှားရှိသော ရဟန်း (မထေရ်ကြီး)ကို မပန်ကြားဘဲ ဒါယကာတို့အိမ်သို့ သွားနိုင်ခြင်းလည်းကောင်း၊ အသမာဒါနစာရော စ=တိစီဝရိတ်ဆောင် ရဟန်းသံဃာတို့အား ထိုသင်္ကန်း သုံးထည်တို့တွင် တစ်ထည်ထည်ကို မယူဘဲထားနိုင်ခြင်းလည်းကောင်း၊ ဂဏဘောဇနဉ္စ=အပင့်အဖိတ် မတတ်သော ဒကာ ဒကာမတို့၏ ဆွမ်း ဘောဇဉ်ကို လေးပါးလေးပါးထက်ပို၍ သုံးဆောင်နိုင်ခြင်းလည်းကောင်း၊ ယာဝဒတ္ထစီဝရဉ္စ=ရရှိလာသော သင်္ကန်းများကို တပေါင်းလပြည့်အထိ ငါးလတိုင်တိုင် အဓိဋ္ဌာန်မတင်၊ ဝိကပ္ပနာ မပြုဘဲ ထားရှိနိုင်ခြင်းလည်းကောင်း၊ တတ္ထ=ထိုကထိန်ခင်းသော ကျောင်းတိုက်အတွင်း၌ ယောစစီဝရုပ္ပါဒေါ=အကြင် သံဃိကသင်္ကန်း ဖြစ်ပေါ်လာခြင်းသည်လည်း၊ အတ္ထိ=ရှိ၏၊ သော=ထိုဖြစ်သော သံဃိကသင်္ကန်းသည်၊ နေသံနေသံဝေ=ထိုကထိန်ခင်းသောကျောင်းတိုက်မှ ရဟန်းတို့အားသာလျှင်၊ ဘဝိဿတိ=ဖြစ်လတ္တံ့။

## (၁) အနာမန္တစာရ အာနိသင်

“ယောပန ဘိက္ခု နိ မန္တိတော သဘတ္တော သမာနော သန္တံဘိက္ခုံ အနာပုစ္ဆာ ပုရေဘတ္တံဝါ ပစ္ဆာဘတ္တံဝါ ကုလေသု စာရိတ္တံ အာပဇ္ဇေ-ယျ အညတြသမယာ ပါစိတ္တိယံ။ တတ္ထာယံ သမယော စီဝရဒါနသမယော စီဝရကာရသမယော အယံတတ္ထ သမယော”

(ဘိက္ခုဝိဘင်း-၉၅)

ဆွမ်းပိတ်ထားပြီးရှိလျက် တစ်ခြားအိမ်သို့ ကြွသွားလိုလျှင် အနီးရှိ ရဟန်းတစ်ပါးပါးကို ပန်ကြားရ၏။ မပန်ကြားဘဲသွားလျှင် အာပတ်သင့်သည်။ ကထိန်ခင်းခွင့်ရသော ရဟန်းများမှာတော့ ကထိန်ခင်းတဲ့နေ့ကစပြီး တပေါင်းလပြည့်အထိ မပန်ကြားဘဲတခြားအိမ်သို့ သွားနိုင်၏။

## (၂) အသမာဒါနစာရ အာနိသင်

"နိဋ္ဌိတ စီဝရသ္မိံ ဘိက္ခုနာ ဥဗ္ဘတသ္မိံ ကထိနေ ဧကရတ္တမ္ပိ စေဘိက္ခု တိစီဝရေန ဝိပ္ပဝသေယျ။ အညတြ ဘိက္ခု သမ္မုတိယာ နိဿဂ္ဂိယံ ပါစိတ္တိယံ"

(ဘိက္ခုဝိဘင်း-၂၁)

တိစီဝရိတ်စုတင်ဆောင်ထားသော ရဟန်းတော်များသည် သင်္ကန်း (၃)ထည်တွင် တစ်ထည်ထည်နှင့် တစ်ညဥ့်မျှ မကင်းကွာရပေ။ အရုဏ်တက်ချိန်တွင် သင်္ကန်း(၃)ထည်လုံး မိမိအနီး (ဟတ္ထပါသ်အတွင်းမှာ) ရှိနေ ရမည်။ မရှိလျှင် နိဿဂ္ဂိပါစိတ်အာပတ်သင့်သည်။

ကထိန်ခင်းခွင့် ရရှိသော ရဟန်းသံဃာအတွက်မူကား သင်္ကန်း (၃)ထည်နှင့် ငါးလတိတိ ကင်းကွာနေ၍ရသည်။

## (၃) ဂဏဘောဇန အာနိသင်

ဂဏဘောဇနေ အညတြသမယာ ပါစိတ္တိယံ--။

(ဘိက္ခုဝိဘင်း ပုဒ်မ-၈၁)

မလိမ္မာတဲ့ ဒကာ ဒကာမများက "ထမင်းစားပါ၊ ဟင်းစားပါ၊ လာပါ"စသည်ဖြင့် ဘောဇဥ်ငါးပါးအမည်ဖြင့် ပင့်လျှင် မစားကောင်း။ စားလျှင် အာပတ်သင့်၏။ လူတို့ အသုံးအနှုန်းဖြင့် မခေါ်ရ။ သာသနာတော်သုံး စကားများဖြင့် "ဆွမ်း၊ ခဲဖွယ်၊ ဘောဇဥ်၊ ဘုဉ်းပေးပါ၊ အလှူခံတော်မူပါ" စသည်ဖြင့် ခေါ်ဝေါ်ပြီး ပင့်လျှောက်ရမည်။

ကထိန်ခင်းခွင့်ရသော ရဟန်းများအတွက်ကား တပေါင်းလပြည့်

အထိ ဘယ်လိုခေါ်ခေါ် လေးပါးထက်အလွန်အထိ ဘုဉ်းပေးသုံးဆောင်ခွင့်ရှိ၏။

## (၄) ယာဝဒတ္ထ စီဝရ အာနိသင်

"နိဋ္ဌိတ စီဝရသ္မိံ ဘိက္ခုနာ ဥဗ္ဘတသ္မိံ ကထိနေ ဒသာဟပရမံ အတိရေကစီဝရံ ဓာရေတဗ္ဗံ၊ တံ အတိက္ကာယမတော နိဿဂ္ဂိယံ ပါစိတ္တိယံ"

ရဟန်းတော်များသည် သင်္ကန်းရရှိလာလျှင် လူတွေလို သေတ္တာထဲ ထည့်သိမ်းထားလို့ မရပေ။ (၁၀)ရက်လွန်အောင် သိမ်းထားမိလျှင် အာပတ်သင့်သည်။ ရလာသော ပုဂ္ဂလိက သင်္ကန်းများကို (၁၀)ရက်အတွင်းမှာ "ဣမာနိ စီဝရာနိ တုယှံ ဝိကပ္ပေမိ"ဆိုပြီး ရဟန်းတစ်ပါးပါးထံ၌ ဝိကပ္ပနာ ပြုထားရသည်။

ကထိန်ခင်းသော ရဟန်းတော်များအတွက်မူကား ရရှိလာသော ကိုယ်ပိုင်အဝတ်သင်္ကန်းတို့ကို တပေါင်းလပြည့်အထိ အဓိဋ္ဌာန်မတင်, ဝိကပ္ပနာ မပြုဘဲ ထားနိုင်၏။

## (၅) ယော စတတ္ထစီဝရုပ္ပါဒေါ သော နေသံ ဘဝိဿတိ အာနိသင်

ဤအာနိသင်ကြောင့် ပါရာဇိက၊ ထုလ္လစ္စည်း၊ ဒုက္ကဋ(အာပတ်သုံးမျိုး) မသင့်နိုင်။

ကထိန်ခေတ်ဖြစ်သော သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်တိုင်အောင် (စီဝရမာသ)မှလွဲလျှင် သံဃိက အဖြစ် လာလှူသော သင်္ကန်းများကို ကျောင်းတိုက်ရှိ သံဃာကုန် ထေရ်စဉ် အတိုင်း ဝေဖန်၍ ပေးရသည်။ ခိုးယူလိုသောစိတ်ဖြင့် တစ်ပါးပါးကို မပေးဘဲထားလျှင် သင်္ကန်းတန်ဖိုး အလျောက် အာပတ်သင့်နိုင်ပေသည်။

ရွှေတစ်မတ်သားခန့် တန်ဖိုးရှိလျှင် – ပါရာဇိက အာပတ်သင့်သည်။

တစ်မတ်သားအောက် တစ်ပဲသားအထက်–ထုလ္လစ္စဉ်းအာပတ် သင့်သည်။

တစ်ပဲသား, တစ်ပဲသားအောက်ဖြစ်လျှင်–ဒုက္ကဋ်အာပတ်သင့် သည်။

(ပါရာဇိကကဏ်)

ကထိန်အာနိသင် ရရှိထားသော ရဟန်းများဖြစ်လျှင်ကား တပေါင်း လပြည့်အထိ ပေါ်ပေါက်လာသော သံဃိကသင်္ကန်းများကို သဘောရှိသလို သုံးစွဲနိုင်ခွင့်ရှိသည်။ ကထိန်အာနိသင် မရသော ရဟန်းများအား ဝေဖန် ပေးနေစရာ မလိုပေ။

ဤကား ကထိန်အလှူကြောင့် ကထိန်ခင်းခွင့်ရသော ရဟန်းသံဃာ များ ရရှိခံစားရသော အကျိုးအာနိသင်(၅)ပါး ဖြစ်သည်။ ဗုဒ္ဓဘုရား ပညတ်တော် မူချက်မှ ကင်းလွတ်ချမ်းသာနိုင်သည်မှာ ဤကထိန်အလှူသာ ဖြစ်သည်။

ကထိန်ကို ဒကာ ဒကာမများက ခင်းသည်မဟုတ်။ ကထိန်ကို သံဃာကသာ ခင်း၏။ ဒကာ, ဒကာမတို့က ကထိန်လျာသင်္ကန်းကို လှူဒါန်းသော သင်္ကန်းအလှူရှင်များသာဖြစ်၏။ သံဃာက ဝေဖန်၍ ပေးအပ်သော သင်္ကန်းရရှိသည့် ရဟန်းကသာလျှင် ကထိန်ကို ခင်းရပေ၏။

**တူသောအကျိုးကို ရရှိခြင်း**

"သဒိသံပါကံ ဇနေတိ"

"ကမ္မသရိက္ခကဝိပါကဝသေန ကမ္မနိယာမောဟောတိ"

ကမ္မသရိက္ခက ဝိပါကဝသေန=အကြောင်းကံနှင့် အလားတူစွာ အကျိုးပေးသည်၏ အစွမ်းအားဖြင့်၊ ကမ္မနိယာမော=ကမ္မနိယာမသည်၊ ဟောတိ=ဖြစ်၏။

**ကထိန်ဒကာများ ရရှိသော အကျိုးတရားများ**

(၁) မိမိတို့ သွားလေရာ အရပ်၌ ရန်သူမျိုးငါးပါး အနှောက်အယှက်

ကင်းရှင်းစွာဖြင့် သွားလာနိုင်၏။
(စင်္ကြာမင်းဝတ္ထု ထုတ်နိုင်သည်)
* သွားလိုရာသွား၊ ဘေးရန်များ၊ ကင်းငြားကထိန်အကျိုး။
(၂) ပစ္စည်းဥစ္စာများကို မသိမ်းဆည်းဘဲ ထားခဲ့သော်လည်း သူခိုးစသော ရန်သူများ မဖျက်ဆီးနိုင်ခြင်း။
(ဇောတိကသူဋ္ဌေး၏ နေအိမ်ကို အဇာတသတ်မင်း မသိမ်းနိုင်ပုံစသည်တို့ကို သာဓကပြနိုင်သည်။)
* ခိုးသား၊ ဓားပြ၊ ခိုးမရ၊ မှတ်ကြကထိန်အကျိုး။
(၃) မိမိစားသုံးသော အစာအာဟာရများကြောင့် ဘေးဥပါဒ် မဖြစ်နိုင်ခြင်း။
* စားလိုရာစား၊ ဘေးကင်းငြား၊ ခင်းထားကထိန်အကျိုး။
(၄) မိမိတို့၏ ဥစ္စာဓနများကို အစောင့်အရှောက်မရှိသော်လည်း ရန်သူမျိုး ငါးပါးကြောင့် မပျက်စီးနိုင်ခြင်း။
* ဖြစ်လာပစ္စည်း၊ မလျော့နည်း၊ လှူပြီးကထိန်အကျိုး။
(၅) မိမိ၏ ပစ္စည်းဥစ္စာကို မိမိကသာ မပေးလိုလျှင် မည်သည့်ရန်သူကမှ မလုယက် မသိမ်းပိုက်နိုင်ခြင်း၊ အမွေဆိုင်ပစ္စည်းများကိုလည်း အလွယ်တကူ ရရှိစေနိုင်ခြင်း။
(ဇောတိကသူဋ္ဌေး၏ လက်တွင် ဝတ်ဆင်ထားသော လက်စွပ်များကို အားကောင်းမောင်းသန် အဇာတသတ်မင်းကိုယ်တိုင် ချွတ်မရပုံတို့ကို သာဓကတင်နိုင်၏)
* မိမိမပေး၊ ရဖို့ဝေး၊ သူဋ္ဌေးဖြစ်ရိုး ကထိန်ကျိုး။

*****

## ဝိဝဋ္ဋဖြစ်အောင်လှူပါ

ဝဋ်(၃)ပါး- (၁) ကိလေသဝဋ်၊ (၂) ကမ္မဝဋ်၊ (၃) ဝိပါကဝဋ်။
"အဝိဇ္ဇာတဏှုပါဒါနာစ ကိလေသဝဋ္ဋ" (အဘိဓမ္မတ္ထသင်္ဂဟ)
အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် တို့သည် 'ကိလေသဝဋ်'ဖြစ်၏။

"ကမ္မာဘဝသင်္ခါတော ဘဝေကဒေသော စ သင်္ခါရာစ ကမ္မဝဋ္ဋံ"

ကမ္မဘဝနှင့် သင်္ခါရ တို့သည် 'ကမ္မဝဋ်'ဖြစ်၏။

"ဥပပတ္တိဘဝသင်္ခါတော ဘဝေကဒေသော အဝသေသာစ ဝိပါကဝဋ္ဋံ"

ဇာတိ၊ ဥပပတ္တိဘဝ၊ ဇရာမရဏ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့သည် 'ဝိပါကဝဋ်'ဖြစ်၏။

ကိလေသဝဋ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ် ဖြစ်ရ၏။

ကိလေသဝဋ်နှင့် ကမ္မဝဋ်တို့သည် အကြောင်း 'သမုဒယသစ္စာ'။

ဝိပါကဝဋ်သည် အကျိုး 'ဒုက္ခသစ္စာ'။

အကြောင်းပြတ်မှ အကျိုးရပ်မည်။

သို့ဖြစ်၍ စွန့်လွှတ်၍လှူပါ၊ တောင်း၍မလှူပါနှင့်။

'ဒုက္ခသစ္စာ ဝိပါကဝဋ်မှ ကျွတ်လွတ်ချင်၍ လှူဒါန်းပါ၏"
ဟုဆိုပြီးလှူပါ၊ ဝိဝဋ္ဋဒါနဖြစ်၏။

## သိသာရုံအနည်းငယ်ရှဲ့အုံ

ကိလေသဝဋ် (၃)ပါးသည် မသိတာ, လိုချင်တာနှင့် စွဲလန်းတာ။

မသိတာက ဘာကိုမသိသလဲ၊ သစ္စာလေးပါးကို မသိတာ။ ဒုက္ခကိုလည်း မသိ၊ ဒုက္ခဖြစ်ကြောင်းတရားကိုလည်းမသိ၊ ဒုက္ခ, သမုဒယ ချုပ်ရာကိုလည်းမသိ၊ ဒုက္ခ, သမုဒယတို့ ချုပ်ရာ (နိရောဓ)သို့ ရောက်ရာ ရောက်ကြောင်း အကျင့်ကောင်း(မဂ္ဂင်ရှစ်ပါး)ကိုလည်းမသိ။ မသိချက်ဆိုးရွား ဤလေးပါး။

လိုချင်တာက ဘာကိုလိုချင်သလဲ၊ အားလုံးကိုပင် လိုချင်သည်။

စွဲလန်းတာက လိုချင်တာကို မရလျှင် မနေနိုင်အောင် စွဲလန်းတာ၊ လွန်ကဲတာ။

ကမ္မဝဋ်(၂)ပါးသည် တိုက်တွန်းခြင်းနှင့် တကယ်လုပ်ခြင်း။

သင်္ခါရက လုပ်ဖြစ်အောင် တိုက်တွန်းတာ။

ကမ္မာဘဝဆိုတာက ကာယကံနဲ့ ပြု၊ ဝစီကံနဲ့ ပြော၊ မနောကံနဲ့

ကြံစည်တာ။

အလှူဒါနပြုလုပ်တာ ကာယကံ၊ ဘုံဘဝတွေ ဆုတောင်းတာက ဝစီကံ၊ စိတ်ထဲကပါ (စိတ်ပါလက်ပါ) ရှိနေတာက မနောကံ။

"ဘဝသမ္ပတ္တိံ အာကင်္ခမာနေန ပဝတ္တိတံ တဏှာနိဿိတံ နာမ"

(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

ဘဝသမ္ပတ္တိံ=ဘဝသမ္ပတ္တိ(ဘဝ၏ ပြည့်စုံမှု)ကို၊ အာကင်္ခမာနေန= လိုချင်တောင့်တသည်ဖြစ်၍၊ ပဝတ္တိတံ=ဖြစ်စေအပ်သောအလှူသည်၊ တဏှာနိဿိတံနာမ=တဏှာကိုမှီ၍ (ဝဋ်ကိုမှီ၍) လှူသည်မည်၏။

-ဝိပါကဝဋ်(၈)ပါးသည် ၃၁-ဘုံ၌ ခန္ဓာထပ်ရခြင်း ဖြစ်၏

လူ၊ နတ်၊ ဗြဟ္မာ ဖြစ်ချင်ရာဖြစ် ၃၁-ဘုံမှ မလွတ်။ ဝိပါကဝဋ်မှမလွတ်။ ခန္ဓာရရှိသဖြင့် ခန္ဓာ၏ ဒုက္ခများဖြစ်သော အိုမှု၊ နာမှု၊ သေမှုတွေလာမည်။ စိုးရိမ်မှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု၊ ပြင်းထန်စွာ ခံစားရမှုတွေ ဆက်တိုက်လာမည်။

ဘယ်လောက်ပင် ချမ်းသာကြွယ်ဝတယ်ပြောပြော အို၊ နာ၊ သေ မလွတ်ပေ။

## သံသရာဆိုတာ

"ခန္ဓာနဉ္စ ပဋိပါဋိ ဓါတု အာယတနာနိစ အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ သံသာရောတိ ပဝုစ္စတိ"

(သမ္မောဟဝိနောဒနီ အဋ္ဌကထာ)

ခန္ဓာနံ=လူ့ဘဝ လူ့ခန္ဓာ, နတ်ဘဝ နတ်ခန္ဓာ, ဗြဟ္မာဘဝ ဗြဟ္မာခန္ဓာ အပါယ်ဘဝ အပါယ်ခန္ဓာတို့၏၊ ပဋိပါဋိစ=ဖြစ်စဉ်သည် လည်းကောင်း၊ ဓာတုအာယတနာနိစ=ဓာတ်, အာယတနတို့သည်လည်း ကောင်း၊ အဗ္ဗောစ္ဆိန္နံ= အမြဲမပြတ် တရစပ်၊ ဝတ္တမာနာ=ဖြစ်ပျက်လျက် ရှိသည်ကို၊ သံသာရောတိ= 'သံသရာ'ပါပဲဟူ၍၊ ပဝုစ္စတိ=ကောင်းစွာမသွေ မိန့်ဆိုအပ်ပါပေတော့သတည်း။

ခန္တာရလျှင် ဒုက္ခရှိသည်။
'နတ္ထိ ခန္ဓသမာ ဒုက္ခာ' (ဓမ္မပဒ ဂါထာ-၂၀၀)
ခန္ဓသမာ=ခန္ဓာနှင့်တူသော၊ ဒုက္ခာ=ဆင်းရဲမည်သည်၊ နတ္ထိ=မရှိနိုင်။
ခန္ဓာမရချင်မှ ဒုက္ခပြတ်မည်၊ ဒုက္ခရပ်မည်။

*****

တရားနိဂုံး

ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံရက္ခန္တု သဗ္ဗဒါ။
ဘာဝနာ ဘိရတာ ဟောန္တု၊ ဂစ္ဆန္တု သဗ္ဗသက်ပွါ။

သဒ္ဓါယ=တိုးပွားသဒ္ဓါ အကျိုးများရာဟု ကိုးစားကာယုံကြည်သော 'သဒ္ဓါတရား'ဖြင့်၊ ဒါနံ=နမြောကင်းလတ် သဒ္ဓါစာတ်ဖြင့် ပေးအပ်လှူဒါန်း ဒါနစွမ်းကို၊ ဒဒန္တု=စေတနာဖွေးဖြူ၊ အလေးမူ၍ ပေးလှူနိုင်ကြပါစေကုန် သတည်း။

သီလံ=ပဉ္စ, အဋ္ဌ, နဝင်္ဂနှင့် ဒသမည်စွ မြတ်သီလကို၊ သဗ္ဗဒါ= နေ့ရောညပါ ဘယ်ခါမပြတ် အခါခပ်သိမ်း၊ ရက္ခန္တု=မကျိုးမပေါက် မညှိုး ခြောက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေကုန်သတည်း။ ဘာဝနာ ဘိရတာ=သမထဘာဝနာ, ဝိပဿနာဘာဝနာ, ဘာဝနာနှစ်ဖြာ တို့၌ မွေ့လျော်ကြကုန်သည်၊ ဟောန္တု=အစဉ်မမှား အမြင်အကြားဖြင့် ထင်ရှားမသွေ ဖြစ်ပွားကြပါစေကုန်သတည်း။ သဗ္ဗသက်ပွါ=အားလုံးသော လောကုတ်လောကီ အလီလီအဝဝ အကြံအစည်ဟူသမျှတို့သည်၊ ဂစ္ဆန္တု=တစ်ဗီဇနာ မရှည်ကြာဘဲ ညီညာပေါင်းစု ကောင်းမှုအဟုန် တောင်းဆုဂုဏ်ကြောင့် (သြော်--) လျှင်မြန်စွာ ပြည့်စုံနိုင်ကြပါစေ ကုန်သတည်း။

*****

# ကထိန်တရား

တသ္မာဟိ ပဏ္ဍိတော ဓနော၊ သမ္ပဿံ သုခ မတ္တနော။
သမ္ပတ္တေ ကထိန ခေတ္တေ၊ ဒဒေသံဃဿ ကထိနံ။

တသ္မာဟိ–တသ္မာဝေ=ကထိန်ဒါနဟူသမျှသည် သာမညမှု ပေးလှူသည်ထက် မြတ်ချက်ထပ်လောင်း ထိုအကြောင်းကြောင့်သာလျှင်၊ အတ္တနော=သူများမဆို မိမိဟုသာ ဆိုအပ်သော ခန္ဓာကိုယ်၏၊ သုခံ=ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာမှုနှင့်တကွ နိဗ္ဗာန်တည်းဟူသော ချမ်းသာအမြတ်ဆုံးကို၊ သမ္ပဿံ–သမ္ပဿန္တော=ပညာအသိ သတိမြော်မြင် ကောင်းစွာဆင်ခြင်သော၊ ပဏ္ဍိတော=ပစ္စုပ္ပန်, သံသရာ အကျိုးနှစ်ဖြာကို ဓကန်မြင်သိ ပညာရှိဖြစ်သော၊ ဓနော=ဗုဒ္ဓဘာသာ သမ္မာအယူ ညီတူစိတ်ကောင်း(---)ဒကာ ဒကာမအပေါင်းသည်၊ ကထိနခေတ္တေ=သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင် မြန်ပြည်ဘောင်ရှိန် ဖြာသစ်သည့် ကထိန်လျာခေတ်သည်၊ သမ္ပတ္တေ=တစ်နှစ်မှ တစ်ကြိမ် အချိန်သိုက်မြိုက် ဆိုက်ရောက်လာသည်ရှိသော်၊ သံဃဿ=ပုရိမဝါမှ ထမြောက်တော်မူကြကုန်သော သံဃာတော်အရှင်မြတ်တို့အား၊ ကထိနံ= ရှင်တော်ခွင့်ပြု အနုဇာနာမိ စရှိအလာ ဒေသနာ အခွင့်အလန်း ကထိန်လျာ သင်္ကန်းကို၊ ဒဒေ=လှူဒါန်းရာ၏၊ ဒဒေ–ဒဒေယျ=စိတ်စေတနာ ဖြူစင်စွာဖြင့် ဝမ်းသာအားရ နှစ်သက်ကြလျက် ငါးဝအကျိုး မျှော်ကာကိုးပြီး ဖြိုးဖြိုး ဝေအောင် သဒ္ဓါဆောင်လျက် နိဗ္ဗာန်သောင်ကမ်း တစ်ဖက်သို့ လှမ်းတက်ရန် ရည်မှန်းကြလျက် လှူဒါန်းသင့်ပါပေတော့သတည်း။(သာဓု၊ သာဓု၊ သာဓု)

ကထိန်ဆိုတာ 'ကာလဒါန' ဖြစ်သည်။ အချိန်ကာလ အပိုင်းအခြားဖြင့် ကန့်သတ်၍ လှူဒါန်းရသော အလှူကို ကာလဒါနဟုခေါ်သည်။ အခြား ဆွမ်းကျွေး၊ ရှင်ပြု၊ သင်္ကန်းကပ် စသည်တို့မှာ နေရာမရွေး၊ အချိန်အခါမရွေး ပြုလုပ်နိုင်ကြပေ၏။ ကထိန်အလှူဒါနကြီးသည်ကား သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့မှ တန်ဆောင်မုန်းလပြည့်အထိ တစ်လအတွင်းမှာသာ ခင်းခွင့်ရှိပါသည်။

ပြုလုပ်ပြန်တော့လည်း 'တစ်နှစ်မှာ တစ်လ၊ တစ်ကျောင်းမှာ တစ်ကြိမ်'သာ လှူဒါန်းခွင့်ရှိသော မြတ်သော ကထိန်အလှူဖြစ်ပါသည်။

"သင်္ကန်းကာလ၊ တစ်လမျှ၊ ငါးလ ကထိန်ရှိ"ဟူသည့်အတိုင်း သင်္ကန်းလှူရမည့်ကာလမှာ တစ်လသာ ဖြစ်သော်လည်း ရဟန်းသံဃာများ အတွက် အကျိုးအာနိသင် ငါးမျိုးကို တပေါင်းလပြည့်အထိ ငါးလမျှ ခံစားခွင့်ရှိပေသည်။

(ကထိန်အာနိသင် ငါးပါးကို ထည့်၍ဟောပြောနိုင်သည်)

ထို့ကြောင့်ပင် ကထိန်အလှူဒါနကို ဘုရား အစရှိသော သူတော်ကောင်း အပေါင်းတို့က "ထူးပါပေစွ၊ မြတ်ပါပေစွ"ဟု ချီးမွမ်းတော်မူကြပေသည်။

"ဗုဒ္ဓါဒီဟိ ကထိယတေ သီလာဃတေတိ ကထိနံ"

ဗုဒ္ဓါဒီဟိ=ဘုရား စသော သူတော်ကောင်း အပေါင်းတို့သည်၊ ကထိယတေ-သိလာဃတေ=ကောင်းပေစွ မြတ်ပေစွဟု ချီးမွမ်းထောမနာ အပ်၏၊ ဣတိ=ထို့ကြောင့်၊ ကထိနံ=ကထိန်မည်၏ဟူ၍ ဝစနတ္ထ ပြုကြပေသည်။

သိလာဃိတံ ဗုဒ္ဓါဒီဟိ၊ ကာလိကံ ကထိနံ ထိရံ။

သိက္ခာပဒါပနယတ္တာ၊ ဓမ္မဒါနန္တိ သညိတံ။

ဣဒံကထိနံ=ခေမာပြည်ထူး စိတ်ရည်စူး၍ ကြည်နူးလှူကြ ဤကထိန် အလှူမြတ်ဒါနသည်၊ ဗုဒ္ဓါဒီဟိ=ဘုရား အစရှိသော သူတော်ကောင်း တို့သည်၊ သိလာဃိတံ=သန့်ရှင်းစင်ကြယ် မြတ်ပါပေစွ မြတ်ပေစွဟု ထပ်ခါထပ်ခါ ချီးမွမ်းတော်မူအပ်ပါပေ၏၊ ကာလိကံ=တစ်နှစ်အတွင်းမှာ တစ်လတာမျှ ပေးလှူခွင့်ရ၍ 'ကာလိကကုသိုလ်' ခေါ်ဆိုသတ်မှတ် လွန်ထူးမြတ်ပါပေ၏၊ ထိရံ=အာနိသင်ငါး၀ ကျိုးဖလကို ငါးလတွက်တာ ကာလကြာအောင် တည်ကာနေလင့် အခြေတင့်ဟန် မြဲမြံစေခြင်းသဘော ရှိပါပေ၏၊ သိက္ခာပဒါပန ယတ္တာ=ဗုဒ္ဓအာဏာစက် ငါးချက်သိက္ခာပုဒ် ပယ်နှုတ်မြစ်တား စွမ်းပကားကြောင့်၊ ဓမ္မဒါနန္တိ=ဒါနဥဒ္ဒေသျှာင် ထိပ်ခေါင် ကျော့မွှး ဂုဏ်ထူးမြတ်လှ 'ဓမ္မဒါန'ဟူ၍၊ သညိတံ=သာသနာတော်

တစ်လျှောက် ခရီးရောက်အောင် ချီးမြှောက်ဝေဟာ ခေါ်ဆိုအပ်ပါပေတော့ သတည်း။

(ဤဂါထာပုဒ်လာ အနက်အဓိပ္ပာယ်ကို ချဲ့ထွင်ဟောလျှင်ပင် တရားတစ်ပွဲ ကောင်းကောင်းရပါသည်။)

(၁) ဘုရား အစရှိသော သူတော်ကောင်းတို့ ချီးမွမ်းအပ်သော အလှူ ဖြစ်သည်။

(၂) ကာလအပိုင်းအခြားဖြင့် လှူဒါန်းရသောကြောင့် 'ကာလိကဒါန' ဖြစ်သည်။

(၃) အကျိုးအာနိသင်ငါးမျိုး ခိုင်မြဲသောကြောင့် 'ကထိန'ခေါ်သည်။

(၄) ဗုဒ္ဓဘုရား ပညတ်တော်မူထားသော သိက္ခာပုဒ် (၅)မျိုးခန့်ကို ပယ်ဖျက်ပေးနိုင်သောကြောင့် 'ဓမ္မဒါန'ဟုလည်း ခေါ်နိုင်သည်။

**အကျိုးပေးကောင်းတဲ့ ဇောတိကသူဋ္ဌေး**

ဇောတိကသူဋ္ဌေးလောင်းလျာသည် ဘဝတစ်ခု၌ သူကြွယ်ဖြစ်ခဲ့ပြီး မိမိခြံထွက် ကြံချောင်းကြီး (၂)ချောင်းကို ပစ္စေကဗုဒ္ဓါအား လှူဒါန်းခဲ့၏။ ဤကောင်းမှုကြောင့် နတ်ပြည်ရောက်သွားပြီးနောက် ဝိပဿီဘုရား လက်ထက်၌ သူကြွယ်ဖြစ်ပြန်၏။ ဘုရားရှင်အတွက် ရတနာစီချယ် အပ်သော ဂန္ဓကုဋိတိုက်ကို ဆောက်လုပ်လှူဒါန်းခဲ့၏။

ဂန္ဓကုဋိအတွင်း ဘုရားရှင်၏ ခြေတော်ရင်း၌လည်း သခွားသီးခန့် ကြီးမားသော ပတ္တမြားလုံးကြီးများကို ခင်းကျင်းထားလေ၏။ တရားနာ လာကြသူတွေထဲမှ အလစ်သမားအချို့က ပတ္တမြားလုံးများ ယူသွားကြ သဖြင့် "သူမပေးဘဲ မည်သူမျှ မယူနိုင်စေသတည်း"ဟု ဆုတောင်းခဲ့ လေသည်။

ဂေါတမဗုဒ္ဓဘုရား လက်ထက်တော်၌ ရာဇဂြိုလ်ရှိ သူဋ္ဌေးကြီး တစ်ဦး၏ သားဖြစ်ရာ သူ့ကို ဖွားမြင်သောနေ့တွင် တိုင်းပြည်အတွင်းရှိ လက်နက်တွေမှန်သမျှ အရောင်တလက်လက် ထွက်ကြကုန်၏။ ထို့ကြောင့် ပင် သူ့ကို 'ဇောတိက'ဟု ခေါ်ကြလေသည်။

ဇောတိက နေရန် ဖခင် သူဌေးကြီးက အိမ်ဆောက်ရန် စိမ်စဉ် သိကြားမင်း ရောက်လာပြီး ရတနာ(၇)ပါး အတိပြီးသော ဘုံ(၇)ဆင့်ရှိ ပြာသာဒ်ကြီးကို ဆောက်လုပ်ပေး၏။ တံတိုင်း (၇)ထပ်ရှိ၏။ တံတိုင်း (၇)ခု၏ မုခ်ဝအသီးသီးတွင် နတ်ဘီလူးတစ်ဦးစီ စောင့်စေ၏။ တံတိုင်း (၇)ခု၏ အစွန်အဖျား၌ ပဒေသာပင်များပေါက်၏။ ပြာသာဒ်၏ ထောင့်(၄) ခု၌ တစ်ဂါဝုတ်ရှိသော ရွှေအိုးကြီးက (၄)လုံး၊ ထန်းပင်လုံးပတ်ပမာဏ ရှိသော ရွှေကြံပင်ကြီးက (၄)ပင် ပေါက်ကုန်၏။

ရှေးရေစက်ကြောင့် ပေါင်းဖက်ဆုံလာ

ဇောတိကနှင့် ကုသိုလ်ကောင်းမှုပြုဖက်ဖြစ်သူ မြောက်ကျွန်းသူ သတုလကာရီကို နတ်တို့က ခေါ်ပေးသည်။ သတုလကာရီတွင် ဆန် တစ်စလယ်နှင့် ပတ္တမြားဖိုခနောက်သုံးခု ပါလာသည်။ ထိုပတ္တမြားဖိုခနောက် ပေါ်တွင် ထမင်းအိုး ဟင်းအိုးများ တင်လိုက်လျှင် အလိုလို ကျက်သွားသည်။ ဆန်တစ်စလယ်မှာလည်း ဘယ်လိုပဲစားစား လျော့မသွားပေ။ သူတို့ ဇနီးမောင်နှံမှာ ဆီမီးကိုမသုံး။ ပတ္တမြား၏အလင်းရောင်ဖြင့်သာ နေထိုင် သွားကြသည်။

ဇောတိက၏ ဘုံ(၇)ဆင့် ပြာသာဒ်ကိုလည်းကောင်း၊ မြောက် ကျွန်းသူ အချောအလှကိုလည်းကောင်း မြင်ဖူးအောင် လာကြည့်ကြသူ များမှာ တစ်နေ့တစ်နေ့ မနည်းလှပေ။ စေတနာသဒ္ဓါတရား အားကောင်း ကြသော သူတို့ ဇနီးမောင်နှံကလည်း လာကြည့်သူတိုင်းကို မြောက်ကျွန်း ဆန်ဖြင့် ထမင်းကျွေး၏။ ပဒေသာပင်မှ အဝတ်အထည်များကို လက်ဆောင်ပေး၏။ ရွှေအိုးကြီး (၄)လုံးမှ လိုအပ်ရာရာ ရတနာများကိုလည်း ပေးလိုက်သေး၏။

ပြည်သူလူထုသာ လာရောက်ကြည့်သည် မဟုတ်သေး။ ဗိမ္ဗိသာရ မင်းကြီးကိုယ်တိုင်ပင် သားတော် အဇာတသတ်ကို လက်ဆွဲခေါ်ကာ လာရောက် ကြည့်ရှုလေ၏။ ထိုစဉ်က မင်းသားငယ်သာ ရှိသေးသော အဇာတသတ်မင်းသည် ဇောတိကပြာသာဒ်ကိုမြင်လျှင်- "ငါ မင်းဖြစ်လျှင်

ဇောတိကကို ဤဘုံ(၇)ဆင့် ပြာသဒ်မှာ နေထိုင်ခွင့် မပေးနိုင်”ဟု ကြံစည်ခဲ့၏။

မင်းကြီးသည် ဇောတိက ညှော်ခံသော စားကောင်းသောက်ဖွယ်များကို စားသောက်ပြီးသော် သူဌေးကတော်ကို ကြည့်လို၍ အခေါ်ခိုင်း၏။ သူဌေး ကတော်သည် မင်းကြီးအနီးမှာထိုင်ပြီး ယပ်ခပ်ပေး၏။ သို့ရာတွင် နူးညံ့သိမ်မွေ့သော သူဌေးကတော်အတွက် မင်းကြီးကိုယ်မှ အနံ့အသက်များကြောင့် မျက်ရည်ပင်ကျရသည်။

ဇောတိကသည် မင်းကြီးအား အလွန်အဖိုးထိုက်တန်သော ပတ္တမြားတစ်လုံးကို လက်ဆောင်အဖြစ် ပေးအပ်လိုက်သည်။

*****

ဖခမည်းတော်ကို လုပ်ကြံပြီး မင်းဖြစ်လာသော အဇာတသတ်မင်းသည် ငယ်စဉ်ကပင် အကြံအစည် ရှိခဲ့ဖူးသော ဇောတိက၏ ပြာသဒ်ကို လုယူရန် စစ်သည်များစွာဖြင့် ထွက်လာခဲ့၏။ သို့သော် ဇောတိကနေအိမ်ပြင်ပရှိ တံတိုင်းများ၏ တောက်ပသော အရောင်တို့ကြောင့် မိမိ၏ စစ်သည် ဗိုလ်ပါများကိုပင် ဇောတိက၏ စစ်သည်ဗိုလ်ပါများထင်ပြီး မချဉ်းကပ်ဝံ့ချေ။

ထိုအချိန်မှာပင် ပထမထပ်တံခါးမုခ်ဝ၌ စောင့်ကြပ်နေသော နတ်ဘီလူး က တိုက်ခိုက်သဖြင့် အဇာတသတ် ထွက်ပြေးရလေတော့သည်။ အဇာတသတ် မင်းသည် ဗုဒ္ဓဘုရားရှိတော်မူရာ ဝေဠုဝန်ကျောင်းတော်သို့ ပြေးခဲ့ရလေသည်။

ဗုဒ္ဓဘုရားရှင်ထံ၌ တရားတော်ကို နာကြားနေသော ဇောတိကကို မြင်လျှင်–

“သင်သည် ငါ့ကို စစ်တိုက်ခိုင်းပြီး ခုမှ တရားနာချင်ဟန်ဆောင်နေဘိ၏”ဆိုရာ ဇောတိကက– “မင်းကြီး ကျွန်ုပ် စစ်တိုက်မခိုင်းပါ၊ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်၏ ဥစ္စာကို ကျွန်ုပ်ကသာ မပေးလျှင် မရနိုင်ပါ”ဟု ပြော၏။

ထို့နောက် ဇောတိကသည် လက်တွေ့အနေအားဖြင့် သူ၏လက်

(၁၀)ချောင်းတွင် ဝတ်ဆင်ထားသော လက်စွပ် (၂၀)ကွင်းကို ချွတ်ယူနိုင်း၏။

အဇာတသတ် ချွေးပြန်နေပါပြီ။ သို့သော် လက်စွပ်တစ်ကွင်းမျှ ချွတ်မရပေ။ အဇာတသတ်မင်းသည် ခွန်အားကြီးမားသော မင်းတစ်ပါး ဖြစ်ပါသည်။ ထိုင်လျက်မှခုန်လျှင် (၁၈)တောင်အမြင့်ထိ ရောက်ပြီး မတ်တတ်ရပ်ပြီး အားမာန်ဖြင့် ခုန်ပျံလျှင်ကား အတောင်(၆၀)ထိမြင့်အောင် ခုန်နိုင်သော ခွန်အားရှိ၏။

မင်းကြီး၏ ဒုက္ခကို မကြည့်ရက်နိုင်သော ဇောတိကသူဌေးသည် မင်းကြီးအား လက်ကာပြပြီး ပုဆိုးကို ဖြန့်ထားခိုင်း၏။ ထို့နောက် ဇောတိကသည် ပုဆိုးပေါ်သို့ လက်ထောင်ချလိုက်ရုံမျှဖြင့် လက်စွပ်များ အလိုလိုကျွတ်ကျကုန်၏။

ပါရမီရှင်ဖြစ်သော ဇောတိက၏ အသိဉာဏ်တွင် "ဥစ္စာစနသည် ဒုက္ခကို ပွားစေ၏၊ အန္တရာယ်လည်း များပြား၏"ဟု သံဝေဂဖြစ်လေ၏။ ချက်ချင်းပင် မင်းကြီးအား ခွင့်ပန်ပြီး ဗုဒ္ဓဘုရားထံ၌ ရဟန်းပြုလိုက်လေသတည်း။

*****

ဇောတိက ရဟန်းဘဝသို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက် သူ၏ ဘုံ(၇)ဆင့် ပြာသဒ်ဆောင်ကြီးနှင့်တကွ စည်းစိမ်ဥစ္စာ အဆောင် အယောင် ဟူသမျှတို့သည် အလိုလို ကွယ်ပျောက်သွားလေ၏။ မယား အချောအလှ အလိမ္မာ သတုလကာရီကိုလည်း နတ်များက မြောက်ကျွန်းသို့ ပြန်ပို့လိုက်ကြသည်။

မကြာမီပင် ဇောတိကသည် ရဟန္တာ ဖြစ်သွားလေ၏။

ဇောတိက ရဟန္တာ ဖြစ်သွားခြင်းနှင့် ပတ်သက်၍ သံသယရှိနေကြသော ရဟန်းများအား ဗုဒ္ဓဘုရားက အောက်ပါဒေသနာတော်ကို ဟောကြားတော် မူလိုက်လေသတည်း။

## ဗြဟ္မဏဆိုတာ

ယောဓ တဏှံ ပဟန္တွာန၊ အနာဂါရော ပရိဗ္ဗဇေ။
တဏှာဘဝ ပရိက္ခီဏံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။
(ဓမ္မပဒ၊ ဂါထာ-၄၁၆)

ဣဓ=ဤလောကဌ်၌၊ ယောပုဂ္ဂလော=အကြင်ပုဂ္ဂိုလ်သည်၊ တဏှံ=ဘပ်မက်တွယ်တာမှုဟူသမျှကို၊ ပဟန္တွာန=ပယ်စွန့်၍၊ အနာဂါရော=အိမ်ရာမထောင် သာသနာ့ဘောင်သို့ဝင်၍၊ ပရိဗ္ဗဇေ=ရဟန်းပြု၏၊ တဏှာဘဝပရိက္ခီဏံ=တပ်မက်တွယ်တာမှု တဏှာနှင့် ဘဝကုန်ခမ်းပြီးသော၊ တံပုဂ္ဂလံ=ထိုဇောတိကမထေရ်ကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို၊ ဗြာဟ္မဏံ=မကောင်းမှုကို ပယ်စွန့် ပြီးသော 'ဗြာဟ္မဏ'အစစ်ဟူ၍၊ အဟံ=ငါဘုရားသည်၊ ဗြူမိ=ဟောင်းစွာမသွေ ဟောကြားတော်မူလိုက်ပါပေသတည်း။

(ဓမ္မပဒဌကထာ၊ ဒုတိယအုပ်၊ ဗြာဟ္မဏဝဂ်၊ ဇောတိကဝတ္ထု)

*****

## ကထိန်အကြောင်း သိကောင်းစရာတရား

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် အလှူရေစက် လက်နှင့်မကွာ ပြုလုပ်နေချင်ကြသူများ ဖြစ်၏။ သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်တို့အား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး မနွမ်းပါးကြစေရန် ထက်သန်သော စေတနာ ဖြူစင်သော သဒ္ဓါတရားဖြင့် လှူဒါန်းလျက်ရှိကြပါသည်။

ဝါဆိုချိန်မှာ ဝါဆိုသင်္ကန်း ကပ်လှူကြသည်။ သီတင်းဝါလကျွတ်၍ ကထိန်ခေတ်ကာလသို့ ရောက်သောအခါမှာ ကထိန်သင်္ကန်းများကို ဆက်ကပ် လှူဒါန်းကြပါသည်။ တစ်နှစ်မှ တစ်ခါသာကြုံသော မဟာဘုံကထိန်ပွဲကြီးများ၊ မိသားစုခင်းကြသော ကထိန်ပွဲများ၊ တစ်ဦးတည်းပင် ကထိန်မရသေးသော ကျောင်းအား တစ်ပိုင်တစ်နိုင် လှူဒါန်းသော ကထိန်ပွဲများ စသည်ဖြင့် ပြုလုပ်ကြလေသည်။

သို့ဖြစ်ရာ မိမိတို့ နှစ်စဉ်ပြုလုပ်နေကြသော ကထိန်၏ အကြောင်း အရာကို ကောင်းစွာ သိရှိထားကြရန် လိုအပ်ပေသည်။ ယနေ့ပွဲတွင် 'ကထိန်အကြောင်း သိကောင်းစရာများ' ကို ဟောကြားပေးမည် ဖြစ်၏။

**ကထိန်ဖြစ်ပေါ်လာပုံ**

ပါဝေယျကတိုင်းသား ဘဒ္ဒဝဂ္ဂီနောင်ညီ သုံးကျိပ်တို့ကို အကြောင်းပြု၍ ကထိန် စတင်ဖြစ်ပေါ်လာပါသည်။

မင်းသားသုံးကျိပ်တို့သည် ပျော်ပါးရန် အလို့ငှာ ကြေးစား အမျိုးသမီးများကို အသီးအသီး ခေါ်ဆောင်ကြပြီး တောထဲသို့ သွားကြ လေ၏။ ဤတွင် အမျိုးသမီးတစ်ယောက်သည် မင်းသားများ သောက်စား မူးယစ်ပြီး အိပ်မောကျနေစဉ် မင်းသားများ၏ လက်ဝတ်ရတနာ ပစ္စည်းများ ကို ခိုးယူထွက်ပြေးသွားလေ၏။

ယင်းအမျိုးသမီးကို ရှာဖွေရင်း တောတွင်းတစ်နေရာ၌ ဗုဒ္ဓဘုရားနှင့် တွေ့ဆုံမိကြလေသည်။ ဗုဒ္ဓဘုရားက– "သင် မင်းသားတို့၊ ဘာကို ရှာဖွေနေကြသနည်း"ဟု မေးတော်မူရာ မင်းသားများက အမျိုးသမီး တစ်ယောက် ပျောက်သွား၍ ရှာဖွေနေကြကြောင်း လျှောက်ထားကြသည်။

ထိုအခါ ဗုဒ္ဓဘုရားက "အမျိုးသမီးပျောက် ရှာခြင်းတည်းဟူသော ပြင်ပဥစ္စာ(ဗဟိဒ္ဓ)ကာမဂုဏ်ငါးဖြာကို ရှာဖွေခြင်းထက် မိမိခန္ဓာကိုယ်အတွင်း (အဇ္ဈတ္တ)ကို ရှာဖွေခြင်းက ပို၍ ကောင်းမွန်ကြောင်း၊ ရှာဖွေနည်းမှန်ကန် ကြောင်းကို ဟောကြားတော်မူလိုက်၏။

မင်းသားသုံးကျိပ်တို့သည် ဗုဒ္ဓဘုရား၏ ဓမ္မဒေသနာကို သဘော ပေါက်သွားကြသည်။ ပါလာသော လေးမြားတို့ကို ပစ်ချပြီး ဗုဒ္ဓဘုရား ရှေ့မှောက်မှာ ဒူးထောက် အရိုအသေပြုကြလေ၏။

"အတ္တနောကရဏေဟေယ ဉာဏံ ဩဘာသေတွာ" ဆိုသည့်အတိုင်း မိမိ၏ ခန္ဓာကိုယ်ထဲ ဉာဏ်သွင်း၍ ခန္ဓာစိုက်ကာ ရှုမှတ်ပွားများကြသောအခါ တရားအမြင် ပေါက်ကြလေ၏။

ထိုမင်းသားသုံးကျိပ်တို့သည် လူ့ဘောင်ဘဝကို စွန့်လွှတ်၍

သာသနာ့ဘောင်သို့ ဝင်ရောက်ကာ ဗုဒ္ဓဘုရားထံမှောက်တွင် ရဟန်းပြုကြလေသည်။ ရဟန်းပြုသည်ဆိုရာဝယ်– ဗုဒ္ဓဘုရားက– “ဧထ ဘိက္ခဝေါ” ရဟန်းတို့ ငါဘုရားထံမှောက် လာကြလော့–ဟု ခေါ်လိုက်သည်နှင့် တပြိုင်နက် သပိတ် သင်္ကန်း ပရိက္ခရာ အစုံအလင်ဖြင့် ဝါခြောက်ဆယ်ရ မထေရ်ကြီးကဲ့သို့ ဣန္ဒြေသိက္ခာ ပြည့်စုံစွာ ရဟန်းအသွင်သို့ ကူးပြောင်းသွားကြပါသည်။ “ဧဟိ ဘိက္ခု”ရဟန်းဟူ၍ ခေါ်၏။

ရဟန်းသုံးကျိပ်တို့သည် ပါဝါမြို့မှာ သီတင်းသုံးကြပြီး မြတ်စွာဘုရားကို ဖူးမြော်ကြရန်နှင့် တရားဓမ္မများကို နာယူကြရန် ရည်ရွယ်ချက်ဖြင့် သာဝတ္ထိပြည်သို့ ကြွလာကြသည်။ သို့သော် သာဝတ္ထိပြည်သို့ ရောက်အောင် သွားကြလျှင် ဝါဆိုချိန်မမှီနိုင်တော့သဖြင့် (၇)ယူဇနာသာဝေးကွာသော သာကေတမြို့သို့သာလျှင် အရောက်ကြွပြီး ဝါဆိုတော်မူကြလေသည်။

သီတင်းဝါလကျွတ်သောအခါ၌ သာကေတမြို့မှ သာဝတ္ထိမြို့သို့ ကြွလာကြရာ လမ်းခရီးတွင် မိုးကြီးလေကြီး ရွာချလေရာ လမ်းများပျက်စီးကုန်တော့၏။ ရွှံ့ညွန်ဗွက်များ ထူထပ်ကာ ပင်ပန်းဆင်းရဲစွာဖြင့် ခရီးဆက်ကြရလေ၏။ ထိုအခါ တိစီဝရိတ်ဟု ဆိုအပ်သော သင်္ကန်းသုံးထည် စလုံး ရွှံ့ညွန်များ ပေကျံလျက် မိုးရေများဖြင့် စိုရွှဲနေပေတော့သည်။ သင်္ကန်းအတွက် ဆင်းရဲပင်ပန်းစွာ ဒုက္ခခံစားကြရသည်။

ဗုဒ္ဓဘုရားထံမှောက်သို့ ရောက်လေသော် ဗုဒ္ဓဘုရားက ရှေးဦးစွာ နှုတ်ခွန်းဆက်သတော်မူပါ၏။

“ချစ်သား ရဟန်းတို့၊ ကျမ်းခန့်သာလို့ မာကြ၏လော၊ နလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါ၏လော”

“ဘုန်းတော်ကြီးမားသော မြတ်စွာဘုရား၊ အရှင်မြတ်ဘုရား မြင်တော်မူသည့်အတိုင်း တပည့်တော်တို့သည် ခရီးခဲကို ပင်ပန်းစွာ ဖြတ်သန်းလာခဲ့ကြ ရပါသည် ဘုရား။ သင်္ကန်းများလည်း ရွှံ့တွေပေကျံ ရေတွေစိုရွှဲ ဆင်းရဲ ပင်ပန်းလှပါတော့သည် ဘုရား”

“ချစ်သားတို့၊ ဤသို့ဖြစ်လျှင် သင်္ကန်းအတွက် ပင်ပန်းဆင်းရဲမှု မရှိစေရန် ပုရိမဝါဆိုကြသော သင်ချစ်သားရဟန်းတို့အား ကထိန်ခင်းခွင့်

ပြုတော်မူလိုက်၏”

“အနုဓာနာမိ ဘိက္ခဝေ ဝဿံဝုတ္ထာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ” စသည်ဖြင့် ကထိန်ကို ခွင့်ပြုတော်မူလိုက်လေသတည်း။

ဗုဒ္ဓဘုရားသည် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် စံပျော်တော်မူစဉ် ရဟန်းသုံးကျိပ်(ဘဒ္ဒဝဂ္ဂီနောင်ညီ သုံးကျိပ်)တို့ကို အကြောင်းပြု၍ ‘ကထိန်’ကို ခွင့်ပြုတော်မူခဲ့ပါသည်။

ဗုဒ္ဓဘုရားထံမှောက်သို့ ရောက်ရှိလာကြသော ထိုရဟန်းသုံးကျိပ်တို့တွင် ပုထုဇဉ်ရဟန်းကား တစ်ပါးမျှမပါပေ။ တရားအဆင့် အနိမ့်ဆုံး ရဟန်းသည်ပင် သောတာပန်ပုဂ္ဂိုလ် ဖြစ်သည်။ အဆင့်အမြင့်ဆုံး ပုဂ္ဂိုလ်မှာ ‘အနာဂါမ်’ဖြစ်၏။ ပုထုဇဉ် ရဟန်းတစ်ပါးတလေမျှ မပါဝင်သလို ရဟန္တာလည်း တစ်ပါးမျှ မဖြစ်ကြသေးပေ။

“တေသု သဗ္ဗဇေဋ္ဌကော အနာဂါမီ၊ သဗ္ဗပစ္ဆိမကော သောတာ
ပန္နော၊ ဧကောပိ အရဟာဝါ, ပုထုဇ္ဇနောဝါ နတ္ထိ”

(မဟာဝါ၊ ကထိနက္ခန္ဓက အဋ္ဌကထာ)

တေသု=ထိုဘဒ္ဒဝဂ္ဂီနောင်ညီ ရဟန်းသုံးကျိပ်တို့တွင်၊ သဗ္ဗဇေဋ္ဌကော=အားလုံးထဲတွင် အကြီးဆုံးဖြစ်သော ရဟန်းသည်၊ အနာဂါမီ= အနာဂါမ်ပုဂ္ဂိုလ်တည်း။ သဗ္ဗပစ္ဆိမကော=အားလုံးထဲတွင် အငယ်ဆုံး ဖြစ်သော ပုဂ္ဂိုလ်သည်၊ သောတာပန္နော–သောတာပန်တည်း။ ဧကောပိ= တစ်ပါးလည်းဖြစ်သော၊ အရဟာဝါ=ရဟန္တာသည်လည်းကောင်း၊ ပုထုဇ္ဇနောဝါ=ပုထုဇဉ်သည်လည်းကောင်း၊ နတ္ထိ=မရှိပါချေ။

ဗုဒ္ဓဘုရားက “အနမတဂ္ဂသုတ္တန်”ဒေသနာကို ဟောကြားပေးတော်မူသော အခါ၌ ရဟန်းသုံးကျိပ်စလုံး ရဟန္တာဖြစ်သွားကြလေသည်။ ထိုရဟန်းသုံးကျိပ်တို့သည်– “ဣမေပန တေရသာပိ ဓုတင်္ဂါနိ သမာဒါယ ဝတ္တန္တိ–”ဟူသည့်အတိုင်း ဓုတင် (၁၃)ပါးလုံးကို ကျင့်ကြံအားထုတ်တော်မူကြလေသည်။

## 'ကထိန်'ခေါ်ပုံ

"ကထိယတေ သိလာဃတေ ဗုဒ္ဓါဒီဟိတိ ကထိနံ" ဟူသော ဝစနတ္ထအရ ဘုရား ရဟန္တာ စသော သူတော်ကောင်းတို့သည် "ကောင်းပါပေစွ–မြတ်ပါပေစွ"ဟု ချီးမွမ်းအပ်သောကြောင့် 'ကထိန်'ဟူ၍ ခေါ်ပါသည်။

"ကထနန္တိ ပဉ္စာနိသံသေ အန္တောကရဏ သမတ္ထတာယ ထိရန္တိ အတ္ထော–" ဟူသော သာရတ္ထဋီပနိဋီကာ၊ ဝိမတိဋီကာ ကျမ်းလာအရ ကထိန် အာနိသင် ငါးပါးတို့သည် အတွင်းကျကျ ထာဝရခိုင်မြဲသော အနက်သဘော ရှိသောကြောင့် 'ကထိန်'ဟူ၍ ခေါ်ပါသည်။ 'သထိန်' မဟုတ်ပါ။ အရပ်ပြောတွင် 'သထိန်'ဟု ပြောဆိုနေကြသည်ကို ကြားရဖူးသည်။

## ကထိန်ခင်းရမည့်ကာလ

"ဝဿာနဿ ပစ္ဆိမော မာသော ဇာနိတဗ္ဗော–"

ဝဿာနဿ=မိုးဥတုလေးလ (ဝါဆိုလပြည့်ကျော် တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်အထိ)၏ ပစ္ဆိမောမာသော=နောက်ဆုံးဖြစ်သော တစ်လ (သီတင်းကျွတ်လပြည့်ကျော်တစ်ရက်မှ တန်ဆောင်မုန်းလပြည့် အထိ)ကို၊ ဇာနိတဗ္ဗော=ကထိန်ခင်းခွင့်ရသော လဟူ၍ သိမှတ်အပ်၏။

ဤအချိန်ကာလ အပိုင်းအခြား အတွင်းမှာသာ ကထိန်ခင်းနိုင်သော သင်္ကန်းဖြစ်သောကြောင့် 'ကာလစီဝရ'ဟု ခေါ်သည်။ ဤကာလ အပိုင်းအခြား၌သာ လှူဒါန်းခွင့်ရှိသောကြောင့် 'ကာလဒါန'ဟုလည်း ခေါ်ပါ၏။

## သင်္ကန်း (၉)ထည်

ရဟန်းသံဃာတော်များ သုံးဆောင်ခွင့်ရှိသော ဘုရားခွင့်ပြုထားသည့် သင်္ကန်းမှာ (၉)ထည် (၉–မျိုး)အထိ ရှိပါသည်။

(၁) သင်းပိုင်၊ (၂) ကိုယ်ရုံဧကသီ၊ (၃) ဒုကုဋ်(နှစ်ထပ်သင်္ကန်းကြီး)၊ (၄) အိပ်ရာခင်း၊ (၅) မျက်နှာသုတ်ပဝါ၊ (၆) ပရိက္ခာရစောဠ(အဝတ်အပိုင်း

အစများ)၊ (၇) နိသိဒိုင်အခင်း၊ (၈) မိုယ်းရေခံသင်္ကန်း၊ (၉) အမာလွှမ်း သင်္ကန်းဟူ၍ သင်္ကန်း(၉)ထည် ရှိပါသည်။

ဤသင်္ကန်း(၉)ထည်တို့တွင် ကထိန်ခင်းခွင့်ရရှိသည့် သင်္ကန်းမှာ- "တိဏ္ဏံဝတ္ထူနံ- သံဃာဋိ၊ ဥတ္တရာသင်္ဂေါ၊ အန္တရဝါသကော"ဟူ၍ ဆိုထားသည့်အတိုင်း (၁) ဒုကုဋ်သင်္ကန်း၊ (၂) ကောသိသင်္ကန်းနှင့် (၃) သင်းပိုင် ဤသင်္ကန်းသုံးထည်(တိစီဝရိတ်)သာလျှင် ကထိန်ခင်းနိုင်ပါသည်။ ကျန်သင်္ကန်းများဖြင့် ကထိန်ခင်း၍ မရပါ။

ဤသင်္ကန်းသုံးထည်တို့တွင်လည်း သုံးထည်လုံး ကထိန်ခင်း နိုင်သည် မဟုတ်ပါ။ ဂုဏ်အားဖြင့်လည်းကောင်း၊ ဟန်ဖိုးအားဖြင့် လည်းကောင်း၊ ကြီးမြတ်သော သင်္ကန်းတစ်ထည်ကိုသာ ကထိန်ခင်းနိုင် ပါသည်။

ဤသင်္ကန်း (၃)ထည်တို့သည်လည်း (၁) ခေါမတိုင်းဖြစ်(နိုင်ငံခြား ဖြစ်)သင်္ကန်း၊ (၂) ကပ္ပါသိက=ဝါချည်သင်္ကန်း၊ (၃) ကောသေယျ=ပိုးချည် သင်္ကန်း၊ (၄) ကမ္ဗလ=ကမ္ဗလာ(သက္ကလပ်)သင်္ကန်း၊ (၅) သာဏ=ပိုက်ဆံ လျှော်မျှင်ဖြင့် ယက်လုပ်အပ်သောသင်္ကန်း၊ (၆) ဘင်္ဂ=ဘန်ချည်ဖြင့် ရက်လုပ်အပ်သောသင်္ကန်း၊ (ဝါ) ငါးမျိုးစုံရော၍ ရက်လုပ်ထားသော သင်္ကန်းဟူ၍ (၆)မျိုးရှိပါသည်။

"ဆ ဘူမိယော-ခေါမံ၊ ကပ္ပါသိကံ၊ ကောသေယျ၊ ကမ္ဗလံ၊ သာဏံ၊ ဘင်္ဂံ"ဟူသော အခြေခံပစ္စည်း(ဘူမိ)ကိုလိုက်၍ (၆)မျိုး ပြဆိုထား ပေသည်။

## ကထိန်သင်္ကန်းကပ်လှူပုံ

ကထိန်အလှူသည် သံဃိကဒါနဖြစ်၍ သံဃာကို ရည်မှန်းပြီး လှူဒါန်းကြရပါသည်။ ပုဂ္ဂိုလ်ကို မရည်မှန်းရပါ။ ပုဂ္ဂိုလ်သို့ စိတ်မညွတ်ရပါ။

"ဣမံ ကထိန စီဝရံ သံဃဿ ဒေမ"

ဣမံ ကထိနံ စီဝရံ=ဤကထိန်လျာသင်္ကန်းကို၊ သံဃဿ=သံဃာ တော်အား၊ ဒေမ=လှူဒါန်းပါ၏ဟု မြွက်ဆိုပြီး လှူဒါန်းရပါသည်။

"မယံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ သပရိဝါရံ ကထိနံ စီဝရံ သံဃဿ ဒေမ။ ကထိနံ စီဝရေန ကထိနံ အတ္ထရထ"ဟူ၍လည်း အကျယ်တဝင့် မြွက်ဆို၍ လှူနိုင်ပါသည်။

**(အနက်)**

ဘန္တေ=အရှင်ဘုရားတို့၊ မယံ=တပည့်တော်တို့သည်၊ သံသာရဝဋ္ဋဒုက္ခတော=ဖြစ်ပြန်ပျက်ပြန် အစုန်အဆန် ဆင်းရဲချမ်းသာ အနိမ့်အမြင့် ကျင်လည်နေရသော သံသရာကြီးထဲမှ၊ မောစနတ္ထာယ=လွတ်မြောက်ပါစေခြင်း အကျိုးငှာ၊ သပရိဝါရံ=အခြံအရံ လှူဘွယ်ပစ္စည်းများနှင့် တကွဖြစ်သော၊ ကထိနံ စီဝရံ=ဤကထိန်သင်္ကန်းကို၊ သံဃဿ=ပုရိမဝါမှ ထမြောက်တော် မူကြကုန်သော သံဃာတော်အရှင်မြတ်အား၊ ဒေမ=နိဗ္ဗာန်ရည်မှန်းကာ လှူဒါန်းကြပါ၏။

ကထိနံ စီဝရေန=ဤသင်္ကန်းဖြင့်၊ (တုမှေ=အရှင်ဘုရားတို့သည်) ကထိနံ=ကထိန်ကို၊ အတ္ထရထ=ခင်းတော်မူကြပါကုန်ဘုရား။

ကထိန်သည် အလွန်ထူးခြားသော အလှူဒါနဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် တစ်နှစ်လုံးမှာမှ တစ်လအတွင်း၌သာ လှူဒါန်းခွင့်ရှိသည်။ တစ်ကျောင်းမှာလည်း တစ်ကြိမ်သာ ကထိန်ခင်းနိုင်သည်။ သို့ဖြစ်၍ "တစ်နှစ်မှာ တစ်လ၊ တစ်ကျောင်းမှာ တစ်ကြိမ်သာ လှူဒါန်းနိုင်သော ဘုံမဟာကထိန်ပွဲတော်" ဟူ၍ ဆိုရိုးပြုကြပေသည်။

## ကထိန်သင်္ကန်း လှူဒါန်းနိုင်သူများ

"ယေနကေနစိ ဒေဝေနဝါ မနုဿေနဝါ ပဉ္စန္နံ သဟဓမ္မိကာနံ အညတရေန ဒိန္နံ ဝဋ္ဋတိ"

(ဝိနည်းမဟာဝါ အဋ္ဌကထာ)

ယေနကေနစိ=အမှတ်မထင် တစ်စုံတစ်ယောက်သော၊ ဒေဝေနဝါ= နတ်သည်လည်းကောင်း၊ မနုဿေနဝါ=လူသည်လည်းကောင်း၊ ပဉ္စန္နံ သဟဓမ္မိကာနံ=သီတင်းသုံးဖော် ငါးယောက်တို့တွင်၊ အညတရေန ဝါ= တစ်ယောက်ယောက်သည်လည်းကောင်း၊ ဒိန္နံ=ပေးလှူအပ်သော

သင်္ကန်းသည်၊ ဝဋ္ဋတိ=ကထိန်ခင်းအပ်၏။

လူပုဂ္ဂိုလ်၊ နတ်ပုဂ္ဂိုလ်(ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ သာမဏေယောကျ်ား၊ သာမဏေမိန်းမ၊ သိက္ခမာန်ဟုဆိုအပ်သော)သီတင်းသုံးဖော်ငါးယောက်တို့တွင် တစ်ဦးတစ်ယောက်သော ပုဂ္ဂိုလ်သည် လှူဒါန်းသော ကထိန်လျာသင်္ကန်းဖြင့် ကထိန်ခင်းနိုင်သည်။

## ကထိန်ခင်းပုံ

"ကထိနဿ ဧကံမူလံ သံဃော"

စင်စစ်အားဖြင့် ကထိန်၏ မူလဘူတမှာ သံဃာသာဖြစ်ပါသည်။ ဒကာ, ဒကာမများက ကထိန်ခင်းသည်မဟုတ်။ ကထိန်သင်္ကန်းလှူဒါန်းသော သင်္ကန်းဒကာ(ကထိန်ဒကာ)သာလျှင် ဖြစ်ပါသည်။

ကထိန်သင်္ကန်း ဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ကျောင်းတိုက်တွင်းရှိ သံဃာတို့ကို သိမ်ထဲတွင် စည်းဝေးကာ ကထိန်ခင်းခွင့်ရှိသူ ကထိန်ခံထိုက်သူ ပုဂ္ဂိုလ်ကို ဝေဖန်ပြီး သံဃာက သင်္ကန်းပေးအပ်ရပါသည်။ ကထိန်သင်္ကန်း ရရှိသော ပုဂ္ဂိုလ်က 'ကထိန်ခင်း'ရပါသည်။

ကထိန်သည် သံဃိကအလှူ၊ ကထိန်ခင်းသည်မှာ ပုဂ္ဂလိက ဖြစ်သည်။

ကထိန်ခင်းသော ပုဂ္ဂိုလ်သည် သင်္ကန်းပါးရှားသော ရဟန်းဖြစ်စေ၊ မထေရ်ကြီးဖြစ်စေ ကထိန်ခင်းခွင့် ရရှိနိုင်ကြပေသည်။

ကထိန်ခင်းရန် အနည်းဆုံး သံဃာ (၅)ပါး လိုအပ်ပါသည်။ (၅)ပါးထက်ကား များနိုင်သလောက် များနိုင်ပါသည်။

"ဂဏာဝသေန တာဝ ဟေဋ္ဌိမကောဋိယာ ပဉ္စဇနာ လဘန္တိ။
ဥဒ္ဓံ သတ သဟဿမ္ပိ--"

(မဟာဝါ၊ အဋ္ဌကထာ)

## ကထိန်၏အကျိုးအာနိသင်

ကထိန်အာနိသင်ကို အဓိကအားဖြင့် ကထိန်ခင်းခွင့်ရသော

ပုဂ္ဂိုလ်၊ အနုမောဒနာပြုသော ပုဂ္ဂိုလ်များသာ ရရှိပါသည်။ သင်္ကန်းလှူဒါန်းကြသော ကထိန်ဒကာ ကထိန်ဒကာမများသည်လည်း အလားတူသော အကျိုးအာနိသင်များကို ရရှိကြပါသည်။

* သွားလိုရာသွား၊ ဘေးများကင်းစင်၊ စိတ်ကြည်လင်၍၊ လှ, ရှင်, နတ် ချစ်၊ ဖြစ်လာပစ္စည်း၊ မလျော့နည်းဘဲ၊ ပေးလည်းမကုန်၊ လှူလည်းမခမ်း၊ ငြိမ်းချမ်းဆိပ်ကင်း၊ ခိုးခြင်းမရှိ၊ ပြည့်စုံဘိသည်၊ မှတ်သိကထိန်အကျိုးတည်း။

## ကထိန်အာနိသင် (၅)ပါး

ရဟန်းတော်များရရှိကြသော ကထိန်အာနိသင်(၅)ပါးမှာ အောက်ပါ အတိုင်း ဖြစ်သည်။

(၁) အနာမန္တစာရအာနိသင်=ထင်ရှားရှိသော ရဟန်း(မထေရ်ကြီး)ကို မပန်ကြားဘဲ ရပ်ရွာတွင်းသို့ ကြွနိုင်ခြင်း (ဝါ) ပင့်ဖိတ်ပြီး ဒကာရှိသော်လည်း နောက်ထပ် လက်ခံနိုင်ခြင်း၊

(၂) အသမာဒါနစာရအာနိသင်=တိစီဝရိတ်မှတင်ဆောင် ပုဂ္ဂိုလ်ဖြစ်လျှင် သင်္ကန်း(၃)ထည်နှင့် ညဉ့်ကင်းကွာ၍ နေနိုင်ခြင်း၊

(၃) ဂဏဘောဇနအာနိသင်=အပင့်အဖိတ်မတတ်သော ဒကာ ဒကာမများ၏ ဘောဇဉ်ခဲဖွယ်တို့ကို ဘုဉ်းပေးသုံးဆောင်နိုင်ခြင်း၊

(၄) ယာဝဒတ္ထစီဝရအာနိသင်=သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှစ၍ တပေါင်းလပြည့်အထိ (ငါးလအတွင်း) ရရှိလာသော သင်္ကန်း တို့ကို အဓိဋ္ဌာန်မတင် ဝိကပ္ပနာမပြုဘဲ ထားနိုင်ခြင်း၊

(၅) ယောစတတ္ထစီဝရုပ္ပါဒေါသော နေသံဘဝိဿတိ အာနိသင်= ကထိန်ခင်းသော ကျောင်းတိုက်၌ ဖြစ်ပေါ်လာသော သံဃိက သင်္ကန်းကို ထိုကျောင်းတိုက်မှ သံဃာများသာ ပိုင်ဆိုင်ခံစားခွင့် ရှိခြင်းတို့ ဖြစ်ပါသည်။

– ထိုပြင် ကထိန်အာနိသင် ရှိကြသော ရဟန်းတော်တို့သည် ဗုဒ္ဓဘုရား ပညတ်တော်မူထားသော ဝိနည်းသိက္ခာပုဒ်(၅)မျိုးမှ လွတ်ငြိမ်း

ချမ်းသာခွင့် ရရှိကြပါသည်။ ဤကား ကထိန်အလှူ၏ထူးခြားသော အကျိုးတရားဖြစ်ပေသည်။

ရဟန်းသံဃာတော်များ အကျိုးအာနိသင် ရှိသကဲ့သို့ပင် ကထိန်အလှူရှင် ဒကာ ဒကာမများလည်း အလားတူစွာ အောက်ပါအကျိုးတရားများကို ရရှိနိုင်ကြပါသည်။

- ရောင်းဝယ်ဖောက်ကား သွားလာရာ၌ ဘေးအန္တရာယ် ကင်းရှင်းခြင်း၊
- ရဟန်း လူရှင် နတ်ဒေဝါ သခင်များ၏ ချစ်ခင်စောင့်ရှောက်မှုကို ခံရခြင်း၊
- စုဆောင်းရရှိထားသော ဥစ္စာခနများ မလျော့နည်းခြင်း၊
- စည်းစိမ်ဥစ္စာများကို ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်ခြင်း၊
- မိမိတို့ ပိုင်ဆိုင်သော ပစ္စည်းများကို မိမိက မပေးဘဲ မယူဆောင်နိုင်ခြင်း၊
- ပေး၍မကုန် လှူ၍မခန်းဘဲ ငြိမ်းချမ်းသာယာစွာ နေထိုင်ရခြင်း စသည်တို့ ဖြစ်ပါသည်။

* အကျိုးငါးပါး၊ ခံစားစေရန်
အနုဇာနာမိ၊ အာဒိဝစနံ
ရှင်တော်ခွင့်ပြု၊ ခင်းမှုအမှန်
ကထိန်များ၊ ခင်းကြွားတို့နိုင်ငံ။

*****

# အခန်း(၆)

# သားသမီးကျင့်ဝတ်ကျေပွန်ပါစေ

ကျန်ရစ်သူမိသားစုတို့က ကွယ်လွန်သွားသော အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိဘ(--)ကို ရည်မှန်း၍ အလှူအဒါန်း ပြုလုပ်ကာ အမျှအတန်း ပေးဝေသည့်ပွဲဖြစ်သည်။ သတ္တဝါများသေလျှင် ဂတိငါးပါး တစ်ပါးပါးသို့ လားကြရမည်သာ ဖြစ်သည်။

**ဂတိ(၅)ပါး**

(၁) ဒေဝဂတိ=နတ်ပြည်သို့လားခြင်း၊ နတ်သား နတ်သမီးဖြစ်ခြင်း၊ ဗြဟ္မာဖြစ်ခြင်း။

(၂) မနုဿဂတိ=လူပြန်ဖြစ်ခြင်း။

(၃) ပေတဂတိ=အစွဲအလန်း အတွယ်အတာကြီးသူများ ပြိတ္တာ(တစ္ဆေ) ဖြစ်ခြင်း။

(၄) တိရစ္ဆာနဂတိ=တိရစ္ဆာန်ဖြစ်ခြင်း။

(၅) နိရယဂတိ=ငရဲသို့ကျရောက်ခြင်း။

* ဒေဝ, မနုဿ, နိရယ, ပေတ, တိရစ္ဆာ။
လားရာဂတိ၊ ငါးမျိုးရှိ၊ မှတ်သီလူမိုလ်ပါ။

လူ့လောက၌ နေထိုင်စဉ်အတွင်း ကုသိုလ်ကောင်းမှု ပြုသူများသည် ယေဘုယျအားဖြင့် ကောင်းသောဂတိ(၂)ပါးဖြစ်သော ဒေဝဂတိနှင့် မနုဿဂတိသို့ လားရောက်မည်။

မကောင်းမှု အကုသိုလ်နှင့် ဒုစရိုက်ပြုသူများသည်ကား သေလျှင် ငရဲကျခြင်း၊ တိရစ္ဆာန်ဖြစ်သွားခြင်း၊ သရဲတစ္ဆေပြိတ္တာ ဖြစ်သွားခြင်းဟု ဆိုအပ်သော မကောင်းသော ဂတိ(၃)ပါးဖြစ်သည့် နိရယဂတိ, တိရစ္ဆာနဂတိနှင့် ပေတဂတိသို့ လားရောက်ကြရပေမည်။

လူပြန်ဖြစ်ခြင်းနှင့် ပတ်သက်၍ လူ့ဝင်စားများမှာ လက်တွေ့သာဓကများ ဖြစ်သည်။

တိရစ္ဆာန်ဖြစ်ခြင်းနှင့် ပတ်သက်၍ ပစ္စည်းဥစ္စာများကို စွဲလန်းပြီး သေသွားသဖြင့် ခွေးကြီးဖြစ်သွားရသော 'တောဒေယျ သူဌေးကြီး'ဖြင့် သိနိုင်သည်။ သူဌေးကြီးက ခွေးကြီးဖြစ်ရသည်။

အဿကဘုရင်ကြီး၏ မိဖုရားခေါင်းကြီး ဥပရိဒေဝီသည် ချောမောလှပသော သူ့ခန္ဓာကိုယ်ကိုသာ တသ,သပြင်ဆင် ကုသိုလ်ကောင်းမှု ဘာမျှ မပြုဘဲ သေသွားသဖြင့် နွားချေးပိုးမကြီး ဖြစ်သွားခဲ့ဖူးလေသည်။

နိရယဂတိနှင့် ပတ်သက်၍ ပသေနဒီကောသလမင်းကြီး၏ မိဖုရားကြီး မလ္လိကာသည် မင်းကြီးကို လှည့်ဆယ်၍ လိမ်လည်ခဲ့ဖူးသော အပြစ်ကို စွဲလန်းပြီး သေသွားသောကြောင့် အဝီစိငရဲသို့ (၇)ရက် ကျဖူးလေသည်။

ပေတဂတိခေါ် ပြိတ္တာ ဖြစ်သွားကြသော သာဓကများမှာ မြောက်များစွာ ရှိ၏။ ပေတဝတ္ထုခေါ် ကျမ်းစာအုပ်ကြီးပင် အထင်အရှားရှိ၏။

လူ့အဖြစ်သည် ရခဲသောကြောင့် 'မနုဿတ္တဘာဝေါ ဒုလ္လဘော'ဟု ဗုဒ္ဓဘုရား ဟောကြားခဲ့၏။ ရခဲစွာရလာသော လူ့ဘဝခဏတာလေးကို အကျိုးမဲ့ မဖြုန်းတီးသင့်ကြပေ။ ကိုယ့်အကျိုး၊ အများအကျိုးဟု ဆိုအပ်သော 'အတ္တဟိတ, ပရဟိတ'ကိစ္စများကို စွမ်းနိုင်သလောက် ပြုလုပ်သင့်ကြပါသည်။ အများအကျိုးဟုရာ၌ နိုင်ငံတော်အကျိုး၊ အမျိုးဘာသာ သာသနာတော် အကျိုးလည်း ပါဝင်ပေသည်။

လူ့လောက(လူ့ဘုံ)ကြီးသည် 'ဘဝပဒေသာပင်ကြီး' ဖြစ်ကြောင်း လယ်တီဆရာတော်ဘုရားကြီးက မိန့်၏။ 'ဘဝပဒေသာပင်မဘုတာရုံကြီး' သဖွယ်လည်းဖြစ်၏။ အထက်သို့ ဆန်တက်ချင်လျှင်လည်းရ၏။ အောက်သို့ စုန်ဆင်းချင်လျှင်လည်း အလွယ်ကလေးပင်။

ဗုဒ္ဓဘုရားကိုယ်တော်တိုင်ပင် လူ့ဘုံ လူ့လောကတွင် မယ်တော်မာယာ၏ ဝမ်းကြာတိုက်တွင် သန္ဓေယူပြီး လူသား ဘုရားအဖြစ်ဖြင့် ပွင့်တော်မူခဲ့သည်။ ပါရမီတော်များကို ဖြည့်ကျင့်ပြီးမှ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပေသည်။

**သားသမီးကျင့်ဝတ်(၅)ပါး**

သုတ်ပါထေယျပါဠိတော်၊ သိင်္ဂါလသုတ်တွင် သိင်္ဂါလ သတို့သားအား ဗုဒ္ဓဘုရားက လူမှုကျင့်ဝတ် တရားများကို စုံလင်စွာ ဟောကြားတော်မူခဲ့ပါသည်။ လင်ကျင့်ဝတ်၊ မယားကျင့်ဝတ်၊ ဆရာကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ် စသည်ဖြင့် စုံလင်အောင် ပါဝင်၏။ ဤ၌ သားသမီး ကျင့်ဝတ်(၅)ပါးကို ဖော်ပြရမည်။

"ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ"

(၁) မိဘများ အသက်ထင်ရှားရှိစဉ် ကျွေးမွေးပြုစုစောင့်ရှောက်ရမည်။
(၂) မိဘများ၏ ဝေယျာဝစ္စကို ဆောင်ရွက်ရမည်။
(၃) အမွေခံထိုက်သော သားကောင်း သမီးကောင်းများဖြစ်အောင် နေထိုင်ရမည်။
(၄) မိဘများ မရှိတော့သည့်နောက်တွင်လည်း မိဘများအား ရည်မှန်း၍ လှူဒါန်းပြီး အမျှအတန်းပေးဝေရမည်။
(၅) အမျိုးအနွယ်၏ဂုဏ်သိန် မကျဆင်းအောင် သိက္ခာရှိရှိ နေထိုင်ရမည်။

ဤ၌ အဓိကပြောလိုသည်မှာ မိဘများ မရှိကြတော့သည့်နောက်တွင် မိဘများကို ရည်မှန်းပြီး လှူဒါန်းပါ၊

အမျှဝေပါ။ အမျိုးအနွယ်၏ဂုဏ် မပျက်အောင် စောင့်ထိန်းကြပါ။

မိဘများ အသက်ထင်ရှားရှိစဉ် ကျွေးမွေးစောင့်ရှောက်ပါ။ သေမှ မငိုပါနှင့်။ စားနိုင်တုန်းကျွေးပါ။ မစားနိုင်တော့မှ ခါတ်စာမပို့ပါနှင့်။ အမွေခံထိုက်သော သားကောင်း သမီးကောင်းရတနာများ ဖြစ်အောင် နေထိုင်ကြပါ။ မိဘများရှိစဉ်က ပစ်ထားပြီးသေမှ အမွေမလိုချင်ပါနှင့်။

မင်္ဂလာတရားတော် (၃၈)ပါးတွင် 'မာတာပိတုဥပဋ္ဌာနံ' မိဘများကို လုပ်ကျွေးပြုစုခြင်းသည် မြတ်သောမင်္ဂလာဟု ဆိုထားရာ မင်္ဂလာရှိသော မောင်,မယ်များ ဖြစ်အောင် ကြိုးစားကြပါ။

သေပြီးနောက် နတ်ပြည်ရောက်ခြင်း (ဒေဝဂတိ)နှင့် ပတ်သက်၍ ဓမ္မပဒအဋ္ဌကထာလာ ဓမ္မိကဥပါသကာဇာတ်ကြောင်းကို ဟောနိုင်သည်။

## ဓမ္မိကဥပါသကာဝတ္ထု

သာဝတ္ထိပြည်သား 'ဓမ္မိက'အမည်ရှိသော ဥပါသကာသည် ရဟန်းသံဃာတော်တို့အား အမြဲမပြတ် ဆွမ်းကပ်လှူလေ့ရှိ၏။ သီလဆောက်တည်လေ့ရှိ၏။ တရားနာယူလေ့ရှိ၏။ 'တစ်နွယ်ငင် တစ်စင်ပါ'ဆိုသကဲ့သို့ပင် သူ၏သားသမီး ဇနီး မိသားစုတို့သည်လည်း အလှူဒါန ဝါသနာပါကြသည်။ သီလဆောက်တည်ကြသည်။ တရားနာယူကြသည်။

## သားသမီး (၃)မျိုး

ဤတွင် သားသမီးနှင့် ပတ်သက်၍ သားသမီး (၃)မျိုးရှိကြောင်း သိသင့်၏။

(၁) အနုဇာတသား=မိဘများနှင့် တန်းတူလိုက်၍ ကုသိုလ်ပြု၊ သီလဆောက်တည်၊ လိမ္မာရေးခြားရှိသော သားသမီး။

(၂) အတိဇာတသား=သားသမီးက မိဘများထက်ပင် သာလွန်၍ ဒါန၊ သီလ၊ ဘာဝနာကိစ္စ၊ လောကီပညာရေးကိစ္စ စသည် သာလွန်သွားသော သားသမီးမျိုး။ မိဘက ဖာသိဖာသာ၊ သားသမီးက လိမ်လိမ်မာမာ။

(၃) အဝဇာတသား=မိဘများက ဘုရားဒကာ၊ ကျောင်းဒကာ၊ ရဟန်းဒကာ ဘာသာရေးကို ကိုင်းရှိုင်းသူ။ သားသမီးများကျတော့ ဘာသာလဝါနေ၊ ရတနာသုံးပါး မဆည်းကပ်၊ ဘာသာရေး မလိုက်စားသော သားသမီးမျိုးတို့ ဖြစ်သည်။

မဟာဓမ္မိကဥပါသကာ၏ သားသမီးတို့သည်ကား မိဘနှင့် ရိုးစွဲ လိုက်နိုင်သော 'အနုဇာတသားသမီးမျိုး'ပေတည်း။

ဤသို့ဖြင့် အလှူရေစက် လက်နှင်မကွာ ပြုပြီး နေထိုင်လာခဲ့ရာ တစ်နေ့တွင် ဓမ္မိကဥပါသကာ မကျန်းမမာ ဖြစ်သည်။ အိပ်ရာပေါ်တွင် လဲလျောင်းနေရသည်။ ထိုအချိန်တွင် တရားနာလိုသဖြင့် ရဟန်းသံဃာတော်များကို သူ၏နေအိမ်သို့ ပင့်ဆောင်နိုင်း၏။ ရဟန်းတို့သည် ဒကာကြီးကို ဝိုင်းရံပြီးထိုင်ကာ 'မဟာသတိပဋ္ဌာနသုတ်'ကို ရွတ်ဆိုပေးကြ၏။

**မဟာသတိပဋ္ဌာနသုတ် ကောက်နုတ်ချက်**

"ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ, သောကပရိဒေဝါနံ သမတိက္ကမာယ, ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ, ဉာယဿ အဓိဂမာယ, နိဗ္ဗာနဿ သစ္ဆိကိရိယာယ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ"

ကတမေ စတ္တာရော—ဣဓဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။

အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။

ဝေဒနာသု ဝေဒနာနုပဿီ ဝိဟရတိ အာတာပီသမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ၊ စိတ္တေ စိတ္တာနုပဿီဝိဟရတိ အာတာပီသမ္ပဇာနော သတိမာဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ၊ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျလောကေ အဘိဇ္ဈာဒေါမနဿံ" စသည်ဖြင့် ရွတ်ပွားပေးတော်မူကြသည်။

(အနက်ယောဇနာ)

ဘိက္ခဝေ=ရဟန်းတို့၊ သတ္တာနံ=သတ္တဝါတို့၏၊ ဝိသုဒ္ဓိယာ=အထူးထူးသော ကိလေသာတို့မှ အထူးသဖြင့် စင်ကြယ်ခြင်းငှာ၊ သောကပရိဒေဝါနံ= စိုးရိမ်ခြင်း, ငိုကြွေးမြည်တမ်းခြင်းတို့ကို၊ သမတိက္ကမာယ=လွန်မြောက်ခြင်းငှာ၊ ဒုက္ခဒေါမနဿာနံ=ကိုယ်ဆင်းရဲခြင်း, စိတ်နှလုံးမသာမယာခြင်းတို့၏၊ အတ္ထင်္ဂမာယ=ချုပ်ငြိမ်းခြင်းငှာ၊ ဉာယဿ=အရိယာမဂ်ကို၊ အဓိဂမာယ= ရရှိခြင်းငှာ၊ နိဗ္ဗာနဿ=နိဗ္ဗာန်ကို၊ သစ္ဆိကရဏတ္ထာယ=မျက်မှောက်ပြုခြင်းငှာ၊ ပဝတ္တော=ဖြစ်သော၊ ဧကာယနော=တစ်ကြောင်းတည်းသော ခရီးဖြစ်သော (ဝါ) တစ်ယောက်တည်းသာလျှင် သွားအပ်သော၊ အယံ ဤဒိယော=ဤသို့ သဘောရှိသော၊ မဂ္ဂေါ=ခရီးသည်၊ စတ္တာရော=လေးပါးကုန်သော၊ ယဒိဒံယေဝ္ဂမေသတိပဋ္ဌာနာ=အကြင်သတိပဋ္ဌာန်တရားတို့ပေတည်း။

စတ္တာရော=လေးပါးကုန်သော သတိပဋ္ဌာန်တို့သည်၊ ကတမေ=အဘယ်တို့နည်း?။

(က) ဘိက္ခဝေ=ရဟန်းတို့၊ ဣဓ=ဤသာသနာတော်၌၊ ဘိက္ခု=ရဟန်းသည်၊ အာတာပီ=ကိလေသာကို ပူပန်စေတတ်သော သမ္မပ္ပဓာန်လုံ့လ ရှိသည်ဖြစ်၍၊ သမ္ပဇာနော=ပညာအဆင်ခြင်နှင့် ပြည့်စုံသည်ဖြစ်၍၊ သတိမာ=သတိနှင့်ပြည့်စုံသည်ဖြစ်၍၊ လောကေ=ရူပုပါဒါနက္ခန္ဓာဟူသော လောက၌၊ အဘိဇ္ဈာဒေါမနဿံ=တပ်မက်သောလောဘ, နှလုံးမသာယာသော ဒေါမနဿကို၊ ဝိနေယျ=တဒင်္ဂ, ဝိက္ခမ္ဘနအားဖြင့် ဖျောက်၍၊ ကာယေ=ရူပကာယ ခန္ဓာကိုယ်၌၊ ကာယာနုပဿီ=ကိုယ်ကာယ၌ အဖန်တလဲလဲ ရှုမှတ်သည်ဖြစ်၍၊ ဝိဟရတိ=နေထိုင်၏။

(ခ) ---- လောကေ=ဝေဒနုပါဒါနက္ခန္ဓာ ဟူသော လောက၌--

ဝေဒနာသု=သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာတို့၌-(ကျန်တာ တူပြီ)

(ဂ) ---- လောကေ=ဝိညာဏုပါဒါနက္ခန္ဓာဟူသော လောက၌--

စိတ္တေ=သရာဂစိတ်, ဝီတရာဂစိတ်၊ သဒေါသစိတ်, ဝီတဒေါသစိတ်၊ သမောဟစိတ်, ဝီတမောဟစိတ်၊ သံခိတ္တစိတ်, ဝိက္ခိတ္တစိတ်၊

မဟဂ္ဂတစိတ်, အမဟဂ္ဂတစိတ်၊ သဥတ္တရစိတ်, အနုတ္တရစိတ်၊ သမာဟိတ စိတ်, အသမာဟိတ စိတ်၊ ဝိမုတ္တစိတ်, အဝိမုတ္တစိတ်၌ --- (ကျန်တာ တူပြီ)

(ဃ) --- လောကေ=နီဝရဏ စသောတရား၊ သညုပါဒါနက္ခန္ဓာ, သင်္ခါရုပါဒါနက္ခန္ဓာ၊ အာယတန၊ ဗောဇ္ဈင်၊ သစ္စာ-ဟူသော လောက၌-

ဓမ္မေသု=နီဝရဏစသောတရားတို့၌ - (လ)-ဝိဟရတိ=နေ၏။

## သတိပဋ္ဌာန်(၄)ပါး

(က) ကာယာနုပဿနာ သတိပဋ္ဌာန်-ထွက်လေ, ဝင်လေကို ရှုမှတ်ခြင်း၊ အာနာပါနပဗ္ဗ၊ သွား, ရပ်, ထိုင်, လျောင်း ဣရိယာပုဒ်လေးပါး၌ သတိကပ်၍ ရှုမှတ်ခြင်း၊ ဣရိယာပထပဗ္ဗ၊ ခန္ဓာကိုယ်နှင့်စပ်သော လှုပ်ရှားမှုများကို ရှုမှတ်ခြင်း၊ သမ္ပဇာနပဗ္ဗ၊ ဆံပင်, မွေးညင်း စသော စက်ဆုပ်ဖွယ်များကို ရှုမှတ်ခြင်း၊ ပဋိကူလမနသိကာရပဗ္ဗ- ဓာတ်ကြီးလေးပါးကို ရှုမှတ်ခြင်း၊ ဓာတုမနသိကာရပဗ္ဗ အသုဘများကို ရှုမှတ်ခြင်း၊ နဝသိဝထိကပဗ္ဗတို့ ဖြစ်ပါသည်။

(ခ) ဝေဒနာနုပဿနာ သတိပဋ္ဌာန်-
သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဒုက္ခမသုခ(ဥပေက္ခာ) ဝေဒနာ စသည်တို့ကို သတိကပ်၍ ရှုမှတ်ခြင်း။

(ဂ) စိတ္တာနုပဿနာသတိပဋ္ဌာန်
နီဝရဏ (၆)ပါး၊ အာယတန(၁၂)ပါး၊ ခန္ဓာ(၅)ပါး၊ ဗောဇ္ဈင် (၇)ပါး၊ သစ္စာ(၄)ပါးတို့၌ သတိကပ်၍ ရှုမှတ်ခြင်းတို့ ဖြစ်ပါ သည်။

## သတိပဋ္ဌာန်၏အာနိသင်

“ယောဟိကောစိ ဘိက္ခဝေ ဣမေစတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တဝဿာနိ၊ (ဆဝဿာနိ၊ ပဉ္စ၊ စတ္တာရိ၊ တီဏိ၊ ဒွေ၊ ဧက

**ဝဿာနိ။ သတ္တမာသာနိ၊** ဆ၊ ပဉ္စ၊ စတ္တာရိ၊ တီဏိ၊ ဒွေမာသာနိ။ ဧကံ၊ **အဍ္ဍမာသံ၊ သတ္တာဟံ)---တဿဒွိန္နံ** ဖလာနံ အညတရံ ဖလံ ပါဋိကင်္ခံ ဒိဋ္ဌေ **ဓမ္မေ အညာ သတိဝါ** ဥပါဒိသေသေ အနာဂါမိတာ။”ဟူ၍ မဟာ သတိပဋ္ဌာနသုတ် **အဆုံးတွင်** သတိပဋ္ဌာန်တရား ပွားများအားထုတ်ခြင်း၏ အကျိုးအာနိသင်ကို ပြဆိုထားပေသည်။

(အနက်ယောဇနာ)

**ဘိက္ခဝေ**=ရဟန်းတို့၊ ယောဟိကောစိ=မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်။ သတ္တဝဿာနိ=(၇)နှစ်တို့ပတ်လုံး [ဆဝဿာနနိ=(၆)နှစ်တို့ ပတ်လုံး၊ (၅)နှစ် (၄)နှစ်၊ (၃)နှစ်၊ (၂)နှစ်၊ (၁)နှစ်။ (၇)လ၊ (၆)လ၊ (၅)လ၊ (၄)လ၊ (၃)လ၊ (၂)လ၊ (၁)လ၊ (၁၅)ရက်။ (၇)ရက်တို့ပတ်လုံး]

**ဣမေစတ္တာရောသတိပဋ္ဌာနေ**=ဤသတိပဋ္ဌာန်တရားလေးပါးတို့ကို၊ **ဧဝံ**=ဤသို့ ဟောတော်မူသည့်အတိုင်း၊ ဘာဝေယျ=ပွားများအားထုတ်ငြားအံ့။ **တဿ**=ထိုသို့မဆုတ်မနစ် ညွှန်ကြားတော်မူသည့်အတိုင်း အားထုတ်သော ပုဂ္ဂိုလ်အား၊ ဒိဋ္ဌေဝဓမ္မေ=မျက်မှောက်သောကိုယ်၏ အဖြစ်၌ ပင်လျှင်၊ **အညာဝါ**= အရဟတ္တဖိုလ်သည်လည်းကောင်း၊ ဘဝိဿတိ=ဖြစ်လတ္တံ့(ရလတ္တံ့)၊ ဥပါဒိ–သေသေ=ဥပါဒါန်တရားအကြွင်းသည်၊ သတိ= ရှိသော်၊ **အနာဂါမိတာဝါ**=အနာဂါမ်၏ အဖြစ်သည်လည်းကောင်း၊ ဘဝိဿတိ=ဖြစ်လတ္တံ့၊ ဣတိ=ဤသို့၊ ဒွိန္နံ=နှစ်ပါးကုန်သော၊ ဖလာနံ= ဖိုလ်တို့တွင်၊ **အညတရံ** ဖလံ=တစ်ပါးပါးသော ဖိုလ်ကို၊ ပါဋိကင်္ခံ= အလိုရှိအပ်ပါပေတော့သတည်း။

**အဓိပ္ပာယ်မှာ**–သတိပဋ္ဌာန်ကျင့်စဉ်အတိုင်း အပတ်တကုတ် မဆုတ်မနစ် **နှစ်ရှည်လများ** ဆက်တိုက်အားထုတ်သွားပါက (၇)နှစ်မှစ၍ (၇)ရက်အတွင်း မှာပင် **အနာဂါမ်ဖိုလ်** (သို့မဟုတ်) အရဟတ္တဖိုလ် တစ်ခုခုကို ရရှိနိုင်သည်ဟူ၍ ဖြစ်၏။

**(အကျယ်သိရှိလိုပါက** မဟာသတိပဋ္ဌာနသုတ်ပါဠိ၊ နိဿယနှင့် အဖွင့် ဋီကာ စသည်တို့၌ရှုပါ။)

ဤ သတိပဋ္ဌာန်ဒေသနာတရားကို နာကြားကြရသဖြင့် ရဟန်း

(၃)သောင်း ရဟန္တာများ ဖြစ်သွားခဲ့ကြလေ၏။

**သတိပဋ္ဌာန်အကျိုးပြ ရှစ်လုံးဖွဲ့ကဗျာများ-**

(၁) ကိလေစင်ကြောင်း၊ နည်းကောင်းလမ်းမှန်၊
ရှုမှတ်ခါကြည့်၊ သတိပဋ္ဌာန်။
ဝန်ခံချက်ဖြင့်၊ မိန့်မြွက်သည်မှန်
ကျင့်ကြံသုံး၊ နောက်ဆုံးပြည်နိဗ္ဗာန်။
(သတ္တာနံ ဝိသုဒ္ဓိယာ-)

(၂) စိုးရိမ်,ပူဆွေး၊ ငိုကြွေးလွတ်ရန်၊
ရှုမှတ်ခါကြည့်၊ သတိပဋ္ဌာန်
ဝန်ခံချက်ဖြင့်၊ မိန့်မြွက်သည်မှန်
ကျင့်ကြံသုံး၊ နောက်ဆုံးပြည်နိဗ္ဗာန်။
(သောက ပရိဒေဝါနံ သမတိက္ကမာယ-)

(၃) ကိုယ်, စိတ် ဆင်းရဲ၊ ချုပ်ငြိမ်းအမှန်
ရှုမှတ်ခါကြည့်၊ သတိပဋ္ဌာန်
ဝန်ခံချက်ဖြင့်၊ မိန့်မြွက်သည်မှန်
ကျင့်ကြံသုံး၊ နောက်ဆုံးပြည်နိဗ္ဗာန်။
(ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ-)

(၄) အရိယာမဂ်၊ လှမ်းတက်ဖို့ရန်
ရှုမှတ်ခါကြည့်၊ သတိပဋ္ဌာန်
ဝန်ခံချက်ဖြင့်၊ မိန့်မြွက်သည်မှန်
ကျင့်ကြံသုံး၊ နောက်ဆုံးပြည်နိဗ္ဗာန်။
(ဉာယဿ အဓိဂမာယ-)

(၅) နိဗ္ဗာန်မျက်မှောက်၊ ဆိုက်ရောက်ဖို့ရန်
ရှုမှတ်ခါကြည့်၊ သတိပဋ္ဌာန်
ဝန်ခံချက်ဖြင့်၊ မိန့်မြွက်သည်မှန်
ကျင့်ကြံသုံး၊ နောက်ဆုံးပြည်နိဗ္ဗာန်။
(နိဗ္ဗာနဿ သစ္ဆိကိရိယာယ-)

ဤသို့သော အဓိပ္ပာယ် အကျိုးအာနိသင်များဖြင့် ကြွယ်ဝလှသော မဟာသတိပဋ္ဌာနသုတ်ကို မဟာဓမ္မကဉပါသကာကြီး နာကြားနေစဉ်မှာပင် နတ်ပြည်ခြောက်ထပ်မှ နတ်ရထားခြောက်စင်းတို့ ရောက်လာကြပြီး နတ်သားများက သူ့ရထားပေါ်တက်ပါ၊ ငါ့ရထားပေါ်တက်ပါဟု ဒကာကြီး အား ခေါ်နေကြလေပြီ။

ဒကာကြီးသည် တရားနာယူ၍ မပြီးဆုံးသေးသဖြင့် နတ်သား များအား 'ဆိုင်းငံ့ကြပါဦး"ဟုဆိုပြီး လက်ကာပြလိုက်၏။ ဒကာကြီး၏ လက်ကာပြမှုကို မြင်တွေ့သွားသော ရဟန်းတို့သည် သတိပဋ္ဌာန်တရား တော် ရွတ်ပွားခြင်းကို ရပ်ဆိုင်းလိုက်ကြလေ၏။ သားသမီးတို့ကလည်း သူတို့ဖခင် ကယောင်ကတမ်းဖြစ်ကာ သေတော့မည်ထင်ပြီး ငိုကြွေးကြ လေ၏။ ရဟန်းတို့၏ အယူအဆကတစ်မျိုး၊ သားသမီးများ၏ အဓိပ္ပာယ် ကောက်ယူပုံကတစ်ဖုံ ဖြစ်နေလေ၏။ ရဟန်းတော်တို့သည် နေရန်မသင့် သဖြင့် ပြန်ကြွသွားကြလေပြီ။

ဖြစ်ပုံအမှန်မှာ နတ်သားများကို ဆိုင်းငံ့ပါရန် တားမြစ်ခြင်း သာတည်း။

"သားတို့ သမီးတို့ ဘာဖြစ်လို့ ငိုနေကြတာလဲ၊ ရဟန်းတော်တွေ ကော"ဟု မေးရာ- သားသမီးများက အကြောင်းစုံကို ဖခင်ကြီးအား ပြောပြကြသည်။ ထိုအခါ ဒကာကြီးက- "ငါသည် ငါ့ကိုလာခေါ်ကြသော နတ်ရထားနှင့် နတ်သားများကို စောင့်ဆိုင်းကြရန် တားခြင်းဖြစ်သည်။ ရဟန်းတော်များ တရားရွတ်ပွားတာကို အရပ်ခိုင်းခြင်းမဟုတ်"ဟု ပြောပြ ၏။ သားသမီးများက မယုံ။

"ဖေဖေ့ ရထားက ဘယ်မှာလဲ၊ နတ်သားတွေကကော"

ဖခင်ကြီးက လက်တွေ့ မျက်တွေ့ ပြမှပြစ်တော့မည်ကို သိ၍ သူ့အတွက် စီမံတားသော ပန်းကုံးကို ယူခိုင်းပြီး သူရောက်လိုသော တုသိတာနတ်ပြည်မှလာသော နတ်ရထားကိုစွပ်ရန် အဓိဋ္ဌာန်ကာ မြှောက် တင်ခိုင်းလိုက်လေသည်။

ပန်းကုံးသည် ရထားဦး၌ ချိတ်စွပ်နေပြီး ကောင်းကင်ယံ၌

ရှေ့တိုး နောက်ငင် လှုပ်ရှားနေလေတော့၏။ ပန်းကုံးကိုသာ မြင်ကြသည်၊ နတ်ရထားကိုကား မမြင်ကြကုန်။ ဒီတော့မှ ဓမ္မိကဒကာကြီးက ကျန်ရစ်သူ မိသားစုကို မှာကြားလိုက်သည်။

"ငါသည် တုသိတာနတ်ပြည်သို့ သွားတော့အံ့။ ငါ့ကဲ့သို့ဖြစ်ပြီး ငါနဲ့အတူနေလိုကြလျှင် ငါပြုသည့်အတိုင်း ကုသိုလ်ကောင်းမှုများကို ဆက်လက်ပြီး ပြုရစ်ကြပေတော့"ဟု မှာကြားပြီး စုတေသော် ထိုနတ်ပြည်သို့ ရောက်သွားလေသတည်း။

ထိုအကြောင်းခြင်းရာကို ရဟန်းတော်များက ဗုဒ္ဓဘုရားအား လျှောက်ထားကြလေသော် ဗုဒ္ဓဘုရားက အောက်ပါဒေသနာတော်ကို ဟောကြားတော် မူပါသတည်း။

**ဘဝနှစ်တန်ဝမ်းမြောက်ရန်**

ဣဓ မောဒတိ ပေစ္စမောဒတိ၊ ကတပုညော ဥဘယတ္ထမောဒတိ။
သော မောဒတိ သော ပမောဒတိ၊ ဒိသွာကမ္မဝိသုဒ္ဓိ မတ္တနော။

(ဓမ္မပဒ၊ ဂါထာ-၁၆)

ကတပုညော=ပြုအပ်ပြီးသော ကုသိုလ်ကောင်းမှုရှိသောသူသည်၊ ဣဓ=ဤပစ္စုပ္ပန်ဘဝ၌လည်း၊ မောဒတိ=မွေ့လျော်ရ၏၊ ပေစ္စ=တမလွန်လောက နောက်ဘဝ၌လည်း၊ မောဒတိ=မွေ့လျော်၏၊ ဥဘယတ္ထ=ပစ္စုပ္ပန်, တမလွန် နှစ်တန်သောဘဝ၌လည်း၊ မောဒတိ=မွေ့လျော်ရ၏၊ အတ္တနော =မိမိ၏၊ ကမ္မဝိသုဒ္ဓိံ=ကောင်းမှုကံ၏ စင်ကြယ်ခြင်းကို၊ ဒိသွာ=မြင်၍ (ဝါ) မြင်ရလေသောကြောင့်၊ သော=ထိုမဟာဓမ္မိက ဥပါသကာ ဒကာကြီးသည်၊ မောဒတိ= မွေ့လျော်ရပေ၏၊ ပမောဒတိ=မှန်စွာမသေ့ မွေ့လျော် စရာတွေနှင့်သာ တွေ့ကြုံ ခံစားရပေတော့သတည်း။

(ဓမ္မပဒဋ္ဌကထာ၊ ပထမ၊ ဓမ္မိကဥပါသကာဝတ္ထု)

"ဣဒံမေပုည် အာသဝက္ခယ် ဝဟံ ဟောတု"

"ဣဒံ မေ ပုည် နိဗ္ဗာနဿ ပစ္စယော ဟောတု"။

*****

## တရားပွဲထဲမှ လူငါးယောက်

တရားနာနည်း အမျိုးမျိုးရှိသည်။ ဟောပုံဟောနည်းကို သိလို၍ နာယူခြင်း၊ တရားဟောပုဂ္ဂိုလ်ကို မြင်ဖူးလို၍ နာယူခြင်း၊ အသံကောင်းသည်ဟု ကျော်ကြား၍နာခြင်း၊ ဗဟုသုတဖြစ်လို၍ နာခြင်း၊ အဖော်ကောင်း၍နာခြင်း၊ လူရိုသေရှင်ရိုသေဖြစ်စေရန် နာကြားခြင်း စသည်ဖြင့် တရားနာပုံ နာနည်း အမျိုးမျိုး ကွဲပြားပေသည်။

ဗုဒ္ဓဘုရားရှင်တို့ တရားဟောနည်းကား– မင်းစိုးရာဇာတို့အား တစ်မျိုး၊ ပုဏ္ဏားတို့အားတစ်ပုံ၊ သူဌေးသူကြွယ်တို့အားတစ်နည်း၊ ဆင်းရဲသားတို့အား တခြား၊ လိမ္မာသူတို့အား တစ်ဘာသာဟူ၍ ဟောကြားရိုးမရှိ။ ဤသူအား ကောင်းကောင်းမွန်မွန်ဟောမည်၊ ထိုသူအား ဖြစ်ကတတ်ဆန်း ဟောမည်ဟူသော စိတ်ထားရှိတော်မမူပေ။ ဤသူကို များများဟောမည်၊ ထိုသူကို တရားနည်းနည်းဟောမည်၊ ထိုထိုပုဂ္ဂိုလ်အား တရားလုံးဝမဟောဘဲ နေမည်ဟူ၍ ခွဲခြားရိုးထုံးစံမရှိ။

တပြေးညီညာ ဟောကြားပေးတော်မူပါသည်။ တရားတော်ကို ရိုသေစွာ ဟောကြားတော်မူပါသည်။ တခဲနက်သော အသံတော်ရှစ်ပါးဖြင့် ကောင်းကင် မြစ် ရေတံခွန် စီးဆင်းသကဲ့သို့ ဟောကြားတော်မူပါသည်။

### တရားပွဲထဲမှ လူငါးယောက်

(၁) တစ်ယောက်သောသူသည် ဗုဒ္ဓဘုရား တရားမဆုံးမီမှာပင် ထိုင်လျက် အိပ်ပျော်နေ၏။

(၂) တစ်ယောက်သောသူသည် မြေကြီးကို လက်ချောင်းဖြင့် တောင်ခြစ်မြောက်ခြစ် ရေးခြစ်နေ၏။ တရားတော်ကို စိတ်မဝင်စားပေ။

(၃) တစ်ယောက်သောသူသည် သစ်ပင်ကို ကိုင်လှုပ်နေ၏။

(၄) တစ်ယောက်သောသူသည် ကောင်းကင်သို့ မော်ကြည့်နေ၏။ (ပန်ကာမမြင်ဘူးသော ကျေးတောသားတစ်ယောက် ရုပ်ရှင်ဝင်ကြည့်ရာ ပြသနေသော ပိတ်ကားပေါ်မှ အရုပ်များကို မကြည့်ဘဲ

မျက်နှာကျက်တွင် တပ်ဆင်ထားသော လည်ပတ်နေသည့် ပန်ကာများကို အထူးအဆန်းဖြစ်ပြီး ကြည့်နေသူကဲ့သို့တည်း။ ရုပ်ရှင်သာ ပြီးသွားရော ဘာဇာတ်ကားမှန်းမသိ၊ ပြန်မပြောတတ်တော့ပေ။ လူအ, အိပ်မက် မက်သည်နှင့်တူ၏။)

(၅) တစ်ယောက်သောသူသည်ကား တရားကို ရိုသေစွာ နာကြားနေ၏။

ထိုလူငါးယောက်တို့၏ ဖြစ်ပျက်နေပုံကို တွေ့မြင်မိသော အရှင်အာနန္ဒာသည် ဗုဒ္ဓဘုရားအား ယပ်လေခတ်ပေးရင်း လျှောက်ထားလေ၏။

"ဘုန်းတော်ကြီးမား မြတ်စွာဘုရား၊ ဘုရားရှင်တို့မည်သည် မိုးယံကြီး သည်းစွာ ချုန်းသံကဲ့သို့ တရားဓမ္မဟောပြနေသော်လည်း ဤ လူလေးယောက်တို့သည်ကား ဘာမျှ သိကြမည် မထင်ပါဘုရား"

"ချစ်သား အာနန္ဒာ၊ သင်သည် ဤလူငါးယောက်ကို မသိသလော"

"မြတ်စွာဘုရား၊ တပည့်တော် မသိပါဘုရား"

(၁) "ချစ်သားအာနန္ဒာ၊ အိပ်ပျော်နေသော ဒါယကာသည် ဘဝငါးရာ ကာလပတ်လုံး မြွေဖြစ်ခဲ့ဖူး၍ အခွေထဲမှ ဦးခေါင်းထားပြီး အိပ်လေ့ရှိခဲ့၏။ ထိုဘဝများ အလေ့အထုံကြောင့် ထိုဒါယကာသည် ယခုကဲ့သို့ တရားနာရင်း အိပ်နေခြင်း ဖြစ်ပေ၏။"

(၂) မြေကြီးကို လက်ချောင်းများဖြင့် ရေးခြစ်နေသော ဒါယကာသည် ဘဝငါးရာကာလပတ်လုံး တီကောင်ဖြစ်ခဲ့ရာ မြေကိုတူးသော အလေ့အထုံ ပါလာသဖြင့် ယခုလည်း မြေကြီးကို တူးနေရလေ၏။

(၃) သစ်ပင်ကို ကိုင်လှုပ်နေသော ဒါယကာသည် ဘဝငါးရာ ကာလပတ်လုံး မျောက်ဖြစ်ခဲ့၍ ယခုလည်း မျောက်ကဲ့သို့ သစ်ပင်များကို လှုပ်သောဝါသနာ မဖျောက်နိုင်ရှာပေ။

(၄) ကောင်းကင်ကို မော်ကြည့်နေသော ဒါယကာသည်လည်း ဘဝငါးရာတို့ ကာလပတ်လုံး နက္ခတ်ဟောဆရာ ဖြစ်ခဲ့၍ ထိုဝါသနာ အလေ့အလာကို မပယ်ဖျောက်နိုင်သေးသဖြင့် ယခုလည်း တရားပွဲထဲမှာပင်

ကောင်းကင်ကိုသာ မော်၍မော်၍ ကြည့်နေရှာလေ၏။

(၅) ရိုသေစွာဖြင့် ထိုင်လျက် တရားနာနေသော ဒါယကာသည် ကား ဘဝငါးရာတို့ ကာလပတ်လုံး ဖေဒင်သုံးပုံ တစ်ဖက်ကမ်းခတ်အောင် တတ်ကျွမ်းသော ဖေဒင်ဆရာ ဖြစ်ခဲ့ဖူးလေသည်။ ဖေဒင်သုံးပုံကို ရွတ်ဖတ် သရဇ္ဈာယ်ကာ ရှေ့နောက်နှီးနှောသော ဝါသနာအရ တရားတော်ကိုလည်း အပြန်ပြန်အလှန်လှန် နှီးနှောသောအားဖြင့် နာကြားနေလေ၏။"

ထိုအခါ အရှင်အာနန္ဒာက ဆက်လက်၍ လျှောက်ထားပြန်လေ၏။

"မြတ်စွာဘုရား၊ ဘုရားရှင်တို့ ဟောကြားတော်မူအပ်သော တရားတော် မည်သည်မှာ ရိုးတွင်းခြင်ဆီထိခိုက်အောင် တည်နိုင်ပါသည် ဘုရား။ အဘယ့် ကြောင့် ဤဒါယကာတို့သည် ဟောကြားတော်မူအပ်သော တရားတော်ကို ရိုသေစွာ မနာယူနိုင်ကြပါသနည်းဘုရား"

"ချစ်သားအာနန္ဒာ၊ ဘုရားဟူ၍လည်းကောင်း၊ တရားဟူ၍လည်း ကောင်း၊ သံဃာဟူ၍လည်းကောင်း ဤသတ္တဝါတို့သည် များစွာသော ကမ္ဘာကုဋေတစ်သိန်းတို့၌သော်လည်း မကြားဖူးကြချေ။ ထို့ကြောင့် တရားတော်ကို နာယူခြင်းငှာ မတတ်နိုင်ကြကုန်။ မသိအပ်သော အစရှိသော သံသရာ၌ ဤသတ္တဝါတို့သည် မင်္ဂဖိုလ်မှ ဖီလာ တိရစ္ဆာနကထာ ဖြစ် သော စကားများကိုသာ ကြားရနာရလျက် ဖြစ်လာကြကုန်၏။

ထို့ကြောင့် သေရည်သေရက် သောက်ရာ၊ အပျော်အပါးများရာ စသည်တို့၌သာ ကျင်လည်ကျက်စားကြကုန်၏။ တရားတော်ကိုကား မနာကြားနိုင်ကြကုန်။"

အရှင်အာနန္ဒာက ဆက်လက်၍ မေးမြန်းလျှောက်ထားပြန်လေ သည်။

"မြတ်စွာဘုရား၊ အဘယ်တရားတွေ ရှိနေ၍ သူတို့ တရားမနာ ယူနိုင်ကြပါသနည်း ဘုရား"

"ချစ်သားအာနန္ဒာ၊ သတ္တဝါတို့သည် ရာဂ၊ ဒေါသ၊ မောဟ၊ တဏှာ တရားများ ရှိနေကြ၍ တရားကို ကောင်းစွာ မနာယူနိုင်ကြကုန်။

'ရာဂ'နှင့်တူသောမီး မရှိ။

ထိုရာဂသည် ပြာမှုမကျန်အောင်ပင် သတ္တဝါတို့ကို လောင်ကျွမ်းစေနိုင်၏။ နေ(၇)စင်းထွက်သော ကမ္ဘာဖျက်မီးသည် တစ်စုံတစ်ခုကိုပင် မကြွင်းမကျန်စေမူ၍ လောကကို အကယ်၍ လောင်ကျွမ်းသည်ဖြစ်အံ့။ ထိုကမ္ဘာဖျက်မီးဟူသည် တစ်ခါတစ်ရံသာလောင်၏။ ရာဂဟူသောမီးသည်ကား သတ္တဝါတို့အား မလောင်သော အချိန်ကာလမရှိ။

ထို့ကြောင့် – 'ရာဂ'နှင့် တူသောမီးမရှိ၊
'ဒေါသ'နှင့်တူသော ဖမ်းဆီးသူမရှိ၊
'မောဟ'နှင့်တူသော ကွန်ယက်မရှိ၊
'တဏှာ'နှင့်တူသော မြစ်မရှိ။
(ဓမ္မပဒဋ္ဌကထာ၊ ဒုတိယ၊ မလဝဂ်၊ ပဉ္စဥပါသကဝတ္ထု)

**ရာဂမီးသည်အပူဆုံး**

နတ္ထိ ရာဂသမော အဂ္ဂိ၊ နတ္ထိ ဒေါသ သမော ဂဟော။
နတ္ထိ မောဟသမံ ဇာလံ၊ နတ္ထိ တဏှာ သမာ နဒီ။
(ဓမ္မပဒ၊ ဂါထာ-၂၅၁)

ရာဂသမော=ရာဂနှင့်တူသော၊ အဂ္ဂိ=မီးသည်၊ နတ္ထိ=မရှိ။
ဒေါသသမော=ဒေါသနှင့်တူသော၊ ဂဟော=ဖမ်းယူတတ်သောသူသည်၊ နတ္ထိ=မရှိ။
မောဟသမံ=မောဟနှင့်တူသော၊ ဇာလံ=ကွန်ယက်သည်၊ နတ္ထိ=မရှိ။
တဏှာသမာ=တဏှာနှင့်တူသော၊ နဒီ=မြစ်သည်၊ နတ္ထိ=မရှိ။
ဒေသနာဝသာနေ=ဗုဒ္ဓဘုရား တရားဟောကြားတော်မူသည်၏ အဆုံး၌၊ ဓမ္မံ=ဗုဒ္ဓဟောကြား မြတ်တရားကို၊ သက္ကစ္စံ=ရိုသေစွာ၊ သုဏန္တော=နာယူ၍နေသော၊ ဧကောဥပါသကော=တစ်ယောက်သောဒါယကာသည်သာလျှင် သောတာပတ္တိဖလေ=သောတာပတ္တိဖိုလ်၌၊ ပတိဋ္ဌဟိ=ကောင်းစွာမသွေ တည်သွားပါပေတော့သတည်း။

(သာဓု၊ သာဓု၊ သာဓု)

## စားကြွင်းစားကျန် လှူကောင်းသည်

ရတနာသုံးပါးကို ဦးထိပ်ထား၍ မွေးဖွားလာကြသော ဗုဒ္ဓဘာသာ မြန်မာပြည်သားများပီပီ ဦးဦးဖျားဖျားကိုသာ လှူချင်ကြသည်။ မွန်မွန် မြတ်မြတ်ကိုသာ လှူချင်ကြသည်။ ရဟန်းသံဃာများကို ဆက်ကပ်လှူဒါန်း ရာတွင် အဖိုးတန်မွန်မြတ် ကောင်းနိုးရာရာ လှူဖွယ်ပစ္စည်းတွေကိုသာ ရွေးချယ်၍ လှူလေ့ရှိကြပါသည်။

### ပဉ္စဂ္ဂဒါယကာဝတ္ထု

ဗုဒ္ဓဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က သာဝတ္ထိပြည်မှ 'ပဉ္စဂ္ဂဒါယကာ'အမည်ရှိသော ပုဏ္ဏားကြီးတစ်ယောက်၏ အကြောင်းမှာ စိတ်ဝင်စားစရာ ကောင်းသည်။ မှတ်သားစရာကောင်းပြီး လိုက်နာကျင့်သုံး စရာလည်း ဖြစ်ပါသည်။

(၁) ထိုပုဏ္ဏားကြီးသည် သူ၏ လယ်မြေမှ ကောက်ပဲသီးနှံများများ ရိတ်သိမ်းသောကာလ၌ 'ရိတ်သိမ်းပွဲအလှူ'အနေဖြင့် လှူဒါန်းလေ့ရှိ၏။ (ခေတ္တဂ္ဂဒါန=ကောက်ဦးအလှူ)

(၂) ကောက်ပဲသီးနှံများကို တလင်းနယ်သော အချိန်ကာလ၌ လည်း 'တလင်းဦးအလှူပွဲ'အနေဖြင့် လှူဒါန်းလေ့ရှိ၏။ (ခလဂ္ဂဒါန= တလင်းဦးအလှူ)

(၃) တလင်းတွင် အရင်းအနှီး ဘဏ္ဍာအဖြစ် ထားရှိသော ကာလတွင်လည်း 'တလင်းဘဏ္ဍာဦးအလှူပွဲ' အနေဖြင့် လှူဒါန်းလေ့ရှိ၏။ (ခလဘဏ္ဍဂ္ဂဒါန=တလင်းဘဏ္ဍာဦးအလှူ)ကျီဦးအလှူ၊ ဂိုဒေါင်ဦးအလှူဟု လည်း ခေါ်နိုင်သည်။

(၄) ကောက်ပဲသီးနှံစပါးမှ ထမင်းချက်ရန် ဆန်ဖြစ်သောကာလ ထမင်းချက်စားသော အချိန်အခါ၌လည်း 'ထမင်းအိုးဦးအလှူပွဲ'အနေဖြင့် လှူဒါန်းလေ့ရှိပြန်၏။ (ကုမ္ဘဂ္ဂဒါန=ထမင်းဦးပေါင်းအလှူ)

(၅) ထမင်းစားခွက်(ပန်းကန်)၌ ထမင်းခူးသည့်စဉ်ကာလ၌လည်း

'ခွက်ဦးအလှူ'(ပန်းကန်ဦးအလှူ)အနေဖြင့်လှူဒါန်းလေ့ရှိပြန်၏။ (ပါတဂ္ဂဒါန =ခွက်ဦးအလှူ)

ဤငါးပါးသော အဦးအဖျား အလှူဒါနများကို ပြုလုပ်လေ့ရှိသော ကြောင့် သူသည် 'ပဉ္စဂ္ဂဒါယကာ' (အဦးအဖျားငါးပါးအလှူရှင်) အမည် တွင်၏။ သူသည် သူ့ထံသို့ ရောက်ရှိလာသူမှန်သမျှကို မပေးမလှူဘဲ စားသုံးလေ့မရှိ။ ဦးဦးဖျားဖျား ပေးလှူပြီးမှသာ စားသုံးသည်။

*****

တစ်နေ့သော် ဗုဒ္ဓဘုရားသည် ပဉ္စဂ္ဂဒါယကာနှင့် ဇနီးဖြစ်သူ ပုဏ္ဏေးမကြီးတို့ တရားထူးရရှိမည်ကို မြင်တော်မူ၍ ပုဏ္ဏားကြီးတို့ လင်မယား ထမင်းစားနေချိန်တွင် ကြွရောက်တော်မူ၏။

ဗုဒ္ဓဘုရားသည် ပုဏ္ဏားကြီးတို့၏ အိမ်ရှေ့တွင် ဆွမ်းရပ်တော်မူ၏။ ပုဏ္ဏားကြီးသည် အိမ်အတွင်းသို့ မျက်နှာမူ၍ ထမင်းစားနေသဖြင့် ဘုရားကြွလာသည်ကို မမြင်ပေ။ ပုဏ္ဏေးမကြီးသည်ကား ဘုရားရှင်ကို မြင်၏။ ထိုအခါ ပုဏ္ဏေးမကြီး၏ စိတ်အကြံ၌ 'ဟောဒီ လင်ယောကျ်ား ကိုပုဏ္ဏားကြီးသည် ဦးဦးဖျားဖျား အလှူငါးပါးကို လှူလေ့ရှိသူဖြစ်၏။ ဘုရားရှင်ကိုမြင်လျှင် လှူဦးမည်။ လှူလျှင် ငါထမင်းထပ်ပြီး ချက်ရမည်။ ဒီတော့ ဘုရားရှင်ကို ပုဏ္ဏားကြီး မမြင်အောင် ကြံဆောင်မှ ဖြစ်တော့မည်"ဟု စိတ်ကူးလေ၏။

ပုဏ္ဏေးမကြီးသည် ထမင်းစားနေရာမှ ထလာပြီး ပုဏ္ဏားကြီး ဘုရားရှင်ကို မမြင်အောင် နောက်ဆုတ်နောက်ဆုတ်ဖြင့် ဘုရားရှင်ထံမှောက် အရောက်သွားလေ၏။ သို့သော် လပြည့်ဝန်းကြီးကို လက်ဝါးဖြင့် အုပ်သကဲ့သို့ အရာထင်မည်မဟုတ်ပါ။ နောက်ဆုတ်လာရင်းဖြင့်ပင် ဘုရားရှင် ကြွသွား,မသွားသိအောင် မျက်နှာကို စောင်းငဲ့၍ ကြည့်လိုက် သေးသည်။ ဗုဒ္ဓဘုရားကလည်း ကြွသွားတော်မမူပေ။

ပုဏ္ဏေးမကြီးသည် ဘုရားရှင် အနီးအပါးသို့ ရောက်သောအခါ ပုဏ္ဏားကြီး မကြားအောင် "ကန်တော့ဆွမ်းပါဘုရား"ဟု တိုးတိုးလေး လျှောက်ထားလိုက်လေတော့၏။

**ဗုဒ္ဓဘုရားရှင်သည်ကား** ယနေ့အဖို့ ပုဏ္ဏားကြီးတို့ ဇနီးမောင်နှံကို ချွတ်ရန် **ရည်သန်တော်မူပြီးဖြစ်၍** ကြွသွားတော်မမူဘဲ ဦးခေါင်းတော်ကို အနည်းငယ် လှုပ်ရမ်းတော်မူလိုက်၏။ ထိုအခါ ပုဏ္ဏေးမကြီးသည် ဗုဒ္ဓဘုရား၏ အမူအရာတော်ကို သဘောကျပြီး အသံထွက်အောင်ပင် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေ၏။ တစ်ချိန်တည်းပင် ဗုဒ္ဓဘုရားရှင်သည် ရောင်ခြည်တော်များကို ပုဏ္ဏားကြီးရှိရာ အိမ်ထဲသို့ လွှတ်တော်မူ၏။

ပုဏ္ဏားကြီးသည် ပုဏ္ဏေးမကြီး၏ ရယ်သံကြောင့်လည်းကောင်း၊ ဘုရားရှင်၏ ရောင်ခြည်တော်များကို တွေ့မြင်ရသောကြောင့်လည်းကောင်း နောက်သို့ လှည့်ကြည့်လိုက်သောအခါ ဘုရားရှင်ကို ဖူးမြင်ရလေတော့သည်။

ပုဏ္ဏားကြီးသည် ပုဏ္ဏေးမကြီးကို ဒေါပွသွားလေသည်။

"အို ရှင်မ၊ သင်သည် ငါ့သဒ္ဒါတရားကို ဖျက်ဆီးဘိ၏။ နှောက်ယှက်ဘိ၏။ ဘုရားရှင် ကြွရောက်နေသည်ကို သိမြင်လျက် အဘယ့်ကြောင့် ငါ့ကို မပြောကြားဘိသနည်း။"

ပုဏ္ဏားကြီးသည် ပုဏ္ဏေးမကြီးကို မြည်တွန်တောက်တီးကာ ထက်ဝက်စားပြီးသော ထမင်းခွက်ကို ကိုင်ယူလာပြီး ဘုရားရှင်အနီးသို့ ရောက်သောအခါ–

"အို ရှင်တော်ဂေါတမ၊ တပည့်တော်သည် ဦးဦးဖျားဖျား အလှူငါးပါးကို ပေးလှူပြီးမှသာ စားသုံးလေ့ရှိပါသည်။ ယခုလည်း အဦးအဖျားကို ထမင်းခွက်ထဲမှာ တစ်ပိုင်းချန်ထားပြီး စားပါသည်။ တပည့်တော်၏ ဤကျန်သော ထမင်းတစ်ပိုင်းကို အလှူခံတော်မူပါမည်လား ဘုရား၊ (လှူကောင်းပါသလား ဘုရား)ဟု လျှောက်ထားလေ၏။

**ပရာဘဝဿုတ္တာမုခံဆိုတာ**

ဗုဒ္ဓဘုရားသည် သင်၏ စားကြွင်းစားကျန်ကို အလှူမခံဟု မိန့်ကြားတော်မမူပေ။

"ပုဏ္ဏားကြီး၊ ဦးဦးဖျားဖျား အလှူဖြစ်စေ၊ ထက်ဝက်စားပြီးသော

စားကြွင်းစားကျန်ဖြစ်စေ နောက်ဆုံးထမင်းကျန်ပင်ဖြစ်စေ ငါဘုရားအား လှူပေ၏ ... ပဉ္စ ... ငါဘုရားတို့သည် သူတစ်ပါးတို့ ပေးကမ်းလှူဒါန်းသည်ကိုမှီ၍ အသက်မွေးခြင်းရှိသော ပြဲ့ ... နှင့် တူကြကုန်၏”ဟု ဟောတော်မူလေ၏။

## စားကြွင်းစားကျန်လည်း လှူနိုင်သည်

ယဒဂ္ဂတောမဇ္ဈတော သေသတောဝါ၊ ပိဏ္ဍံလဘေထ ပရဒတ္တူပဇီဝီ။

နာလံ ထုတုံ နောပိ နိပစ္စဝါဒီ၊ တံဝါပိ ဓီရာ မုနိံ ဝေဒယန္တိ။

(သုတ္တနိပါတ်ပါဠိတော်၊ ဥရဂဝဂ်၊ မုနိသုတ်)

ယံပိဏ္ဍံ=အကြင်ဆွမ်းကို၊ အဂ္ဂတော=အဦးအဖျားဟူ၍လည်း ကောင်း၊ မဇ္ဈတော=ထက်ဝက်အကျန်ဟူ၍လည်းကောင်း၊ သေသတော ဝါ=နောက်ဆုံး အကြွင်းဟူ၍လည်းကောင်း၊ လဘေထ=ရရာ၏။ ပရဒတ္တူပဇီဝီ=သူတစ်ပါး ပေးကမ်းသည်ကိုမှီ၍ အသက်မွေးသော ပုဂ္ဂိုလ်သည်၊ တံပိဏ္ဍံ=ထိုဆွမ်းကို၊ ဘုဉ္ဇေယျ=စားသုံးရာ၏၊ ထုတုံပိ=ချီးမွမ်းခြင်းဖြင့် လည်း၊ နာလံ=အံ့ကျိုးမရှိ၊ နိပစ္စဝါဒီ=နှိမ့်ချ၍ပြောဆိုသော အကျင့်ရှိသော၊ တံဝါပိ=ထိုပုဂ္ဂိုလ်ကိုလည်း၊ (ဓီရာ=ဘုရားစသော ပညာရှိတို့သည်)မုနိံ= ‘မုနိ’မည်၏ဟူ၍၊ ဝေဒယန္တိ=သိစေကြကုန်၏၊ (ဝါ) မှန်စွာမသွေ ဟောကြားတော်မူကြပါပေကုန်သတည်း။

## တဏှာဖြင့် မချီးမွမ်းရာ

အလှူပေးပုဂ္ဂိုလ်ကို တဏှာဖြင့် မချီးမွမ်းရာ။

အလှူဝတ္ထုပစ္စည်းများကိုလည်း တဏှာဖြင့် မချီးမွမ်းရာ။

အလှူခံပုဂ္ဂိုလ်ဖြစ်သော မိမိကိုယ်ကိုလည်း ‘ငါမို့လို့ ဒီလိုကောင်းမွန် များပြားသော အလှူဝတ္ထုပစ္စည်းများကို ရရှိတာ’ဟူ၍လည်း တဏှာဖြင့် မချီးမွမ်းရာ။ တဏှာဖြင့် သိမ်းပိုက်ခြင်းဟာ မထိုက်ကြောင်း မုနိသုတ္တန်တွင် ပြဆိုထားပေသည်။ သတိထားကြစရာပင်။

ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းတို့သည် 'အနုသယ'နှင့် 'ပဋိဃ'ရှိ၍ဖြစ်၏။ အနုသယသည် တက်ကြွ၏။ ပဋိဃသည် ဆုတ်နစ်၏။ တက်ကြွလျှင် ချီးမွမ်းတတ်သည်။ ဆုတ်နစ်လျှင် ကဲ့ရဲ့တတ်ပေသည်။

ထို့ပြင် ချီးမွမ်းထိုက်သူကို ကဲ့ရဲ့မိလျှင်လည်း လွမိုက်ဖြစ်သည်။ ကဲ့ရဲ့သင့်သူကို ချီးမွမ်းပြောဆိုမိလျှင်လည်း လူမိုက်ဖြစ်သည်ဟူ၍လည်း အင်္ဂုတ္တိုရ်၌ ဟောဆိုထားပါသည်။

သို့ဖြစ်ရာ– 'စာပေ'ဟူသည် ညှိယူတတ်ဖို့ အရေးကြီး၏။ တစ်ဖက်စွန်း မရောက်ဖို့ သတိထားသင့်၏။ အရှိကို သတိဖြင့် မညှိဘဲ ယူမိယူရာ ယူမိလျှင် တစ်ဖက်စွန်း ရောက်သွားနိုင်ကြောင်း သတိပြုသင့်လှပေ၏။

*****

ဘိက္ခုပြဿနာ

ပုဏ္ဏားကြီးသည် ဗုဒ္ဓဘုရား၏ ဟောကြားချက်ကို သဘောကျ နှစ်မြို့က်၏။ ဘုရားရှင်ကို ကြည်ညိုသွား၏။ "သြော်– အလွန်အံ့သြစရာပေ တကား။ ကျွန်းလုံးအရှင်ဖြစ်ပါလျက် သင်၏ စားကြွင်းကို ငါမစားဟု မပစ်ပယ်ဘဲ ရက်ရက်ရဲရဲ အလှူခံတော်မူပါပေ၏"ဟု အကြည်ညိုပွားနေမိ တော့၏။ ထို့ပြင် ပုဏ္ဏားကြီးကသိချင်သော ပြဿနာတစ်ခုကို ဘုရားရှင် အား မေးလျှောက်ထားလိုက်၏။

"အို ရှင်တော်ဂေါတမ၊ အရှင်ဘုရားတို့သည် တပည့်သား သံဃာတော်များကို အဘယ့်ကြောင့် 'ဘိက္ခု'ဟု ခေါ်ပါသလဲဘုရား"

ဤသို့ ပုဏ္ဏားကြီးက မေးမြန်းလျှောက်ထားသောအခါ ဗုဒ္ဓဘုရား က ပုဏ္ဏားကြီး၏ အတိတ်ဘဝဖြစ်စဉ်ကို ရွှေဉာဏ်တော်မြတ်ဖြင့် ဆင်ခြင် သုံးသပ် ကြည့်တော်မူ၏။

ဤပုဏ္ဏားကြီးတို့ ဖနီးခင်ပွန်းသည် ကဿပဘုရားလက်ထက် တော်၌ 'နာမ်၊ ရုပ်'ဟူသော တရားစကားများကို နာကြားဖူးခဲ့ကြောင်း သိမြင်တော် မူသဖြင့်–

"ပုဏ္ဏားကြီး၊ နာမ်၌လည်းကောင်း၊ ရုပ်၌လည်းကောင်း မတပ်မက်

မကပ်ငြိသောသူသည် 'ဘိက္ခု'မည်၏။ မိန့်တော်မူပြီး ဖော်ပြပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

သဗ္ဗသော နာမရူပသ္မိံ၊ ယဿ နတ္ထိ မမာယိတံ။

အသတာစ န သောစတိ၊ သဝေ ဘိက္ခူတိ ဝုစ္စတိ။

(ဓမ္မပဒ၊ ဂါထာ-၃၆၆)

ယဿ=အကြင်သူအား၊ သဗ္ဗသော-သဗ္ဗသ္မိံ=အလုံးစုံသော၊ နာမရူပသ္မိံ=နာမ်, ရုပ်၌၊ မမာယိတံ=ငါ, ငါ၏ဥစ္စာဟု တွယ်တာစွဲလန်းခြင်းသည်၊ နတ္ထိ=မရှိ၊ အသတာစ=ကုန်ခြင်း, ပျက်ခြင်းသို့ ရောက်၍ ထင်ရှားရှိသော်ငြား လည်း၊ နသောစတိ=မစိုးရိမ်ပေ။

သော=ထိုသို့သဘောရှိသောသူကို ဝေ=စင်စစ်၊ ဘိက္ခူတိ=ဘိက္ခုဟူ၍၊ ဝုစ္စတိ=ကောင်းစွာမသွေ ဟောကြားတော်မူလိုက်ပါပေသတည်း။

တရားအဆုံး၌ ပုဏ္ဏားကြီးတို့ ဇနီးမောင်နှံ အနာဂါမ် ဖြစ်သွားကြလေသတည်း။

(ဓမ္မပဒဋ္ဌကထာ၊ ဒုတိယ၊ ဘိက္ခုဝဂ်၊
ပဉ္စဂ္ဂဒါယကဗြာဟ္မဏဝတ္ထု)

*****

# အခန်း(၇)

## မင်္ဂလာဆွမ်းကျွေးတရား

'မင်္ဂလာဆောင်'ဆိုတာ သတို့သားနဲ့ သတို့သမီးတို့ ကြီးပွားအောင် ချမ်းသာအောင် အပြစ်ကင်းကြအောင် နှစ်ဖက်မိဘဆွေမျိုးတို့က ဆောင်ကြဉ်း ပေးလိုက်ခြင်းကို 'မင်္ဂလာဆောင်'ဟူ၍ ခေါ်၏။

လောကီမင်္ဂလာ (၁၂)ပါးရှိ၏။ ထိမ်းမြားမင်္ဂလာသည် လောကီမင်္ဂလာထဲတွင် ပါဝင်သည်။ ဗုဒ္ဓဘုရား ဟောကြားထားသော မင်္ဂလာတရားကား (၃၈)ပါးရှိ၏။ ထိုမင်္ဂလာတရားတော်နှင့်အညီ ကျင့်ကြံဆောင်ရွက်ကြမည် ဆိုလျှင် လောကီအကျိုးစီးပွားသာမက လောကုတ္တရာအကျိုးစီးပွားပါ ပြည့်စုံနိုင်ပေ၏။

မင်္ဂလသုတ်သည် - အဆောင်တရား၊

ပရာဘဝသုတ်သည် - အရှောင်တရား၊

သိင်္ဂါလောဝါဒသုတ်သည် -အဆောင်, အရှောင်တရားဖြစ်၏။

မင်္ဂလသုတ်လာအတိုင်း ကျင့်ကြံအားထုတ်လျှင်- တဒင်္ဂနိဗ္ဗာန်၊ လောကနိဗ္ဗာန်နှင့် လောကုတ္တရာနိဗ္ဗာန်တိုင်အောင် ရောက်ရှိနိုင်ပေ၏။

**အာဝါဟ, ဝိဝါဟဆိုတာ**

"အာဝါဟောတိ ဒါရကဿ ပရကုလတော ဒါရိကာယ အာဟရဏံ"

"အာဝါဟော"တိ="အာဝါဟ"ဟူသည်ကား၊ ဒါရကဿ=သတို့သားအား(အတွက်) ပရကုလတော=တစ်ခြားသော အမျိုးအနွယ်မှ၊ ဒါရိကာယ= သတို့သမီးကို၊ အာဟရဏံ=ဆောင်ယူခြင်းတည်း။

"ဝိဝါဟောတိ အတ္တနော ဒါရိကာယ ပရကုလပေသနံ"

"ဝိဝါဟော"တိ="ဝိဝါဟ" ဟူသည်ကား၊ အတ္တနော=မိမိ၏၊ ဒါရိကာယ=သတို့သမီးအား၊ ပရကုလပေသနံ=သူတစ်ပါးအမျိုးထဲသို့ သွတ်သွင်းခြင်းတည်း။

(ပါရာဇိကဏ်အဋ္ဌကထာ၊ သဉ္စရိတ္တအဖွင့်)

လွယ်လွယ်မှတ်သော်-

"အာဝါဟောတိ ကညာဂဟဏံ"- အာဝါဟဆိုတာ သတို့သမီးကို ဆောင်ယူခြင်း။

"ဝိဝါဟောတိ ကညာဒါနံ"-ဝိဝါဟဆိုတာ သတို့သမီးကို ပေးအပ်ခြင်းပင်တည်း။

*****

တစ်မိသားနှင့် တစ်မိသမီး လက်ထပ်ထိမ်းမြားတယ်ဆိုတာ စင်စစ်အားဖြင့် "ဆွေမျိုးနယ်ပယ်ကို ချဲ့ထွင်ခြင်း"တစ်မျိုးပင် ဖြစ်သည်။ သူ၏ မိဘသည် ကိုယ့်မိဘသဖွယ် ဖြစ်ပြီး ကိုယ့်၏မိဘသည်လည်း သူ့မိဘ ဖြစ်သွားပေသည်။ ဤသို့လည်း သဘောထားရပေသည်။

လက်ထပ်ထိမ်းမြားပြီးသည်နှင့် တစ်ပြိုင်နက် လင်ရယ် မယားရယ်လို့ ဖြစ်သွားပေပြီ။ ထိုအခါ လင်၏ဝတ္တရား၊ မယား၏ဝတ္တရားများ ရှိလာ၏။ သိင်္ဂါလောဝါဒသုတ်တွင် ဝတ္တရားမျိုးစုံ ဟောကြားထားပေရာ လင်၏ဝတ္တရား (၅)ပါးနှင့် မယားဝတ္တရား (၅)ပါးလည်း ပါဝင်၏။

**လင်ဝတ္တရား(၅)ပါး**

"မထေမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊

မြတ်နိုးကြင်၊ ငါးအင်လင်ကျင့်ရာ” ဆိုသည့်အတိုင်း-

(၁) လင်ယောကျ်ားသည် မိမိမယားကို မထေမဲ့မြင် မပြုရ၊ စော်ကား နှိပ်စက်ခြင်း မပြုရပေ။

(၂) မိမိရရှိသော စီးပွားဥစ္စာကို မယားထံ အပ်နှံရမည်။

(၃) မိမိမယားမှတစ်ပါး အခြားလင်ရှိမယား၊ သူတစ်ပါးသားသမီး များကို ပြစ်မှားခြင်းဟု ဆိုအပ်သော ကာမေသုမိစ္ဆာစာရကံကို ရှောင်ကြဉ်ရမည်။

(၄) စားဝတ်နေရေး ကျန်းမာရေး စသည်တို့ကို အဆင်ပြေအောင် ဆောင်ရွက်ပေးရမည်။

(၅) ချစ်လို့ယူထားသော မိမိမယားကို ကြင်ကြင်နာနာ မြတ်မြတ်နိုးနိုး ရှိရမည်။

မယားဝတ္တရား(၅)ပါး

“အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင် ဖြန့်ချို၊ ပျင်းရိမမှု၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ”ဆိုသည့်အတိုင်း-

(၁) အချက် အပြုတ် အဖွတ်အလျှော် အိမ်တွင်းမှုကိစ္စမှန်သမျှ မိန်းမတာဝန် ဖြစ်သည်။

(၂) လင်ယောကျ်ား ရှာကြံပေးသော ပစ္စည်းဥစ္စာများကို ထုပ်ထုပ် ပိုက်ပိုက် သိမ်းသိမ်းဆည်းဆည်း ရှိရမည်။ ငွေမကုန်သင့်တာ မကုန်အောင် အိမ်ထောင်တာဝန် ထိန်းတတ်ရမည်။

(၃) လင်ယောကျ်ားများကဲ့သို့ပင် အိမ်သူသက်ထား မယားဖြစ်သူ ကလည်း မိမိ၏ ခင်ပွန်း လင်ယောကျ်ားမှတစ်ပါး အခြား ယောကျ်ားများနှင့် မဖောက်ပြားရပေ။

(၄) သူ့ဖက်ကိုယ့်ဖက် အချိုးညီအောင် မျှမျှတတရှိရမည်။ ပေးသင့်သူ ကိုပေး၊ ကျွေးသင့်သူကို ကျွေးရမည်။

(၅) ပျင်းရိခြင်းမရှိရ၊ အိမ်မှုကိစ္စ၊ လင်ယောကျ်ားကိစ္စ၊ သားသမီးကိစ္စ အဝဝတို့ကို စီမံဆောင်ရွက်တတ်ရမည်။

နှစ်ဖက်မိဘတို့သည် မိဘဝတ္တရားရှိသည်နှင့်အညီ ထိမ်းမြားပေးခဲ့ကြပြီ။ မိမိတို့သည် လင်နှင့်မယား ဖြစ်လာကြပြီဖြစ်၍ သူ့အကြိုက်ကိုယ့်အကြိုက် လိုက်လျောနိုင်ရမည်။ သည်းခံရမည်။ ညှိသင့်သော ကိစ္စများကို ညှိနှိုင်းတိုင်ပင်ပြီး ဆောင်ရွက်ကြရမည်ဖြစ်ပါ၏။

ဤ၌မှတ်သားလိုက်နာစရာကောင်းသော ဓနဥ္စယသူဌေးကြီး၏ဆုံးမ စကားများကို သိထားသင့်၏။

ဖခင်ဖြစ်သူ ဓနဥ္စယသူဌေးကြီးက သမီးဖြစ်သူ ဝိသာခါကို လင်ယောကျ်ားအိမ်သို့ လိုက်ပါသွားရာတွင် မှာကြားလိုက်သော ဆုံးမစကား (၁၀)ချက်မှာ မှတ်သားစရာ ကောင်းလှပေ၏။ ဤ(၁၀)ချက်ကို တစ်နည်းအားဖြင့် မယားဝတ္တရား (၁၀)ပါးဟုလည်း ခေါ်နိုင်သည်။

(၁) အန္တော အဂ္ဂိ ဗဟိ နနီဟရိတဗ္ဗော–
အတွင်းမီးကို အပြင်မထုတ်နှင့်။

"အတွင်းမီး"ဟူသည်ကား အိမ်တွင်းရေးကိစ္စများဖြစ်၏။ မိသားစုပြဿနာများဖြစ်၏။ အိမ်တွင်းရေး ကိစ္စကို အိမ်တွင်းသား လင်နှင့်မယားသာ ဖြေရှင်းနိုင်အောင် ကြိုးစားရမည်။ အိမ်ပေါက်စေ့ လျှောက်လည်ပြီး အတင်းချရန် မဟုတ်ပေ။

(၂) ဗဟိ အဂ္ဂိ အန္တော န ပဝေသေတဗ္ဗော=အပြင်မီးကို အိမ်ထဲမသွင်းနှင့်။

"အပြင်မီး"ဟူသည်ကား ပြင်ပကိစ္စများဖြစ်၏။ မိမိလင်ယောကျ်ားနှင့် ပတ်သက်၍ ဖြစ်စေ၊ မိသားစုကိစ္စနှင့်ပတ်သက်၍ဖြစ်စေ ပတ်ဝန်းကျင်သည် အမျိုးမျိုး ပြောလေ့ရှိ၏။ ထိုင်ပြီး ဝေဖန်ရေးလုပ်နေလေ့ရှိ၏။ မယားကို သွေးထိုးပေးလေ့ရှိ၏။ မယားလုပ်သူက ဘေးစကားတွေယုံပြီး လင်ယောကျ်ားကို ပြန်ပြော၊ အထင်လွဲစရာတွေဖြစ်၊ သံသယတွေပွားပြီး စကားများ ရန်ဖြစ်ကာ အိမ်ထောင်ပြိုကွဲတတ်သဖြင့် ဆင်ခြင်ရမည်၊ သတိထားရမည်။

(၃) ဒဒန္တဿေဝ ဒါတဗ္ဗံ=ပေးသင့်သူအားသာလျှင် ပေးပါ။

"ပေးသင့်သူ"ဆိုသည်မှာ ဆွေရိပ် မျိုးရိပ် မကောင်းသူများ စီးပွား

ဥစ္စာ ပါးရှားသဖြင့် အချေးအငှား၊ အတောင်းအရမ်းတွေ ရှိတတ်ပေသည်။ ထိုအခါ အကြောင်းကြောင်းကို ထောက်၍ ပေးရသည့်အခါမျိုးရှိ၏။ ဆွေမျိုး မတော်စပ်သော်လည်း ချေးငှားပြီး သစ္စာရှိရှိ ကတိတည်ကြည်စွာ ပြန်လည် ပေးဆပ်လာသူများကို ပေးသင့်၏။

(၄) အဒဒန္တဿ နဒါတဗ္ဗံ=မပေးသင့်သူအား မပေးရ။

"မပေးသင့်သူ"ဟူသည်- အမျိုးဂုဏ်ပျက်အောင်လုပ်သူ၊ ချေးငှားပြီး ပြန်မဆပ်သူများ စသည်တို့ဖြစ်၏။

(၅) ဒဒန္တဿာပိ အဒဒန္တဿာပိ ဒါတဗ္ဗံ=ပေးသင့်သူဖြစ်စေ၊ မပေး သင့်သူပင်ဖြစ်စေ ပေးပါ။

ရတနာသုံးပါးနှင့်စပ်သော အလှူဒါနများ၊ အလှူခံပုဂ္ဂိုလ်များ၊ မိဘဆရာသမား ပူဇော်ကန်တော့ခြင်းများတို့သည် ပေးသင့်သူဖြစ်စေ၊ မပေးသင့်သူဖြစ်စေ ပေးရမည့် လှူရမည့်အထဲတွင် ပါဝင်ပေ၏။ ထို့ပြင် ချေးငှားပြီး "ဥစ္စာမရှိ ကတိမတည်"ဖြစ်ကာ မပေးဆပ်နိုင်သူများအား တစ်ကြောင်းမထောက် တစ်ကြောင်းထောက်ကာ စာနာသောစိတ်ထားဖြင့် ပေးပါ။

(၆) သုခံ နိသီဒိတဗ္ဗံ=ချမ်းသာစွာနေအပ်၏။

"ချမ်းသာစွာ နေအပ်၏"ဆိုရာ၌ ဖိမ်ခံပစ္စည်းတွေနှင့် ဖိမ်ကျကျ နေထိုင်ရမည်ဟု မဆိုလို။ "ရတာလေးနှင့် ဝအောင်စား၊ ရှိတာလေးနှင့် လှအောင်ဝတ်"ဆိုသကဲ့သို့ မိမိ၏ အတိုင်းအတာအလျောက် မျှတစွာဖြင့် ချမ်းသာအောင် နေထိုင်တတ်ရမည်ဟု ဆိုလိုပေသည်။

(၇) သုခံ ဘုဉ္ဇိတဗ္ဗံ=ချမ်းသာစွာ စားသောက်အပ်၏။

ဝင်ငွေနှင့် ထွက်ငွေ မျှတအောင်၊ အဆင်ပြေအောင်၊ လောက်င အောင် စားသောက်နေထိုင်တတ်ရမည်။ မိဘများကို ဦးချစား၊ လင် ယောကျ်ားအတွက် ဖယ်ထားသင့်သည့် ဟင်းလျာနှင့် စားသောက်ဖွယ် များကို ဖယ်ထား စသည့် အစားအသောက်ကိစ္စများ အကျုံးဝင်၏။

(၈) သုခံ နိပဇ္ဇိတဗ္ဗံ=ချမ်းသာစွာအိပ်အပ်၏။

ဤ၌လည်း ဖဲမွေ့ယာ၊ ရွှေကော်ဇောခင်း၊ အကောင်းစား ဆိုဖာ

ကြီးတွေ့ဖြင့် အိပ်ရမည်ဟု မဆိုလို။ မယားဖြစ်သူသည် လင်ယောကျ်ား နောက်မှ အိပ်ခြင်း၊ လင်ယောကျ်ားအလျင် အိပ်ရာမှထပြီး ချက်ပြုတ်စရာ အိမ်မှုကိစ္စ ရှိသည်များကို ချက်ပြုတ်လုပ်ကိုင်ခြင်း စသော 'နောက်မှအိပ်, အလျင်ထ' ဟူသည့် စည်းကမ်းမျိုး ဖြစ်ပါသည်။

(ဤခေတ်- ယနေ့ခေတ်သည် လင်ရော မယားပါ ထွက်ပြီး အလုပ်,လုပ်နေကြရသဖြင့် လင့်ကိစ္စ၊ မယားကိစ္စ မခွဲခြားဘဲ မိမိတို့ အချင်းချင်း နားလည်မှုရယူကာ 'လိုတိုး ပိုလျှော့'လုပ်နိုင်ကြပါသည်။)

(၉) အဂ္ဂ ပရိစရိတဗ္ဗော=မီးကို လုပ်ကျွေးအပ်၏။

ဤ၌'မီး'ဟူသည် ယောကျ္ာမယောကျ်ား၊ ယောက္ခမမိန်းမ စသော မီးနှင့်တူသော ပုဂ္ဂိုလ်များကို ရိုသေရမည်၊ လေးစားရမည်။ တတ်နိုင်သလောက် လုပ်ကျွေးသမှုပြုရမည်ဟု နားလည်အပ်ပေသည်။

(၁၀) အန္တောဒေဝတာ နမဿိတဗ္ဗာ=အိမ်တွင်းနတ်ကို ရှိခိုးအပ်၏။

'အိမ်တွင်းနတ်'ဟူသည် လင်ယောကျ်ားကို ရည်ညွှန်းသည်။ လင်ယောကျ်ားသည် အိမ်ထောင်ဦးစီးဖြစ်သလို 'အိမ်ဦးနတ်'ဟူ၍လည်း အမည်ရ၏။ ထိုအိမ်ဦးနတ်ဟူသော လင်ယောကျ်ားကို ရိုသေရမည်။ ရှိမခိုးသည့်တိုင် လေးစားမြတ်နိုးရမည်။ အိမ်ဦးနတ်ကြီးကလည်း ရိုသေထိုက်အောင် လေးစားထိုက်အောင် နေရမည် ဖြစ်၏။

(နတ်ဝါသနာပါသူတို့က အိမ်တွင်းနတ် မိရိုးဖလာ နတ်များကို ထည့်တွက်ပေလိမ့်မည်)

ဤသို့ဖြင့် လင်ရယ် မယားရယ်လို့ ဖြစ်လာကြသော မောင်နှင့် မယ်(-----)တို့သည် ဆိုးကောင်းတိုင်ပင် ညှိညှိနှိုင်းနှိုင်း ရှိရမည်။ သည်းခံစိတ် မွေးရမည်။ တစ်ယောက်အကြိုက်ကို တစ်ယောက်က တတ်နိုင်သလောက် လိုက်လျောရမည်။ အလှူဒါနနှင့် ပတ်သက်လာလျှင်လည်း "ရှေးတုန်းက မောင်ပုဏ္ဏနှင့် မယ်ဥတ္တရာတို့လို "မောင်လှူလျှင် မယ်ကကြည်ဖြူ၊ မယ်က လှူလျှင်လည်း မောင်ကနှစ်သက်"ရမည်။

သို့ဖြစ်ရာ ဗုဒ္ဓသာသနာတော်အကျိုးကိုလည်း သယ်ပိုးထမ်းဆောင်နိုင်သော သာသနာ့ဒါယကာ အမျိုးကောင်းသား အမျိုးကောင်းသမီးများ

ဖြစ်ကြပါစေကုန်သတည်း။

*****

## မင်္ဂလာတရားတွင်ထည့်ရန်

မင်္ဂလသုတ်တွင် 'ပုတ္တဒါရဿ သင်္ဂဟော'– သားမယားတို့အား သင်္ဂြိုဟ်ထောက်ပံ့ခြင်းသည် မြတ်သောမင်္ဂလာတရားတစ်ပါးဖြစ်ကြောင်းကို ဗုဒ္ဓဘုရားက ဟောကြားထားတော်မူပါသည်။ မိဘများသည် သားသမီးတို့အား ထောက်ပံ့ရန် အရင်းအနှီးပြုပေးရန် စီးပွားရေး စီမံကိန်းတစ်ခုခု ချပေးရန် တာဝန်ရှိသေးကြောင်း နားလည်ရပေမည်။ သားသမီးများက မိဘနေရာ ရောက်သွားပြန်သော် ထိုတာဝန်ကို ဆင့်ကဲ ထမ်းဆောင်ရမည်သာ ဖြစ်၏။

## ပရာဘဝသုတ် ကောက်နုတ်ချက်

ပရာဘဝသုတ်လာ အောက်ပါပျက်စီးကြောင်း တရားတို့သည်လည်း အိမ်ထောင်ရေးလောကအတွက် အနှောက်အယှက်ကြီးစွာ ဖြစ်စေနိုင်ပါ၏။

ဣတ္ထိံ သော ဏ္ဍံ ဝိကိရဏိံ၊ ပုရိသံဝါပိတာဒိသံ။

ဣဿရိယသ္မိံ ဌပေသိ၊ တံ ပရာဘဝတော မုခံ။

(ပရာဘဝသုတ်၊ သုတ္တနိပါတ်ပါဠိတော်)

သောဏ္ဍံ=အသားစားကြူးသော၊ ဝိကိရဏိံ=စီးပွားဥစ္စာတွေကို ဖရိုဖရဲ ပြန့်ကျဲအောင် လုပ်တတ်သော၊ ဣတ္ထိံဝါ=မိန်းမကိုလည်းကောင်း၊ ပုရိသံဝါ= ယောကျ်ားကိုလည်းကောင်း၊ ဣဿရိယသ္မိံ=အိမ်ထောင်ဦးစီးအရာ၌၊ ဌပေသိ=ထား၏။ တံ=စီးပွားဥစ္စာနှင့်တကွ အသုံးအဆောင်ပစ္စည်းဟူသမျှကို ဖရိုဖရဲ ကြဲအောင် လုပ်တတ်တဲ့ မိန်းမ ယောကျ်ားမျိုးကို အိမ်ထောင်ဦးစီးအရာ၌ ထားခြင်းသည်လည်း၊ ပရာဘဝတော=ဆုတ်ယုတ်ပျက်စီးခြင်း၏၊ မုခံ= အကြောင်းတရားဖြစ်ပါပေတော့သတည်း။

ဤဒေသနာတော်အရ- (၁) အစားအသောက်လွန်ကျူးခြင်း၊ (၂) စီးပွားရေးလုပ်ငန်းများနှင့်တကွ ပစ္စည်းဥစ္စာတို့ကို စည်းကမ်းတကျ မဟုတ်ဘဲ ဖရိုဖရဲထားခြင်းတို့သည် စီးပွားဥစ္စာ ပျက်စီးခြင်း အကြောင်းတရားများအဖြစ် ဟောကြားတော်မူထားပါသည်။

ထို့ပြင် မှတ်သားစရာ နောက် ဒေသနာတစ်ပုဒ် ရှိသေးသည်။

အပ္ပဘောဂေါ မဟာတဏှော၊ ခတ္တိယေ ဇာယတေ ကုလေ။

သောစ ရဇ္ဇံ ပတ္ထယတိ၊ တံ ပရာဘဝတော မုခံ။

(ပရာဘဝသုတ်)

ယော=အကြင်ပုဂ္ဂိုလ်သည်၊ အပ္ပဘောဂေါ=စည်းစိမ်ဥစ္စာ အနည်းငယ်သာ ရှိပါလျက်၊ မဟာတဏှော=တဏှာရမ္မက်ငမ်းငမ်းတက်၍ နေသည်ဖြစ်၍၊ ခတ္တိယေကုလေ=မင်းမျိုးမင်းနွယ်၌၊ ဇာယတေ=ဖြစ်၏။

သောစ=ထိုပုဂ္ဂိုလ်မျိုးသည်လည်း၊ ရဇ္ဇံ=မင်းအဖြစ်ကိုပင်၊ ပတ္ထယတိ=တောင့်တတတ်၏၊ တံ=ထိုစည်းစိမ်ဥစ္စာ မကြွယ်ဝ မချမ်းသာဘဲ အလိုဆန္ဒတွေကများများ မင်းအဖြစ်ကိုပင် ဘဝင်မြင့်ကာ တောင့်တချင်သော ပုဂ္ဂိုလ်သည်လည်း၊ ပရာဘဝတော=ပျက်စီးခြင်း၏၊ မုခံ=အကြောင်းရင်းခံတရား ဖြစ်ပါပေတော့သတည်း။

ဤဒေသနာတော်အရ- (၁) စီးပွားဥစ္စာကမရှိ၊ ဝင်ငွေကနည်းနည်း၊ (၂) လိုချင်မှုတဏှာကများပြား၊ (၃) မင်းမျိုးမှာဖြစ်ချင်၊ (၄) မင်းအဖြစ်ကိုပင် လိုချင်တောင့်တခြင်းသည် ပျက်စီးကြောင်းတရားများ ဖြစ်၏။

ရူပတဏှာ - အဆင်းမျိုးစုံ ရူပါရုံကိုလည်း လိုချင်သည်၊

သဒ္ဒတဏှာ - အသံမျိုးစုံ သဒ္ဒါရုံတွေကိုလည်း ကြားချင်သည်၊

ဂန္ဓတဏှာ - အမွှေးနံ့သာမျိုးစုံ ဂန္ဓာရုံကိုလည်း မွှေးကြူချင်သည်၊

ရသတဏှာ - ရသာမျိုးစုံ စားသောက်ဖွယ်တွေကိုလည်း စားသောက်ချင်သည်၊

ဖောဋ္ဌဗ္ဗတဏှာ - အတွေ့ကောင်းမျိုးစုံ ဖောဋ္ဌဗ္ဗာရုံကိုလည်း တွေ့ကြုံခံစားချင်သည်။ ဤသို့ အာရုံငါးပါး ကာမဂုဏ်တရားတို့၌

မွေ့ထုံပျော်ပါးနေချင်မှုများသည် စီးပွားဥစ္စာ ပျက်စီးကြောင်း အိမ်ထောင်ရေး ပျက်စီးကြောင်းများ ဖြစ်ပါသတည်း။

"တဏှာကို ပညာဖြင့် ထိန်းချုပ်နိုင်ပါစေ"

ဝင်ငွေထွက်ငွေ မျှတအောင် သုံးစွဲတတ်ပါစေ။

အသက်ရှည် ကျန်းမာ ဘေးဘယာဝေးကွာပြီး လိုရာဆန္ဒ ပြည့်ဝစွာဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်အကျိုးကို သယ်ပိုးထမ်းဆောင်နိုင်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီး သာသနာ့အာဇာနည် မောင်မယ်များ ဖြစ်ကြပါစေကုန်သတည်း။ ။

*****

# အခန်း(၈)

# ဘုရားအနေကဇာတင်တရား

ဘုရားအနေကဇာတင်ခြင်းသည် “ဗုဒ္ဓါဘိသေကမင်္ဂလာ၊ ဗုဒ္ဓဂုဏပူဇာ” ပွဲသဘင် ဆင်ယင်ကျင်းပခြင်း ဖြစ်သည်။

ဘုရားမြတ်စွာသည် “အနေကဇာတိသံသာရံ--” အစရှိသော ဒေသနာတော်များဖြင့် ဥဒါန်းကျူးရင့်တော်မူခဲ့သည်။ မနသာဥဒါန်း၊ ဝစသာဥဒါန်းဟု ဆိုအပ်သော စိတ်ထဲ၌သာ ကျူးရင့်ခြင်း၊ နှုတ်တော်မြွက်ကာ အသံထွက်၍ ကျူးရင့်တော်မူခြင်းတို့ကို ပြုတော်မူခဲ့သည်။

**ဘုရားအနေကဇာတင် အစီအစဉ်**

“နမောတဿ-” ဘုရားရှိခိုး (၃-ခေါက်)  
အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။  
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခဇာတိ ပုနပ္ပုနံ။  
ဂဟကာရက ဒိဋ္ဌောသိ၊ ပုနဂေဟံ နကာဟသိ။  
သဗ္ဗာတေ ဖာသုကာဘဂ္ဂါ၊ ဂဟကူဋံဝိသင်္ခတံ။  
ဝိသင်္ခါရ ဂတံစိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။ (၃-ခေါက်)

(ဥဒါန်းပါဠိတော်)

**ပဋိစ္စသမုပ္ပါဒ်အနုလောမ**

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ။

ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ။

သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။

ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ။

ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ။

ဇာတိပစ္စယာ ဇရာ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာ သမ္ဘဝန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

– ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊ အာတာပိနော ဈာယတော ဗြာဟ္မဏဿ။

အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊ ယတော ပဇာနာတိ သဟေတုဓမ္မံ။

**ပဋိစ္စသမုပ္ပါဒ် ပဋိလောမ**

အဝိဇ္ဇာနိရောဓါ သင်္ခါရနိရောဓော။ သင်္ခါရနိရောဓါ ဝိညာဏနိရောဓော။ ဝိညာဏနိရောဓါ နာမရူပနိရောဓော။ နာမရူပနိရောဓါ သဠာယတနနိရောဓော။ သဠာယတနိရောဓါ ဖဿနိရောဓော။ ဖဿနိရောဓါ ဝေဒနာနိရောဓော။ ဝေဒနာနိရောဓါ တဏှာနိရောဓော။ တဏှာနိရောဓါ ဥပါဒါနနိရောဓော။ ဥပါဒါနနိရောဓါ ဘဝနိရောဓော။ ဘဝနိရောဓါ ဇာတိနိရောဓော။ ဇာတိနိရောဓါ ဇရာမရဏသောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာနိရုဇ္ဈန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

– ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊ အာတာပိနော ဈာယတော ဗြာဟ္မဏဿ။

အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊ ယတော ခယံ ပစ္စယာနံ အဝေဒီ။

ပဋိစ္စသမုပ္ပါဒ်အနုလောမ, ပဋိလောမ-

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ---(လ)--
--ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓါ သင်္ခါရနိရောဓော၊
သင်္ခါရနိရောဓါ ဝိညာဏနိရောဓော----(လ)----ဧဝမေတဿ
ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

- ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊ အာတာပိနော ဈာယတော
ဗြာဟ္မဏဿ။

ဝိဓူပယံတိဋ္ဌတိ မာရသေနံ၊ သူရိယောဝ ဩဘာသယမန္တလိက္ခံ။

(ဝိနည်းမဟာဝါ၊ ဥဒါန်းပါဠိတော်)

ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရ
ပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော၊
နိဿယပစ္စယော၊ ဥပနိဿယပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတပစ္စယော၊
အာသေဝနပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါကပစ္စယော၊ အာဟာရပစ္စယော၊
ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊
ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊
အဝိဂတပစ္စယောတိ။

- ဇယန္တော ဗောဓိယာမူလေ၊ သကျာနံ နန္ဒိဝဍ္ဍနော။
ဧဝမေဝ ဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ။
- အပရာဇိတ ပလ္လင်္ကေ၊ သီသေ ပုထုဝိပုက္ခလေ။
အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပ္ပတ္တော ပမောဒတိ။
- သုနက္ခတ္တံ သုမင်္ဂလံ၊ သုပဘာတံ သုဟုဋ္ဌိတံ။
သုခဏော သုမုဟုတ္တောစ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။
- ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ ။
ပဒက္ခိဏံ မနောကမ္မံ၊ ပဏိဓိတေ ပဒက္ခိဏာ။
ပဒက္ခိဏာနိကတွာန၊ လဘန္တတ္ထေ ပဒက္ခိဏေ။
- တေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရုဠှာဗုဒ္ဓသာသနေ။

အရောဂါ သုခိတာဟောထ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

(အနက်အကျယ်သိလိုပါက နိဿျမှာကြည့်လေ)

ဘုရားအနေကဇာတင် အစီအစဉ်ကို အကျဉ်းချုပ်မှတ်ရန်-

* "အနေကဇာ၊ အဝိဇ္ဇာ၊ ယဒါ,ဟေတု၊ ဇယန္တော"

ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော် ပါဠိများနှင့် မေတ္တသုတ် မေတ္တာပို့များကိုလည်း ဆက်လက်ရွတ်နိုင်သည်။

**အဓိပ္ပာယ်အကျဉ်းချုပ်မှာ**

ခန္ဓာအိမ်ကို တည်ဆောက်တတ်သော တဏှာနှင့် အဝိဇ္ဇာတရားကို မသိမမြင်ခဲ့၍ ငါဘုရားသည် ဘဝများစွာ သံသရာ၌ ကျင်လည်ခဲ့ရလေပြီ။ ယခုအခါ၌ ငါသည် ဘုရားစင်စစ် ဧကန်ဖြစ်ပြီးဖြစ်၍ ခန္ဓာအိမ်တည်ဆောက်သူ တရားခံအစစ် တဏှာနှင့် အဝိဇ္ဇာကို ငါသိမြင်ပြီ။ ခန္ဓာအိမ်အသစ်ဆောက်ပြီး အတိဒုက္ခသံသရာထဲမှာ ကျင်လည်ရန် အကြောင်းမရှိတော့ပြီ။

**ပဋိစ္စသမုပ္ပါဒ်အဓိပ္ပာယ်အကျဉ်း**

အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်သည်၊ သင်္ခါရ(ကံ)ကြောင့် ဝိညာဏ်(ဇာတိ)ဖြစ်သည်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်သည်၊ နာမ်ရုပ်ကြောင့် သဠာယတန(မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်)ဖြစ်သည်၊ သဠာယတန ကြောင့် ဖဿဖြစ်သည်၊ ဖဿကြောင့် ဝေဒနာဖြစ်သည်၊ ဝေဒနာကြောင့် တဏှာဖြစ်သည်၊ တဏှာကြောင့် ဥပါဒါန်ဖြစ်သည်၊ ဥပါဒါန်ကြောင့် (ကမ္မ)ဘဝဖြစ်သည်၊ ဘဝကြောင့် ဇာတိ(မွေးဖွားခြင်း) ဖြစ်သည်၊ ဇာတိ ကြောင့် ဇရာ(အိုမင်းရင့်ရော်ခြင်း)၊ မရဏ(သေဆုံးပျက်စီးခြင်း)၊ သောက (စိုးရိမ်ခြင်း)၊ ပရိဒေဝ(ငိုကြွေးခြင်း)၊ ဒုက္ခ (ကိုယ်ဆင်းရဲခြင်း)၊ ဒေါမနဿ (နှလုံးမသာယာခြင်း)၊ ဥပါယာသ (ပြင်းထန်စွာ ပူဆွေးခြင်း)တွေ ဆက်တိုက် ဖြစ်ပေါ်သည်။ ဤသည်တို့ကား ဒုက္ခသစ္စာ အစုအဝေး ဖြစ်တော့သည်။

ထိုမှအပြန် အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရချုပ်သည် စသည်ကို သိလေ။

(ကျန် ပါဠိတော်များကို ကျမ်းလေးမည်စိုး၍ အနက်မရေးတော့ပြီ၊ ရှာဖွေယူကြပါကုန်)

**ရတနာသုံးပါးအကျိုး**

ဗုဒ္ဓသ္သ ပူဇံ မဟာတေဇဝဍ္ဎနံ၊ ဓမ္မသ္သ ပူဇံ မဟာပညဝဍ္ဎနံ။

သံဃဿ ပူဇံ မဟာဘောဂဝဍ္ဎနံ၊ ရတနဿ ပူဇာယိဒံ ဖလံ။

ဗုဒ္ဓဿ=မြတ်စွာဘုရားအား၊ ပူဇံ=အာမိသပူဇာ, ဓမ္မပူဇာတို့ဖြင့် ပူဇော်ခြင်းသည်၊ မဟာတေဇဝဍ္ဎနံ=ကြီးကျယ်များမြတ်သော တန်ခိုး အာနိသင်နှင့် ပြည့်စုံနိုင်ပေ၏။ ဓမ္မဿ=တရားတော်မြတ်အား၊ ပူဇံ= ရွတ်ဆိုပူဇော်ခြင်း, ကျင့်သုံးလိုက်နာခြင်းဖြင့် ပူဇော်ခြင်းသည်၊ မဟာ ပညဝဍ္ဎနံ=ကြီးကျယ်များမြတ်သော လောကီပညာ, လောကုတ္တရာပညာ တို့နှင့် ပြည့်စုံနိုင်ပေ၏၊ သံဃဿ=ပရမတ္ထသံဃာနှင့်တကွ သမုတိ သံဃာတော် အရှင်မြတ်အပေါင်းအား၊ ပူဇံ=ရှိခိုးပူဇော်ခြင်း, ပစ္စည်း ဝတ္ထုတို့ဖြင့် ပူဇော် ခြင်းသည်၊ မဟာဘောဂဝဍ္ဎနံ=ကြီးကျယ်များမြတ်သော စည်းစိမ်ဥစ္စာတို့နှင့် ပြည့်စုံနိုင်ပေ၏၊ ဣဒံ=ဤသည်တို့ကား၊ ရတနဿ= ဘုရား, တရား, သံဃာ ရတနာသုံးပါးအား၊ ပူဇာယ=ပူဇော်ခြင်းအမျိုးမျိုး၏၊ ဖလံ=အကျိုးတရားထူး စင်စစ်ကေန် ဖြစ်ပါပေတော့သတည်း။

**စေတီပုထိုး ရုပ်ပွား ပူဇော်ရကျိုး**

တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊ သမံ စိတ္တံ သမံ ဖလံ။

စေတောပသာဒဟေတုမှိ၊ သတ္တာ ဂစ္ဆန္တိ သုဂတိံ။

(ဓမ္မပဒဋ္ဌကထာ၊ ဒုတိယ၊ ဗုဒ္ဓဝဂ်၊ စာ-၁၆၄)

တိဋ္ဌန္တေ စ=သက်တော်ထင်ရှား ရှင်တော်မြတ်ဘုရား၌သော်လည်း ကောင်း၊ နိဗ္ဗုတေစ=ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးသော ဘုရားရှင်ကိုယ်တော် မြတ်ကြီး၏ ကိုယ်စားတော်ဖြစ်သော စေတီတော်, ပုထိုးတော်, ရုပ်ပွား ဆင်းတုတော်တို့၌လည်းကောင်း၊ သမံစိတ္တံ=သက်တော်ထင်ရှား မြတ်ဘုရား ကို လှူဒါန်းနေရသကဲ့သို့ စေတနာသဒ္ဓါတရား

အတူအမျှထားနိုင်သည့်ရှိသော်၊ သမ်ဖလံ=တူမျှသော အကျိုးတရားကို တိုးပွားရရှိနိုင်သည်၊ ဟောတိ=ဖြစ်၏၊ စေတောပသာဒဟေတုမှိ=သဒ္ဓါ လန်းရှင် စိတ်ကိုကြည်ကြည်လင်လင် ထားနိုင်ခြင်းတည်းဟူသော အကြောင်းကြောင့်၊ သတ္တာ=ဘုရားဒကာ ဘုရားအမများတို့သည်၊ သုဂတိံ= ချမ်းသာကြွယ်ဝ သုဂတိဘုံဌာနသို့၊ ဂစ္ဆန္တိ=မုန်စွာမသွေ ရောက်နိုင်ကြလေ ကုန်တော့သတည်း။

**စေတီ(၄)မျိုး**

"စတ္တာရိမာနိ အာနန္ဒစေတိယာနိ၊ ကတမာနိ စတ္တာရိ ဓမ္မစေတိယံ၊ ဓာတုစေတိယံ၊ ပရိဘောဂိယံ၊ ဥဒ္ဒိဿကံ။ ဣမာနိခေါ အာနန္ဒ စတ္တာရိ စေတိယာနိ။"

(တေရသကနိပါက်၊ ကာလိင်္ဂဗောဓိဇာတ်)

အာနန္ဒ=အာနန္ဒာ၊ စေတိယာနိ=ငါဘုရား၏ ကိုယ်စားတော်ဖြစ်သော စေတီတို့သည်၊ ဣမာနိစတ္တာရိ=ဤလေးပါးတို့ပေတည်း၊ ကတမာနိ စတ္တာရိ=အဘယ်လေးပါးတို့နည်းဟူမူကား၊ ဓမ္မစေတိယံ=ဓမ္မစေတီလည်း ကောင်း၊ ဓာတုစေတိယံ=ဓာတုစေတီလည်းကောင်း၊ ပရိဘောဂိယံ=ပရိ ဘောဂစေတီ လည်းကောင်း၊ ဥဒ္ဒိဿကံ=ဥဒ္ဒိဿကစေတီလည်းကောင်း၊ အာနန္ဒ=အာနန္ဒာ၊ စေတိယာနိ=ငါဘုရား၏ ကိုယ်စားတော်ဖြစ်သော စေတီတို့သည်၊ ဣမာနိစတ္တာရိ=ဤလေးပါးတို့ ဖြစ်ပါပေတော့သတည်း။

(၁) ဓမ္မစေတီ–ထေရဝါဒ ပိဋကတ်ကျမ်းဂန်များ၊

(၂) ဓာတုစေတီ–မြတ်စွာဘုရား၏ ဓာတ်တော်များ၊

(၃) ပရိဘောဂစေတီ–တောင်ဝှေး၊ ရေစစ်၊ ရေသနုပ်၊ ဆံတော်၊ ဗောဓိပင် စသည်များ၊

(၄) ဥဒ္ဒိဿကစေတီ–စေတီတော်၊ ပုထိုးတော်၊ ရုပ်ပွားဆင်းတု တော်များ။

**ရွှေအိုးမြှုပ်ရမည့် (၇)ဌာန**

- စေတိယမှိ စ သံဃေဝါ၊ ပုဂ္ဂလေဝါ အတိထိသု။
  မာတရိ ပိတရိ စာပိ၊ အထော ဇေဋ္ဌမှိဘာတရိ။
- ဧသော နိဓိ သုနိဟိတော၊ အဇေယျော အနုဂါမိကော။
  ပဟာယ ဂမနီယေသု၊ ဧတံ အာဒါယ ဂစ္ဆတိ။

(ဥဒ္ဒကပါဋ္ဌပါဠိတော်၊ နိဓိကဏ္ဍသုတ်)

စေတိယမှိစ=ဓမ္မစေတီ, ဓာတုစေတီ, ပရိဘောဂစေတီ, ဥဒ္ဒိဿစေတီ တော်တို့၌လည်းကောင်း၊ သံဃေဝါ=သံဃာတော်၌လည်းကောင်း၊ ပု ဂ္ဂလေဝါ= ပုဂ္ဂိုလ်၌လည်းကောင်း၊ အတိထိသုဝါ=ဖိတ်ကြားထားသဖြင့် ကြွရောက်လာ ကြကုန်သော ဧည့်သည် ပရိသတ်တို့၌လည်းကောင်း၊ မာတရိစ=ကျေးဇူးသခင် မွေးမိခင်၌လည်းကောင်း၊ ပိတရိစ=ကျေးဇူးသခင် ကျွေးဖခင်၌လည်းကောင်း၊ အထော=ထို့အတူ၊ ဇေဋ္ဌမှိဘာတရိစ=အဖအရာ ထားအပ်သော အစ်ကိုကြီး (အစ်မကြီး)၌လည်းကောင်း၊ သုနိဟိတော= ကောင်းစွာစိုက်ပျိုးမြှုပ်နှံအပ်သော၊ ဧသောနိဓိ=ဤဒါန စသော ကုသိုလ် တည်းဟူသော အနုဂါမိကရွှေအိုးသည်၊ အဇေယျော=ရန်သူတို့သည် နိုးယူသိမ်းပိုက်ခြင်းငှာ မအောင်မြင်နိုင်ပေ။ အနုဂါမိကော=သွားလေရာ သံသရာတစ်ခွင်၌ အစဉ်ပင်လိုက်ပါလေတော့၏။ ပဟာယဂမနီယေသု= သေလျှင် စွန့်ပစ်၍ထားခဲ့ရမည့်အရာတို့၌၊ ဧတံ=ဤဒါန, သီလ, ဘာဝနာ ကုသိုလ်တည်းဟူသော အနုဂါမိကရွှေအိုးကို၊ အာဒါယ=ယူ၍၊ ဂစ္ဆတိ=မုန်စွာမသွေ ယူဆောင်၍သွားနိုင်ပါပေတော့သတည်း။

(၁) စေတီလေးမျိုး၌ လှူဒါန်းခြင်း၊
(၂) သံဃာတော်များကို (သံဃိကဒါနအဖြစ်)လှူဒါန်းခြင်း၊
(၃) ပုဂ္ဂိုလ်အား(ပုဂ္ဂလိကဒါန) လှူဒါန်းခြင်း၊
(၄) ဧည့်ပရိသတ်တို့အား လှူဒါန်းခြင်း၊
(၅) မိခင်အား ပြုစုစောင့်ရှောက် လုပ်ကျွေးသမှုပြုခြင်း၊
(၆) ဖခင်အား ပြုစုစောင့်ရှောက် လုပ်ကျွေးသမှုပြုခြင်း၊
(၇) အစ်ကိုကြီး (အစ်မကြီး)တို့အား မိဘအရာထား၍ ပြုစု

ဤ (၇)မျိုးကို လိုက်နာကျင့်သုံး ဆောင်ရွက်ခြင်းသည် 'အနုဂါမိက' ရွှေအိုးမြှုပ်နှံထားသည် မည်ပေ၏။ ရွှေအိုးမြှုပ်ရမည့် (၇)ဌာနဖြစ်ပေ၏။ ရွှေအိုးဟူသည် ရုပ်ဝတ္ထုပစ္စည်း ဖြစ်သော ရတနာရွှေအိုးကား မဟုတ်ပေ။ နိဗ္ဗာန်မရောက်မီစပ်ကြား သံသရာခရီးသွားဘဝ၌ 'ရိက္ခာ'အဖြစ် ကူညီ စောင့်ရှောက်ပေးမည့် 'အနုဂါမိကကုသိုလ်' ရွှေအိုးသာလျှင် ဖြစ်ပေသည်။

**အနုဂါမိကရွှေအိုးဆိုတာ**

"ဒါနမယံ၀ါ သီလမယံ၀ါ ဘာဝနာမယံ၀ါ ယံ ပုညံ အတ္ထိ။ တံ တတ္ထ တတ္ထဘဝေ အနုဂစ္ဆာဝိယ ဟောတိတိ အနုဂါမိကော"

(ခုဒ္ဒကပါဌ၊ အဋ္ဌကထာ)

ဒါနမယံ၀ါ=ဒါနကောင်းမှု ပြုအပ်သည်လည်းဖြစ်သော၊ သီလမယံ၀ါ= သီလဆောက်တည်ထားသဖြင့် သီလနှင့် ပြည့်စုံသည်ဖြစ်သော၊ ဘာဝနာမယံ၀ါ= သမထ,ဝိပဿနာ နှစ်ဖြာသော ဘာဝနာဖြင့် ခြံရံ၍ လှူအပ်သည်လည်းဖြစ်သော၊ ယံပုညံ=အကြင်ကုသိုလ်ကောင်းမှုသည်၊ အတ္ထိ=ရှိ၏၊ တံပုညံ=ထိုကုသိုလ် ကောင်းမှုသည်၊ တတ္ထတတ္ထဘဝေ=ထိုထိုဖြစ်လေရာ ဘုံဘဝ၌၊ အနုဂစ္ဆာဝိယ=အစဉ်လိုက်ပါနေသကဲ့သို့၊ ဟောတိ =ဖြစ်၏။ ဣတိ=ထို့ကြောင့်၊ အနုဂါမိကော=အနုဂါမိက(ရွှေအိုး) မည်ပါပေတော့သတည်း။

* စေတီ, သံဃာ, ပုဂ္ဂိုလ်မှာ၊ လှူပါပရိသတ်။
မိခင်, ဖခင်, အစ်ကိုလျှင်၊ ပေါင်းဝင်ခုနစ်ရပ်။
အနုဂါမိက၊ ခုနစ်ဌာန၊ မြှုပ်ကြရွှေအိုးမြတ်။

* ထားသမျှ မသေခင်၊
ကြွားသမျှ အရာမထင်၊
စားပြန်တော့ ကျင်ကြီးကျင်ငယ်ပင်၊
ဒါနဆိုပါရမီမျိုးကို၊ ပြုကြပါသဒ္ဓါရှင်ရှင်၊
ယခုဘဝမှာ ထာဝစဉ်၊

ကြော်--အနုဂါမိက ရွှေအိုးပဒေသာပင်။

**တောကိုးကွယ် တောင်ကိုးကွယ်**

ဗုဒ္ဓမြတ်စွာ သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူစဉ်က ကိုးကွယ်မှုမှားသော 'အဂ္ဂိဒတ္တ'ခေါ် ပုဏ္ဏားကြီးနှင့် အပေါင်း ပါများကို လမ်းမှန်ပြကာ တရားဓမ္မဟောကြားတော်မူခဲ့သော ဒေသနာ ဖြစ်ပါသည်။

အဂ္ဂိဒတ္တသည် မဟာကောသလမင်းကြီး၏ ပုရောဟိတ်ပုဏ္ဏား ဖြစ်ခဲ့၏။ ခမည်းတော် မဟာကောသလမင်းကြီး မရှိသည့်နောက်တွင်လည်း ပသေနဒီကောသလမင်းက ခမည်းတော်၏ ပုရောဟိတ်ကြီးဆိုပြီး ပုရောဟိတ်ရာထူးကိုပင် ဆက်လက်ခန့်ထားလေ၏။ သို့သော် အဂ္ဂိဒတ္တက စဉ်းစားသည်။

"ဤမင်းသည် မင်းပျိုမင်းလွင်၊ ရာဇမာန်ကြီးတတ်၏။ သူ့အကြိုက်ကို ဆောင်နိုင်မှ တော်မည်။ ငါသည်လည်း အသက်ကြီးပြီ၊ ရဟန်းပြုမှတော်မည်"ဟု စဉ်းစား၏။

ထို့နောက် အဂ္ဂိဒတ္တသည် မင်းထံခွင့်ပန်ပြီး ရှိသမျှပစ္စည်းဥစ္စာတို့ကို စွန့်လှူကာ သာသနာပ ရသေ့ရဟန်း ပြုလေတော့၏။ အဂ္ဂိဒတ္တနှင့်အတူ အပေါင်းပါ ယောကျ်ားတစ်သောင်းတို့သည်လည်း ရဟန်းပြုကြလေ၏။

သူတို့သည် အင်္ဂတိုင်း၊ မဂ်တိုင်းနှင့် ကုရုတိုင်းတို့၏ အကြားတွင် နေထိုင်ကြပြီး အဂ္ဂိဒတ္တက– "သင်တို့သည် ကာမဂုဏ်ကို ကြံစည်စိတ်ကူးသော ကာမဝိတက် ဖြစ်ပေါ်လျှင် သဲဒဏ်ထမ်းရမည်"ဟု စည်းကမ်းချက် ချမှတ်ထား၏။

သဲပုံကြီးသည် တဖြည်းဖြည်း ကြီးလာလေ၏။ ထိုသဲပုံကြီးကို 'အဟိဆတ္တ'အမည်ရသော နဂါးမင်းက သိမ်းပိုက်လိုက်သည်။ နဂါးစောင့်သော သဲပုံကြီးဖြစ်သွား၏။ တိုင်းကြီးသုံးတိုင်းမှ ရောက်ကြသော လူတို့သည် ထိုရသေ့ရဟန်းတစ်သောင်းတို့အား ပစ္စည်းဝတ္ထုတို့ဖြင့် ပူဇော်ကြကုန်၏။ ထိုထိုတိုင်းတို့မှ ရောက်လာကုန်သော လူတို့အား အဂ္ဂိဒတ္တက

ဟောကြားသော တရားမှာ–

"တော၊ တောင်၊ သစ်ပင်ကြီး၊ အာရာမ်တို့ကို ကိုးကွယ်ဆည်းကပ်ကြ။ ကိုးကွယ်ဆည်းကပ်ကြလျှင် သင်တို့သည် ဝဋ်ဆင်းရဲအပေါင်းမှ လွတ်မြောက် ချမ်းသာကြပါလိမ့်မည်"ဟူ၍ ဖြစ်သတည်း။

ဗုဒ္ဓဘုရားသည် ယနေ့ မည်သူ့ကို ကျွတ်တမ်းဝင်စေရမည်နည်းဟု သဗ္ဗညုတဉာဏ်တော်မြတ်ဖြင့် ဆင်ခြင်ကြည့်ရှုတော်မူရာ အဂ္ဂိဒတ္တတို့ အဖွဲ့ကို တွေ့မြင်တော်မူ၏။ လက်ဝဲတော်ရံ အဂ္ဂသာဝက တန်ခိုးဧတဒဂ်ရ ဖြစ်တော်မူသော အရှင်မဟာမောဂ္ဂလာန်ကို ရှေးဦးစွာ ကြွသွားစေ၏။

အရှင်မောဂ္ဂလာန်သည် အင်အားများပြားလှသော အဂ္ဂိဒတ္တတို့ အဖွဲ့ကို နှိမ်နင်းရမည်ဖြစ်၍ (ချွတ်ရမည်ဖြစ်၍)တန်ခိုးတော်ဖြင့် ကြီးမားပြင်းထန်သော မိုယ်းကြီးကို ရွာချစေလိုက်၏။ မိုယ်းရေတို့ကြောင့် ရသေ့တို့သည် သူတို့ နေထိုင်သော သစ်ခက်တဲကျောင်းထဲသို့ အသီးအသီး ဝင်ရောက်သွားကြလေသဖြင့် လူစုကွဲသွား၏။

ထိုအခါကျမှ အရှင်မောဂ္ဂလာန်သည် အဂ္ဂိဒတ္တ နေထိုင်သော သစ်ရွက်မိုးကျောင်းလေး၏ တံခါးဝ၌ရပ်လျက်– 'အဂ္ဂိဒတ္တ'ဟု ခပ်ဆတ်ဆတ် ခေါ်လိုက်လေသည်။ အရှင်မောဂ္ဂလာန်၏ ခေါ်သံကို ကြားသောအခါ အဂ္ဂိဒတ္တသည် ဒေါသထွက်သွား၏။ အဘယ့်ကြောင့်ဆိုသော် သူ့ကို နာမည်ဖော်၍ ခေါ်ရဲသူမရှိ၊ 'ဆရာကြီး'ဟုသာ ခေါ်ကြသည် မဟုတ်လော။

"ငါ့ကို နာမည်ဖော်ပြီး ခေါ်တာ ဘယ်သူလဲ"ဟု ကျောင်းလေးထဲမှ မေးလိုက်၏။

"ငါပဲ ပုဏ္ဏားကြီး"

"ဘာကိစ္စရှိလို့လဲ"

"တစ်နေ့ တစ်ညလောက် ဒီမှာတည်းခိုချင်လို့"

"တစ်ယောက် တစ်ကျောင်း နေရာကွက်တိ၊ သင်နေဖို့ နေရာမရှိ"

"ဂေါဏာန ဂေါဏော၊ သမဏာန သမဏော–ဆိုတဲ့ စကားအရှိသားမို့လား၊ ငါသည်လည်း သင်တို့နှင့်အတူဖြစ်လို့ နေခွင့်ပေးပါ"

"သင်ဟာ ရဟန်းလော"

"ဟုတ်ပေ၏"

ရဟန်းဟုဆို၍ အင်္ဂုလိမာလ်သည် သူ၏ကျောင်းလေးထဲမှ အပြင်သို့ ထွက်လာ၏။

"သင်ဟာ ရဟန်းလို့ပြောသည်။ ထမ်းပိုး ပြာစစ် စသော ရဟန်း ပရိက္ခရာလည်း မပါ,ပါလား"

"ပရိက္ခရာ ပါ,ပါသည် အင်္ဂုလိမာလ်၊ ငါ၏ကိုယ်ထဲမှာ ထည့်ထားသည်"

ဤသို့ အရှင်မောဂ္ဂလာန်က ပြောလိုက်ရာ အင်္ဂုလိမာလ် ဒေါသပို၍ ထွက်လာပြီး–

"သင်ဟာ ဘယ်လောက်တန်ခိုးကြီးလို့ ပရိက္ခရာကို ကိုယ်ထဲမှာ ထားနိုင်သနည်း"

"ဒေါသမထွက်ပါနဲ့ အင်္ဂုလိမာလ်၊ နေရာတစ်နေရာစာကိုသာ ပေးပါ"

အင်္ဂုလိမာလ်သည် အဟိဆတ္တနဂါးကြီးနေသော သဲပုံကြီးကို လက်ညှိုး ထိုးပြလိုက်လေ၏။

## အရှင်မောဂ္ဂလာန်နှင့် နဂါးကြီး တန်ခိုးပြိုင်ပွဲ

သူ၏နေရာသို့လာသော အရှင်မောဂ္ဂလာန်ကို နဂါးကြီးက အခိုးတွေ လွှတ်၏။ အရှင်မြတ်ကလည်း အခိုးပြန်၍လွှတ်လိုက်၏။ နှစ်ဦးစလုံးတို့မှ လွှတ်ထုတ်သော အခိုးအလျှံတို့သည် ဗြဟ္မာ့ပြည်တိုင်အောင် ရောက်သွားလေ၏။ ထိုအခိုးများသည် အရှင်မြတ်အတွက် ဘာမှမဖြစ်၊ နဂါးကြီးသာ အခိုးဒဏ်ကို ခံနေရလေ၏။

ယခုအခါ နဂါးကြီး၏ကိုယ်မှာ မီးတွေ ဝှဲလောင်နေပါပြီ။

အင်္ဂုလိမာလ်၏ အဖွဲ့သား ရသေ့များကတော့ အရှင်မြတ် မီးလောင် ခံနေရပြီဟု ထင်ကြ၏။

နောက်ဆုံး၌ အရှင်မြတ်က အနိုင်ရရှိပြီး နဂါးကြီးကိုလည်း ချမ်းသာခွင့်ပေးကာ လိမ္မာယဉ်ကျေးသွားစေပါသည်။ အရှင်မောဂ္ဂလာန် သည် နဂါးမင်းကြီး၏ အခွေများပေါ်မှာ ထိုင်နေတော်မူလိုက်လေ၏။

နံနက်မိုးသောက် အလင်းရောက်သော်- ရသေ့တို့သည် အရှင်မောဂ္ဂလာန်တို့ထံသို့ လာကြည့်ကြ၏။ တင့်တယ်စွာ စံပယ်နေသော အရှင်မြတ်ကို တွေ့မြင်ရသောအခါ အလွန်အံ့သြနေကြသည်။ တန်ခိုးကြီးမားသော အရှင်မြတ်ကို ရသေ့များက ကြည်ညိုလေးစားသွားကာ လက်အုပ်ချီမိုး ရှိခိုးကြလေသည်။

ထိုအချိန်၌ ဗုဒ္ဓဘုရား ကြွလာတော်မူ၏။ အရှင်မြတ်သည် နေရာမှထ၍ ဗုဒ္ဓဘုရားကို ရှိခိုး၏။ ထိုအခါ ရသေ့များက- "ဤရဟန်းကြီး (ဘုရား—)သည် သင့်ထက်ကြီးမြတ်သလော"ဟု မေးမြန်းကြသည်။ အရှင်မြတ်က သူ၏ဆရာဖြစ်ကြောင်း၊ ဘုန်းတော်အလွန်တရာကြီးမားကြောင်း ပြောပြလိုက်လေသည်။

"ေသော ဘဂဝါ သတ္ထာ၊ အဟံ ဣမဿ သာဝကောတိ-"

ေသော=ဤအရှင်မြတ်ကြီးသည်၊ ဘဂဝါ=ဘုန်းတော်ကြီးမား၏၊ သတ္ထာ=ငါ၏ဆရာဖြစ်၏၊ အဟံ=ငါသည်၊ ဣမဿ=ဤအရှင်မြတ်ကြီး၏၊ သာဝကော=တပည့်တည်း"

ဗုဒ္ဓဘုရားသည် သဲပုံကြီးထက်မှာ စံနေတော်မူပြီး အဂ္ဂိဒတ္တကို ခေါ်တော်မူ၏။

"အဂ္ဂိဒတ္တ၊ သင်သည် တပည့်တွေနှင့်တကွ ဒကာဒကာမအပေါင်းကို ဘယ်လိုဆုံးမသနည်း"ဟု မေးတော်မူရာ အဂ္ဂိဒတ္တက-

"ဤတောင်ကို ကိုးကွယ်ကြ၊ ဤတောကို ကိုးကွယ်ကြ၊ ဤအာရာမ်ကို ဤသစ်ပင်ကို ကိုးကွယ်ကြ။ ဤသို့ ကိုးကွယ်ဆည်းကပ်လျှင် ဆင်းရဲဒုက္ခမှ လွတ်မြောက်၏ဟု ဆုံးမပါသည်"ဟု ဖြေကြားလေ၏။

ထိုအခါ ဗုဒ္ဓဘုရားသည်-

"အဂ္ဂိဒတ္တ၊ ဤတောတောင် စသည်တို့ကို ကိုးကွယ်ခြင်းသည် ဆင်းရဲဒုက္ခမှ မလွတ်နိုင်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ကိုးကွယ်မှသာ ဆင်းရဲဒုက္ခမှ လွတ်မြောက်နိုင်ကြောင်း အောက်ပါဂါထာတို့ကို ဟောကြားတော်မူလိုက်လေသတည်း။

**ကိုးကွယ်အမှား**

ဗဟုံဝေသရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိစ။
အာရာမရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။

(ဓမ္မပဒ၊ ဂါထာ-၁၈၈)

မနုဿာ=လူအပေါင်းတို့သည်၊ ဘယတဇ္ဇိတာ=ဘေးအန္တရာယ် ကျရောက်မည်ကို ထိတ်လန့်ကြောက်ရွံ့ကြကုန်သည်ဖြစ်၍၊ ဗဟုံ-ဗဟူ= များစွာကုန်သော၊ ပဗ္ဗတာနိစ=တောင်တို့ကိုလည်းကောင်း၊ ဝနာနိစ= တောတို့ ကိုလည်းကောင်း၊ အာရာမရုက္ခစေတျာနိစ=အာရာမ်ဥယျာဉ် အဓိကရ သစ်ပင်တည်းဟူသော စေတီတို့ကိုလည်းကောင်း၊ ဝေ=စင်စစ်၊ သရဏံ=ကိုးကွယ်ရာ ဟူ၍လည်း၊ ယန္တိ=ဆည်းကပ်ကြကုန်လေတော့ သတည်း။

နေတံ ခေါ သရဏံ ခေမံ၊ နေတံ သရဏ မုတ္တမံ။
နေတံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

(ဓမ္မပဒ၊ ဂါထာ-၁၈၉)

ဧတံသရဏံ=ဤတောင်ကိုးကွယ် တောကိုးကွယ်ခြင်း စသည် ကား၊ ခေါ=စင်စစ်၊ ခေမံ=ဘေးကင်းကြောင်း ကိုးကွယ်ရာသည်၊ န=မဟုတ်၊ ဧတံသရဏံ=ဤတောတောင် စသည်ကိုးကွယ်ခြင်းသည်၊ ဥတ္တမံ= မြတ်သောကိုးကွယ်ခြင်းသည်၊ န=မဟုတ်၊ ဧတံ=ဤတော, တောင် စသော ကိုးကွယ်ရာကို၊ အာဂမ္မ=အစွဲပြု၍၊ (ဧကောပိ=တစ်ယောက်သော သူမျှသည်လည်း) သဗ္ဗဒုက္ခာ=ဇာတိ အစရှိသော ခပ်သိမ်းသော ဝဋ်ဆင်းရဲ အပေါင်းမှ၊ န ပမုစ္စတိ=မှန်စွာမသွေ မလွတ်နိုင်ပါပေတော့သတည်း။

**ကိုးကွယ်အမှန်**

– ယောစ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။
စတ္တာရိ အရိယ သစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ။
– ဒုက္ခံ ဒုက္ခ သမုပ္ပါဒံ၊ ဒုက္ခဿစ အတိက္ကမံ။
အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပသမဂါမိနံ။

– စတ္တာရိ ခေါ် သရဏံ ခေမံ၊ စတ္တာရိ သရဏ မုတ္တမံ။
စတ္တာရိ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။
(ဓမ္မပဒ၊ ဂါထာ–၁၉၀၊ ၁၉၁၊ ၁၉၂)

ယောစ=အကြင်သူသည်ကား၊ ဗုဒ္ဓဥ=ဗုဒ္ဓဘုရားကိုလည်းကောင်း၊ ဓမ္မဥ=တရားတော်မြတ်ကိုလည်းကောင်း၊ သံဃဥ=သံဃာတော်အရှင်မြတ်ကိုလည်းကောင်း၊ သရဏံ=ကိုးကွယ်ရာဟူ၍၊ ဂတော=ဆည်းကပ်ပါ၏၊ စတ္တာရိ အရိယသစ္စာနိ=လေးပါးသော အရိယသစ္စာတို့ကို၊ သမ္မာ=ကောင်းစွာ၊ ပညာယ=ပညာဖြင့်၊ ပဿတိ=သိမြင်လေတော့သတည်း။

ဒုက္ခဥ=ဒုက္ခသစ္စာကိုလည်းကောင်း၊ ဒုက္ခသမုပ္ပါဒဥ=ဒုက္ခကိုဖြစ်စေတတ်သော သမုဒယသစ္စာကိုလည်းကောင်း၊ ဒုက္ခဿအတိက္ကမဥ=ဒုက္ခကို လွန်မြောက်ရာဖြစ်သော နိရောဓသစ္စာကိုလည်းကောင်း၊ ဒုက္ခူပသမဂါမိနံ= ဒုက္ခငြိမ်းရာ နိဗ္ဗာန်သို့ ရောက်စေတတ်သော၊ အရိယံ=မြတ်သော၊ အဋ္ဌင်္ဂိကံ=အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော၊ မဂ္ဂဥ=မဂ္ဂသစ္စာကိုလည်းကောင်း၊ ပဿတိ=သိမြင်ပါလေတော့သတည်း။

တဿ=ထိုသစ္စာလေးပါးကို သိမြင်ပြီးသောသူ၏၊ စတ္တာရိသရဏံ= ဤ ဘုရား တရား သံဃာ ဟူသော ကိုးကွယ်ရာသည်၊ ခေါ=စင်စစ်၊ ခေမံ=ဘေးအန္တရာယ်ကင်းကြောင်းဖြစ်၏၊ စတ္တာရိသရဏံ=ဤသုံးပါးသော ကိုးကွယ်ရာသည်၊ ဥတ္တမံ=မွန်မြတ်၏၊ သောစပုဂ္ဂလော=ထိုပုဂ္ဂိုလ်သည် လည်း၊ စတ္တာရိသရဏံ=ဤသုံးပါးသော ကိုးကွယ်ရာကို၊ အာဂမ္မ=စွဲ၍၊ သဗ္ဗဒုက္ခာ= အလုံးစုံသော ဝဋ်ဆင်းရဲအပေါင်းမှ၊ ပမုစ္စတိ=ကောင်းစွာမသွေ လွတ်မြောက်နိုင်ပါပေတော့သတည်း။

ဗုဒ္ဓဘုရား ဟောကြားအပ်သော တရားတော်၏ အဆုံး၌ အဂ္ဂိဒတ္တ ခေါင်းဆောင်သော ရသေ့တစ်သောင်းတို့သည် ပဋိသမ္ဘိဒါပတ္တ ရဟန္တာများ ဖြစ်သွားကြလေ၏။ မြတ်စွာဘုရားကို ရဟန်းပြုပေးတော်မူရန် ရှိခိုး တောင်းပန်ကြသဖြင့် ဗုဒ္ဓဘုရားက– လက်ျာလက်တော်ကို ဆန့်တန်းတော် မူလိုက်ပြီး–

"ဧထ ဘိက္ခဝေါ သမ္မာ စရထ ဗြဟ္မစရိယံ"ဟု 'ဧဟိဘိက္ခု'

ခေါ်တော်မူ လိုက်လေ၏။

ဘိက္ခဝေါ=ရဟန်းတို့၊ ဧထ=ရှိသေတုပ်ကွ လာကြကုန်လော ဖြဟ္မစရိယံ=မြတ်သောအကျင့်ကို၊ သမ္မာစရထ=ကောင်းစွာကျင့်ကြကြကုန် လော။ ဤသို့ စသည်ဖြင့် ခေါ်တော်မူလိုက်သည်နှင့် တစ်ပြိုင်နက် ရသေ့တစ်သောင်းတို့သည် သပိတ်, ပရိက္ခရာ စုံလင်စွာဖြင့် ဝါခြောက် ဆယ်ရ မထေရ်ကြီးများကဲ့သို့ ကြည်ညိုဖွယ်ကို ဆောင်ကြလေကုန် သတည်း။

**အဂ္ဂိဒတ္တကိစ္စ မပြီးသေး**

ပဋိသမ္ဘိဒါပတ္တ ရဟန္တာအရှင်မြတ် ဖြစ်သွားသော်လည်း အဂ္ဂိဒတ္တ၏ ကိစ္စမှာ မပြီးပြတ်သေးပေ။

ယနေ့သည် တိုင်းသုံးတိုင်းမှ ပူဇော်သက္ကာရများဖြင့် လာရောက် ပူဇော်ကြသောနေ့ ဖြစ်သည်။

ဗုဒ္ဓဘုရား၏ တပည့်သားရဟန်းများကိုလည်းကောင်း၊ အဂ္ဂိဒတ္တ တို့၏ ထူးခြားသော အသွင်သဏ္ဌာန်ဖြင့် ဖြစ်နေပုံတို့ကိုလည်းကောင်း မြင်တွေ့ကြလေရာ– "ဘယ်လိုပါလိမ့်၊ ဒီကိုယ်တော်တွေက မြတ်သလား၊ ရဟန်း ဂေါတမ၏ တပည့်သာဝကတွေက ပို၍မြတ်သလား"ဟူ၍ ဇဝေ ဇဝါ ဖြစ်ကုန်ကြလေ၏။

တချို့က– "ရဟန်းဂေါတမတို့က အဂ္ဂိဒတ္တထံ လာရောက်ခြင်း ဖြစ်၍ မြတ်ခြင်းမြတ်လျှင် ဆရာကြီး အဂ္ဂိဒတ္တတို့က ပိုပြီး မြတ်မှာပေါ့"ဟု ပြောကြလေ၏။

ဗုဒ္ဓဘုရားသည် လူတို့၏ သံသယကို သိမြင်တော်မူ၍ သံသယ ကင်းရှင်းသွားစေရန် ရှင်းပြရန် အဂ္ဂိဒတ္တကို တာဝန်ပေးတော်မူ၏။

"အဂ္ဂိဒတ္တ၊ ပရိသတ်၏ သံသယကို ရှင်းလော့"

## အင်္ဂုလိမာလ တန်နိုးပြဋ္ဌိ

အင်္ဂုလိမာလသည် တန်နိုးဖြင့် ကောင်းကင်သို့ ပျံတက်သွားပြီး ဆင်းလိုက်တက်လိုက် အကြိမ်ကြိမ်ပြုကာ ဘုရားရှင်အား ရှိခိုးလေ၏။ ထို့နောက် သူသာလျှင် ဘုရားရှင်၏ တပည့်သာဝက ဖြစ်ပါကြောင်းကို-

"သတ္ထာ မေဘန္တေ ဘဂဝါ၊ သာဝကော ဟမသ္မိ။ တိ ဝတွာ သာဝကတ္တံ ပကာသေတိ။"

ဘန္တေ=ဘုန်းတော်ကြီးမား မြတ်စွာဘုရား၊ ဘဂဝါ=ဘုန်းတော် အနန္တနှင့် ပြည့်စုံတော်မူသော ဘုရားရှင်သည်၊ မေ=တပည့်တော်၏၊ သတ္ထာ=ဆရာပါဘုရား၊ အဟံ=တပည့်တော်သည်၊ သာဝကော=တပည့် သာဝကသည်၊ အသ္မိ=ဖြစ်ပါ၏၊ ဣတိ=ဤသို့၊ ဝတွာ=လျှောက်ထား၍၊ သာဝကတ္တံ=သူသာလျှင် တပည့်သာဝက ဖြစ်ပါကြောင်းကို၊ ပကာသေတိ =ကောင်းစွာမသေ့ ပြောပြလိုက်ပါပေတော့သတည်း။

သာဓု၊ သာဓု၊ သာဓု။

(ဓမ္မပဒဋ္ဌကထာ၊ ဒုတိယ၊ ဗုဒ္ဓဝဂ်၊ အင်္ဂုလိမာလ ဝတ္ထု)

*****

# အခန်း(၉)
# ပဋ္ဌာန်းတရားတော်

ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ–ဟူ၍ ပိဋကတ်သုံးပုံရှိရာ ပဋ္ဌာန်းကျမ်းကြီးသည် အဘိဓမ္မာပိဋကတ်၌ ပါဝင်ပြီး အနက်နဲဆုံး အခက်ခဲဆုံး အကျယ်ဝန်ဆုံး ကျမ်းလည်းဖြစ်ပေ၏။

**အဘိဓမ္မာ(၇)ကျမ်း**

(၁) ဓမ္မသင်္ဂဏီကျမ်း၊ (၂) ဝိဘင်းကျမ်း၊ (၃) ဓာတုကထာကျမ်း၊ (၄) ပုဂ္ဂလပညတ်ကျမ်း၊ (၅) ကထာဝတ္ထုကျမ်း၊ (၆) ယမိုက်ကျမ်း၊ (၇) ပဋ္ဌာန်းကျမ်း။

ဗုဒ္ဓဘုရားသည် ထိုအဘိဓမ္မာတရားတော်များကို တာဝတိံသာ နတ်ပြည်၌ ဟောတော်မူ၏။ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုဿိတ နတ်သားကို ကျေးဇူးဆပ်သောအားဖြင့် ဟောကြားတော်မူသည်။ လူ့ပြည်၌ ဟောလျှင် လူ့နား လူ့အသိဉာဏ်ဖြင့် နာယူရန် ခက်ခဲလှပေသည်။ မယ်တော်အား ကျေးဇူးဆပ်ခြင်းနှင့် ပတ်သက်၍ အောက်ပါဂါထာဖြင့် တ-ဂု-ဖွင့်ပါသည်။

မာတရံ ပမုခံကတွာ၊ တသာ ပညာယ တေဇသာ။
အဘိဓမ္မာ ကထာမဂ္ဂံ၊ ဒေဝါနံ သမ္ပဝတ္တယိ။
(အဋ္ဌသာလိနီ၊ အဋ္ဌကထာ-၁)

ဘဂဝါ=ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ မာတရံ=ကျေးဇူးကြီးလတ် မိခင်နတ်ကို (ဝါ) ပုဗ္ဗေစအမှန်မူကြောင့် သယမ္ဘူအစနယ်ပေါ်၌ ဘုရားမယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို၊ ပမုခံကတွာ=လာသမျှ ညပ်သိပ်သည့် နတ်ပရိသတ်ထဲတွင် တစ်သီးခွဲပြီးတော့ အကြီးအကဲရှေ့ဆောင်ထား၍၊ တသာ-တာဒိသာယ=ထိုသို့အတိအကျဖွင့်ပြပြီး သိသင့်သမျှကို အစစမကြွင်းစေဘဲ တစ်ခဏချင်းတည်းဖြတ်လျက် သိတတ်သော သဘောအမှန်ရှိထသော၊ ပညာယ=သဗ္ဗညုတမှန် ပညာဉာဏ်၏၊ တေဇသာ=မြတ်သည့်စခန်း သုံးပါးသောသတ္တိအစွမ်းဖြင့်၊ အဘိဓမ္မာကထာ မဂ္ဂံ=သုတ္တန်နှင့် ဝိနယာ နှစ်ဖြာသောပိဋကတ်တော်တို့ထက် 'အဘိ' တပ်ခါ သိသာစွာ ခြားနားသည့် အဘိဓမ္မာတရားတည်းဟူသော ဒေသနာတော်အစဉ် ကို၊ ဒေဝါနံ=ထက်ဘုံစံဗြားနတ်ဗြဟ္မာအများတို့အား၊ သမ္ပဝတ္တယိ= ကောင်းစွာမသွေ ဟောကြားတော်မူခဲ့လေပြီ၊ သမ္ပဝတ္တယိ=ကိုယ်တော်တိုင် အချိန်ပြည့် မရသဖြင့် နိမ္မိတဗုဒ္ဓတစ်ဆူကို ထုတ်ပြယူကာ စိတ်ဖြာပြစေလျက် ဝိတ္ထာရရွှေဉာဏ်ကြီးဖြင့်ဝေဖန်ပြီး ဟောကြားတော်မူခဲ့ပါပေသတည်း။

**နယ(၃)ပါး**

ဗုဒ္ဓဘုရား ပဋ္ဌာန်းဒေသနာတရားတော်ကို ဟောကြားတော်မူရာ၌-

(၁) တာဝတိံသာနတ်ပြည်၌ ဟောကြားခြင်းသည် အကျယ်တဝင့်ဟောတော်မူခြင်း ဖြစ်၍ 'ဝိတ္ထာရနယ'ဟု ခေါ်သည်။

(၂) အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးအား ဉာဏ်ပညာကြီးမားသောပုဂ္ဂိုလ်ဖြစ်၍ အကျဉ်းမျှ ဟောကြားတော်မူခြင်းဖြစ်ရာ 'သင်္ခေပနယ'ဟု ခေါ်ပါသည်။

(၃) ထို အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက တစ်ဆင့် မိမိတပည့်ရဟန်းငါးရာ ဟောကြားပေးခြင်းသည် မကျဉ်းမကျယ် အလယ်

အလတ်နည်း ဖြစ်သောကြောင့် 'နာတိဝိတ္ထာရ နာတိသင်္ခေပ နယ'ဟူ၍ ခေါ်ပါသည်။

နယ(၃)ပါးတွင်- (၁) (၂)သည် ဗုဒ္ဓဘုရားကိုယ်တော်တိုင် ဟောကြားခြင်းဖြစ်ပြီး (၃)သည် အရှင်သာရိပုတ္တရာ ဟောသော နယ(နည်း) ဖြစ်ပေသည်။

## အရှင်သာရိပုတ္တရာ၏ တပည့်ငါးရာ

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏ တပည့်ငါးရာဖြစ်လာကြသော ပုဂ္ဂိုလ်တို့သည် အသက်နှစ်သောင်းတမ်းတွင် ပွင့်တော်မူခဲ့သော ကဿပ ဘုရားရှင်၏ လက်ထက်တွင် လင်းနို့ငါးရာ ဖြစ်ခဲ့ကြလေ၏။ လိုဏ်ဂူကြီး တစ်ခုအတွင်းမှာ နေထိုင်ကြရာ ထိုလိုဏ်ဂူကြီးအတွင်း၌ ရဟန်းနှစ်ပါးတို့၏ အဘိဓမ္မာတရားတော်ကို ရွတ်ပွားသရဇ္ဈာယ်နေကြသော အသံကို နေ့စဉ် ကြားနာနေရပေသည်။

ပညာအသိဉာဏ် ကင်းမဲ့သော အဟိတ်တိရစ္ဆာန်များ ဖြစ်ကြ၍ အဘိဓမ္မာ၏ သဘောကို မသိနားမလည်ကြ၊ ကုသိုလ်, အကုသိုလ်ကို မသိကြသော်လည်း "ဤအသံဟာဖြင့် တရားတော်ရဲ့ အသံပဲ"ဟူသော အသိကလေးမျှဖြင့် နာကြားခဲ့ကြရသော ကုသိုလ်ကံကြောင့် သေဆုံးကြသောအခါ တာဝတိံသာနတ်ပြည်၌ နတ်သားများ ဖြစ်သွားကြလေ၏။

ထိုတာဝတိံသာနတ်ပြည်မှ စုတေ၍ လူ့ပြည် သာဝတ္ထိပြည်မှာ လူလာ၍ ဖြစ်ကြပြီး အချိန်တန်သော် ရဟန်းပြုကြလေသည်။ အရှင်သာရိပုတ္တရာ၏ တပည့်များ ဖြစ်လာကြပြီး အရှင်မြတ်ကြီးက မကျဉ်းမကျယ် နည်းဖြင့် ဟောကြားပေးတော်မူသော အဘိဓမ္မာတရားတော်များကို နာကြားရခြင်း ဖြစ်လေ၏။

* မှတ်ကြစရာအများ၊ ကဿပ ဘဂဝါဘုရား၊
အသက်နှစ်သောင်းတမ်းမှာ ပွင့်တော်မူလေသည်
လိုဏ်ဂူအတွင်းမှာ ပြိုင်တူကျင်းကာ
လင်းနို့သားငါးရာ ကြားနာကြပေသည်-

အဟိတ်တိရစ္ဆာန်တွေမို့ ဘိတ်မသိရှာကြဘဲ
ခြေတွေလွဲ တွဲလဲခိုကာမှီ–
ထိုခါဆီ–––ရဟန်းကဝိဆရာနှစ်ပါးတို့က
ကမ္မဋ္ဌာန်းအဘိဓမ္မာတရားတွေနဲ့
ရွတ်ဖွားကာ သရဇ္ဈာယ်ကြလေပြီ–
လင်းနို့သားငါးရာ ကြားနာကြပေသည်–
အသက်ဆုံးတိုင်နေကြလို့ စုတိကြရှာလေပြီ–
သွားရာလမ်း––ဘုံနန်းဝတိံသာပြည်။ ။

**မှတ်ချက်**=(ဒဂုံရွှေလရောင် ဦးကောသလ္လ၏ တရားသင်တန်းမှ ရရှိခဲ့သော ဓမ္မတေးကဗျာ)

**သာဂရ(၄)ပါး**

အဘိဓမ္မာ(၇)ကျမ်းတွင် ပဋ္ဌာန်းကျမ်းသည် အနက်နဲဆုံး အခက်ခဲဆုံး ကျမ်းကြီးဖြစ်သည်။ အနက်အဓိပ္ပာယ်ကျယ်ဝန်းသည်။ ကျယ်ပြောသော မဟာသမုဒ္ဒရာကြီးနှင့်လည်း တူသည်။ ကျယ်ပြောခြင်း သာဂရ(၄)ပါးတွင် ဗုဒ္ဓဘုရား၏ ပိဋကတ်တော်များလည်း ပါဝင်ပေသည်။ အထူးသဖြင့် အဘိဓမ္မာ တရားသည် ပို၍ကျယ်ပြန့်၏။

"စတ္တာရော သာဂရာ ဝေဒိတဗ္ဗာ၊ သံသာရသာဂရော, ဇလသာဂရော, နယသာဂရော, ဉာဏသာဂရော–"

(အဋ္ဌသာလိနီ–၁၁)

**(၁) သံသာရ သာဂရ**

ကျယ်ပြောလှစွာ သံသရာသည် 'သာဂရ'အမည်ရ၏။

"အနာဒိကောယံ ဘိက္ခဝေ သံသာရော ပုဗ္ဗာကောဋိ နပညာယတိ"

(သံယုတ္တပါဠိ၊ ပထမ၊ စာ–၃၈၇)

ဘိက္ခဝေ=ရဟန်းတို့၊ အယံသံသာရော=ပြေးသွားကျင်လည်ရာ ဤ သံသရာကြီးသည်၊ အနာဒိကော=မသိအပ်သော အစရှိ၏ (ဝါ)

အစရှာမရပေ၊ ပုဗ္ဗကောဋိ=ရှေ့ဖြစ်သော အစွန်းပိုင်း(အစပိုင်း)ကို၊ န ပညာယတိ=မသိမြင်နိုင်ပေ။

(၂) ဓလသာဂရ

ယူဇနာပေါင်း ရှစ်သောင်းလေးထောင်ရှိသော မဟာသမုဒ္ဒရာ ရေပြင်ကြီးသည်လည်း 'သာဂရ'ဖြစ်၏။

(၃) နယသာဂရ

ဗုဒ္ဓဘုရား ဟောကြားတော်မူထားသော ပိဋကတ်သုံးပုံတို့သည် နည်းမျိုးစုံပါဝင်ကာ အလွန်တရာ ကျယ်ပြန့်လှသဖြင့် 'နယသာဂရ' ဖြစ်၏။

(၄) ဉာဏသာဂရ

ဗုဒ္ဓဘုရား၏ သဗ္ဗညုတဉာဏ်တော်ကြီးသည် အရာခပ်သိမ်းကို ထိုးထွင်းသိမြင်နိုင်စွမ်းသောကြောင့် 'ဉာဏသာဂရ'ဖြစ်ပေ၏။

မြတ်ဗုဒ္ဓ၏ သတ္တဋ္ဌာန

သတ္တဋ္ဌာနဘုရားရှိခိုး:

- ပဌမံဗောဓိ ပလ္လင်္ကံ၊ ဒုတိယဉ္စ အနိမိသံ။
  တတိယံ စင်္ကမဋ္ဌာနံ၊ စတုတ္ထံ ရတနာဃရံ။
- ပဉ္စမံ အဇပါလဉ္စ၊ မုစလိန္ဒဉ္စ ဆဋ္ဌမံ။
  သတ္တမံ ရာဇာယတနံ၊ သတ္တဋ္ဌာနံ အဟံ နမေ။

ဗုဒ္ဓဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် သတ္တသတ္တာဟခေါ် (၇)ဌာနတွင် (၇)ရက်စီ နေတော်မူခဲ့ပါသည်။ ထို(၇)ဌာနမှာ–

(၁) ဗောဓိပင်နှင့် ရွှေပလ္လင်မှာ (၇)ရက်

(၂) မာရ်နတ်ရန်အပေါင်းကို အောင်မြင်တော်မူခဲ့သော ဗောဓိပလ္လင် နန်းကို စူးစိုက်စွာ ကြည့်ရှုနေတော်မူခြင်း (၇)ရက်

(၃) ဗောဓိပင်၏ မြောက်ဘက်နေရာတွင် စင်္ကြံကြွတော်မူခြင်း (၇)ရက်
(၄) ဗောဓိပင်၏ အနောက်မြောက်အရပ်ရှိ ရတနာဃရခေါ် ရွှေစံအိမ်၌ အဘိဓမ္မာတရားကို ဆင်ခြင်ပွားများနေတော်မူခြင်း (၇)ရက်
(၅) ဗောဓိပင်၏ အရှေ့ဘက်ရှိ ဆိတ်ကျောင်းသားများ နားနေရာ အဇပါလခေါ် ဆိတ်ကျောင်းညောင်ပင်၌ စပ္ပာယ်နေတော်မူခြင်း (၇)ရက်
(၆) ဗောဓိပင်၏ အရှေ့တောင်အရပ်၌ မုစ္စလိန္ဒာ ခေါ် ကြာမျိုးစုံ ဖြာသည့် ရေကန်သာအနီးရှိ ကျည်းပင်ရင်း၌ နေတော်မူစဉ် လေကြီးမိုးကြီး ပြင်းထန်စွာ ကျရောက်ရာ နဂါးမင်းက ပါးပျဉ်းကြီးဖြင့် ဖြန့်မိုးကာ နေတော်မူခြင်း (၇)ရက်
(၇) ဗောဓိပင်၏ တောင်ဘက်အရပ်ရှိ လင်းလွန်းပင်ရင်း၌ စံပျော်နေတော်မူခြင်း (၇)ရက်တို့ ဖြစ်ပါသည်။

ဤအကြောင်းအရာများကို ကျေးဇူးတော်ရှင် ပထမလယ်တီဆရာတော် ဘုရားကြီးက– "သတ္တဋ္ဌာနဘုရားရှိခိုးလင်္ကာ"အဖြစ် အောက်ပါအတိုင်း ရေးစီတော်မူခဲ့ပါသည်။

## သတ္တဋ္ဌာနဘုရားရှိခိုးလင်္ကာ

(၁) ဘုန်းရောင်ထွန်းရှိန်၊ စောမုနိန်––
ပညိန္ဒြေ၊ ချွေရာမှန်ဘိ၊ ဗောဓိကြံ့ဝန်း၊ ရွှေညောင်နန်းဝယ်၊ ထူးဆန်း အံ့လောက်၊ မြေမှာပေါက်သား၊ ရောင်တောက်မာရ်နှင်၊ ရွှေပလ္လင်ထက်၊ သဗ္ဗညုတ၊ ဉာဏ်ကိုရပြီး၊ သတ္တာဟရက်၊ ဖွဲ့ခွေလျက်ပင်၊ ငြိမ်သက် တင့်တယ်၊ သုံးစပ္ပာယ်သည်၊ ဘုန်းကြွယ်လက်ဦးပွဲပေကို။
(၂) နှစ်ကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ မာရပယ်လှန်၊ ပလ္လင်ပျံမှ၊ သေန်တူရှု၊ ရပ်တော်မူလျက်၊ ကြည်ဖြူငြိမ်းချမ်း၊ ပလ္လင်နန်းကို၊ ဖြောင့်တန်းစက္ခု၊ စိန်းစိန်းရှုလျက်၊ သုံးလူ့ရှင်ပင်၊ ပျော်စံရှင်သည် ကြည်လင်ညွတ်နူးဘွယ်ပေကို။

(၃) သုံးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ မြောက်ခွင်ဥတ္တရာ၊
စင်္ကြံသာ၌၊ လူးလာတုံ့ခေါက်၊ ကြွချီလျှောက်၍၊ ဘုန်းတောက်
ဘုရား၊ ပျော်စံစားသည်၊ တရားဆင်ခြင်လျက်ပေကို။

(၄) လေးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်နှင့်၊ ပလ္လင်ထွန်း
တောက်၊ အနောက်မြောက်ဝယ်၊ အံ့လောက်ဖွယ်ရာ၊ ရတနာ
ရိပ်ငြိမ်၊ ရွှေစံအိမ်၌၊ ကြိမ်ကြိမ်ဖန်ခါ၊ ဘိဓမ္မာကို၊ မဟာဉာဏ၊
သာဂရဖြင့်၊ ဗုဒ္ဓရှင်ပင်၊ သုံးဆင်ခြင်သည်၊ ရောင်ရှင်ခြောက်ဖြာ
ညီးလို့ကို။

(၅) ငါးကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ ရှေ့ခွင်ပြုဗ္ဗာ၊
ရပ်ဒိသာဝယ်၊ ကြီးစွာမြင့်ခေါင်၊ ဆိတ်ကျောင်းသောင်၌၊ ဘုန်းခေါင်
ပရမေ၊ စပ္ပာယ်နေသည်၊ ရှိသေမြတ်နိုးဖွယ်ပေကို။

(၆) ခြောက်ကြိမ်မြောက်ထ၊ သတ္တာဟတွင်၊ ပလ္လင်ရွှေညောင်၊ အရှေ့
တောင်၌၊ မြရောင်လိုလို၊ ရေညိုပြည့်လျှမ်း၊ ကြာပန်းညွှတ်ရုံ၊
ပန်းမျိုးစုံသည်၊ မုစ္စလိန္ဒာ၊ အိုင်သာဖြန့်ကျင်း၊ ကျည်းပင်ရင်းဝယ်၊
သနင်းလူ့ဆွေ၊ စပ္ပာယ်နေသော်၊ မိုးလေထန်ပြင်း၊ သွန်းချခြင်း
ကြောင့်၊ မြွေမင်းရန်ဟန့်၊ ပါးပျဉ်းဖြန့်လျက်၊ ချီးအံ့တန်ခိုး၊
ဆောင်းကာမိုးသည်၊ ရှေးကျိုးသမ္ဘာတော်ကြောင့်ကို။

(၇) ခါသတ္တမ၊ သတ္တာဟတွင်၊ ဗောဓိပင်မှ၊ တောင်ပြင်လက်ျာ၊
မြေမျက်နှာဝယ်၊ ရာဇာယတန၊ မည်ရခေါ်တွင်၊ လင်းလွန်းပင်၌၊
သဗ္ဗညုဖျား၊ ပျော်စံစားသည်၊ ကြီးမားဉာဏ်တော်ပွင့်လို့ကို။
ထိုခုနစ်ပါး၊ အရပ်များကို၊ ရှေ့သွားသဒ္ဒါ၊ ကြည်ညိုစွာလျှင်၊
ဝန္ဒနာမာန၊ ဂါရဝဖြင့်၊ ဦးချညွှတ်ကျိုး၊ ကျွန်ရှိခိုးသည်၊
ကောင်းကျိုးခပ်သိမ်း ပြည့်စေသော်-။ (လယ်တီဆရာတော်
ဘုရားကြီး)

ဗုဒ္ဓဘုရားသည် အခြားသော အဘိဓမ္မာကျမ်းများကို ဟောတော်မူစဉ် ရောင်ခြည်တော်ခြောက်ဖြာစုံအောင် မြူးကွန့်တော်မမူပေ။ အနန္တနယ၊ သမန္တပဋ္ဌာန်းကျမ်းကြီးကို ရွှေဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူသောအခါမှ

သာလျှင် ခြောက်ဖြာသော ရောင်ခြည်တော်များ လူးလွန့်မြူးကွန့်နေလေ တော့၏။

**ရောင်ခြည်တော် (၆)ပါး**

(၁) နီလ = ညိုသောရောင်ခြည်တော်
(၂) ပီတ = ဝါသောရောင်ခြည်တော်
(၃) လောဟိတ = နီသောရောင်ခြည်တော်
(၄) ဩဒါတ = ဖြူသောရောင်ခြည်တော်
(၅) မဉ္ဇိဋ္ဌ = ညိုမောင်းသော(ခရမ်းရောင်)ရောင်ခြည်တော်
(၆) ပဘဿရ =ပြိုးပြိုးပြက်ပြက် ဝင်းလက်သော ရောင်ခြည်တော်

**သူတော်ကောင်းတရား ကွယ်ပျောက်ခြင်း**

(၁) အဓိဂမအန္တရဓာန=မဂ်လေးပါး၊ ဖိုလ်လေးပါး၊ ပဋိသမ္ဘိဒါလေးပါး၊ ဝိဇ္ဇာသုံးပါး၊ အဘိညာဉ်ခြောက်ပါး ကွယ်ပျောက်ခြင်း။
(၂) ပဋိပတ္တိအန္တရဓာန=အကျင့်ပဋိပတ် ကွယ်ပျောက်ခြင်း။ လူ့ကျင့်ဝတ်၊ ရဟန်းကျင့် စတုပါရိသုဒ္ဓိသီလ စသည်။
(၃) ပရိယတ္တိအန္တရဓာန=စာပေ ပရိယတ္တိများ ကွယ်ပျောက်ခြင်း။
(၄) လိင်္ဂအန္တရဓာန=ရဟန်းအသွင်အပြင် ကွယ်ပျောက်ခြင်း။ သာသနာတော် မေးမှိန်လာသောအခါတွင် သင်္ကန်းရောင် အဝတ်စလေးကို လည်ပင်း၊ လက်ကောက်ဝတ်၊ ဆံထုံးမှာပင် မမြင်နိုင်တော့ချေ။
(၅) ဓာတုအန္တရဓာန=ဓာတ်တော်မွေတော်များ ကွယ်ပျောက်ခြင်း။ သာသနာနောက်ပိုင်း သာသနာသက်တမ်းကုန်သောအခါ၌ သရီရ ဓာတ်တော်များသည် ဗောဓိမဏ္ဍိုင်မှာ စုဝေးပြီးနောက် တေဇောဓာတ်လောင်ကာ ဓာတုပရိနိဗ္ဗာန်စံပြီး ပျောက်ကွယ်သွားမည်။

(ကေင်္ုတ္တရ၊ အဋ္ဌကထာ-၆၇)

**ပရိယတ္တိသည် အခြေခံဖြစ်၏**

"ပရိယတ္တိမေဝ သာသနဿ မူလံ"

ပရိယတ္တိမေဝ=ပရိယတ္တိစာပေသည်သာလျှင်၊ သာသနဿ= ဗုဒ္ဓသာသနာတော်မြတ်ကြီး၏၊ မူလံ=အရင်းမူလပဓာနပေတည်း။

"ဣမဿ ပဋိဝိဓ အန္တရဓာနဿ ပရိယတ္တိအန္တရဓာနမေဝ မူလံ"

ဣမဿ ပဋိဝိဓ အန္တရဓာနဿ=ဤသူတော်ကောင်းတရား ကွယ်ပျောက်ခြင်းငါးပါး၏၊ ပရိယတ္တိအန္တရဓာနမေဝ မူလံ=စာပေပရိယတ္တိများ ကွယ်ပျောက်သွားခြင်းသည်သာလျှင် မူလဇာစ်မြစ် ဖြစ်ပါပေတော့သတည်း။

**အဘိဓမ္မာကစ၍ ကွယ်မည်**

"ပဌမံ အဘိဓမ္မ ပိဋကံ ပရိဟာယတိ"

(ဓေကင်္ဂုတ္တရ၊ အဋ္ဌကထာ-၆၉)

ပဌမံ=ရှေးဦးစွာ၊ အဘိဓမ္မပိဋကံ=အဘိဓမ္မာပိဋကတ်သည်၊ ပရိဟာယတိ=ကွယ်၏။ (ကွယ်မည်)

အဘိဓမ္မာတွင်လည်း ပဋ္ဌာန်းကျမ်းမှ စတင်ကွယ်မည်။

သို့ဖြစ်ပေရာ မကွယ်ပျောက်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်သော အားဖြင့်လည်းကောင်း၊ ကုသိုလ်တရား ပွားများစေရန်ရည်ရွယ်၍ လည်းကောင်း ပဋ္ဌာန်းပူဇော်ပွဲများ ကျင်းပနေကြပေသည်။

**ပဋ္ဌာန်တရား ရွတ်ဖတ်သူ နာကြားသူများ ရရှိသောအကျိုးတရား**

(၁) ဉာဏ်အလင်းရောင်များ တိုးပွားခြင်း၊

(၂) စီးပွားဥစ္စာ ရတနာရွှေငွေများ ပေါများခြင်း၊

(၃) ဘေးအန္တရာယ်ကင်းရှင်းခြင်း၊

(၄) လိုအပ်သော အမှုကိစ္စများ ဆန္ဒများ ပြီးစီးအောင်မြင်ခြင်း၊

(၅) မဂ်, ဖိုလ်, နိဗ္ဗာန် ရနိုင်ခြင်း စသည်တို့ ဖြစ်ပေသတည်း။

ဘဒ္ဒန္တဇနိန္ဒသာရ

(မုံရွာနေဇာ)

၂၇၃-၇၄

သာရေးနာရေးအဟောအပြော *

## နိဂုံးဆုတောင်း

“ဤစာပြုရ၊ မြတ်ပုညကြောင့်၊ ဒုက္ခများစွာ၊ ကင်းစင်ကွာ၍၊ ချမ်းသာစုံပြီး၊ နေ့စဉ်တိုးလျက်၊ ကောင်းကျိုးဟူက၊ အတ္တ,ပရ၊ နှစ်ဝပြည့်လိုင်၊ ဆောင်ရွက်နိုင်ပြီး၊ ပန်းတိုင်နိဗ္ဗူ၊ ဆွတ်လှမ်းယူမည်၊ နတ်လူသာဓုခေါ်စေသော်”

သာဓု–သာဓု–သာဓု–॥

*****



ဘဝကို အကျိုးရှိရှိ တည်ဆောက်လိုသူများအတွက်
ဘာသာရေးစာစောင်ကောင်းတစ်ခု

**စာတည်းချုပ် - ရတနာရွှေမန်း**

တည်းဖြတ်၍

**မြတ်ပန်းရုံ ဦးခင်မောင်ဦး**

စီစဉ်ထုတ်ဝေသည့်

# မြတ်ပန်းရုံ

ရုပ်စုံဓမ္မစာစောင်

တစ်လတစ်ကြိမ် အချိန်မှန်ထွက်နေပြီ

ဖြန့်ချိရေး - မြတ်ပန်းရုံစာပေ
ဈ/၉၁၉၊ ဇရာ (၆)လမ်း၊ မြောက်ဥက္ကလာပ၊ ရန်ကုန်မြို့။

ဤစာအုပ်တွင်-

- သက်န်းလှူဒါန်းခြင်း၏ အကျိုးတရားများ-
- သက်န်းအစ ဆရာဇီဝက-
- ဝိသာခါကျောင်းအမကြီး၏ ဂုဏ်ထူးများ-
- ကောင်းခြင်းငါးဖြာ-
- မပေးမလှူကောင်းသော ဒါန(၅)မျိုး-
- ဆုတောင်းနည်း
- သရဏဂုံဆိုတာဘာလဲ-
- မေတ္တာအကျိုး (၁၁)မျိုး-
- အချစ် (၃)မျိုးနှင့် (၅၂၈)သွယ်မေတ္တာ-
- အောင်မြင်နည်း(၄)မျိုး-
- လောကကြီးမှာ ကဲ့ရဲ့လွတ်သူမရှိ-
- ဒုလ္လဘတရား (၅)ပါး
- သံသရာဆိုတာဘာလဲ-
- ကထိန်အကြောင်း သိကောင်းစရာ-
- ဘုရားအနေကဇာတင်တယ်ဆိုတာ-
- ပဋ္ဌာန်းတရား-

စသည် စသည် အကြောင်းအရာစုံတို့ကို ဖတ်ရှုပြီး ကုသိုလ်ပွားနိုင်သည်။